
The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 26 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 13 , 2015



# ဒုက္ခကို အရောင်ဆိုးကြွဦးမှာလား

| မြင့်ဦး (ပခုက္ကူ) |

၂၀

စားသုံးသူရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ တိုင်ကြားနိုင်ပါကြောင်း ၂၄

မြန်မာအပါအဝင်
အာဆီယံသုံးနိုင်ငံ၌ ယူနီယံပေးကုမ္ပဏီက
လုပ်ငန်းများတိုးချဲ့မည် ၁၃

ရန်ကုန်စတော့အိတ်ချိန်းတွင်ပါဝင်မည့်ကုမ္ပဏီများကို ယခုလအတွင်း ထုတ်ပြန်ကြေညာမည် ၂၆

## တောက်ပြောင်မှုဖြစ်မယ့် အရည်အသွေး




၁၄


DAEWOO
MTC
MYANMAR TRADE CENTER
KOREA DAEWOO TECHNOLOGY + OIL SAVING
WE RUN FARTHER WITH SAME AMOUNT OF OIL
6129HC
VANGUARD
DAEWOO
No.314, U Wi Sar Ra Road, Kamayut Township, Yangon, Myanmar.
Ph : 01-503864, 09 73500331, 73500332, 73500333. Fax : 01- 503828

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၆)သင်တန်းဆင်းပွဲနှင့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံရေး၊ စီးပွားရေးအုပ်ချုပ်မှုယန္တရားနှင့် ပုဂ္ဂလိက ကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်လုပ်ဆောင်နေသည့်အတွက် သိသာမြင်သာသော တိုးတက်မှုများရရှိနေပြီဖြစ်ကြောင်း၊ အထူးသဖြင့် မိမိဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကုန်သွယ်မှုဖြေလျှော့ပေးခြင်းဆိုင်ရာ လုပ်ငန်းနယ်ပယ်၊ ကုန် သွယ်မှုမြှင့်တင်ရေး ဆိုင်ရာ လုပ်ငန်းနယ်ပယ်၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး လုပ်ငန်းနယ်ပယ်၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး လုပ်ငန်းနယ်ပယ်တို့အား ဦးစားပေးလုပ်ဆောင်ခဲ့သည့်အတွက် ကုန်သွယ်မှုယန္တရား ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာပါကြောင်း၊ ယခုသင်တန်းကို နိုင်ငံတကာစီးပွားရေးဈေးကွက်တွင် ယှဉ်ပြိုင်ထိုးဖောက်နိုင်မည့် စီးပွားရေး ကုန်သွယ်ရေးလုပ်ငန်းရှင်များ မွေးထုတ်ရေး၊ ကုန်သွယ်ရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် အဆိုပါသင်တန်းသို့ လုပ်ငန်းနယ်ပယ်အသီးသီးမှ သင်တန်းသား/သင်တန်းသူစုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်ခဲ့ကြောင်း သိရသည်။ သင်တန်းကာလအတွင်း သင်တန်းသား/သင်တန်းသူများအား ကုန်သွယ်မှုနှင့်ပတ်သက်၍ သိရှိစေရန်နှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် နေသည့် စီးပွားရေး အခြေအနေများ၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေးအခြေအနေများကို သိရှိစေရန်အတွက် ဆွေးနွေးဟောပြောပွဲများကို ထည့်သွင်းကျင်းပပေးခဲ့ရာ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဒေါက်တာအောင်ထွန်းသက်နှင့် ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က လာရောက်ဆွေးနွေး ဟောပြောပေးခဲ့ကြသည်။

ထို့ပြင် သင်တန်းသားများအား ဗဟုသုတများ ပိုမိုရရှိစေရန်အတွက် သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်လေ့လာခဲ့ကြပြီး မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်သို့ သွားရောက်၍ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများအား လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ Dolphin Restaurant တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၃) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့် အထူးအထွေထွေအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသားများဘဏ်ကို ၁၉၉၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဘဏ်ခွဲပေါင်း ၁၁ ခုနှင့် ဘဏ်ခွဲငယ် ၅ ခုဖွင့်လှစ်နိုင်ခဲ့ကာ ဘဏ်အနေဖြင့် International Banking လုပ်ငန်းများ၊ နိုင်ငံတကာ ငွေလွှဲလုပ်ငန်းများ၊ Visa Card , Master Card, Prepaid Card လုပ်ငန်းများ၊ Bank Guarantee လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာနိုင်ပြီး ဝင်ငွေများ ပိုမိုရရှိလာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ Mobile Payment စနစ်နှင့်ငွေလွှဲပို့နိုင်သည့် Mobile Banking လုပ်ငန်းကို ခွင့်ပြုပေးခဲ့ပြီးဖြစ်သည့်အတွက် Mobile Banking စနစ်အား အသုံးပြုပြီး မကြာမီကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် ငွေလွှဲပို့နိုင်မှာဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီးပွားရေးလုပ်ငန်းများအား ငွေကြေးပံ့ပိုးပေးနိုင်ရန်အတွက် နိုင်ငံတကာဘဏ် ၉ ဘဏ်နှင့်လည်း ချိတ်ဆက်ရန် ခွင့်ပြုထားပြီးဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ငွေကြေးဆိုင်ရာကိစ္စများ၌ အဆင်ပြေလာတော့မှာဖြစ်ကြောင်း ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။




Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၀၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မဂ်လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.26 Monday July 13 2015

# ဈေးနှုန်းတက်ရိပ်မတွေ့ရဘဲ အရောင်းအဝယ်လည်း ခပ်အေးအေးသာဆက်သွားနိုင်မယ့် မြန်မာ့ဆန်ဈေးကွက်



ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးမှာ ဖျာပုံပေါ်ဆန်းလတ်စတစ်အိတ်ကို ၃၆၀၀၀ ကျပ်၊ ထိပ်စ ၃၈၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်း လတ်စ ၃၉၀၀၀ ကျပ်၊ ထိပ်စ ၄၀၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း လတ်စ ၃၅၅၀၀ ကျပ်၊ ထိပ်စ ၃၆၅၀၀ ကျပ်တို့ဖြင့်ဈေးငြိမ်နေပြီး ရွှေဘိုပေါ်ဆန်းဈေးနှုန်းမှာ ၄၃၅၀၀ ကျပ်မှ ၄၄၅၀၀ ကျပ်ဖြစ်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ၅၀၀ ကျပ်ခန့် ဈေးကျခဲ့တာ တွေ့ရပါတယ်။ ဆန်ချောကိုမြို့တွင်းလက်လီဆိုင်သမားတွေအဝယ်ပါးနေလို့ ဈေးပါအေးပြီး အချို့ ဆန်တွေဈေးကျရတာဖြစ်ကြောင်း၊ ဧည့်မထလတ်စ တစ်အိတ် ၁၉၅၀၀ ကျပ်၊ ထိပ်စ ၂၀၇၀၀ ကျပ်၊ မိုးသုခ ၂၁၀၀၀ ကျပ်မှ ၂၁၅၀၀ ကျပ်တို့ဖြင့် ဈေးဆက်ငြိမ်နေသော်လည်း မီးကောက်တစ်အိတ်ကို ၂၁၀၀၀ ကျပ်မှ ၂၁၅၀၀ကျပ်၊ ဆင်းသွယ်လတ် ၂၁၅၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်၊ နှွဲဆန်ရှယ် ၁၈၅၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်အတွင်း ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ၃၀၀ ကျပ်မှ ၅၀၀ ကျပ်အတွင်းဈေးပြန်ကျလာခဲ့တာတွေ့ရပါတယ်။ ရန်ကုန် FOB နဲ့ တရုတ်လိုင်းအတွက်အဝယ်လျော့သွားလို့ဆန်ကြမ်းစအချို့ ဈေးပြန်ကျရတာဖြစ်ကြောင်း၊ ငစိန်လတ်စ တစ်အိတ်ကို၂၁၀၀၀ကျပ်၊ ထိပ်စ ၂၁၅၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်အတွင်း ဈေးဆက်တက်လာတာ တွေ့ရပါတယ်။ ဒီလိုငစိန်ဈေးတက်ခဲ့ရတာ ယခင်တရုတ်လိုင်းအတွက် ကြိုက်လို့အဝယ်ရှိခဲ့ခြင်း၊ ငစိန်ဆန်မှာအဝင်နည်းလေ့ရှိခြင်းနှင့် မုန့်သမားတွေကပုံမှန်အသုံးရှိနေခြင်းများကြောင့် ဈေးတက်ရတာဖြစ်ကြောင်း၊ တရုတ်လိုင်းမူဆယ်မှာ ရောက်နေပြီးသားဆန်တွေတောင် မရောင်းရသေးတာတွေရှိနေလို့ ယခင်လိုမသွားတော့ကြောင်း၊ ဝါးတန်းဒိုင်သို့ ဆန်ပုံမှန်ဝင်ရောက်နေသော်လည်း လက်ကားသမားရော လက်လီဆိုင်သမားတွေပါ အဝယ်အေးနေတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ မြန်မာ ၂၅မှတ်(ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၆၅၀၀ ကျပ်မှ ၁၆၈၀၀ ကျပ်ခန့်ဈေးရှိပြီး ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ၃၀၀ ကျပ်ခန့်ဈေးကျခဲ့သော်လည်း အရောင်းအဝယ် တော်တော်အေးနေကြောင်း ၊ EMATAMYANMAR 75% FOB (YANGON) 310/315 USD/ MT မှ 330/340 USD MT ခန့်ဈေးရှိသော်လည်း ရန်ကုန် FOB ဈေးကွက်မှာ ဈေးလုံးဝငြိမ်နေကြောင်း ဆန်ဈေးကွက်မှ သိရှိရပါတယ်။

တရုတ်လိုင်းဖြစ်တဲ့ မူဆယ်ဆန်ဈေးကွက်မှာ ဇူလိုင်လ ၃ ရက်မှ ၁၀ ရက်နေ့ထိ ကုန်စည်ဒိုင်ဈေးနှုန်းမထွက်နိုင်ကြောင်း၊ မူဆယ်ဆန်စပါးကုန်စည်ဒိုင်သို့မြန်မာဘက်မှ ကုန်သည်များ ပုံမှန်လာရောက်ကြသော်လည်း တရုတ်ဘက်မှ ကုန်သည် တစ်ဦး၊ နှစ်ဦး လောက်သာ အခြေအနေလာကြည့်ပြီး ပြန်သွားကြကြောင်း၊ မူဆယ်၌ ဆန်အ ရောင်းအဝယ် မဖြစ်သည်မှာ တစ်ပတ်ကျော်သွားပြီဖြစ်ကြောင်း၊ ယနေ့ မူဆယ်ရှိ ငွေလဲနှုန်းမှာ တစ်ယွမ်လျှင် ၁၉၂ ဒသမ ၆၈ ကျပ်ခန့်ရှိနေပြီး ယခင်တစ်ပတ်ထက် ၃ ဒသမ ၂၉ ကျပ်ဆက်တက်ခဲ့ကြောင်း၊ ယခုတစ်ပတ်အတွင်း ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်တန်ချိန် ၁၂၀၀ ကျော်ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် တန် ၈၀၀၀ ခန့်သိသာစွာ လျော့နည်းသွားပြီဖြစ်ကြောင်း၊ မူဆယ်ရှိ သိုလှောင်ရုံများမှာလည်း လက်ကျန်ဆန်များနှင့် ပြည့်နေပြီဖြစ်ကြောင်း၊ ဇူလိုင် ၁၀ ရက်နေ့ ရန်ကုန်-မူဆယ် ဆန်တင်ဆောင်ခမှာ တစ်တန်လျှင် ၆၀၀၀၀ ကျပ်ခန့်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ထက် ၁၃၀၀၀ ကျပ်ခန့် ဈေးဆက်ကျလာခဲ့ကြောင်း၊ မူဆယ်သို့ ဆန်တင်ပို့မှုမှာ ယခင်ထက် သိသာစွာပါးသွားလို့ သယ်ယူခတွေ လိုက်ကျလာရတာဖြစ်ကြောင်း၊ မူဆယ်ဆန်ဈေး ကွက်ရှေ့အလားအလာအနေဖြင့် တရုတ်ဘက်မှာ ဆန်လိုအပ်ချက်ရှိနေသော်လည်း ယခင်တစ်ပတ်အတွင်း အဖမ်းအဆီးနှင့် အခြားအခြေအနေများကြောင့် ရှေ့ဘာဖြစ်မည် မပြောနိုင်/မခန့်မှန်းနိုင်ကြောင်း မူဆယ်ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

ဆန်နှင့် ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ဇူလိုင် ၃ ရက်နေ့ထိတန်ချိန် ၅၂၇၉၄၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၂ သန်းကျော် ရရှိနေကာ ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၁၉၉၉၄၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၁ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ မြန်မာ့ဆန်ဈေးကွက် ရှေ့အလားအလာအနေဖြင့် "ဈေးနှုန်းတက်ရိပ် မတွေ့ရဘဲ အရောင်းအဝယ်လည်း ခပ်အေးအေးသာဆက်သွားနိုင်မယ့် မြန်မာ့ဆန်ဈေးကွက်" ဟု သုံးသပ်မိကြောင်းပါခင်ဗျား။

**သန်းအေး(ဆန်စပါး)**

# ကုန်သွယ်ရေးစခန်းများမှ ဇွန်လအတွင်း ဆန်တန်ချိန် တစ်သိန်းနှစ်သောင်းကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တရုတ်နိုင်ငံကို ဆန်တင်ပို့မှုမှာ ဇွန်လနောက်ဆုံးပတ်ဖြစ်တဲ့ ဇွန်လ ၂၇ ရက်မှ ဇူလိုင် ၃ ရက်နေ့ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၈ ဒသမ ၄၈၈ သန်းဖိုးရှိ ဆန်တန်ချိန် ၂၃၂၁၆ တန်ကို တင်ပို့ခဲ့ပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၅၄၇၅ တန်၊ ဧည့်မထ ၄၇၀၂ တန်ကျော်တင်ပို့ခဲ့ပြီး၊ ယခင်တစ်ပတ်တင်ပို့မှုထက် ၈၅၉ တန် လျော့နည်းခဲ့ပါတယ်။ လွယ်ဂျယ်စခန်းမှ ငစိန်ဆန် ၃၀၃၈ တန်ကျော် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ၁၀၃၈ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ဇွန်လ တစ်လလုံးမှာတော့ ကန်ဒေါ်လာ ၄၃ ဒသမ ၄၀၈ သန်းဖိုးရှိဆန်တန်ချိန် ၁၂၀၈၅၁ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူ ဇွန်လထက် ၁၄၀၃၃ တန် ပိုမိုတင်ပို့နိုင်ပြီး အနီးစပ်ဆုံး မေလထက် ၁၆၁၇၂ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။

ယခုလတ်တလော အချိန်မှာတော့ မူဆယ်မှ တရုတ်နိုင်ငံကို တင်ပို့ရောင်းချနေတဲ့ မြန်မာ့ဆန်ဈေးကွက် အခြေအနေမှာ ရပ်ဆိုင်းနေကြောင်း သိရပါတယ်။ ဒါ့ကြောင့် မူဆယ်မှာ ဆန်တွေပုံနေကြောင်း၊ မြန်မာ့ဆန်တွေကို တရားဝင် ဝယ်ယူဖို့ တရုတ်အစိုးရရဲ့ ဖိအားကြောင့် အခုလိုအရောင်းအဝယ် ရပ်ဆိုင်းရတာဖြစ်တယ်လို့ မူဆယ် ဆန်ကုန်သည်တစ်ဦးထံမှ သိရပါတယ်။ ဗီယက်နမ်ဘက်မှလည်း ဆန်အဝင်ရှိနေတဲ့အတွက် မြန်မာ့ဆန်တွေ မရောင်းရဘဲ မူဆယ်မှာစုပုံနေတယ်လို့ သိရပါတယ်။

ဆန်ကွဲတင်ပို့မှုအနေနဲ့ကတော့ မူဆယ် (၁၀၅) မိုင်မှ ယခုတစ်ပတ်မှာ တန် ၄၄၈၀ တင်ပို့ခဲ့ပြီး ဇွန်လ တစ်လလုံးမှာ ၄၆၀၇၂ တန် တင်ပို့ပြီး တန်ဖိုး ကန်ဒေါ်လာ ၁၄ ဒသမ ၉၆၇ သန်းရရှိကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇွန်လ ၂၈ ရက်မှ ဇူလိုင်လ ၄ ရက်ထိ ကန်ဒေါ်လာ သုည ဒသမ ၅၃၇ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်း ဆန် တန် ၁၅၀၀ ကို တင်ပို့ခဲ့ရာ စင်ကာပူ၊ ဘူလ်ဂေးရီးယား၊ ပိုလန်နဲ့ ပေါ်တူဂီနိုင်ငံများကို ကန်ဒေါ်လာ သုည ဒသမ ၂၉၆ သန်းဖိုးရှိ ဧည့်မထ ဆန်တန်ချိန် ၉၅၀၊ ကန်ဒေါ်လာ သုည ဒသမ ၂၄၀ သန်းဖိုးရှိ ပေါင်းဆန် တန် ၅၅၀ ကို ဂရိနိုင်ငံသို့ တင်ပို့ခဲ့တာဖြစ်ပါတယ်။

ဆန်အပြင် ဆန်ကွဲ ၃၀၀၉ တန်ကိုလည်း တရုတ်၊ဘူလ်ဂေးရီးယား၊ နယ်သာလန်၊ ပိုလန်နဲ့ ဘယ်လ်ဂျီယံနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ဆန်ကွဲတင်ပို့ မှုမှ ကန်ဒေါ်လာ သုည ဒသမ ၈၂၉ သန်းဝင်ငွေရရှိတယ်လို့သိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၉-၇-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၀ | ၃၉၉ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၁ | ၃၉၀ | △ | ၃၄၅ | ၃၄၅ | □ | ၃၈၀ | ၃၈၀ | □ | ၃၇၅ | ၃၇၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၈ | ၃၇၅ | △ | ၃၂၅ | ၃၂၅ | □ | ၃၅၀ | ၃၅၀ | □ | ၃၃၅ | ၃၃၅ | □ |
| ပေါင်းဆန် | ၃၈၀ | ၃၉၀ | △ | - | - | - | ၃၆၅ | ၃၇၅ | △ | - | ၄၁၅ | - |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၉-၇-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၅၀ | ၄၅၀ | □ | ၅၆၅ | ၅၆၅ | □ | ၅၅၅ | ၅၅၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၀ | ၄၄၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၀-၇-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၇၃၆ | □ | ၁၈၅၀၀ | □ | ၇၅၄၄ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၄၆၀၀ | □ | ၂၁၀၀၀ | □ | ၇၄၄၇ | □ | ၃၇၀၀၀ | □ |
| ပဲခူး | ၄၅၅၀ | □ | ၁၉၅၀၀ | □ | ၆၈၀၀ | △ | ၃၁၅၀၀ | △ |
| ရွှေဘို | ၄၇၀၀ | ▽ | ၂၀၀၀၀ | ▽ | ၁၁၅၀၀ | □ | ၃၉၅၀၀ | □ |
| စစ်တွေ | ၄၈၀၀ | □ | ၁၉၀၀၀ | □ | ၇၈၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၅၀ | △ | ၁၉၅၀၀ | □ | - | - | ၃၅၅၀၀ | □ |
| မန္တလေး | ၅၅၀၀ | □ | ၂၂၀၀၀ | △ | - | - | ၃၅၀၀၀ | △ |
| မကွေး | ၇၀၀၀ | □ | ၂၂၅၀၀ | ▽ | - | - | ၄၀၀၀၀ | □ |
| မော်လမြိုင် | ၅၀၀၀ | □ | ၁၈၅၀၀ | □ | ၇၈၀၀ | □ | ၃၂၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၂၀၀၀ | △ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၄၉၀၀ | △ | ၂၂၀၀၀ | △ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၅၀၀ | □ | - | - | ၄၂၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၀-၇-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၃/၇ | ၁၀/၇ | ပြောင်းလဲမှု | ၃/၇ | ၁၀/၇ | ပြောင်းလဲမှု | ၃/၇ | ၁၀/၇ | ပြောင်းလဲမှု | ၃/၇ | ၁၀/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၀၈၄ | ၂၁၅၄ | ▲ | ၂၀၀၀ | ၂၀၀၀ | ■ | ၂၀၅၀ | ၁၉၀၀ | ▼ | ၁၉၅၀ | ၂၀၀၀ | ▲ |
| ၂ | ပဲစင်းငုံ | ၂၀၇၄ | ၂၁၅၅ | ▲ | ၁၉၆၇ | - | - | ၁၉၇၅ | ၂၁၀၀ | ▲ | ၁၉၅၀ | ၂၀၁၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၉၁၅ | ၁၉၁၅ | ■ | ၁၉၅၆ | ၁၉၅၆ | ■ | ၂၀၂၆ | ၁၉၄၇ | ▼ | ၁၀၄၁ | ၁၀၉၄ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၁၄၅၀ | ၁၄၈၀ | ▲ | - | - | - | - | - | - | ၁၂၂၆ | ၁၃၀၂ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၂၀၀ | ၁၂၁၅ | ▲ | ၁၀၈၃ | - | - | - | - | - | - | ၁၀၂၇ | - |
| ၆ | ထောပတ်ပဲ | ၇၈၀ | ၇၈၀ | ■ | ၈၅၃ | ၈၅၃ | ■ | ၇၁၁ | ၇၃၇ | ▲ | ၆၅၇ | ၇၁၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၀-၇-၂၀၁၅ ဒေါ်လာ/တန်


| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂/၇ | ၉/၇ | ပြောင်းလဲမှု | ၂/၇ | ၉/၇ | ပြောင်းလဲမှု | ၂/၇ | ၉/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၀၀ | ၁၀၉၀ | ▼ | ၁၁၇၂ | ၁၁၆၀ | ▼ | ၁၁၈၀ | ၁၁၃၄ | ▼ |
| ၂ | ပဲစင်းငုံ | ၁၀၆၀ | ၁၀၆၀ | ■ | ၁၁၀၅ | ၁၁၃၃ | ▲ | ၁၁၀၉ | ၁၁၂၆ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၉၄၄ | ၁၀၀၈ | ▲ | ၉၆၀ | ၁၀၂၄ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၆၉၂ | ၇၀၈ | ▲ | ၆၉၂ | ၇၀၉ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၄.၁၅) မှ |
| | (၂၇.၆.၁၅)ထိ | (၄.၇.၁၅)ထိ | (၄.၇.၁၅) ထိ |
| မတ်ပဲ | ၈၄၉၄ | ၆၅၇၂ | ၂၈၅၁၇၁ |
| ပဲတီစိမ်း | ၁၁၈၄ | ၆၁၇ | ၆၉၅၀၁ |
| ပဲစင်းငုံ | ၂၃၄၉ | ၁၇၁၃ | ၇၆၂၈၇ |
| ကုလားပဲ | ၆၅၅ | ၅၄၁ | ၁၁၅၄၆ |
| ပဲလွန်းဖြူ | ၄၁၄ | ၃၄၇ | ၈၆၂၉ |
| မြေထောက်ပဲ | ၄၆၉ | ၃၂၈ | ၈၆၁၉ |



## အောင်ပွဲခံနေဆဲ စစ်ကိုင်းပဲတီစိမ်း

စစ်ကိုင်းတိုင်းဒေသကြီးမှာ ပဲတီစိမ်းကို တစ်နှစ်လျှင်သုံးကြိမ် စိုက်ပျိုး၍ တစ်နှစ်ပတ်လုံးထွက်ပေါ်လျက် ရှိပါတယ်။ မိုးကြိုပဲတီစိမ်းကို ရေသွင်းစိုက်ပျိုးကြတဲ့အတွက် တစ်ဧကလျှင် ကုန်ကျစရိတ်ကျပ် ၁ ဒသမ ၅ သိန်းကျော်ရှိပြီး အထွက်နှုန်းမှာ ၈တင်းမှ ၁၀ တင်းကြား ထွက်ရှိကြောင်း သိရပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ ရေဦး၊ တန့်ဆည်၊ ကနီ၊ ပုလဲမြို့နယ်များမှ ယခုထွက်ပေါ်နေတဲ့ မိုးကြိုပဲတီစိမ်း တင်း ၁၀၀၀ ကျော် ဝင်ရောက်လျက်ရှိပြီး၊ တရုတ်ဝယ်လက်အဆွဲရှိ၍ ဝင်ရောက်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၀၁၅-၂၀၁၆ခုနှစ် မိုးပဲတီစိမ်း လျာထား ဧကလေးသိန်းနှစ်သောင်းကျော်အနက် ဧက နှစ်သိန်းရှစ်သောင်းကျော် စိုက်ပျိုးပြီးဖြစ်လို့ ၆၅ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပြီး ဆက်လက်စိုက်ပျိုးရန် အတွက် တောင်သူများက မိုးကို မျှော်လင့်နေကြပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ ၂၀၁၅ခုနှစ်၊ဇူလိုင်လ ပထမပတ် အတွင်း ပဲတီစိမ်းတစ်တင်းပေါက်ဈေး အနိမ့်အမြင့်မှာ ၃၈၀၀၀ ကျပ်၊ ၃၈၅၀၀ ကျပ် ဖြစ်ပြီး၊ ယခင်နှစ် ကာလတူ ပေါက်ဈေးမှာ ၃၆၀၀၀ ကျပ်၊ ၃၇၀၀၀ ကျပ်ဈေးပေါက်ခဲ့ပါ တယ်။

**သန်းသန်းတင်-မုံရွာ**

## ယခုနှစ်မှာ ပြည်ပဲပုပ် ဈေးအေးနဲ့သာ အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်ရဲ့ လက်လီအရောင်းအဝယ်ဖြစ်နေတဲ့ ပဲတွေအနက် ပဲပုပ်သီးနှံလည်း ပါဝင်နေခဲ့ပြီး တစ်ရက်ကို ၁၀ အိတ် ၁၅ အိတ်ခန့်သာ ပဲလက်ကျန်များ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာလည်း လဆန်းရက်ကဈေးအတိုင်း တစ်တင်းကို ၁၆၅၀၀ ကျပ်နဲ့ ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်နှစ်ဈေးနှုန်းများအရ ပဲပုပ်သီးနှံဟာ မေ၊ ဇွန်၊ ဇူလိုင်လများမှာ လဆန်းရက်ထက် လလယ်မှစတင်ပြီး ဈေးမြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က ဇူလိုင်လဆန်းမှာတော့ တစ်တင်းကို ၁၉၀၀၀ ကျပ်နဲ့ ရောင်းဝယ်ခဲ့ကြပြီး လကုန်ရက်မှာတော့ တစ်တင်းကို ကျပ် ၂၀၀၀၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခုနှစ်မှာ ပဲပုပ်သီးနှံဟာ ယခင်နှစ်ဈေးကိုလည်း မမှီသလို ဈေးလည်းအေးခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မုံရွာကုန်စည်ဒိုင်ပဲဈေးကွက်၌ ဇူလိုင်လ ဒုတိယပတ်အစတွင် ထိုင်ဝမ်ကုလားပဲ ဈေးအနည်းငယ်တက်လာ

မုံရွာကုန်စည်ဒိုင် ဇူလိုင် ဒုတိယပတ်အစတွင် ပဲမျိုးစုံဈေးကွက်မှာ ရောင်းပန်းလက်ကျန် လျော့နေသလို ဒေသခံကုန်သည် လှောင်လက်သမားတချို့နဲ့ ဒေသခံလုပ်ငန်းသမားနည်းနည်းနဲ့ နယ်ဝယ်လက်အနည်းငယ်သာ ကြိုက်ရောင်းကြိုက်ဝယ် ဖြစ်ခဲ့ကြပြီး နေ့စဉ်အရောင်းအဝယ်အနေနဲ့ ခပ်အေးအေးပဲဖြစ်နေတယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

စိမ်းကြီးဈေးကွက်အနေနဲ့ နယ်က ပဲအဝင်လျော့လာပြီး အရည်အသွေးပါနိမ့်လာလို့ယခင်တစ်ပတ်မှာ တစ်တင်း ၃၈၀၀၀ ကျပ်ထိ အနိမ့်ဆုံးဈေးဖြစ်ပေါ်ခဲ့ကာ မန်းနဲ့ရန်ကုန်ဝယ်လက်အဝယ်ရှိနေလို့ တစ်ရက်အိတ် ၅၀၀ မှ ၇၀၀ကြားမှာ အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက နယ်မှ တစ်ရက်ကို အိတ် ၅၀၀၀ ခန့် ဝင်ရောက်လာခဲ့ပြီး နယ်မှဝင်သလောက် ရောင်းရတာနဲ့ယှဉ်ရင် ယခုတစ်ပတ်မှာ ပဲအဝင်သိသိသာသာ လျော့ခဲ့ပါတယ်။

ငုံနီဈေးကွက်မှာလည်း ဒီနှစ်ပဲအထွက်ပမာဏနဲ့ နယ်ကုန်သည်ဝယ်လိုအားမမျှခဲ့လို့ ဒီနေ့အထိ အမြင့်ဈေးမှာ ရပ်တည်ခဲ့ကာ တစ်တင်း ၄၀၅၀၀ ကျပ်၊ ၄၁၀၀၀ ကျပ်နဲ့ ၄၁၅၀၀ ကျပ်ဖြင့် တစ်ရက်ထက် တစ်ရက် ဈေးမြင့်တက်ခဲ့တာ တွေ့ရပါတယ်။ အရောင်းအဝယ်အားဖြင့် ဝယ်လက်၊ ရောင်းလက်ညီတဲ့နေ့မှာ အိတ် ၁၀၀၀ ခန့်ဖြစ်ခဲ့ပြီး ပုံမှန်အားဖြင့် တစ်ရက်ကို အိတ် ၂၀၀ ဝန်းကျင်သာဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

ပဲနီလုံး(စွန်တာနီ)ဈေးကွက်မှာလည်း ပဲပေါ်စအချိန်မှ ယနေ့အထိ ဈေးအေးလျက်ရှိရာ စွန်တာနီ တစ်တင်း ၁၄၅၀၀ ကျပ်နဲ့ ပဲနီလုံးကြား တစ်တင်း ၁၅၂၀၀ ကျပ်နဲ့ ဈေးဖွင့်ထားပေမယ့် ဈေးငြိမ်နေပြီး အရောင်းအဝယ်ပါးကာ တစ်ရက်ကို အိတ် ၅၀၀ မှ ၇၀၀ အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒေသခံကြာဆံစက်သမား ဝယ်လက်သာရှိခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ပဲကြီးဈေးကွက်မှာတော့ ဒေသခံပဲကြော်ဖိုများက လုပ်ငန်းများသွက်နေတာကြောင့် ဝယ်လိုအားကောင်းနေပေမယ့် တစ်တင်းကို ကျပ် ၂၆၅၀၀နဲ့ ဈေးဆက်လက်ငြိမ်နေပါတယ်။ အရောင်းအဝယ်အားဖြင့် လှောင်လက်သမားတွေ ထုတ်ရောင်းခဲ့ကြလို့ တစ်ရက်ကို အိတ် ၂၀၀၀ ဝန်းကျင်ရှိနိုင်တယ်လို့ဈေးကွက်ကဆိုပါတယ်။ ထောပတ်ပဲဈေးကွက်မှာတော့ ဒေသတွင်းဝယ်လိုအားသာရှိခဲ့ပြီး တစ်တင်း ၁၄၀၀၀ ကျပ်နဲ့ ဈေးငြိမ်နေကာ တစ်ရက်ကို အိတ် ၄၀၀ ခန့် ပုံမှန်အရောင်းအဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်ကုလားပဲမျိုးစုံဈေးကွက်မှာတော့ ရောင်းသူဈေးကွက်ဖြစ်နေကာ ပစ္စည်းရှိတဲ့ကုန်သည်တွေ ဈေးမြှင့်ဖွင့်ခဲ့ကြတဲ့အတွက် ထိုင်ဝမ်တစ်တင်း ၂၃၃၀၀ ကျပ်မှ ၂၄၂၀၀ ကျပ်၊ V2 တစ်တင်း ၂၂၃၀၀ကျပ်မှ ၂၂၄၀၀ ကျပ်၊ ၉၂၉ ကုလားပဲတစ်တင်း ၂၃၂၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်အသီးသီးနဲ့ ဈေးမြင့်ခဲ့တာ တွေ့ရပါတယ်။ မန်းခွဲစက်သမားနဲ့ ဒေသခံလုပ်ငန်းသမားတွေ ဝယ်လိုအားကောင်းတဲ့ရက်မှာ ကုလားပဲမျိုးစုံအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပုံမှန်အားဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်သာဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ပဲဈေးကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## စစ်ကိုင်းကုလားပဲဖြူလုံးကြီး (V2)ကို Export ဝယ်လက်ရှိ

မုံရွာကုန်စည်ဒိုင်မှာ ကုလားပဲဖြူလုံးကြီးကို အများဆုံးတစ်နေ့ကို အိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး၊ အနည်းဆုံး တစ်နေ့ကို အိတ် ၂၀၀မှ ၃၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

Export ဝယ်လက်ရှိပြီး တောင်သူ/ကုန်သည်များထံမှာ လက်ကျန်နည်းနေတဲ့အတွက် ဝယ်လိုအားရှိပေမယ့် ရောင်းလိုအားက နည်းနေပါတယ်။

မုံရွာကုန်စည်ဒိုင် ပေါက်ဈေးနှုန်းမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ကြည့်ပါက တစ်တင်းကို ကျပ်တစ်သောင်းခန့် ဈေးပိုခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဇူလိုင်လ ပထမပတ်အတွင်း ကုလားပဲဖြူလုံးကြီး တစ်တင်းကို ပေါက်ဈေး အနိမ့်၊ အမြင့်မှာ ၂၂၀၀၀ ကျပ်၊ ၂၃၀၀၀ ကျပ်ရှိခဲ့ပြီး ယခင်နှစ်ကာလတူပေါက်ဈေးမှာ ၁၄၂၀၀ ကျပ်၊ ၁၄၃၀၀ ကျပ်ဈေးရှိခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ပြည်ဘိုကိတ်ပဲ လက်ကျန် နည်းလာပေမယ့် တဖြည်းဖြည်း ဈေးမြင့်တက်လာ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ ဘိုကိတ်ပဲသီးနှံဟာ ဈေးအနည်းငယ်ပြန်လည်မြင့်တက်ခဲ့လို့ တစ်တင်းကို ၁၆၅၀၀ ကျပ်မှ ၁၆၇၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ ပဲအဝင် အနည်းငယ်သာ ရှိခဲ့သလို လက်ကျန်လည်း အနည်းငယ်သာရှိတော့တဲ့အတွက် အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး လက်လီသမားများက အဝယ်ရှိခဲ့ကြပါတယ်။

ယခင်လက တစ်တင်း ၁၅၅၀၀ ကျပ်ခန့်သာရရှိခဲ့သော်လည်း ဇူလိုင်လဆန်းမှစတင်ကာ ပဲဈေးမှာ တဖြည်းဖြည်းမြင့်တက်လာခဲ့ပါတယ်။ သို့သော်လည်း အရောင်းအဝယ်ဖြစ်တဲ့ ပမာဏကတော့ ပဲလက်ကျန်ပမာဏ အပေါ်မူတည်ပြီး တစ်ရက် အိတ် ၃၀ ကျော်ခန့် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပစ္စည်းလက်ကျန်နည်းပေမယ့် ဈေးကွက်အတွင်း ပြည်မြေပဲဆန် အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းအရောင်းအဝယ်မဖြစ်ပေမယ့် မြေပဲဆန်ကိုတော့ အရောင်းအဝယ် ဖြစ်နေပါတယ်။ နှမ်းမှာဈေးကွက်အတွင်း လက်ကျန်အနည်းငယ်ရှိနေသော်လည်း ဝယ်လက်များ မရှိခြင်း၊ ဆီစက်များကလည်း မိမိတို့ဝယ်ထားတဲ့ နှမ်းကိုသာ လိုသလောက်ထုတ်၍ ဆီကြိတ်ခြင်းကြောင့် ဈေးကွက်တွင် နှမ်းဈေးကျနေပြီး စမုံနက်နှမ်းသာ ပုံမှန်အတိုင်း ရောင်းနေရပါတယ်။ မြေပဲဆန်ကိုတော့ ဝယ်လက်များက အဝယ်ရှိတဲ့အတွက် ဈေးမြင့်နေပါတယ်။ မြေပဲဆန်ဈေးမြင့်ပေမယ့် ဆီစက်သမားများကလည်း ဆီကြိတ်ရန်အတွက် ဝယ်ယူနေကြပါတယ်။ ဈေးနှုန်းများအနေဖြင့် နှမ်းနီတစ်တင်းကို ကျပ် ၂၇၀၀၀ ၊ နှမ်းနက်ရိုးရိုးတစ်တင်းကို ၃၃၀၀၀ ကျပ်နဲ့ စမုံနက်နှမ်းတစ်တင်းကို ၆၀၀၀၀ ကျပ် ဖြစ်ပြီး မြေပဲဆန်ဈေးမှာလည်း ဆီကြိတ်ဆန် တစ်ပိဿာ ၂၅၀၀ ကျပ်၊ လုံးဆန်အဖြူ တစ်ပိဿာ ၂၈၀၀ ကျပ်နဲ့ လုံးဆန်အနီ တစ်ပိဿာ ၂၉၀၀ ကျပ် ဈေးရှိပါတယ်။ ဆီဈေးအနေဖြင့် နှမ်းဆီ တစ်ပိဿာ ၄၇၀၀ ကျပ်၊ မြေပဲဆီ တစ်ပိဿာ ၅၃၀၀ ကျပ်ဈေးရှိပါတယ်။

**ဝေဝေမင်း-ပြည်**

## ပြည်ထောပတ်ပဲ ဈေးဆက်ငြိမ်နေပြီး လက်လီသမားသာ အဝယ်ရှိခဲ့

ပြည်ပဲဈေးကွက်မှာ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်နေတဲ့ ပြည်ထောပတ်ပဲသီးနှံဟာ တစ်တင်း ၁၂၀၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်နေခဲ့ပြီး၊ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲအချို့သာ လက်လီသမားအဝယ်ရှိလို့ အိတ်အနည်းငယ် ရောင်းချမှုရှိခဲ့ပါတယ်။ ဇွန်လဆန်းကတစ်တင်းကို ၁၃၅၀၀ ကျပ်ရှိခဲ့ပြီး၊ လလယ်ခန့်မှာတော့ တဖြည်းဖြည်း ဈေးကျဆင်းလာပြီး လကုန်ပိုင်းအထိ တစ်တင်းကို ကျပ် ၁၂၀၀၀ ခန့်နဲ့ ဈေးငြိမ်နေပါတယ်။

ယခုဇူလိုင်လဆန်းမှာလည်း ဈေးမပြောင်းလဲဘဲ ကျပ် ၁၂၀၀၀ နဲ့သာ ဆက်လက် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ယခင်နှစ် ဇူလိုင်လဆန်းကတစ်တင်းကို ၁၅၅၀၀ ကျပ်နဲ့ လလယ်အထိ ဈေးငြိမ်နေကာ ဇူလိုင်တတိယပတ်မှစပြီးလက်ကျန်လည်းနည်းသွားတဲ့အတွက် ဈေးပြန်လည်မြင့်တက်ခဲ့ပါတယ်။ ဇွန်လကုန်အထိ တစ်တင်းကို ကျပ် ၁၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ပဲမျိုးစုံဈေးကွက်မှာ ဇူလိုင်လ ဒုတိယပတ်အတွင်း

## မတ်ပဲဈေးပြန်အေးပြီး ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီးဈေးနှုန်းများ ဈေးမြင့်တက်ခဲ့

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ ယခုဇူလိုင်လ ဒုတိယပတ်အတွင်း အဓိကအရောင်းအဝယ် ဖြစ်ခဲ့သောပဲများ၏ ဈေးနှုန်းများအရ မတ်ပဲမှာ ဈေးအပြောင်းအလဲ သိပ်မဖြစ်ဘဲ ပဲစင်းငုံ၊ ကုလားပဲနှင့် ပဲကြီးများဈေးမြင့်တက်လာတာကို တွေ့ရပါတယ်။ လက်လီ အရောင်းအဝယ်ဖြစ်နေသောပဲများအနက် ပဲနီပြားနဲ့ စားတော်ပဲသီးနှံများမှာ ဈေးငြိမ်ပြီး အရောင်းအဝယ် ဖြစ်နေခဲ့ပါတယ်။

မတ်ပဲမှာ အဝင်မရှိသလောက်ဖြစ်ပြီး လက်ကျန်ပဲများရှိလို့ ရန်ကုန်ဝယ်လက် ဝယ်ယူတဲ့အတွက် အိတ် ၂၀၀ ကျော် ၃၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း နေ့စဉ် အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြားလောက်သာ အဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးကတော့ တစ်တင်း ၄၀၃၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်နေခဲ့တာကို တွေ့ရပါတယ်။ ယခင်လအတွင်း လဆန်းရက်မှာ ဈေးငြိမ်နေသော်လည်း လလယ်မှစ၍ ဈေးအမြင့်ဆုံးရတဲ့အတွက် မတ်ပဲတစ်တင်း ၄၄၅၀၀ ကျပ်ထိ ဈေးကောင်းရနေသလို ရန်ကုန်ဝယ်လက်လည်း အဝယ်လိုက်ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာတော့ ရန်ကုန်ဝယ်လက်ရှိသော်လည်း ဝယ်လိုအား သိပ်ကောင်းခဲ့တဲ့အတွက် ဈေးပြန်အေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံဈေးမှာ ယခုတစ်ပတ်တွင် တစ်တင်း ၄၁၀၀၀ ကျပ်ထိ ဈေးမြင့်တက်လာခဲ့လို့ မတ်ပဲထက်လည်း ဈေးပိုသွားတာကို တွေ့ရပါတယ်။ မေ၊ ဇွန်လများအတွင်း ပဲစင်းငုံနှင့်မတ်ပဲဈေးမှာ ဝယ်လိုအား ကောင်းလို့ ဈေးနှုန်းများ ပြိုင်တူမြင့်တက်လာခဲ့ပေမယ့် ယခုဇူလိုင်လ ဒုတိယပတ်မှာတော့ မတ်ပဲဈေးထက် ပဲစင်းငုံက ကျပ်တစ်ထောင်နီးပါး မြင့်တက်လာခဲ့ကာ ရန်ကုန်ဝယ်လက်မှ အိတ် ၂၀၀ ကျော် ၃၀၀ အဝယ်ရှိခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ ပဲအဝင်ပါးလာကာ ပေါက်ခေါင်း၊ ပန်းတောင်း၊ မင်းတုန်းနဲ့ သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်ဘက်မှလည်း ဝင်ရောက်ပေမယ့် အိတ် ၂၀၀၊ ၃၀၀ ခန့်သာ ဝင်ရောက်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ကုလားပဲတစ်တင်းကို ကျပ် ၂၅၂၀၀ ရှိခဲ့တာကြောင့် လဆန်းရက်ထက် ဈေးပိုရခဲ့ပြီး ခွဲစက်သမားများနှင့် လက်လီသမားအချို့က ဝယ်ယူတဲ့အတွက် တစ်ရက်ကို အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်ဇူလိုင်လအတွင်းက ကုလားပဲ တစ်တင်းကို ကျပ် ၁၄၈၀၀ သာရရှိခဲ့တဲ့အတွက် ယခုနှစ်မှာတော့ ကုလားပဲက ဈေးကောင်းရနေခဲ့ပါတယ်။

ပဲကြီးသီးနှံမှာလည်း ဇွန်လကုန်မှစ၍ ဈေးမြင့်တက်လျက်ရှိရာ ဒီတစ်ပတ်မှာလည်း ဆက်လက်မြင့်တက်ခဲ့လို့ (ရွှေကျွန်း) တစ်တင်း ၂၇၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၅၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် တစ်တင်း ၅၀၀ ကျပ်ခန့်စီ ဈေးပိုရလာခဲ့ပါတယ်။ ပဲကြီးသီးနှံဝင်ရောက်မှုအနေဖြင့် နတ်တလင်း၊ ပန်းတောင်း၊ မင်းတုန်း၊ ကံမမြို့နယ်များမှ နေ့စဉ် အိတ် ၃၀၀ ကျော်ခန့်ဝင်ရောက်လျက်ရှိကာ အခြားတိုင်းသို့ တင်ပို့မှုမရှိဘဲ ခွဲစက်သမားများသာ အဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ ပဲကြီးသီးနှံမှာလည်း ကုလားပဲသီးနှံကဲ့သို့ ယခင်နှစ်ထက် ဈေးကောင်းခဲ့တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။

ပဲနီပြားနဲ့စားတော်ပဲသီးနှံများကတော့ လက်လီသမားများသာ ဝယ်ယူပြီး အရောင်းအဝယ် ပုံမှန်သာ ရှိခဲ့ပါတယ်။ ဈေးနှုန်းများကတော့ ပဲနီပြားတစ်တင်းကို ကျပ် ၁၈၅၀၀၊ စားတော်ပဲ တစ်တင်းကို ကျပ် ၃၁၀၀၀ နဲ့ ယခင်တစ်ပတ်က ဈေးအတိုင်း ငြိမ်နေခဲ့ကြောင်း သိရပါတယ်။


**ခင်ဆွေဝင်း-ပြည်**

# နယ်စပ်ကုန်သွယ်ရေးစခန်းအသီးသီးမှ ပဲမျိုးစုံတင်ပို့

ဇွန် ၂၇ ရက်မှ ဇူလိုင်လ ၃ ရက်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်၊ ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် နယ်စပ်စခန်းတို့မှ ကန်ဒေါ်လာ ၉ ဒသမ ၃၄၀ သန်း တန်ဖိုးရှိ ပဲတီစိမ်း (လုံးပြည့်) ၊ ပဲလွန်းဖြူ ပဲပုပ်စေ့၊ မြေပဲဆန်၊ ပဲကြီး၊ ပဲနီကြား၊ စွန်တာပြာ၊ နိုင်လွန်ပဲ၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ မတ်ပဲ၊ ပဲယင်း၊ ကုလားပဲနဲ့ ပဲကြီး(အခွံချွတ်) ၉၃၆၇ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့သလို မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှလည်း ကန်ဒေါ်လာ သုည ဒသမ ၁၂၂ သန်း တန်ဖိုးရှိပဲတီစိမ်း ၈၃ တန်ခွဲနဲ့ မြေပဲဆန် ၃၅ တန်ကိုလည်းကောင်း၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းဖိုးရှိပဲပုပ်စေ့ ၁၀ တန်ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။ ပစ္စည်းလက်ကျန်ကလည်း သိပ်မရှိတော့ဘူး၊ အိန္ဒိယနိုင်ငံမှာလည်း ရာသီဥတုက ဖောက်ပြန်နေလို့ ဝယ်လိုအားတွေအရမ်းများနေတာကြောင့် ပဲဈေးတွေလည်း မြင့်တက်လာခဲ့တယ်လို့ ပဲကုမ္ပဏီတစ်ခုမှပြောပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ယခင်တစ်ပတ်နဲ့ ယခုတစ်ပတ် ပဲဈေးနှုန်းများကို မိမိဘက် ပေါက်ဈေးနဲ့ တစ်ဘက်နိုင်ငံဈေးများအား နှိုင်းယှဉ်ဖော်ပြပေးလိုက်ပါတယ်-

| | မိမိဘက်ပေါက်ဈေး | | တစ်ဖက်နိုင်ငံဈေး | |
|---|---|---|---|---|
| | ယခုတစ်ပတ် | ယခင်တစ်ပတ် | ယခုတစ်ပတ် | ယခင်တစ်ပတ် |
| | (တန်/ကျပ်) | | (တန်/ဒေါ်လာ) | |
| ပဲတီစိမ်း | ၁၄၂၉၁၂၇ | ၁၄၂၁၀၃၈ | ၁၂၀၃ | ၁၂၀၂ |
| ပဲယင်း | ၆၃၂၁၆၃ | ၆၂၈၅၈၅ | ၅၃၂ | ၅၃၂ |
| ပဲပုတ်စေ့ | ၆၉၈၅၇၇ | ၆၉၄၆၂၃ | ၅၈၈ | ၅၈၈ |
| ပဲလွန်းဖြူ | ၉၅၄၇၄၄ | ၉၄၉၃၄၀ | ၈၀၄ | ၈၀၄ |
| မြေထောက်ပဲ | ၆၇၀၁၁၄ | ၆၆၆၃၂၀ | ၅၆၄ | ၅၆၄ |
| ပဲကြီး | ၈၅၉၈၆၇ | ၈၅၅၀၀၀ | ၇၂၄ | ၇၂၃ |
| ထောပတ်ပဲ | ၈၂၁၉၁၇ | ၈၁၇၂၆၄ | ၆၉၂ | ၆၉၁ |
| ပဲနီကြား | ၆၃၂၁၆၃ | ၆၂၈၅၈၅ | ၅၃၂ | ၅၃၂ |
| မြေပဲ | ၁၆၁၈၈၈၀ | ၁၆၀၉၇၁၇ | ၁၃၆၃ | ၁၃၆၃ |

**မော်မော်အောင် MIRT**



## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးနှမ်း ၁၀၂ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီးမှာ မိုးနှမ်းကို စိုက်ဧက ၄ ဒသမ ၇၃ သိန်းလျာထားပြီး ဇူလိုင်လ ဒုတိယပတ် ထိ စိုက်ဧက ၄ ဒသမ ၈၅ သိန်း စိုက်ပျိုးနိုင်ခဲ့တာကြောင့် လျာထားစိုက်ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁၀၂ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးကြောင်း သိရှိရပါတယ်။ ယခင်နှစ်ကာလတူထက် စိုက်ဧက သုံးသောင်းသုံးထောင်ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းကို တရုတ်ဝယ်လက်က တစ်နှစ်ပတ်လုံး ဝယ်ယူနေသဖြင့် နှမ်းဖြူ တစ်တင်းကို ကျပ် သုံးသောင်းငါးထောင်ကျော်၊ နှမ်းညို တစ်တင်းကို ၂၈၀၀၀ ကျပ် ဈေးရှိတာကြောင့် နှမ်းဈေးကောင်းနေတဲ့အတွက် ယခုနှစ်မှာ တောင်သူများ ပိုမိုစိုက်ပျိုးလာကြကြောင်း၊ နှမ်းကုန်သည်များက ပြောပြပါတယ်။**သန်းသန်းတင်-မုံရွာ**

## ပြည်ပဲတီစိမ်းသစ် ဈေးကွက်သို့ စတင်ဝင်ရောက်လာ

ပြည်ပဲဈေးကွက်သို့ ယခုတစ်ပတ်မှာ ပဲတီစိမ်းသစ်များ စတင်ဝင်ရောက်လာတာကို တွေ့ရပါတယ်။ ပေါင်းတလည်၊ ပေါက်ခေါင်းနဲ့ ကံမမြို့နယ်များမှာ ပဲသစ်များ စတင်ခူးဆွတ်ပြီဖြစ်လို့ အနည်းငယ်သာ ထွက်ရှိသေးပေမယ့် တစ်ရက်ကို အိတ် ၄၀ ကျော် ၅၀ ခန့်သာ ဝင်ရောက်ခဲ့ပါတယ်။ ဝယ်လက်အနေဖြင့် လက်ကားသမားများက ဝယ်ယူမှုမရှိသေးတဲ့အတွက် လှော်ပဲများအဖြစ်သာ ဝယ်ယူနေကြတာကြောင့် တစ်တင်း ကို ၃၆၀၀၀ ကျပ်နဲ့ ဈေးစဖွင့်ခဲ့ပါတယ်။ ယခင်နှစ်က ဩဂုတ်လလယ်ရောက်မှသာ ပဲသစ်များဝင်ရောက်ခဲ့လို့ ယခုနှစ်မှာတော့ ပဲသစ်အထွက်စောခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးမှာလည်း ယခင်နှစ်အဖွင့်ဈေးထက် ဈေးပိုရခဲ့ပါတယ်။ ယခင်နှစ်အဖွင့်ဈေးမှာ တစ်တင်း ၃၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## နှမ်း

### ဇူလိုင်လပထမပတ်တွင် နှမ်းတင်ပို့မှု ပျောက်ခဲ့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇွန်လ ၂၈ ရက်မှ ဇူလိုင်လ ၄ရက်သီတင်းပတ်အတွင်း ပြည်ပနိုင်ငံများကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ နှမ်းတင်ပို့မှုပျောက်ခဲ့ပါတယ်။ ဇွန်လအတွင်းကတော့ စုစုပေါင်းတန်ချိန် ၅၅၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ပထမပတ်မှာတန် ၁၃၀၊ ဒုတိယ သီတင်းပတ်မှာ ၄၈ တန်၊ တတိယ ပတ်မှာ ၁၇၉တန်နဲ့ စတုတ္ထပတ်မှာ ၁၉၄ဒသမ၅ တန်တင်ပို့ခဲ့ပါတယ်။ ဇွန်လအတွင်း ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ ပါကစ္စတန်နဲ့ အိန္ဒိယနိုင်ငံတို့ကို တင်ပို့နိုင်ခဲ့ပြီး နှမ်းတင်ပို့မှုမှ စုစုပေါင်းကန်ဒေါ်လာ ၄၄၃၇၂၂ ရရှိခဲ့ တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

### ဈေးကွက်အတွင်း ရှမ်းနှမ်း ပုံမှန်အရောင်းအဝယ်ရှိနေ

ရှမ်းနှမ်းက ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ နှမ်းအဝင်နည်းသွားပေမယ့် လက်ကျန်တော်တော်များများရှိနေပါသေးတယ်။ ဝယ်နေကျဖြစ်တဲ့ တောင်ကုတ်ဝယ်လက်တွေကလည်း ဒီနှစ်မှာ သိပ်ပြီး မဆွဲကြသေးပါဘူး။ ဒီနှစ်မှာ နယ်စပ်လိုင်းတွေက အထွက်သိပ်မရှိဘဲ၊ ပင်လယ်ရေကြောင်းလိုင်းကသာ အသွားများတယ်လို့လည်း သိရပါတယ်။

အောင်ပန်းဈေးကွက်ရဲ့နှမ်းကို ဈေးပတ်သမားတွေသာ အဝယ်ရှိနေပါတယ်။ အမှုန့်ကြိတ်ဖို့ရယ်၊ ပရဆေး အတွက်ရယ် ဝယ်ယူနေတာကြောင့် အောင်ပန်းဈေးကွက်မှာ တစ်ပတ်အတွင်း နှမ်းပိဿာချိန်ပေါင်း နှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဈေးနှုန်းကတော့ တစ်ပိဿာကို အနိမ့်ဆုံး ၁၅၀၀ ကျပ်မှ အမြင့်ဆုံး ၂၀၀၀ ကျပ်ရှိပါတယ်။ ဟိုပုံးနှမ်းကိုတော့ ရန်ကုန်ဝယ်လက်တွေက ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့ဖို့အတွက် ပိဿာချိန်လေးသောင်းခန့် ဝယ်ယူသွားတယ်လို့ သိရပါတယ်။ နှမ်းလက်ကျန်တွေများနေသေးတာကြောင့် ပွဲရုံတွေက ရောင်းချင်ပေမယ့် ဝယ်လက်တွေက တစ်ခါဝယ်လိုက်၊ နားလိုက်နဲ့ ဖြစ်နေလို့ လက်ကျန်တွေ များနေတုန်းပါပဲ၊ လက်လီသမားတွေက အမှုန့်ကြိတ်ဖို့အတွက် ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။ ဟိုပုံးနှမ်းက တစ်ပိဿာ ၁၅၅၀ ကျပ်ဈေးရှိပါတယ်။ အင်းလေးစကတော့ အဝယ်နည်းနေပေမယ့် တစ်ပိဿာကို ၁၂၅၀ ကျပ်ဈေးရှိတယ်လို့ နှမ်းပွဲရုံတွေမှ သိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ကြက်သွန်

### စခန်းစုံမှ ကြက်သွန်နီတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန်လ ၂၇ ရက်မှ ဇူလိုင်လ ၃ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၉၈၀၁၆ တန်ဖိုးရှိကြက်သွန်နီ ၇၂၈ တန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၉၃၀၅၀ တန်ဖိုးရှိ ကြက်သွန်နီ ၉၈၅ တန်ခွဲ၊ တာချီလိတ်စခန်းမှ ကန်ဒေါ်လာ ၇၉၃၉ တန်ဖိုးရှိကြက်သွန်နီ ၁၀တန်ကျော်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေမှ ၇၈၀ ဒေါ်လာတန်ဖိုးရှိ ကြက်သွန်နီ ၃ တန်နဲ့ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးမှ ၁၁၄၇ ဒေါ်လာတန်ဖိုးရှိကြက်သွန်နီ ၄ တန်ခွဲတို့ကို အသီးသီးတင်ပို့ခဲ့ကြပါတယ်။ တာချီလိတ်စခန်းကတော့ ယခင်တစ်ပတ်က ကြက်သွန်ဖြူ တန် ၁၅၀ တင်ပို့နိုင်ခဲ့ပြီး ယခုတစ်ပတ်မှာတော့ ကန်ဒေါ်လာ ၂၉၇၃၂ တန်ဖိုးရှိ ကြက်သွန်ဖြူ တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့အိန္ဒိယသို့ နှစ်စဉ် ကြက်သွန်နီ တန်ချိန်ပေါင်း ခုနစ်ထောင်ခန့် နှစ်စဉ်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### မောတောင်နယ်စပ်တွင် ကြက်သွန်နီတင်ပို့မှု ထိပ်ဆုံးတွင်ရှိနေ

မြန်မာ-ထိုင်းနယ်စပ်ရှိ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ ဇွန်လ ပို့ကုန်များအနက် ထိပ်ဆုံးမှာ ရောက်ရှိနေတဲ့ ပို့ကုန်အမယ်ကတော့ ကြက်သွန်နီဖြစ်ပြီး ကီလို ၁၅၀၀၀ တင်ပို့ခဲ့ပါတယ်။ မောတောင် နယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ ဇွန်လကုန်သွယ်မှုဟာ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ် ကာလတူထက်ပါ အပို့ပိုမိုခဲ့ပါတယ်။ ဇွန်လမှာ ပို့ကုန်ကန်ဒေါ်လာ ၁၂၇၅၂ နဲ့ သွင်း ကုန် ကန်ဒေါ်လာ ၂၂၈၈၀ ၊ ကုန်သွယ်မှုပမာဏ ၃၅၆၃၃ ဒေါ်လာ ဆောင်ရွက်ခဲ့ပါ တယ်။

အနီးစပ်ဆုံးကာလထက် ပို့ကုန်လျော့နည်းခဲ့သော်လည်း ယမန်နှစ်ကာလတူထက် ပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းမှာတော့ အနီးစပ်ဆုံး ကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ အသွင်းပိုမိုခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက် ၁၀၈၁၇ ဒေါ်လာ၊ ယမန်နှစ်ကာလတူထက် ၁၇၉၇၁ ဒေါ်လာ အသီးသီး ကုန်သွယ်မှုပမာဏပိုမိုခဲ့ပါတယ်။

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ ဇွန်လ အများဆုံးပို့ကုန်များမှာ ကြက်သွန်နီ၊ အုန်းသီး၊ ခရု၊ သဲတိုးငါး၊ တံမြက်စည်းတို့ဖြစ်ပြီး အများဆုံး သွင်းကုန်များမှာ ဘိလပ်မြေ၊ ဒီဇယ်၊ ကွန်ကရစ်အမိုးပြား၊ လိမ္မော်သီး၊ ပန်းသီး၊ စပျစ်သီးတို့ဖြစ်ပါတယ်။ ဇွန်လအတွင်း ITC ကတ် သုံးခု ထုတ်ပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။

**MIRT**

## ချင်း

### သီတင်းနှစ်ပတ် တင်ပို့မှုပျောက်ခဲ့တဲ့ ချင်း ယခုတစ်ပတ် ပြန်လည်တင်ပို့

ဇွန်လ ၂၈ ရက်မှ ဇူလိုင် ၄ ရက်သီတင်းပတ်အတွင်း ချင်း ၂၁၀ ဒသမ ၉၉၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံနဲ့ တန်ချိန် မှာ မလေးရှားကို ၁၉၅ တန်နဲ့ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံကို ၁၅ ဒသမ ၉၉၅ တန်တင်ပို့ခဲ့ပါတယ်။ သီတင်းနှစ်ပတ်တင်ပို့မှု ပျောက်ခဲ့တဲ့ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။ နှမ်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၃၄၂၈၁ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇွန်လအတွင်းချင်း ၂၁၄ ဒသမ ၁၅၈ တန်ကို မလေးရှားနိုင်ငံ၊တန် ၆၀ ကို အိန္ဒိယနိုင်ငံနဲ့ တန် ၅၅၀ ကို ဖိလစ်ပိုင်နိုင်ငံ ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဇွန်လအတွင်း နှမ်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၇၂၈၇၇ ရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

### ဟိုပုံးချင်းဈေးကွက်သို့ ချင်းဥမတွေ စတင်ဝင်လာ

ဒီတစ်ပတ်တော့ ဟိုပုံးဈေးကွက်မှာ ဥမတွေစပြီးဝင်လာပါပြီ၊ ဇွန်လအကုန်မှာ မိုးဆက်တိုက် ရွာလာတာကြောင့် ချင်းဥမတွေကို ဖော်လို့ရလာတဲ့အတွက် ဈေးကွက်ကို စပြီးဝင်လာတာလို့ သိရပါတယ်။ အောင်ပန်းက ချင်းဥမတွေထက် ဈေးကွက်ကို အဝင်နောက်ကျနေသလို ၊ အောင်ပန်းထက်လည်း အထွက်နှုန်း နည်းပါတယ်။ ဒါပေမယ့် ဈေးကွက်ကို ဒီတစ်ပတ်မှာ ပိဿာချိန် တစ်သောင်းကျော်ခန့် အဝင်ရှိတယ်လို့လည်း သိရပါတယ်။ အရောင်းအဝယ်ကတော့ သိပ်မကောင်းသေးပါဘူး။ တောင်ကုတ်ဝယ်လက်တွေကလည်း မိုးရွာလို့ လမ်းပိတ်နေတာရယ်၊ ဘာသာရေးပွဲတော်အရ ဥပုသ်ကာလဖြစ်နေတာကြောင့် အနည်းငယ်သာ ဝယ်ခဲ့ပြီး အဝယ်ကလည်း ခဏပြန်ရပ်သွားပါတယ်။ ချင်းတက်တွေကတော့ လုံးဝမရှိတော့ပါဘူး။ ချင်းဥမတွေကလည်း ဒီနှစ်ထွက်တဲ့နှုန်းအရ ၈ လပိုင်းခန့်မှာ ပစ္စည်းပြတ်သွားနိုင်တယ်လို့ သိရပါတယ်။

ချင်းခြောက်ကတော့ လက်ကျန်လုံးဝမရှိတော့ပါဘူး၊ ဟိုပုံးချင်းဥမတွေကတော့ တစ်ပိဿာ ၇၀၀ ကျပ်ဈေးရှိနေပါတယ်။ အောင်ပန်းဈေးကွက်မှာလည်း ချင်းဈေးက အရင်တစ်ပတ်ကလိုပဲ ဈေးအေးနေပါတယ်။ ဝယ်လက်တွေကလည်း မိုးတွင်းဖြစ်နေသလို၊ ဥပုသ်လလည်းဖြစ်နေတာကြောင့် အရောင်းအဝယ်ရပ်နားနေတယ်လို့ သိရပါတယ်။ ပြည်ပဝယ်လက်ကတော့ မရှိပါဘူး။ ပြည်တွင်းသုံးသမားတွေဖြစ်တဲ့ ရန်ကုန်၊ မုံရွာ၊ ပြည်၊ မကွေးစတဲ့မြို့တွေ က ပုံမှန်အတိုင်းဝယ်ယူနေလို့ အရောင်းအဝယ်သိပ်ပြီး ပျက်မသွားပါဘူး။ တစ်ပတ်အတွင်း အောင်ပန်း ဈေးကွက်မှာ ချင်းပိဿာချိန်ပေါင်း ခြောက်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အောင်ပန်းချင်းတွေ က တစ်ပိဿာ ၈၅၀ ကျပ်မှ ၉၅၀ ကျပ်ဈေးရှိပြီး ချင်းခြောက်က တစ်ပိဿာ ၂၆၀၀ ကျပ်-၂၇၀၀ ကျပ်ဈေးရှိပါတယ်။ **ဇေခိုင်-တောင်ကြီး**


### ပြည်ချင်းဈေးကျပေမယ့် အရောင်းအဝယ်အေး

ပြည်ချင်းဈေးကွက်သို့ ယခုတစ်ပတ်အတွင်း အောင်ပန်းချင်းပိဿာချိန် ၃၀ ဝင်အိတ် ၁၀၀ ခန့် အဝင်လှိုင်လာပါတယ်။ ပွဲရုံလုပ်ငန်းရှင်များအနေနဲ့ ဈေးကွက်အတွင်း ပစ္စည်းအဝင်များလာလို့ ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ချပြီး ရောင်းဝယ်လျက်ရှိပါတယ်။ ဈေးကျပေမယ့် အဝယ်မလိုက်ဘဲ ချင်းဥမတစ်ပိဿာ ၁၂၀၀၊ ၁၃၀၀ ကျပ်နဲ့ တစ်နေ့ကို ပိဿာချိန် ၁၅၀ ခန့်သာ အရောင်းအဝယ်ဖြစ်လို့ အရောင်းအဝယ်အေးနေပါတယ်။ ယခုတစ်ပတ်တွင် ဧရာဝတီနဲ့ ရခိုင်ပြည်နယ်တို့ကိုလည်း ဈေးကွက်မှတစ်ဆင့် တစ်နေ့ကို ယခင်အပတ်ကထက် ထက်ဝက်ခန့်သာ တင်ပို့ခဲ့ကြောင်းသိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**



## မန်ကျည်း



### ဇွန်လအတွင်း မန်ကျည်း ၂၆၇ တန်တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇွန် ၂၇ ရက်မှ ဇူလိုင်၄ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၂၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ မလေးရှားနိုင်ငံကို တင်ပို့ခဲ့ပါ တယ်။ ယခင်သီတင်းပတ်က တန်ချိန် ၉၀ ကျော်ထိ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၆၈ တန်လျော့ပြီး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နှမ်းတင်ပို့မှုမှ ကန်ဒေါ်လာ ၇၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဇွန်လအတွင်း မလေးရှားနိုင်ငံကို ၂၅ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ၁၉၃ တန်နဲ့ ဖိလစ်ပိုင်နိုင်ငံကို တန် ၅၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဇွန်လအတွင်း မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၃၄၈၀ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## သီဟိုဠ်


### မူဆယ်နဲ့ ကော့သောင်းနယ်စပ်မှ သီဟိုဠ်စေ့ တန် ၄၀ ခန့်တင်ပို့

မူဆယ် ကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်း နယ်စပ်စခန်းမှ ၂၀၁၅ ခုနှစ် ဇွန် ၂၇ ရက်မှ ဇူလိုင် ၃ ရက်နေ့ထိ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၃၀၂ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ တန် ၄၀ခန့်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၂၄၃ သန်းတန်ဖိုးရှိသီဟိုဠ်စေ့၃၂တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၅၉ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၈ တန်ခန့် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၈ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် တင်ပို့နိုင်ခြင်းမရှိပါဘူး။

**ခင်မြနွယ် MIRT**

Vol: 15, No.26 Monday July 13 2015



# တရုတ်နိုင်ငံ အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်မှု

မောင်မောင်မြင့်သိန်း
|စက်မှုတက္ကသိုလ်|

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးစီးပွားရေးဇုန်များသည် တရုတ် ပြည်မကြီးတွင် တည်ရှိသည်။ တရုတ်အစိုးရသည် အထူး စီးပွားရေးဇုန်များကို အထူးစီးပွားရေးမူဝါဒများ ချမှတ်ပေးပြီး ပိုမိုလွတ်လပ်သော စျေးကွက်စီးပွားရေးကို ဦးစားပေးသည်။ ပြောင်းလွယ်ပြင်လွယ်သည့် အစိုးရ၏ ဆောင်ရွက်မှုအဆင့်များ သတ်မှတ်ထားပြီး စီးပွားရေးစီမံခန့်ခွဲမှုစနစ်ကို အသုံးချရန် ခွင့်ပြုပေးသည်။ ယင်းစနစ်သည် တရုတ်ပြည်မကြီး၏ အခြားဒေသတွင် စီးပွားရေး လုပ်ငန်းပြုလုပ်ခြင်းထက် ပိုမိုဆွဲဆောင်မှုရှိသော စီမံအုပ်ချုပ်မှုစနစ်ကို အသုံးပြုခွင့်ရသည်။

တရုတ်နိုင်ငံ၏ အထူးစီးပွားရေးဇုန်များဖြစ်ပေါ်မှု သမိုင်းကို လေ့လာကြည့်ပါက စိတ်ဝင်စားဖွယ်တွေ့ရသည်။ ၁၉၇၈ ခုနှစ်တွင် တရုတ်အစိုးရသည် အမျိုးသားစီးပွားရေးထူထောင်မှုကို ပြန်လည်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည်။ ၁၉၈၀ နှောင်းပိုင်းကာလအတွင်း တရုတ်နိုင်ငံသည် အဆင့်များစွာကို ဖြတ်ကျော်ခဲ့သည်။ ယင်းအဆင့်များတွင် အထူးစီးပွားရေးဇုန်များ စတင်ထူထောင်ခြင်း၊ ကမ်းရိုးတန်းများတွင် မြို့ကြီးများတည်ဆောက်ခြင်းနှင့်စီးပွားရေးဒေသများ ဖွင့်လှစ်ခြင်းတို့ပါဝင်သည်။ ကုန်းတွင်းပိုင်းနှင့် ကမ်းရိုးတန်း စီးပွားရေးဇုန်တို့တွင် နည်းပညာဖွံ့ဖြိုးမှုဇုန်များ ဖွင့်လှစ်ရန် ပုံဖော်ဆောင်ရွက်ခဲ့သည်။

၁၉၈၀ ခုနှစ်မှစ၍ တရုတ်နိုင်ငံသည် Shenzhen,Zhuhai နှင့် Shantou (Guang dong ပြည်နယ်) တို့တွင် အထူးစီးပွားရေးဇုန်များကို စတင်ဖော်ဆောင်ခဲ့သည်။ ထို့ပြင် ဟိုင်နန်ပြည်နယ် တစ်ခုလုံးကို အထူးစီးပွားရေးဇုန်အဖြစ်ပုံဖော်ခဲ့သည်။ ၁၉၈၀ ခုနှစ် ဩဂုတ်လတွင် အမျိုးသားပြည်သူ့ကွန်ဂရက်သည် Guang dong ပြည်နယ်၏ အထူးစီးပွားရေးဇုန်အတွက် စည်းမျဉ်းဥပဒေများကို ပြဌာန်းပေးခဲ့သည်။ Shenzhen မြို့၏ နယ်မြေတစ်စိတ်တစ်ဒေသကို Shenzhen အထူးစီးပွားရေးဇုန် (SSEZ) အနေဖြင့် တရားဝင်ပုံဖော်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် တရုတ်နိုင်ငံသည် နိုင်ငံရပ်ခြားရင်းနှီးမြှုပ်နှံမှုအတွက် ကမ်းရိုးတန်း မြို့ကြီး ၁၄ မြို့ကို ဖွင့်လှစ်ခဲ့သည်။ ပထမဦးစွာအစိုးရသည် ဟိုင်နန်ကျွန်းကို တရုတ်ပြည်မကြီး၏ အကြီးဆုံးအထူးစီးပွားရေးဇုန် အဖြစ်သို့ ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ပြီး အခြားအထူးစီးပွားရေးဇုန်လေးဇုန်ကိုလည်း တိုးချဲ့ခဲ့သည်။ ထို့နောက် ဖွင့်လှစ်ထားသော ကမ်းရိုးတန်းနယ်မြေများကို တိုးချဲ့ခဲ့သည်။ ယန်စီမြစ်ဝကျွန်းပေါ်၊ ပုလဲမြစ်ဝကျွန်းပေါ်စသည့် စီးပွားရေးဇုန်များအထိ တိုးချဲ့ခဲ့သည်။ ၁၉၉၀ ခုနှစ်ဇွန်လတွင် တရုတ်အစိုးရသည် ရှန်ဟိုင်းရှိ ပူဒေါင်းနယ်မြေသစ်တွင် နိုင်ငံရပ်ခြားရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုခဲ့သည်။ ထို့ပြင် ယန်စီမြစ်ဝှမ်းတစ်လျှောက်တွင်လည်း မြို့ကြီးများထပ်မံတည်ဆောက်ခဲ့သည်။ ရှန်ဟိုင်း၏ ပူဒေါင်းနယ်မြေသစ်ကို နဂါးခေါင်း (Dragon Head) အနေဖြင့် ဖွင့်လှစ်ခဲ့သည်။ ၁၉၉၂ ခုနှစ်ကတည်းက နိုင်ငံတော်ကောင်စီသည် နယ်နိမိတ် မြို့ကြီးများကို ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် ကုန်းတွင်းပိုင်းပြည်နယ်နှင့် ဒေသများတွင် မြို့တော်များအားလုံးကို ဖွင့်လှစ်သတ်မှတ်ခဲ့သည်။

ထို့ပြင် အလယ်အလတ်တန်းစားရှိသည့် မြို့ကြီးများတွင် လွတ်လပ်သော ကုန်သွယ်မှုဇုန် ၁၅ ဇုန်၊ နိုင်ငံတော်အဆင့် စီးပွားရေးနှင့်နည်းပညာဖွံ့ဖြိုးမှုဇုန် ၃၂ ဇုန်နှင့်ဆန်းသစ်သော အဆင့်မြင့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးမှုဇုန် ၅၃ ဇုန်ကို ထူထောင်ခဲ့သည်။ အဆိုပါ စီးပွားရေးဇုန်များတွင် အဆင့်မြင့်နည်းပညာများ တင်သွင်းခြင်းနှင့်ထုတ်ကုန်ပစ္စည်းများ တင်ပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ကုန်းတွင်းပိုင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြင့်တင်ဆောင်ရွက်ခဲ့ကြသည်။

၁၉၉၉ ခုနှစ်တွင် Shenzhen မြို့၏ စက်မှုလုပ်ငန်းသည် အလားအလာ အကောင်းဆုံးဖြစ်လာခဲ့သည်။ အဆင့်မြင့်စက်မှုလုပ်ငန်းမှ ထုတ်ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုတန်ဖိုးသည် ယွမ် ၈၁ ဒသမ ၉၈ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး မြို့၏ စုစုပေါင်းစက်မှုလုပ်ငန်းထုတ်ကုန် တန်ဖိုး၏၄၀ ဒသမ ၅ ရာခိုင်နှုန်း ရရှိခဲ့သည်။

၁၉၉၂ ခုနှစ်မှစ၍ ရှန်ဟိုင်းပူဒေါင်းဇုန်သစ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုပေးခဲ့ပြီး ယန်စီမြစ်ဝှမ်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအရှိန်ရစေခဲ့သည်။ အစိုးရသည် ပူဒေါင်းဇုန်သစ်အတွက် အကောက်ခွန်နှုန်းလျှော့ချခြင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင် များကို ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပေးခြင်း၊ တတိယအဆင့်စက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် အစိုးရသည် ရှန်ဟိုင်းမြို့အား စတော့အိတ်ချိန်းဖွင့်လှစ်ရန် ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုများအပေါ် စစ်ဆေးခြင်းနှင့်အတည်ပြုနိုင်သော အာဏာကို ပိုမိုခွင့်ပြုခဲ့သည်။ တရုတ်ငွေကြေးလုပ်ငန်းနှင့်ချိတ်ဆက်ရန် နိုင်ငံခြားရန်ပုံငွေဖြင့် ဆောင်ရွက်သော နိုင်ငံခြားဘဏ်များကို ခွင့်ပြုခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ပူဒေါင်းဇုန်သစ်၏ ဂျီဒီပီသည် ယွမ် ၈၀ ဘီလီယံရှိခဲ့ပြီး စုစုပေါင်း စက်မှုလုပ်ငန်းအတွက် တန်ဖိုးသည် ယွမ် ၁၄၅ ဘီလီယံရှိသည်။ ၂၀၁၀ ခုနှစ်တွင် တရုတ်နိုင်ငံသည် Xinjiang ပြည်နယ်ရှိ ကက်ချ်ဂါမြို့တွင် အထူးစီးပွားရေးဇုန်ကို ပုံဖော်ခဲ့သည်။ ကက်ချ်ဂါသည် ၂၀၀၉ ခုနှစ်မှစ၍ နှစ်စဉ် ၁၇ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ နိုင်ငံခြားသားခရီးသွားလာရေးနှင့် အိမ်ခြံမြေစျေးနှုန်းများ မြင့်တက်ခဲ့သည်။ ကက်ချ်ဂါသည် ယခင် ဆိုဗီယက်ဗဟိုရှိ လွတ်လပ်သောနိုင်ငံများနှင့် တရုတ်နိုင်ငံ၏ နယ်နိမိတ်နှင့်နီးကပ်သည်။ ဤသို့ဖြင့် ယင်းမြို့မှ အထူးစီးပွားရေးဇုန်သည် တရုတ်နှင့်ယင်းနိုင်ငံများအကြား ကုန်သွယ်မှုများကို ချိတ်ဆက်ဆောင်ရွက်ပေးသည့်အပြင် နိုင်ငံခြားအရင်းအနှီးများကိုလည်း ရှာဖွေပေးနိုင်ခဲ့သည်။

## အထူးစီးပွားရေးဇုန်များ၏ စီးပွားရေးမူဝါဒများ

တရုတ်နိုင်ငံသည် အထူးစီးပွားရေးဇုန်များကို ဆောင်ရွက်ရာတွင် စီးပွားရေးမူဝါဒများ ချမှတ်၍ဆောင်ရွက်ခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အခွန်မက်လုံးပေးခြင်း၊ ပြည်တွင်းပြည်ပဖက်စပ်လုပ်ငန်းများ၊ လုပ်ငန်းမိတ်ဖက်ဆောင်ရွက်မှုများနှင့်ရာခိုင်နှုန်းပြည့်နိုင်ငံခြားသားပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ထုတ်ကုန်ပစ္စည်းများကို ပို့ကုန်ဦးစားပေးကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ခြင်း၊ စီးပွားရေးလုပ်ငန်းများအား စျေးကွက်အင်အားစုကို အခြေခံ၍ ဆောင်ရွက်ခြင်း ဟူသည့်မူဝါဒများချမှတ်ခဲ့သည်။

ဟောင်ကောင်နှင့်နယ်နိမိတ်နီးစပ်စွာရှိနေသော တရုတ်နိုင်ငံတောင်ပိုင်းရှိ Shenzhen ပြည်နယ်သည် တရုတ်နိုင်ငံ၏ ပထမဆုံးအထူးစီးပွားရေးဇုန်လေးခုအနက်တစ်ခုအပါအဝင်ဖြစ်သည်။ ယခင်က ရှန်ဇင်းသည်မြို့ငယ်အဆင့်သာရှိခဲ့သည်။ ယခုအခါတွင် ကုန်သွယ်မှုအချက်အချာကျသည့် ဒေသဖြစ်လာပြီး တရုတ်နိုင်ငံ၏အကြီးမားဆုံးမြို့ကြီးတစ်မြို့လည်းဖြစ်လာခဲ့သည်။

တရုတ်အစိုးရသည် ယင်းဒေသများတွင် ပိုမိုဖြေလျှော့ပေးသော စည်းမျဉ်းစည်းကမ်းများချမှတ်ကာ အထူးစီးပွားရေးဇုန်များရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အားပေးခဲ့သည်။ သို့ရာတွင် ယင်းအစီအစဉ်သည် အစပိုင်းတွင်အခက်အခဲများရှိခဲ့သော်လည်း Shenzhen သည် ၁၉၈၀ ခုနှစ်တွင် ပထမဆုံးအထူးစီးပွားရေးဇုန်ဖြစ်လာခဲ့သည်။

သို့ရာတွင် ၁၉၈၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဟောင်ကောင် တစ်နိုင်ငံတည်းမှပင် ရှန်ဇင်းရှိစီးပွားရေးလုပ်ငန်းစုစုပေါင်း၏ ၉၁ ရာခိုင်နှုန်းကိုသိမ်းပိုက်ထားခဲ့သည်။ လုပ်ခများ၊ အလုပ်အကိုင်များ၊ ဝန်ထမ်းများ အလုပ်ထုတ်ခြင်းနှင့်ပတ်သက်သော စည်းမျဉ်းဥပဒေများ၏ အားနည်းမှုကြောင့် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုနှင့်အကျွမ်းတဝင် မရှိသော နိုင်ငံခြားကုမ္ပဏီများသည် စွန့်စားမှုပြုရန် စိတ်ပါဝင်စားခြင်းမရှိကြချေ။ သို့သော် ဟောင်ကောင်အခြေစိုက် ကုမ္ပဏီများသည် တရုတ်ပြည်မကြီးတွင် စီးပွားရေးလုပ်ငန်းမည်သို့ ဆောင်ရွက်ရမည်ကို ပိုမိုကောင်းမွန်စွာနားလည်ကြသည်။

အစောပိုင်းကာလတွင် တရုတ်နိုင်ငံ၏ အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများအား ရုပ်သိမ်းခဲ့ခြင်းပင်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုများရုပ်သိမ်းခြင်းသည် တရုတ်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာများအား ထောက်ပြသကဲ့သို့ဖြစ်စေခဲ့သည်။ ထို့ကြောင့် ၁၉၈၂ ခုနှစ် ဇန်နဝါရီလမတိုင်ခင် စည်းမျဉ်းသစ် ငါးခုကို အတည်ပြုခဲ့သည်။ ထို့နောက် အထူးစီးပွားရေးဇုန်များရှိ နိုင်ငံရပ်ခြားရင်းနှီးမြှုပ်နှံမှုများသည် သိသာစွာတိုးတက်လာခဲ့သည်။ တရုတ်နိုင်ငံရှိ အထူးစီးပွားရေးဇုန်များ၏ အောင်မြင်မှုတစ်ရပ်မှာ တစ်စိတ်တစ်ပိုင်း နိုင်ငံခြားသားပိုင် စီးပွားရေးလုပ်ငန်းများအား ဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းကို ပုံသေဝင်ငွေခွန်အဖြစ် သတ်မှတ်ခြင်းပင်ဖြစ်သည်။ ဟောင်ကောင်မှလာရောက်ရင်းနှီးမြှုပ်နှံသူများအား ၁၇ ရာခိုင်နှုန်းသတ်မှတ်ပြီး တခြားရင်းနှီးမြှုပ်နှံသူများကို ၃၃ ရာခိုင်နှုန်း သတ်မှတ် သည်။ ယင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ကြီးမားသောမက်လုံးပင်ဖြစ်သည်။ ထို့ပြင်ယင်းကုမ္ပဏီများအား အခြားဒေသတွင်းအခွန်အခများမှလည်း ကင်းလွတ်ခွင့်ပေးထားပြီး ပို့ကုန်ပစ္စည်းများအပေါ်တွင်လည်း အခွန်ကောက်ခံခြင်းမပြုခဲ့ပေ။

၁၉၈၂ ခုနှစ်မှစ၍ တရုတ်နိုင်ငံ၏ အထူးစီးပွားရေးဇုန်များသည် မယုံကြည်နိုင်လောက်သော အမြန်နှုန်းဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် Shenzhen သည် တရုတ်နိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၁၄ ရာခိုင်နှုန်း (၄ ဒသမ ၃ ဘီလီယံဒေါ်လာ) ကိုဆွဲဆောင်ခဲ့သည်။ ဤသို့ဖြင့် ယင်းမြို့ကြီးသည် ယခုအခါတရုတ်နိုင်ငံ၏ အဓိကသွင်းကုန်ပို့ကုန်အချက်အခြာနေရာတစ်နေရာဖြစ်လာပြီး ကုန်ထုတ်လုပ်သည့်ကြီးမားသည့်ဒေသလည်းဖြစ်လာခဲ့သည်။

ပိုမိုဆန်းသစ်လာသော ဇုန်များမှာ နည်းပညာဖွံ့ဖြိုးတိုးတက်မှုဇုန်များဖြစ်သည်။ တရုတ်နိုင်ငံအနှံ့တွင် နည်းပညာဆိုင်ရာဖွံ့ဖြိုးမှုဇုန် ၅၄ ဇုန်ရှိသည်။ ယင်းဇုန်များသည် မူလအထူးစီးပွားရေးဇုန်များ၏ အောင်မြင်မှုကို အခြေခံကာဆောင်ရွက်ခဲ့ကြပြီး ကမ္ဘာအနှံ့တွင် စီးပွားရေးလုပ်ငန်းနယ်ပယ်များချဲ့ထွင်နိုင်ခဲ့သည်။

အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်မှု၏နောက်အဆင့်မှာ လွတ်လပ်သောကုန်သွယ်မှုဇုန်များ (FTZ) ဖန်တီးခြင်းပင်ဖြစ်သည်။ မကြာသေးမီနှစ်များက Shenzhen နှင့် ရှန်ဟိုင်းအပါအဝင် တရုတ်နိုင်ငံအနှံ့ရှိမြို့ကြီးများသည် FTZ များဖြစ်လာရန် ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းနယ်မြေသစ်များသည် ငွေကြေးဖလှယ်ခြင်းပေါ်တွင် ပိုမိုဖြေလျှော့သော စည်းမျဉ်းများရရှိရန် မျှော်လင့်ထားသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုအများဆုံးသောနိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၄ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံခဲ့သည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားစီးပွားရေးလုပ်ငန်း ၁၃ ခုသည် မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၄ ဘီလီယံရင်းနှီးမြှုပ်နှံခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၁၀ ခုနှစ်တွင် အထူးစီးပွားရေးဇုန်ဥပဒေကို ပြဌာန်းခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ကြီးမားသောမက်လုံးများပေးခဲ့သည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအထူးဆွဲဆောင်သည့် စီးပွားရေးဇုန်များအဖြစ် ထားဝယ်အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ သီလဝါအထူးစီးပွားရေးဇုန်တို့ကို တည်ဆောက်အကောင်အထည်ဖော်ခဲ့သည်။ သို့ဖြစ်ရာ အထူးစီးပွားရေးဇုန်များသည် ပိုမိုကောင်းမွန်သော စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဖန်တီးပေးခြင်းနှင့်အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်မြင့်မားရေးနှင့် နိုင်ငံသားများအလုပ်အကိုင်အခွင့်အလမ်းများစွာရရှိရေးကိုဖော်ဆောင်နိုင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။

**Ref:** Special Economic Zone,Wikipedia,the free encyclopedia

# ခတ်ဆီ/ဒီဇယ်

## ခတ်ဆီ၊ဒီဇယ်တန်ချိန် ၄၁၄ တန်ကျော်ဝင်

ဇွန် ၂၇ ရက်မှ ဇူလိုင် ၄ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၄၇၂၁၀၂ တန်ဖိုးရှိ ခတ်ဆီ ၁၀၇ ဒသမ ၅၀ တန်နဲ့ကန်ဒေါ်လာ ၂၆၄၆၆၁၃၃ တန်ဖိုးရှိ ဒီဇယ် ၃၀၆ ဒသမ ၅၄၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ယခင်တစ်ပတ် ခတ်ဆီ အဝင်မှာ ၁၉၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၉၁ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ကလည်း ယခင်သီတင်းပတ်မှာ တန် ၂၀၀ ကျော်ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၁၀၆တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာဒီဇယ်အဝင်ပိုပြီး ခတ်ဆီအဝင်လျော့ခဲ့ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မေလဒီဇယ်အဝင်မှာ ၁၃၄၈တန်ကျော်ရှိခဲ့ပြီး ဇွန်လမှာ၁၄၂၉ တန်ကျော် ရှိခဲ့တာကြောင့် ဇွန်လမှာတန် ၈၀ကျော်အဝင်ပိုခဲ့ပါတယ်။ ခတ်ဆီက မေလမှာ ၈၂၅ တန်ကျော်ရှိခဲ့ပြီး ဇွန်လမှာ ၇၉၇ တန်ကျော်ရှိခဲ့တာကြောင့် ဇွန်လမှာ ၂၈တန်ကျော်အဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာဇူလိုင် ၆ ရက်နေ့မှ ဇူလိုင် ၁၀ ရက်အတွင်း ရောင်းချနေတဲ့ခတ်ဆီ၊ ဒီဇယ်ဈေးများက ရန်ကုန်နဲ့ တောင်ကြီးမှာ ဈေးငြိမ်နေပြီး မော်လမြိုင်မှာ ဒီဇယ်ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ် ဈေးနှင့်နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ခတ်ဆီရော၊ ဒီဇယ်ပါ ဈေးနည်းနည်း ကျလာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ ၈၀၀ ကျပ်၊ ဒီဇယ် ၆၉၀ ကျပ်၊ အောက်တိန်း (၉၂) ၇၂၀ ကျပ်၊ အောက်တိန်း(၉၅) ၈၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၂၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ ဇူလိုင်၆ ရက် ခတ်ဆီဝယ်ဈေး ၁၃၈၀၀၀ ကျပ်၊ရောင်းဈေး ၁၄၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဇူလိုင်လ ၆ ရက်မှာ ဝယ်ဈေး ၁၃၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ခတ်ဆီဈေးရော၊ ဒီဇယ်ဈေးပါ အနည်းငယ်ကျလာခဲ့တယ်လို့ သိရပါတယ်။တစ်ဂါလန် ဝယ်ဈေး၊ရောင်းဈေးများမှာ ခတ်ဆီဈေးက တစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ခတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ခတ်ဆီနဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ တစ်လီတာ ၇၇၀ ကျပ်၊ အောက်တိန်း ၈၀၀ ကျပ်၊ ဒီဇယ် ၇၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၀၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာဇူလိုင်လ ၆ ရက်နေ့မှာဒီဇယ် ဝယ်ဈေး ၁၃၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၉၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ရာဇူလိုင် ၇ ရက်တွင် ဝယ်ဈေး၁၃၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ခတ်ဆီဈေးမှာ ဇူလိုင်လ ၆ ရက်နေ့ ဝယ်ဈေး၁၄၅၀၀၀ ကျပ်၊ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာတစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၄၀၀ ကျပ်၊ ခတ်ဆီ ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ၊ အောက်တိန်း၊ ဒီဇယ်မှာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ဈေးများကခတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၃၇၀ ကျပ်၊ အောက်တိန်း ၃၄၆၅ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီ ဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၄၀၀ ကျပ်၊အောက်တိန်း၃၅၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများ ငြိမ်နေတယ်လို့သိရပါတယ်။ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ခတ်ဆီတစ်ဂါလန် ၃၂၀၀ကျပ်၊ ဒီဇယ်၃၅၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ ၃၃၀၀ ကျပ်၊ ဒီဇယ် ၃၆၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါ တယ်။

**MIRT-DOT**

## Energy NYMEX 10-7-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 56.64 | -0.29 | -0.51 |
| Brent Crude Futr (USD/bbl) | 61.89 | -0.18 | -0.29 |
| Gasoline Rbob Fut (Cent/gal) | 203.24 | -0.19 | -0.09 |
| Natural Gas Futr (USD/MMBtu) | 2.84 | 0.02 | 0.60 |
| Heating Oil Futr (Cent/gal) | 183.49 | -0.50 | -0.27 |

## နိုင်ငံခြားငွေလဲနှုန်းတစ်ပတ်အတွင်း တစ်ဒေါ်လာလျှင် ကျပ်သုံးဆယ်နီးပါးအထိမြင့်တက်ခဲ့ပြီး ပြန်လည်ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဆက်တိုက်မြင့်တက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့ကာ တစ်ပတ်အတွင်း တစ်ဒေါ်လာလျှင် ၂၆ ကျပ်အထိ မြင့်တက်ခဲ့ပြီးနောက် တစ်ရက်အတွင်းတွင်ပင် ကျပ် တစ်ဆယ်ခန့် ပြန်လည်ကျဆင်းခဲ့သည်။

ယင်းကဲ့သို့ ပြည်တွင်းငွေလဲနှုန်းများ အတက်အကျများ ပြင်းထန်နေသည့်အတွက် ဈေးကွက်အတွင်း အရောင်းအဝယ်များ အေးလျက်ရှိကြောင်း၊ ထို့ပြင် ယခုကဲ့သို့ ပြည်တွင်း ငွေလဲနှုန်းများ ကမောက်ကမဖြစ်နေရခြင်းမှာ နိုင်ငံခြားငွေများကို ရောင်းချပေးရန် ပုဂ္ဂလိကဘဏ်များအား ဗဟိုဘဏ်မှ ညွှန်ကြားခဲ့သော်လည်း အဆိုပါဘဏ်များအနေဖြင့် ဒေါ်လာများကို ရောင်းချပေးနိုင်ခြင်းမရှိဘဲအဝယ်ကိုသာ ခွင့်ပြုထားသည့်အတွက်ကြောင့် ဖြစ်ရကြောင်း၊ ထို့ပြင် ယခုကာလသည် နိုင်ငံခြားခရီးသွားများ အဝင်နည်းပါးသည့်ကာလဖြစ်သည့်အတွက်နိုင်ငံခြားဝင်ငွေလျော့ပါးသွားသည့်အချိန်ဖြစ်သလို ပြည်တွင်းမှ သွင်းကုန်လုပ်ငန်းရှင်များ၏ ဒေါ်လာလိုအပ်ချက်များ ပိုမိုများပြားလာသည့်အတွက်ကြောင့် ဖြစ်ရကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ဒေါ်လာဈေးတွေကမောက်ကမ ဖြစ်လာတဲ့အတွက် ဈေးကွက်ပျက်သလိုကို ဖြစ်နေခဲ့တာ။ ဈေးကွက်ထဲမှာ အဝယ်အရောင်းက ပြီးခဲ့တဲ့ရက်ကဆို လုံးဝကိုမရှိလောက်သလိုဖြစ်သွားခဲ့တယ်။ ဈေးအတက်အကျက မြန်လွန်းတော့ဈေးကို အချိန်နဲ့အမျှ စုံစမ်းနေရတယ်။ ဇူလိုင်လ ၈ ရက်နဲ့ ၉ရက်နေ့တွေကဆို တစ်ရက်ထဲမှာကို အချိန်နဲ့လိုက်ပြီး ဈေးက တက်နေတာ။ အဲဒီနှစ်ရက်အတွင်းမှာပဲ ဒေါ်လာဈေးက ၁၆ ကျပ်လောက်တက်သွားတယ်။ အဲဒီလိုတက်သွားတာက တရုတ်မှာဖြစ်နေတဲ့ စတော့ဈေးကွက်ပြဿနာကြောင့်လည်းပါတယ်။ အဲဒီပြဿနာက ကျွန်တော်တို့ဆီကို ချက်ချင်းရောက်မလာနိုင်ပေမယ့် ဈေးကစားမယ့်သူတွေ အတွက်ကတော့ အံကိုက်ဖြစ်နေတာ"ဟု ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲဈေးကွက်တွင် ဇူလိုင် ၆ ရက်က ရောင်းဈေး ၁၁၉၂ ကျပ်၊ ဝယ်ဈေး ၁၁၈၇ကျပ်ရှိခဲ့ပြီး ဇူလိုင် ၈ရက် နံနက်ပိုင်းတွင် ရောင်းဈေး ၁၂၀၂ကျပ်၊ ဝယ်ဈေး ၁၁၉၆ ကျပ်ရှိခဲ့ပြီး ညနေပိုင်းတွင် ရောင်းဈေး ၁၂၁၆ကျပ်၊ ဝယ်ဈေး ၁၂၀၆ ကျပ်သို့မြင့်တက်ခဲ့သည်။ ဇူလိုင် ၉ ရက်နေ့ နံနက်ပိုင်းတွင် ဆက်လက်မြင့်တက်ခဲ့ကာ ရောင်းဈေး ၁၂၂၀ ကျပ်၊ ဝယ်ဈေး ၁၂၁၀ကျပ်ဖြစ်ခဲ့ပြီး ညနေပိုင်းတွင် ရောင်းဈေး ၁၂၂၂ ကျပ်၊ ဝယ်ဈေး ၁၂၁၂ ကျပ်သို့ မြင့်တက်ခဲ့သည်။ သို့သော် ဇူလိုင် ၁၀ရက် နံနက်ပိုင်းဈေးကွက်ဖွင့်ချိန်တွင် ရောင်းဈေး ၁၂၁၅ ကျပ်၊ ဝယ်ဈေး ၁၂၀၅ ကျပ် သို့ ပြန်လည်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းငွေလဲနှုန်းမြင့်တက်မှုကြောင့် မြန်မာ့ရွှေဈေး ပြန်လည်မြင့်တက်

ယခုတစ်ပတ်အတွင်း မြန်မာ့ရွှေဈေးသည် ဈေးစဖွင့်ချိန်တွင် ဈေးအနိမ့်ဖြင့် စတင်ဖွင့်ခဲ့သော်လည်း ပြည်တွင်းငွေလဲနှုန်းများ ဆက်တိုက်မြင့်တက်ခဲ့မှုကြောင့် မြန်မာ့ရွှေဈေးပါလိုက်ပါမြင့်တက်ရခြင်းဖြစ်သည်ဟု ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် ဈေးများကျဆင်းလာခဲ့သော်လည်း မြန်မာ့ရွှေဈေးကွက်တွင်မူ ဈေးကွက်အတွင်း ဝယ်လိုအားထက် ရောင်းလိုအားကသာ များပြားနေကြောင်း သိရသည်။ ယခင်နှစ်များက မိုးတွင်းကာလသို့ ရောက်တိုင်း မြန်မာ့ရွှေဈေးကျဆင်းတတ်သော်လည်း ယခုနှစ်တွင်မူ မြန်မာ့ရွှေဈေးသည် ထင်မှတ်မထားသည့်ဈေးနှုန်းများအထိ မြင့်တက်ခဲ့သည်ဟု ရွှေကုန်သည်တစ်ဦးက ဆိုသည်။

"ကမ္ဘာ့ရွှေဈေးကွက်မှာ ဈေးက ကျနေတယ်။ ကမ္ဘာ့ရွှေဈေးကျပေမယ့် ပြည်တွင်းငွေလဲနှုန်းက နေ့စဉ်မြင့်တက်နေတဲ့အတွက် ရွှေဈေးကလည်း လိုက်ပြီးမြင့်တက်နေတာ။ ခုလို ရွှေဈေးတွေမြင့်တက်လာတဲ့အတွက် ဈေးကွက်ထဲမှာ အဝယ်ရော အရောင်းပါ နည်းသလောက်ဖြစ်နေတယ်။ ပြီးခဲ့တဲ့လဆန်းပိုင်းလောက်က ဖြစ်ခဲ့တဲ့ကိစ္စမှာ ရွှေကုန်သည်တချို့အထိနာထားတဲ့အတွက် ခုရက်တွေမှာတော့သိပ်ပြီး မလှုပ်ရှားကြတော့ဘူး။ ဈေးပြန်ကျမယ်မကျဘူးဆိုတာကတော့ ပြည်တွင်းငွေလဲနှုန်းပေါ်မှာလည်း မူတည်နေတယ်။ တရုတ်မှာဖြစ်နေတဲ့စတော့ရှယ်ယာဈေးတွေ ထိုးကျတဲ့ပြဿနာကြောင့် ရွှေဈေးပြန်ကျလိမ့်မယ်လို့ထင်တယ်"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

မြန်မာ့ရွှေဈေးသည် ဇူလိုင်၆ ရက်တွင် ကျပ် ၇၃၉၀၀၀ ဖြင့် ဈေးဖွင့်ခဲ့ပြီး ဇူလိုင် ၈ ရက်တွင် ကျပ် ၇၄၀၀၀၀ သို့ မြင့်တက်ခဲ့သည်။ ထို့နောက် ဇူလိုင် ၁၀ ရက်တွင် ကျပ် ၇၄၅၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇူလိုင်လ ၆ ရက်နေ့တွင် ၁၁၆၉ဒေါ်လာရှိခဲ့ပြီး ဇူလိုင်လ ၈ရက်နေ့တွင် ၁၁၅၄သို့ဆက်လက်ကျဆင်းခဲ့သည်။ ထို့နောက် ဇူလိုင် ၉ရက်တွင် ၁၁၅၇ဒေါ်လာရှိခဲ့ပြီး ဇူလိုင် ၁၀ရက်တွင် ၁၁၅၈ ဒေါ်လာရှိခဲ့သည်။

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 6-July | 15.56 | 2013.54 | 1663.87 | 5657.34 | 1070.00 |
| 7-July | 15.61 | 2020.26 | 1664.54 | 5566.18 | 1140.00 |
| 8-July | 14.76 | 1967.84 | 1620.86 | 5355.84 | 1153.00 |
| 9-July | 15.41 | 2032.58 | 1637.22 | 5581.41 | 1143.00 |
| 10-July | 15.46 | 2034.37 | 1659.62 | 5589.70 | 1036.00 |

Source:kitco.com

## Currency Exchange Rate

July 10, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.34 |
| BDT | Bangladesh Taka | 77.63 |
| CAD | Canada Dollars | 1.26 |
| CNY | China Yuan Renminbi | 6.21 |
| EUR | Euro | 0.89 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 63.42 |
| IDR | Indonesia Rupiahs | 13303.58 |
| JPY | Japan Yen | 122.33 |
| MYR | Malaysia | 3.79 |
| PKR | Pakistan Rupees | 101.69 |
| PHP | Philippines Pesos | 45.10 |
| RUB | Russia Rubles | 56.64 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1128.87 |
| LKR | Sri Lanka Rupe | 133.35 |
| THB | Thailand Baht | 33.92 |
| GBP | United Kingdom Pounds | 0.65 |
| VND | Vietnam Dong | 21809.68 |

*Source : xe.com*

## World Gold Price

July, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 6 | 1165 | 1165 | 1165 |
| 7 | 1166 | 1165 | 1165 |
| 8 | 1148 | 1150 | 1151 |
| 9 | 1160 | 1161 | 1161 |
| 10 | 1160 | 1160 | 1160 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 6-7- 2015 | 740.50 | 739.30 |
| 7-7- 2015 | 741.50 | 741.00 |
| 8-7- 2015 | 740.50 | 740.00 |
| 9-7- 2015 | 742.50 | 742.00 |
| 10-7- 2015 | 745.50 | 745.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင် ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 6 | 6 .23 | 33.84 | 77.90 | 63.58 |
| 7 | 6. 21 | 33.78 | 77.69 | 63.39 |
| 8 | 6 .21 | 34.03 | 77.57 | 63.62 |
| 9 | 6 .21 | 33.96 | 77.31 | 63.50 |
| 10 | 6.21 | 33.92 | 77.63 | 63.42 |

# ဘိလပ်မြေ

## ဇွန်လအတွင်း ဘိလပ်မြေအဝင်လျော့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇွန်လ ၂၈ ရက်မှ ဇူလိုင်လ ၄ ရက်အတွင်းပြည်တွင်းကို ကန်ဒေါ်လာ ၄၈၂၄၄၇၀ တန်ဖိုးရှိ ဘိလပ်မြေ ၅၈၁၂၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ မှာယူတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယ နိုင်ငံမှ တန်ချိန် ၅၆၀၀၊ စင်ကာပူ မှ ၁၆၂၁ တန်နဲ့ ထိုင်းနိုင်ငံမှ ၅၀၉၀၅ တန်ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ရန်ကို၊ ဆင်၊ စိန်နဲ့ **CAMEL** တံဆိပ်များ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၉၈၀၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၇၀၀ ကျော် ဝင်ခဲ့ပြီး လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် မေလမှာ ဘိလပ်မြေ ၃၆၉၉၀၀တန်ကျော် အဝင်ရှိခဲ့ပြီး ဇွန်လမှာ ၂၉၉၃၀၀ တန်ကျော်ရှိခဲ့တာ ကြောင့် ဇွန်လမှာ တန်ချိန် ၇၀၆၀၀ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

## ဘိလပ်မြေ ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ရှိ

ဇွန်လ ၂၇ ရက်မှ ဇူလိုင်လ ၄ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေ ၅၈၁၂၆တန်ကျော်ဝင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေ အဝင်မှာ ၆၉၈၃၂ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန် ၁၁၇၀၁ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ ၁၃၉၅၅ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၅၀၁၂ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၃၅၆တန် ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှရောနယ်စပ် လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်ပုံမှန်ရှိနေတယ်။ ယခင်တစ်ပတ်ကလည်း အရောင်းနည်းနည်းတက်လာပေမယ့် ဒီတစ်ပတ်မှာတော့ အရောင်းအဝယ် ပုံမှန်သာ ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ဆင်(ထိုင်း)က ၅၀ ကျပ်ဈေးကျပြီး စိန်(ထိုင်း)က ၅၀ကျပ် ဈေးမြင့်လာပြီးကြံ့(မြိုင်ကလေး)က ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးကဆင်(ထိုင်း) ၅၃၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး)၅၁၀၀ကျပ်၊ စိန် ၅၂၅၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ်ပုံမှန်ရှိနေပါတယ်။ ဒီတစ်ပတ်မှာ အဝယ်လိုက်သလို ပစ္စည်းလည်းဝင်နေတယ်လို့ သိရပါတယ်။ ဈေးကတော့ အတက်အကျ တစ်ရာဝန်းကျင်သာရှိနေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲမှာ အေသုံးလုံး ၅၈၀၀ ကျပ်၊ မြန်မာဆင် ၅၀၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်) ၅၀၀၀ ကျပ်၊ ကျားခေါင်း ၄၉၀၀ ကျပ်၊ မြင်းခေါင်း ၅၀၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၃၀၀ ကျပ်၊ စိန်(ထိုင်း) ၇၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းပုံမှန်ရှိပေမယ့် ဒီတစ်ပတ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်တဲ့ဈေးမှာ ဆင်(ထိုင်း) ၇၆၀၀ ကျပ်၊ စိန်(ထိုင်း) ၇၅၀၀ ကျပ်၊ ကျားခေါင်း ၅၀၀၀ ကျပ်၊ အပါချီ ၅၆၀၀ ကျပ် ၊ နဂါး ၅၆၀၀ ကျပ်၊ ကမ္ဘောဇ ၅၁၀၀ ကျပ်၊ ခြင်္သေ့၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

# ဓာတ်မြေသြဇာ

## ယခင်တစ်ပတ်ထက် တန်ချိန်ငါးရာ့လေးဆယ်ကျော်ပိုဝင်

ပြည်တွင်းကို ကန်ဒေါ်လာ ၁၀၉၉၁၅၉ ကျော်တန်ဖိုးရှိ မြေသြဇာ ၂၅၇၆ ဒသမ ០၈၄ တန်ကို ဇွန်လ ၂၈ ရက်မှ ဇူလိုင်လ ၄ ရက် သီတင်းပတ်အတွင်း ပြည်တွင်းသို့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ တန်ချိန် ၁၀၀၊ရုရှားနိုင်ငံမှ ၁၅၅၆ ဒသမ ၅၀တန်၊ ထိုင်းနိုင်ငံမှ ၇၀၉ ဒသမ ၅၈၄ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ ဝင်လာခဲ့ပါတယ်။ ဝင်လာတဲ့အမျိုးအစားများမှာ ကွန်ပေါင်း၊ အမိုးနီးယားဆာလဖိတ်နဲ့ ဩဂဲနစ်တို့ဖြစ်ပါတယ်။ ဒီတစ်ပတ် အများဆုံးဝင်လာတဲ့မြေသြဇာမှာ ကွန်ပေါင်းဖြစ်တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မြေသြဇာအဝင်မှာ တန်ချိန် နှစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ငါးရာ့လေးဆယ်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မေလမြေသြဇာအဝင်မှာ တန်ချိန် ၃၉၁၅၀ ကျော်ရှိခဲ့ပြီး ဇွန်လမှာ တန်ချိန်၁၉၈၂၀ ကျော်ရှိခဲ့တာကြောင့် ဇွန်လမှာ ၁၉၃၃၀တန်ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

## ဓာတ်မြေသြဇာ အရောင်းအေးနေ

ဇွန်လ ၂၇ ရက်မှ ဇူလိုင်လ ၄ရက် အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၂၅၇၆ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၀၃၂ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် မှာ တန် ချိန် ၅၄၀ကျော် အဝင် ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာ အဝင်မှာ ၁၉၀၉၈ တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၃၄၅၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၅၆၄၇ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရောနယ်စပ်လမ်းမှပါအဝင်ပိုခဲ့တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာအရောင်းအေးတယ်လို့ သိရပါတယ်။ ပျိုးခင်းသီးနှံအတွက်သာ အဝယ်ရှိနေတာကြောင့် အရောင်းအေးပေမယ့် ဒီတစ်ပတ်မှာ ပုလဲ-အသေး၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ- ထိုင်း)နဲ့ တီစူပါ (သံကွင်း-တရုတ်) တို့ ဈေးနည်းနည်းမြင့်တက်ခဲ့ပြီး ကွန်ပေါင်း၁၅ ပတ်လည်က ဈေးနည်းနည်း ကျလာတယ်လို့ သိရပါတယ်။ ပုလဲအသေးက ၁၇၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ က၅၀၀ ကျပ်၊တီစူပါ ၄၆% (သံကွင်း) ၁၀၀၀ကျပ် ဈေးမြင့် ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ရွှေတောင်) (တရုတ်) ၂၃၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည်(ထိုင်း) ၃၅၈၀၀ ကျပ်၊ကွန်ပေါင်း(ပန်းရေ ၁င်)၁၅ပတ်လည် (ထိုင်း) ၃၀၃၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာက အရောင်းအဝယ်အေးသလို အရောင်းပါး တာကြောင့် မြေသြဇာဈေး ငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်း အဝယ်ဖြစ်တဲ့ ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၂၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၁၄၀၀ ကျပ်၊ တီစူပါ (**GTSP** ၄၆%-တရုတ်) ၁၉၆၀၀ ကျပ်၊ တီစူပါ (**GSSP** ၁၆%-တရုတ်) ၉၉၀၀ ကျပ်၊ တီစူပါ (**GSSP** ၁၂% -တရုတ်) ၉၃၀၀ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၃၅၀၀ ကျပ်ဈေး ရှိတယ်လို့ မြေသြဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

တောင်ကြီးဈေးကွက်မှာ ပုလဲမြေသြဇာက အရောင်းသွက်ပြီး ကျန်မြေသြဇာများ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲမှာ ယူရီးယားက ၂၀၀ကျပ်၊ တီစူပါ ၁၀း၁၀း၅က ၄၀၀ ကျပ်၊ ဓာတ်ဆား က ၁၅၀၀ ကျပ်၊ မြားကမ္ဘာက ၂၀၀ ကျပ်ဈေးကျခဲ့ပြီး တီစူပါ ၁၅ ပတ်လည်က ၃၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၂၅၀၀ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၂၅၀၀ ကျပ်၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)၂၃၂၀၀ကျပ်၊တီစူပါ ၁၂% (တရုတ်) ၁၀၈၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၁၃၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၇၃၀၀ ကျပ်၊တီစူပါ၁၀း၁၀း၅ (တရုတ်)၁၅၃၀၀ ကျပ်၊ဓာတ်ဆား (တရုတ်)၁၅၀၀၀ကျပ်၊ ပိုတက်(တရုတ်)၂၄၀၀၀ ကျပ်၊ ယူရီး ယား (ယူအေအီး) ၂၁၀၀၀ ကျပ်၊ မြား ကမ္ဘာ ၁၅၁၀၀ ကျပ်ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ်မှာမြေသြဇာက အရောင်းအဝယ်ပုံမှန်ရှိပြီး ယူရီးယားနဲ့ တီစူပါက ဈေးနည်းနည်း မြင့်ခဲ့ပေမယ့် ကွန်ပေါင်းနဲ့ ပိုတက်က ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲယူရီးယား (နေရွက် လှေ-တရုတ်)၂၄၅၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး-တရုတ်)၂၄၅၀၀ ကျပ်၊ ယူရီး ယား(ရွှေတောင်-တရုတ်) ၂၄၅၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်)၂၁၀၀၀ ကျပ်၊ ပိုတက် ၂၃၀၀၀ ကျပ်၊ ကွန်ပေါင်း၁၅ ပတ်လည် (နေရွက်လှေ-တရုတ်) ၃၄၀၀၀ ကျပ်၊ ကွန်ပေါင်း(၂၅း၇း၇) ၃၁၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှစုံစမ်းသိရှိ ရပါတယ်။

# နို့ဆီ/နို့မှုန့်

## နို့ဆီနို့မှုန့် အဝင်လျော့

ကန်ဒေါ်လာ ၁၇၃၆၉ တန်ဖိုးရှိ နို့ဆီ ၂၀ ဒသမ ၅၉၂ တန်ကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက် သီတင်းပတ်အတွင်းမှာပြည်တွင်းကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ **Dairy Star** နို့ဆီတစ်မျိုးတည်းသာဝင်လာခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၁၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၁၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ စင်ကာပူမှ ၇ ဒသမ ၅၁၂ တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တန်ချိန် ၈၀ ကျော် ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၇၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဇွန်လမှာ နို့ဆီက ၁၀၂၄တန် ကျော်ဝင်ခဲ့ပြီး နို့မှုန့်က ၈၆၃ တန်ကျော်ဝင်လာခဲ့တယ်လို့ သိရပါတယ်။

**MIRT (DOT)**

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၇/၆ မှ ၃/၇ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၀/၆ မှ ၂၆/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၃၃.၅၀ | ၁၂၆၄.၅၀ | (+) | ၆၉.၀၀ |
| ၂။ | လွယ်ဂျယ် | ၃၇၄.၀၀ | ၇၂၆.၀၀ | (-) | ၃၅၂.၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၆၆.၀၀ | ၅၀.၀၀ | (+) | ၃၁၆.၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၈၉၆.၀၀ | ၂၆၃၃.၀၀ | (+) | ၂၆၃.၀၀ |
| ၅။ | တာချီလိတ် | ၇၀၀၀.၀၀ | - | (+) | ၇၀၀၀.၀၀ |
| ၆။ | မြဝတီ | ၁၃၁.၄၀ | ၂၁၈.၈၆ | (-) | ၈၇.၄၆ |
| ၇။ | ကော့သောင်း | ၁၈၅၅.၀၀ | ၁၀၀၂၀.၀၀ | (-) | ၈၁၆၅.၀၀ |
| ၈။ | မြိတ် | - | ၁၀၀.၀၀ | (-) | ၁၀၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၃၉၅၅.၉၀ | ၁၅၀၁၂.၃၆ | (-) | ၁၀၅၆.၄၆ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၇/၆ မှ ၃/၇ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၀/၆ မှ ၂၆/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၅၀၆.၅၀၈ | ၁၀၈၈၁.၅၀၀ | (+) | ၅၆၂၅.၀၀၈ |
| ၂။ | လွယ်ဂျယ် | ၆၁.၀၀၀ | ၁၅၄.၅၀၀ | (-) | ၉၃.၅၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၂၄၅.၂၅၀ | ၁၂၆၁.၅၀၀ | (+) | ၉၈၃.၇၅၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၂၈၉.၅၀၀ | ၂၂၄.၉၆၀ | (+) | ၆၀.၅၄၀ |
| ၆။ | ကော့သောင်း | - | ၂၂၈.၅၀၀ | (-) | ၂၂၈.၅၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | ၇၀၀.၀၀၀ | (-) | ၇၀၀.၀၀၀ |
| | စုစုပေါင်း | ၁၁၀၉၈.၂၅၈ | ၁၃၄၅၀.၉၆၀ | (+) | ၅၆၄၇.၂၉၈ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

### ချင်းရွှေဟော်စခန်းမှ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်နယ်စပ်စခန်းမှ ဇွန်လ ၂၇ ရက်မှ ဇူလိုင်လ ၃ ရက်အတွင်း ကန်ဒေါ်လာ ၆ ဒသမ ၂၇၂ သန်းဖိုးရှိ နှမ်းရောင်စုံ ၄၂၀၄ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံ တွေကတော့ နှမ်းဖြူ ၂၃၁၅ တန်ကျော်၊ နှမ်းနက် ၁၇၁၆ တန်နဲ့ နှမ်းညို ၁၇၃ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ချင်းရွှေဟော်မှ နှမ်းဖြူ ၉၉၁ တန်၊ နှမ်းနက် ၁၈၁ တန်နဲ့ နှမ်းညို ၈၃ တန်သာတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့လာခဲ့ပြီး မူဆယ်မှ နှမ်းတင်ပို့မှု မရှိခဲ့ပါဘူး။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်ရော ယခုတစ်ပတ်မှာပါ နှမ်းဖြူနဲ့ နှမ်းနက် ဈေးပြောင်းလဲမှုမရှိတာ တွေ့ရပါတယ်။

**မော်မော်အောင်**

### ဒီပဲယင်းမြို့နယ်တွင် စိုက်ပျိုးနည်းစနစ်သစ်ကြောင့် မိုးကြို(နွေနှမ်း)အရည်အသွေးနဲ့ အထွက်နှုန်းတိုး

ဒီပဲယင်းမြို့နယ်၊ မဲအိုး၊ ရွာရှည်၊ ကြည်၊ ကိုင်းတန်းနဲ့ပုံကျ ကျေးရွာတို့မှာ စိုက်ပျိုးခဲ့တဲ့ နွေနှမ်းများဟာ စိုက်ပျိုးနည်းစနစ်သစ်ကြောင့် အရည်အသွေးနှင့်အထွက်နှုန်းများ တိုးတက်ပြီး၊ မုံရွာကုန်စည်ဒိုင် နှမ်းဈေးကွက်မှာ မျက်နှာပန်းလှနေကြောင်း မုံရွာကုန်စည်ဒိုင်မှ နှမ်းကုန်သည်တစ်ဦးကပြောပါတယ်။

ယခင်နွေနှမ်းကို သမားရိုးကျနည်းဖြစ်သည့် ရေသွင်းဘောင်ဖော်၊ နှမ်းကြဲပက်စိုက်ပျိုးကာ ရေလိုအပ်ချိန်မှာ ဘောင်အလိုက်ရေပေးသွင်းရတဲ့စနစ်ဖြစ်ပါတယ်။ ယခုနှစ်မှာတော့ စိုက်ပျိုးနည်းစနစ်သစ်ဖြစ်တဲ့ ၄ လက်မ ပိုက်ခေါင်းထိပ်မှာ (သေးငယ်တဲ့အပေါက်တွေ ပါဝင်တဲ့) ရေပန်းခရားခေါင်းကြီးကို တပ်ဆင်ပြီး လုပ်သားလေးဦးနဲ့ မိုးရွာသွန်းသည့်ပုံစံပြုလုပ်ကာ ရေဖျန်း၍ စိုက်ပျိုးနည်းဖြစ်ကြောင်း သိရပါတယ်။ မိုးရွာသွန်းသည့်ပုံစံဖြင့် စိုက်ပျိုးခြင်းသည် သမားရိုးကျ ရေသွင်းစိုက်ပျိုး နည်းထက် သီးနှံအရည်အသွေး ပိုမိုကောင်းမွန်ပြီး အထွက် နှုန်းမှာလည်း တစ်ဧကလျှင် သုံးတင်းမှ ငါးတင်းအထိ ပိုမိုထွက်ရှိကြောင်း သိရပါတယ်။

ဒီပဲယင်းမြို့နယ်မှာ မိုးကြိုနွေနှမ်းစိုက်ဧက ၁၀၀၀၀ ကျော်နဲ့ မိုးနှမ်းစိုက်ဧက ၁၈၀၀၀ကျော်စိုက်ပျိုးခဲ့ပြီး၊ ဈေးကွက်သို့ရောက်ရှိနေတဲ့ နွေနှမ်းများကို နှမ်းဖြူတစ်တင်း ၃၅၀၀၀ ကျပ်၊ နှမ်းညိုတစ်တင်း ၂၈၀၀၀ ကျပ်ဈေးနဲ့ အဝယ်ရှိနေကြောင်း သိရပါတယ်။

**အောင်မင်း-တန့်ဆည်**

## စားအုန်းဆီ

# အထွက်နှုန်းကျဆင်းမယ့် အလားအလာကြောင့် စားအုန်းဆီဈေးများ ပြန်လည်မြင့်တက်



စားအုန်းဆီဈေးက ဇူလိုင် ၈ ရက်နေ့မှာ ရက်သတ္တခြောက်ပတ်အတွင်း အနိမ့်ဆုံးဈေးအထိ ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် စားအုန်းဆီအထွက်နှုန်းက ဇွန်လမှာ ကျဆင်းမယ်၊ အာရှရှယ်ယာတွေ မြင့်တက်မယ်ဆိုတဲ့ အလားအလာတွေကြောင့် ဇွန်လ ၉ ရက်နေ့မှာ စားအုန်းဆီဈေးတွေ ပြန်လည်မြင့်တက်လာတာကို တွေ့ရကြောင်း ရိုက်တာသတင်းမှာဖော်ပြပါတယ်။

မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ (Malaysia Palm Oil Board-MPOB) က ထုတ်ပြန်တဲ့အစီရင်ခံစာမှာ စားအုန်းဆီထုတ်လုပ်မှုက ယခင်လနဲ့ နှိုင်းယှဉ်ရင် ၂ ရာခိုင်နှုန်းကျဆင်းလိမ့်မယ်လို့ မလေးရှားရှိ ရင်းနှီးမြှုပ်နှံသူတွေက ခန့်မှန်းထားပါတယ်။ ပို့ကုန်လုပ်ငန်းတွေ မြင့်မားနေချိန်မှာ သိုလှောင်လက်ကျန်က ကျဆင်းမယ့်သဘောရှိပါတယ်။

“ချီကာဂိုပဲပုပ်ဈေးကလည်း ခိုင်မာနေပြီး ဇွန်လမှာ ထုတ်လုပ်မှုကျဆင်းမယ်လို့ MPOB ဘုတ်အဖွဲ့ဝင်တွေက ခန့်မှန်းထားသလို သိုလှောင်လက်ကျန်လည်း ကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်” လို့ ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။

“ဒီလိုဖြစ်နေတဲ့အတွက် တစ်ဆစ်ချိုးတော့ပြောင်းမသွားနိုင်ပါဘူး၊ ပြည်ပမှာဖြစ်ပေါ်နေတဲ့ အကြောင်းတရားတွေ တရုတ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေနဲ့ ဥပုသ်လနောက်ပိုင်းကျဆင်းလာမယ့် ဝယ်လိုအား စတဲ့အကြောင်း တရားတွေကြောင့် ဈေးကွက်အပေါ်မှာ အကျိုးသက်ရောက်မှုတွေရှိနေဦးမှာဖြစ်ပါတယ်”လို့ သူကပြောပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင်မှာ စက်တင်ဘာအတွက် ချုပ်ဆိုတဲ့စားအုန်းဆီစာချုပ်ဈေးက သုည ဒသမ ၆ ရာခိုင်နှုန်း သို့မဟုတ် ၁၂ ရင်းဂစ် မြင့်တက်ပြီး တစ်တန်ကို ၂၁၆၂ ရင်းဂစ် (၆၈ ဒသမ ၉ ဒေါ်လာ) နှုန်းရှိခဲ့ပါတယ်။ ရောင်းဝယ်ရတဲ့ ပမာဏက ၂၅ တန်ရှိအတွဲ ၁၄၇၆၀ ရှိတဲ့အတွက် ဈေးနေ့ပထမနေ့ဝက် ပျမ်းမျှရောင်းချနှုန်းဖြစ်တဲ့ ၁၂၅၀၀ အထွက်မှာ ရှိနေပါတယ်။ မိုးအဆက်မပြတ် ရွာသွန်းနေတဲ့အတွက် ထုတ်လုပ်မှုကျဆင်းလိမ့်မယ်ဆိုတဲ့ စိုးရိမ်မှုတွေ ထပ်မံပေါ်ပေါက်လာတဲ့အတွက် ဇူလိုင် ၈ ရက်နေ့မှာ ချီကာဂိုပဲပုပ်ရဲ့ ကြိုရောင်းဈေးက ဒုတိယနေ့အဖြစ် ဆက်လက်မြင့်တက်ခဲ့ပါတယ်။

တရုတ်နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ စတော့ဈေးကွက် အခြေအနေနဲ့ ဂရိကြွေးမြီ အကျပ်အတည်းက စားအုန်းဆီ ဈေးကွက်ကို ထိခိုက် စေတဲ့အတွက် ဇူလိုင် လ ၈ ရက်နေ့မှာ မလေးရှား စားအုန်းဆီ ဈေးက မေလနောက် ပိုင်း အနိမ့်ဆုံးကို ရောက်ရှိခဲ့ပါတယ်။

ကိန်းဂဏန်းအခြေအနေများကို အခြေပြုတွက်ချက်မယ်ဆိုရင် စားအုန်းဆီဈေးက တစ်တန်ကို အနိမ့်ဆုံး ၂၁၃၉ ရင်းဂစ်နှုန်းအထိရှိနိုင်ပြီး အမြင့်ဆုံး ၂၁၈၂ ရင်းဂစ်အထိ ရှိနိုင်ပါတယ်။

ပြီး ၂၉ ရက်က စားအုန်း ဆီဈေး တစ်တန် ၂၀၇၀ ရင်းဂစ်နှုန်းနဲ့အနိမ့်ဆုံးအဖြစ်ရှိခဲ့ပြီး ဇွန် ၈ ရက်က တစ်တန် ၂၃၆၂ ရင်းဂစ်နှုန်းနဲ့ အမြင့်ဆုံးကို ရောက်ခဲ့တဲ့ဈေးတွေကို အခြေခံစဉ်းစားမယ်ဆိုရင်တော့ အတက်ဘက် မှာရှိနေတယ်လို့ ဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုက ရိုက်တာသတင်းဌာနကို ပြောပါတယ်။

အခြားသီးနှံ အမျိုးအစားဈေးကွက်မှာ အမေရိကန်ပဲပုပ်ဆီဈေးက အပြောင်းအလဲမရှိဘဲ ဒါလီယံ ကုန်စည်ဒိုင်မှာ ပဲပုပ်ဆီဈေးက သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပါတယ်။

**UNT**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၀-၇-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၅၀၀ | ၄၅၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၄၃၀ | ၁၄၃၅ | △ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၅၀၀ | ▽ | ၁၅၂၀ | ၁၅၃၀ | △ |
| ပဲခူး | ၃၁၀၀ | ၃၁၀၀ | □ | ၄၈၀၀ | ၄၉၀၀ | △ | ၁၄၈၀ | ၁၅၀၀ | △ |
| မကွေး | ၄၇၀၀ | ၄၈၀၀ | △ | ၃၈၀၀ | ၃၇၀၀ | ▽ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၅၀၀၀ | ၅၃၀၀ | △ | ၃၆၀၀ | ၃၆၀၀ | □ | ၁၅၇၀ | ၁၅၈၀ | △ |
| စစ်တွေ | ၄၀၀၀ | ၃၄၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |

*Source: mirt*

### စားအုန်းဆီဈေးနှုန်းများ (၆-၇-၂၀၁၅ မှ ၁၀-၇-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၆-၇-၂၀၁၅ | ၆၈၀ |
| (၂) | ၇-၇-၂၀၁၅ | ၆၇၅ |
| (၃) | ၈-၇-၂၀၁၅ | ၆၅၅ |
| (၄) | ၉-၇-၂၀၁၅ | ၆၅၅ |
| (၅) | ၁၀-၇-၂၀၁၅ | ၆၆၅ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၀-၇-၂၀၁၅ US$/Ton

| အမျိုးအစား | ဇူလိုင်လပထမပတ် | ဇူလိုင်လဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၂၂.၀၀ | ၆၁၉.၀၀ | ▽ |
| RBD P.Olein | ၆၃၄.၀၀ | ၆၂၆.၀၀ | ▽ |
| RBD P.Strarin | ၅၆၂.၅၀ | ၅၅၈.၅၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၀- ၇ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၂၂.၄၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၀၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၁၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၁၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၀.၅၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၈.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၅၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၅၈.၇၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၀-၇-၂၀၁၅နေ့ (CIF ဈေး Cloud Point 8˚C Max ၆၆၅ဒေါ်လာ၊ FOB ၆၄၀ဒေါ်လာနှင့် USD ဈေး ၁၁၂၅ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၁၀-၇-၂၀၁၅နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၁၂၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOBနှင့်CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စင်ကာပူနိုင်ငံ၌ တိုတယ်ရေနံကုမ္ပဏီက ချောဆီစက်ရုံအသစ်ဖွင့်လှစ်

ပြင်သစ်နိုင်ငံအခြေစိုက် Total ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီသည် စင်ကာပူနိုင်ငံ အနောက်ပိုင်း Tuas ဒေသတွင် အကြီးဆုံးသောချောဆီ (Lubricant oil) စက်ရုံကို ဇူလိုင်လ ၃ ရက်နေ့က ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါစက်ရုံကို အမေရိကန်ဒေါ်လာသန်း ၁၅၀ အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စင်ကာပူအခြေစိုက် Singapore Lube Park ကုမ္ပဏီနှင့်ဖက်စပ်လုပ်ကိုင်ခြင်းဖြစ်သည်။ အဆိုပါစက်ရုံမှ တစ်နှစ်လျှင် စက်ဆီချောဆီ တန်ချိန် ၃၁၀၀၀၀ အထိထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။



စင်ကာပူနိုင်ငံ Pandan နှင့် Pioneer အရပ်ဒေသများရှိ တိုတယ်ကုမ္ပဏီ၏ စက်ရုံနှစ်ရုံမှ လက်ရှိလည်ပတ်နေသော ကုန်ထုတ်လုပ်ငန်းများကို ယခုနှစ်ကုန်ပိုင်းတွင် ဤစက်ရုံအသစ်ဖြင့် အစားထိုးလုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ စက်ရုံအသစ်မှ အာဆီယံဈေးကွက်အတွင်း ပင်လယ်ရေကြောင်း သွားလာမှု၊ စက်မှုလုပ်ငန်းများနှင့်မော်တော်ယာဉ်များတွင် အသုံးပြုရန် လိုအပ်သော စက်ဆီ၊ ချောဆီများ၊ တရုတ်နှင့်အိန္ဒိယတို့တွင် ထုတ်လုပ်ခြင်းမရှိသည့် ရေနံထွက်ကုန်များကို ထုတ်လုပ်မည်ဖြစ်ပြီး ယင်းဒေသများရှိ ဈေးကွက်များသို့ တင်ပို့ရောင်းချမည်ဖြစ်သည်။ ယခုနှစ်အောက်တိုဘာလ၌ လုပ်ငန်းများ အပြည့်အဝလည်ပတ်နိုင်ရန်အတွက် စက်ဆီ၊ ချောဆီများအား နှစ်ဆတိုးမြှင့်ထုတ်လုပ်မည်ဖြစ်ပြီး ဒေသတွင်း သုံးစွဲရန် လိုအပ်ချက်အပေါ် ၃၀ ရာခိုင်နှုန်းအထိ တိုးတက်ထုတ်လုပ်မည်ဖြစ်သည်။

စင်ကာပူနိုင်ငံရှိသတင်းဌာနများမှဖော်ပြချက်အရ တိုတယ်ကုမ္ပဏီ၏ စက်ရုံအသစ်၌ ကုန်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန် အလိုအလျောက်စနစ်ကို အသုံးပြုသည့် စက်ကိရိယာများအား တပ်ဆင်ထားရှိပြီး လုပ်သားအင်အား ၁၀၄ ဦးဖြင့် လုပ်ကိုင်မည်ဖြစ်ကြောင်း၊ Semi-robotic ဆီဖြည့်စက်များ အသုံးပြုခြင်းဖြင့် ယခင်က တစ်နာရီလျှင် ဆီပေပါ ၁၆၀ ထုတ်လုပ်နိုင်ရန် လုပ်သားငါးဦးလိုအပ်သော်လည်း ယခုအခါ တစ်နာရီလျှင် ဆီပေပါ ၂၅၀ ထုတ်လုပ်ရန် လုပ်သား နှစ်ဦးသာ လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူ သာမန်ဝန်တင်ရွှေ့ပြောင်းယာဉ် (Forklift) ငါးစီးအစား Automatic guided ယန္တရားသုံးစီးဖြင့် လုပ်ငန်းခွင် ထိခိုက်မှုနည်းပါးစွာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် Tuas ဒေသရှိ ရေနံထွက်ကုန်သိုလှောင်ကန် ၉၅ ခုကိုလည်း Shell, Sinopec စသည့် အခြားသောရေနံကုမ္ပဏီများနှင့်မျှဝေအသုံးပြုမည်ဖြစ်ပြီး လိုအပ်သော လျှပ်စစ်စွမ်းအားကို သဘာဝဓာတ်ငွေ့စွမ်းအင်မှ ထုတ်လုပ်သုံးစွဲမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ မြေနေရာနှင့်အသုံးဝန်ဆောင်မှု (Utilities) များတွင် စရိတ်လျော့နည်းသက်သာမှု ရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

စင်ကာပူနိုင်ငံ၌ ရေနံထွက်ကုန်ချောနှင့်ရေနံဓာတုပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းသည် ကုန်ထုတ်လုပ်မှုတစ်ရပ်လုံး၏ သုံးပုံတစ်ပုံခန့်ရှိပြီး အလုပ်အကိုင်နေရာ ၂၆၀၀၀ ခန့်ကို ဖန်တီးပေးထားပါသည်။ တိုတယ်ကုမ္ပဏီ၏ စက်ရုံအသစ် တည်ဆောက်လုပ်ကိုင်မှုသည် စင်ကာပူနိုင်ငံမှ ပြောင်းလဲဖော်ဆောင်လျက်ရှိသော မြေယာနှင့်လုပ်သားအင်အား လျှော့ချသုံးစွဲမှုနှင့်အတူ ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးစေမည့် နည်းပညာအခြေပြုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို တွန်းအားပေးသည့် စီးပွားရေးစနစ်နှင့်ကိုက်ညီလျက်ရှိကြောင်း စင်ကာပူဒုတိယဝန်ကြီးချုပ် Mr.Teo Chee Hean က စက်ရုံဖွင့်ပွဲ၌ ပြောကြားခဲ့ပါသည်။

တိုတယ်ကုမ္ပဏီ၏ အာရှ-ပစိဖိတ်ဒေသ စက်ဆီချောဆီဈေးကွက်နှင့်ဝန်ဆောင်မှုဌာနမှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr.Tan Paikok က ၂၀၂၅ ခုနှစ်တွင် ဈေးကွက်ဝေစုနှစ်ဆ တိုးတက်ရရှိနိုင်ရန်အတွက် နှစ်စဉ်ထုတ်လုပ်လျက်ရှိသည့် ချောဆီတန်ချိန် ၅ သိန်းထက်ပိုမိုထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားမည်ဟုပြောကြားခဲ့ပါသည်။ အာရှဒေသ၌ စက်ဆီချောဆီများ၏ ဝယ်လိုအားမှာလာမည့် ၁၀ နှစ်တာကာလအတွင်း ၁၈ ရာခိုင်နှုန်းခန့်မြင့်တက်လာနိုင်ပြီး ၂၀၂၅ ခုနှစ်တွင် လက်ရှိ ကမ္ဘာ့ချောဆီစက်ဆီ ဝယ်လိုအား၏ ထက်ဝက်ခန့်ဖြစ်သော တန်ချိန်သန်း ၂၀ အထိ ရောက်ရှိလာနိုင်ကြောင်း တိုတယ်ကုမ္ပဏီမှ ခန့်မှန်းလျက်ရှိပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# အမေရိကန်နိုင်ငံက ထိုင်းနိုင်ငံအား အကောက်ခွန်သက်သာခွင့် (GSP) ပြန်လည်ပေးအပ်

အမေရိကန်အနေဖြင့် ထိုင်းနိုင်ငံကိုပေးသော အကောက်ခွန် သက်သာခွင့် (Generalized System of Preference-GSP) ကိုနောက်ထပ်လေးနှစ်နှင့်ငါးလတာ ကာလအတွက် ယခင်အတိုင်းပေးရန် ဇွန်လ ၂၉ ရက်နေ့က သဘောတူခဲ့ပါသည်။ အမေရိကန်၏ GSP အခွင့်အရေးကို နဂိုအတိုင်း ပြန်လည်ရရှိခဲ့သဖြင့် ထိုင်းနိုင်ငံ၏ ယခုနှစ်ပြည်ပတင်ပို့မှုသည် လျော့နည်းကျဆင်းမည်မဟုတ်ဟု ယုံကြည်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောကြားခဲ့ပါ သည်။

အမေရိကန်မှ ပေးသော GSP အခွင့်အရေး/အကောက်ခွန် သက်သာခွင့်သည် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့၌ သက်တမ်းပြည့်ခဲ့သော်လည်း သက်တမ်းထပ်မံတိုးမြှင့်ခြင်း မပြုလုပ်ကြကြောင်း၊ ယခုအခါ အမေရိကန်မှ အကောက်ခွန်သက်သာခွင့်ကို ယခင်အတိုင်းပေးရန် သဘောတူလိုက်ခြင်းဖြင့် ထိုင်းပြည်ပတင်ပို့သူများသည် ကုန်စည်အမျိုးအစား ၃၄၀၀ အတွက် နှစ်နှစ်စာ ပြန်အမ်းငွေ (ပြီးခဲ့သည့်နှစ်နှစ်အတွင်း အမေရိကန်သို့ တင်ပို့ခဲ့သော ကုန်စည်များအတွက် အခွန်ပြန်အမ်းငွေ) ရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

အမေရိကန်သို့ အဓိကတင်ပို့သော ကုန်ပစ္စည်းများမှာ ကြွေထည်မြေထည်များ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ပြုပြင်ထုတ်လုပ်ထားသည့် စားသောက်ကုန်များ ဖြစ်ပါသည်။ ယခုနှစ်ထိုင်းနိုင်ငံ၏ပြည်ပတင်ပို့မှုနှင့်ပတ်သက်၍ အခြေအနေများ ဆိုးရွားလာနိုင်ကြောင်း အဖွဲ့အစည်းအသီးသီးက ခန့်မှန်းထားကြသော်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်ပတင်ပို့မှု ကျဆင်းခြင်းမှာ မဖြစ်နိုင်ဟု ယုံကြည်လျက်ရှိပါသည်။

ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုသည် ပြီးခဲ့သည့် မေလက ငါးလမြောက်အဖြစ် ဆက်လက်ကျဆင်းခဲ့သည်။ သို့ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယခုနှစ်ဒုတိယနှစ်ဝက်တွင် ပြည်ပတင်ပို့မှု ပြန်လည်ကောင်းမွန်လာမည်ဟူသော မျှော်လင့်ချက်ဖြင့် ယခုနှစ်ပြည်ပတင်ပို့မှု တိုးတက်နှုန်း ခန့်မှန်းချက်ကို ၁ ဒသမ ၂ ရာခိုင်နှုန်းမှာပင် ဆက်လက်ထားရှိဆဲဖြစ်ပါသည်။

သို့သော် ထိုင်းနိုင်ငံဗဟိုဘဏ်မှ ဖွဲ့စည်း တည်ဆောက်မှုဆိုင်ရာပြဿနာများ (Structural Problems) နှင့် ထိုင်းနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေး အားနည်းနေခြင်းတို့ကြောင့် ယခုနှစ် ပြည်ပတင်ပို့မှုသည် ၁ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းလိမ့်မည်ဟု ဇွန်လ ၁၉ ရက်နေ့က ပြင်ဆင်ခန့်မှန်းခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနသည် အမေရိကန်သို့ ပြည်ပတင်ပို့မှုမြှင့်တင်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ပြည်ပတင်ပို့မှု မြှင့်တင်ရန် လှုံ့ဆော်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးရန်အတွက် စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် တွေ့ဆုံမည်ဖြစ်သည်။ တရားမဝင် ငါးဖမ်းခြင်းများအား ပြင်းထန်သော ပြစ်ဒဏ်များချမှတ်လျက်ရှိသဖြင့် ငါးဖမ်းလှေများသည် ပင်လယ်ပြင်တွင် ငါးဖမ်းခြင်းအား ရပ်ဆိုင်းထားကြသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ရောက်မှုကို အကဲဖြတ်ရန်နှင့်ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးဖော်ထုတ်ရန် ငါးလုပ်ငန်းနှင့် ဆက်နွယ်သော ပြည်ပတင်ပို့သူများကိုလည်း ဖိတ်ကြားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အမေရိကန်နိုင်ငံတွင် မေလ စားသုံးသူသုံးစွဲမှု ခြောက်နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိ

အမေရိကန်နိုင်ငံတွင် ၂၀၁၅ ခုနှစ်မေလ၌ မော်တော်ယာဉ်နှင့်ကြာ ရှည်သုံးစွဲနိုင်သည့် ကုန်စည်များကို ဝယ်ယူမှုမြင့်မားသဖြင့် စားသုံးသူသုံးစွဲ မှုသည် ခြောက်နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့ပါသည်။ မေလတွင် စားသုံးသူများ သုံးစွဲမှုသည် သုည ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇွန်လ ၂၅ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။

မော်တော်ယာဉ်အပါအဝင် တာရှည်ခံကုန်စည်များအတွက် သုံးစွဲ မှုသည် ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ စားသုံးသူများသည် မော်တော် ယာဉ်အပါအဝင် အခြားကုန်ပစ္စည်းများကို ပိုမိုသုံးစွဲကြခြင်းကြောင့် ဓာတ်ဆီဈေးများ ကျဆင်းခဲ့ရခြင်းဖြစ်သည်။

**အေးစန္ဒာလွင်၊စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ဝါရှင်တန်မြို့**

# အမေရိကန်နိုင်ငံတွင် ပထမသုံးလပတ်ရှိ current-account လိုငွေပြမှုမြင့်တက်

အမေရိကန်နိုင်ငံ၏ ၂၀၁၅ ခုနှစ်ပထမသုံးလပတ်ရှိပြည်ပငွေပေးငွေယူရှင်းတမ်း (current-account) လိုငွေပြမှုသည် အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၃ ဘီလီယံဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်စတုတ္ထသုံးလပတ်တွင် လိုငွေပြမှုသည် ဒေါ်လာ ၁၀၃ ဒသမ ၁ ဘီလီယံဖြစ်၍ ဒေါ်လာ ၁၀ ဒသမ ၂ ဘီလီယံမြင့်တက်ခဲ့ကြောင်း၊ current-account နှင့်ဂျီဒီပီအချိုးသည်လည်း ၂၀၁၄ ခုနှစ်၊ စတုတ္ထသုံးလပတ်တွင် ၂ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ ၂ ဒသမ ၆ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇွန်လ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ယခုကဲ့သို့ current-account လိုငွေပြမှု မြင့်တက်ရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေအပါအဝင် primary income ပိုငွေပြမှု လျော့ကျခြင်းနှင့်ကုန်စည်ကုန်သွယ်ရေးတွင် လိုငွေပြမှု မြင့်တက်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ ကုန်စည်နှင့်ဝန်ဆောင်မှု နှစ်ရပ်ပေါင်းကုန်သွယ်ရေးလိုငွေသည် ၂၀၁၄ ခုနှစ်၊ စတုတ္ထ သုံးလပတ်တွင် ဒေါ်လာ ၁၂၈ ဒသမ ၃ ဘီလီယံရှိရာမှ ၂၀၁၅ ခုနှစ်၊ ပထမသုံးလပတ်တွင် ဒေါ်လာ ၁၃၀ ဒသမ ၃ ဘီလီယံသို့ မြင့်တက်ခဲ့ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ဝါရှင်တန်မြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အနည်းဆုံးလုပ်အားခ မြှင့်တင်ခြင်းကြောင့် ထိုင်းစီးပွားရေးလုပ်ငန်းများကို ထိခိုက်နိုင်

ထိုင်းနိုင်ငံရှိလုပ်ငန်းရှင်အများစုသည် ကျဆင်းနေသော ပြည်ပတင်ပို့မှုနှင့် စီးပွားရေးတိုးတက်မှု နှောင့်နှေးနေခြင်း စသည့်အကြောင်းရင်းများကြောင့် အနည်းဆုံးလုပ်အားခ ထပ်မံတိုးမြှင့်ခြင်းအတွက် အဆင်သင့် မဖြစ်သေးကြောင်း ပြောကြားကြပါသည်။

ထိုင်းကုန်သည်ကြီးများအသင်း၏ နောက်ဆုံးလေ့လာဆန်းစစ်ချက်အရ လုပ်အားခမြင့်တက်ခြင်းသည် စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေမည်ဖြစ်ကြောင်း၊ အလုပ်သမားအုပ်စုများက အဆိုပြုတင်ပြသည့်အတိုင်း တစ်နေ့လျှင် ဘတ် ၃၆၀ သို့မြှင့်တင်လိုက်ပါက အမြတ်လျော့နည်းခြင်း သို့မဟုတ် အရှုံးပေါ်နိုင်ခြင်းတို့ကို ကြုံတွေ့ရနိုင်ကြောင်း လုပ်ငန်းရှင်အများစုမှ ပြောကြားခဲ့ပါသည်။

စီးပွားရေး နာလန်ထူလာမည့် အရိပ်လက္ခဏာများ ရှိနေသော်လည်း ပြည်ပတင်ပို့မှုသည် ဆိုးရွားသော အနေအထားမှာပင် ရှိနေဆဲဖြစ်ရာ အနည်းဆုံးလုပ်အားခ မြှင့်တင်ခြင်းသည် ပြည်ပတင်ပို့သူများနှင့်လုပ်ငန်းရှင်များအားပိုမို ခက်ခဲစေမည်ဖြစ်ကြောင်း ထိုင်းကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Mr.Bhumindr ကပြောကြားခဲ့ပါသည်။

တစ်ရက် အနည်းဆုံးလုပ်အားခကို လာမည့်နှစ်အထိ ပြောင်းလဲခြင်း မပြုဘဲထားရှိရန် အစိုးရအား ထိုင်းကုန်သည်ကြီးများအသင်းမှ တောင်းဆိုထားပါသည်။ ထို့ပြင် အနည်းဆုံးလုပ်အားခ တိုးမြှင့်သတ်မှတ်သည့်အခါတွင်လည်း စီးပွားရေးလုပ်ငန်း အမျိုးအစားနှင့်အလုပ်သမား၏ ကျွမ်းကျင်မှုအပေါ်မူတည်၍ သတ်မှတ်သင့်ကြောင်းလည်း အဆိုပြု တင်ပြထားပါသည်။

ပြီးခဲ့သည့်လအတွင်းက အမျိုးသားလုပ်အားခ သတ်မှတ်ရေး ကော်မတီ (National Wage Committee) သည် ၂၀၁၆ ခုနှစ်တွင် ချမှတ်မည့် အနည်းဆုံးလုပ်အားခ အစီအစဉ်ကို ပယ်ဖျက်ရန်နှင့်နှုန်းရှင်စနစ်ဖြင့် အစားထိုးရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းနောက်တွင် လုပ်အားခစနစ်ဟောင်းကို ဒေသအသီးသီး၏ နေထိုင်မှုစရိတ်အပေါ်မူတည်၍ နှုန်းရှင်စနစ်ဖြင့် အစားထိုးမည့် အစီအစဉ်/စီမံချက်ကို ကြေညာခဲ့ပါသည်။ ယခုအခါတွင် ထိုင်းနိုင်ငံ၌ အနည်းဆုံး လုပ်အားခသည် တစ်နေ့လျှင် ဘတ် ၃၀၀သာရရှိနေကြသည်။

ထိုင်းအလုပ်သမား ပေါင်းစည်းရေးကော်မတီ (Thai Labour Solidarity Committe) ဥက္ကဋ္ဌ Ms.Wilaiwan ဦးဆောင်သော အလုပ်သမားအုပ်စုများကမူ လက်ရှိလုပ်အားခသည် အလုပ်သမားအများစု၏ စားဝတ်နေရေးအတွက် လုံလောက်မှု မရှိသောကြောင့် လုပ်အားခ သတ်မှတ်ချက်ကို မြှင့်တင်ပေးရန် မကြာသေးခင်က ဝန်ကြီးချုပ်ထံသို့ အသနားခံတင်ပြခဲ့ပါသည်။ သို့ရာတွင် နိုင်ငံ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်ဟု ပြောကြားကာ ၎င်းတို့၏တောင်းဆိုမှုကို ဝန်ကြီးချုပ်က ဆိုင်းငံ့ထားခဲ့ပါသည်။

ကမ္ဘာ့စီးပွားရေးနှင့်ပြည်တွင်းစီးပွားရေးသည် အားပျော့နေဆဲဖြစ်ပြီး စီးပွားရေးလုပ်ငန်းများသည် တစ်နေ့လျှင် ဘတ် ၃၀၀ ကျော်သည့် (မြင့်မားသော) လုပ်အားခကို ပေးနိုင်စွမ်းမရှိကြောင်း၊ လုပ်အားခမြှင့်တင်ခြင်းသည် စီးပွားရေး သို့မဟုတ် သုံးစွဲမှုကို မြှင့်တင်ပေးခြင်းမရှိသည့်အပြင် စီးပွားရေးအဆောက်အအုံအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်သောကြောင့် ယခုအချိန်သည် တစ်ရက်အနည်းဆုံး လုပ်အားခကိုဘတ် ၃၀၀ အထက်မြှင့်တင်ရန် အချိန်ကောင်း မဟုတ်ကြောင်း Employers' Confederation of Thai Trade and Industry ၏ဒုတိယဥက္ကဋ္ဌ Mr. Tanit ကပြောကြားခဲ့ပါသည်။

အစိုးရအနေဖြင့် တစ်ရက်အနည်းဆုံး လုပ်အားခကို ဘတ် ၃၀၀ အထက်သို့တိုးမြှင့်ပါက စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ၊ အဝတ်အထည်နှင့် အထည်အလိပ်၊ အီလက်ထရောနစ်၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း စသည့် လုပ်သားအင်အားကို အဓိကထား၍ အသုံးပြုရသည့် လုပ်ငန်းများအား ချက်ချင်း ထိခိုက်စေ မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဗန်ကောက်မြို့**



## ထိုင်းနိုင်ငံ စီးပွားရေးတိုးတက်မှုအတွက် စွန့်စားရမှု မြင့်တက်

မူဝါဒအတိုးနှုန်းကို နှစ်ကြိမ် ဆက်တိုက် လျှော့ချခဲ့သော်လည်း မေလ၌ ထိုင်းနိုင်ငံ၏ စီးပွားရေးပြန် လည်နာလန်ထူလာမှုသည် အားပျော့နှေးကွေးနေဆဲဖြစ်ပါသည်။ ကမ္ဘာ့ စီးပွားရေး မသေချာမှုနှင့်ပြည်တွင်းတွင် မိုးခေါင်နေခြင်းတို့သည် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အကျဘက်သို့ ဦးတည်လျက်ရှိနေကြောင်း သတင်းတွင်ဖော်ပြသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် မျှော်လင့်သည်ထက် နှေးကွေးလျက်ရှိနေသဖြင့် ထိုင်းနိုင်ငံ၏ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်ကြောင်း၊ ဂရိနိုင်ငံ၏ ကြွေးမြီပြဿနာကို အခြေခံသော ခြိမ်းခြောက်မှုဒဏ်ကို ငွေကြေးဈေးကွက်များသည် အတိုင်းအတာတစ်ခုအထိ ကာကွယ်ခဲ့ကြကြောင်း ဗဟိုဘဏ်မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားခဲ့ပါသည်။

ဗဟိုဘဏ်အနေဖြင့် မတ်လနှင့် ဧပြီလများတွင် မူဝါဒ အတိုးနှုန်းကို နှစ် ကြိမ်ဆက်တိုက်လျှော့ချခဲ့ပြီး ဇွန်လ ၁၀ ရက်ကပြုလုပ်သည့် အစည်းအဝေးတွင် မူဝါဒအတိုးနှုန်းကို ၁ ဒသမ ၅ ရာခိုင်နှုန်းမှာပင် ထားရှိရန် ဆုံးဖြတ်ခဲ့ ပါသည်။ မူဝါဒအတိုးနှုန်း လျှော့ချပေးခဲ့သည်မှာ နှစ်လသာလျှင် ရှိသေးရာ ထိုင်းနိုင်ငံဗဟိုဘဏ် ငွေကြေးမူဝါဒ၏ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုကို ထင်ရှားစွာ တွေ့မြင်နိုင်ရန် အချိန်ယူရမည်ဖြစ်ပါသည်။

မေလ၌ မျှော်မှန်းသည်ထက် လျော့နည်းခဲ့သော ပြည်ပတင်ပို့မှု၊ ဆယ်နှစ်ကျော်အတွင်း အဆိုးရွားဆုံး ဖြစ်သည့် မိုးခေါင်မှု၊ ပြည်တွင်းသုံးစွဲမှုနည်းပါးခြင်း စသည်တို့ကြောင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဘဏ္ဍာရေးမူဝါဒ ဌာနသည် ၎င်း၏စီးပွားရေးတိုးတက်မှု နှုန်းခန့်မှန်းချက်ကို လျှော့ချမည်ဖြစ်ကြောင်း၊ သို့သော် ၎င်း၏ခန့်မှန်းချက် အသစ်သည် ၃ ရာခိုင်နှုန်းအောက် လျော့နည်းဖွယ်မရှိကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဗန်ကောက်မြို့**

# မြန်မာအပါအဝင် အာဆီယံသုံးနိုင်ငံ၌ ယူနီယံပေးကုမ္ပဏီက လုပ်ငန်းများတိုးချဲ့မည်

တရုတ်နိုင်ငံအခြေစိုက် ယူနီယံပေးအပြည်ပြည်ဆိုင်ရာကုမ္ပဏီ (UnionPay International Co Ltd) သည် မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသ သုံးနိုင်ငံအတွင်း ငွေပေးချေရေးဝန်ဆောင်မှုများကို တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီ၏ အထွေထွေမန်နေဂျာဖြစ်သူ Mr. Yang Wenhui က စင်ကာပူရှိ The Business Times သတင်းဌာနနှင့်တွေ့ဆုံရာတွင် ပြောကြားခဲ့ပါသည်။

ယူနီယံပေးကုမ္ပဏီသည် ၂၀၀၂ ခုနှစ်တွင် တရုတ်နိုင်ငံ၌ စတင်တည်ထောင်ခဲ့သည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး Master Card နှင့် Visa ကတ် ကုမ္ပဏီများနည်းတူ ကမ္ဘာတစ်ဝန်း၌ ယူနီယံပေးကတ်ပေါင်း ၄ ဒသမ ၇ ဘီလီယံကျော်ကို ထုတ်ဝေထားပြီးဖြစ်ပါသည်။ တရုတ်နိုင်ငံအတွင်းရှိ ကျေးလက်ဒေသများအား ဘဏ်ခွဲပေါင်းခုနစ်သောင်းကျော်နှင့်ချိတ်ဆက်လျက် ငွေကြေးလွှဲပြောင်းခြင်းနှင့် ငွေပေးချေမှုလုပ်ငန်းများအပြင် လယ်ယာထွက်ကုန်ပစ္စည်းများဝယ်ယူမှုနှင့်ဆေးကုသမှု အာမခံလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိပါသည်။ ယူနီယံပေးကုမ္ပဏီအနေဖြင့် အာဆီယံဒေသတွင်းရှိ ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်သော ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့၌ ငွေပေးချေမှု ကွန်ရက်စနစ်တစ်ရပ်ကို လွန်ခဲ့သော သုံးနှစ်တာကာလမှစတင် ထူထောင်ခဲ့ပါသည်။ ယခုအခါတွင် မြန်မာနိုင်ငံ၌ အလိုအလျောက်ငွေထုတ်စက် ATM ယူနစ်စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းခန့်မှာ ယူနီယံပေးကတ်များကို လက်ခံအသုံးပြုလျက်ရှိနေပြီဖြစ်ပါသည်။

Mr. Yang က၎င်းတို့ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံအတွင်း ငွေပေးချေရေးဝန်ဆောင်မှုပြုရာတွင် အမေရိကန်ဒေါ်လာငွေအပြင် ဒေသသုံးမြန်မာကျပ်ငွေဖြင့် လုပ်ကိုင်နိုင်သဖြင့် အခြားသောလုပ်ငန်းတူကုမ္ပဏီများထက် ခြေတစ်လှမ်းအသာရလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ငွေသားဖြင့်ပေးချေမှုမှ ငွေသားမဲ့ပေးချေရှင်းလင်းမှုစနစ်သို့ ကူးပြောင်းရာ၌ ချက်လက်မှတ်များ အသုံးပြုသည့် အဆင့်ကို ခုန်ကျော်လျက် အဆင့်မြင့်နည်းပညာများနှင့်အခြေခံအဆောက်အအုံအသစ်များသို့ ပြောင်းလဲလုပ်ကိုင်ရန် အသင့်အနေအထားသို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံသည် ၎င်းတို့အတွက် အလားအလာကောင်းများစွာရှိသည့် အဓိကဈေးကွက်ပင်ဖြစ်ကြောင်းပြောကြားပါသည်။ အလားတူ လာအိုနိုင်ငံ၌လည်း အခွင့်အလမ်းများရှိနေပြီး ATM စက်များ၏ ၇၀ ရာခိုင်နှုန်းတွင် ယူနီယံပေးကတ်များကို အသုံးပြုနိုင်သည်အထိ ဈေးကွက်ဝေစုရရှိထားကြောင်း၊ ကုမ္ပဏီအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှ ရရှိသည့်အတွေ့အကြုံများကို သင်ခန်းစာယူကာ ဆောင်ရွက်နိုင်ခဲ့ကြောင်း Mr. Yang ကထပ်မံပြောကြားခဲ့သည်။

ပြည်ပငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံဈေးကွက်အတွင်းသို့ ဝင်ရောက်လုပ်ကိုင်ရန်အတွက် ကန့်သတ်ချက်များရှိနေချိန်တွင် ယူနီယံပေးကုမ္ပဏီသည် တရုတ်နိုင်ငံသားများ၏ နိုင်ငံပြင်ပကူးသန်းရောင်းဝယ်မှုနှင့်ငွေကြေးသုံးစွဲမှုများ၌ ၎င်းတို့၏ငွေပေးချေမှုကွန်ရက် ပိုမိုတိုးချဲ့နိုင်ရေးကို မဟာဗျူဟာချမှတ်ကာ လုပ်ကိုင်လျက်ရှိပါသည်။ အထူးသဖြင့်အာရှဒေသအတွင်းရှိ နိုင်ငံများဖြစ်သည့် စင်ကာပူ၊ ဟောင်ကောင်နှင့်ဂျပန် စသည့်နိုင်ငံများသို့ ပြောင်းရွှေ့နေထိုင်သည့် တရုတ်နိုင်ငံသားများ၊ နိုင်ငံရပ်ခြားသို့ပညာသွားရောက် သင်ကြားသူများ၊ တရုတ်နိုင်ငံတွင်းသို့ ဝင်ရောက်လာသည့် ကမ္ဘာ့လှည့်ခရီးသွားများ၊ တရုတ်နိုင်ငံအတွင်း အလုပ်လုပ်ကိုင်လျက်ရှိသည့် စီမံခန့်ခွဲသူများနှင့်ကျွမ်းကျင်ပညာရှင်အဖြစ် အလုပ်လုပ်ကိုင်သူများအနေဖြင့် အဆိုပါ ယူနီယံပေးအသုံးပြုမှုကို တွင်ကျယ်စွာ အသုံးပြုလာရန် ရည်ရွယ်၍ လုပ်ကိုင်နေခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အာဆီယံဒေသအတွင်း ယူနီယံပေးကတ်များထုတ်ဝေနိုင်မှုမှာ လုပ်ငန်းစတင်ဝင်ရောက်လုပ်ကိုင်ချိန်ဖြစ်သည့် ၂၀၁၂ ခုနှစ်ကထက် ၂၀၁၄ ခုနှစ်အတွင်းတွင် သုံးဆမျှတိုးတက်လာကာ ယူနီယံပေးကတ်ကိုင်ဆောင် အသုံးပြုသူပေါင်း လေးသန်းကျော်အထိ ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**




# တောက်ပြောင်မှုဖြစ်မယ့် အရည်အသွေး

**|မျိုးသူ - မန္တလေး|**

အရည်အသွေးဆိုသည်မှာ မည်သည့်အရာဖြစ်ပါသလဲဟု ယခင်ဆောင်းပါးတွင် စတင်လေ့လာကြည့်ခဲ့ ရာ Hierarchy of Needs of A.H. Maslow ဟူသော လူသားတို့၏ အခြေခံလိုအပ်ချက်များပေါ် အခြေခံပြီး အရည်အသွေးကို စဉ်းစားခဲ့မိပါသည်။ အရည်အသွေးကို အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် တန်ဖိုးထားမှု၊ အတွေ့အကြုံနှင့် လေ့လာသည့်နယ်ပယ်အလိုက်အမျိုးမျိုး ဖွင့်ဆိုကြသည်ကိုတွေ့ရပါသည်။ အရည်အသွေးဟူသည်မှာ သတ်မှတ်သူက ထားသည့်အခြေအနေ၊ အဆင့်အတန်းအဓိပ္ပာယ်သည်သာ အမှန်ဆုံးဖြစ်ပါသည်။ တစ်ဦးက မိမိပေးသည်နှင့်အညီရရှိခြင်းကို အရည်အသွေးဟု ခေါ်ကြောင်း အဓိပ္ပါယ်ဖွင့်ကြပါသည်။ နောက်တစ်ဦးကမူ မိမိပေးသည်ထက် ပိုမိုပြီး ပြန်ရမှသာ အရည်အသွေးဟုခေါ်ကြောင်း အဓိပ္ပာယ်ဖွင့်ကြပါသည်။

အမေရိကန် အောက်စဖို့ဒ်အဘိဓာန်စာအုပ်တွင် အရည်အသွေး၏အဓိပ္ပာယ်ကို A degree or level of excellence ဟု ဖွင့်ဆိုထား ပါသည်။ အမေရိကန်အရည်အသွေးဆိုင်ရာအသင်းအဖွဲ့က အရည်အသွေးဆိုသည်မှာ ဖွင့်ဆိုသူ၏ ကိုယ်ပိုင်အဓိပ္ပာယ်သာဖြစ်သည်ဟု ပြောဆိုပါသည်။ ထို့ပြင် ပညာရပ်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အရည်အသွေးကို နှစ်မျိုးနှစ်စား အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း ပြောပါသည်။ ပထမတစ်မျိုးမှာ သုံးစွဲမည့်သူ၏ လိုအပ်ချက်များ သို့မဟုတ် ကျေနပ်နှစ်သက်မှုများ ဖြစ်ပေါ်စေသည့် စွမ်းရည်ရှိသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို အရည်အသွေးဟု ခေါ်သည်ဟုဆိုပါသည်။ နောက်တစ်မျိုးမှာ ချို့တဲ့နေသော သို့မဟုတ် လိုအပ်သည်ထက် လျော့နည်းနေခြင်းမှ ကင်းလွတ်သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ခေါ်သည်ဟုဆိုပါသည်။

ကျွန်တော့်အနေနှင့်မူ ယင်းအဓိပ္ပာယ်များသည် လုံလောက်မှုမရှိဘဲ မိမိတို့လိုချင်သော အချိန်နှင့်နေရာ၊ လိုအပ်သောအချိန်နှင့်နေရာတို့တွင် လိုအပ်သည့် အတိုင်းအတာနှင့် ပြည့်စုံစွာရရှိသော ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုသည် အရည်အသွေးရှိသော ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုဟုသာ ဖွင့်ဆိုချင်ပါသည်။ အလွန်အေးမြသည့် ဆောင်းတွင်းအခါတွင် အချမ်းလုံသည့် အနွေးထည်ကို အရည်အသွေးမီသည့်ပစ္စည်းဟု ခေါ်ဆိုရမည်ဟု ထင်ပါသည်။

ထုတ်ကုန်ပစ္စည်းများအပေါ် စားသုံးသူဘက်မှ ကြည့်မြင်သော အရည်အသွေးဆိုင်ရာ ရှုထောင့်များကို အချက်ရှစ်ချက်ဖြင့် ခွဲခြားထားကြောင်းသိရပါသည်။ ယင်းတို့မှာ ပြုလုပ်ဆောင်ရွက်သည့် အခြေအနေ၊ ကုန်ပစ္စည်း၏ အင်္ဂါရပ်များ၊ ယုံကြည်အားထားနိုင်မှု၊ လိုက်လျောညီထွေရှိမှု၊ ကြာရှည်ခံခြင်း၊ ပြုပြင်ရလွယ်ကူခြင်း၊ အလှအပ တရားနှင့်ပြည့်စုံခြင်း၊ လုံခြုံစိတ်ချရခြင်းနှင့် အထွေထွေသိမြင်နားလည်နိုင်ခြင်းဆိုသည့် အချက်များပင်ဖြစ်ပါသည်။

တစ်ခုချင်းကို ရှင်းပြရလျှင် ကုန်စည်၏အခြေခံ အချက်များသည် ထူးခြားသောလက္ခဏာရှိရမည်။ ဥပမာ မော်တော်ကားတွင် လက်ကိုင်ခွေ၊ ကားဂီယာ၊ မိုင်နှုန်းပြကိရိယာစသည်တို့သည် စွမ်းဆောင်ရည်ကောင်းသကဲ့သို့ ထူးခြားသော အသွင်အပြင်လည်း ရှိနေရမည်။

အင်္ဂါရပ်များ ဆိုသည်မှာ ကုန်ပစ္စည်းတစ်ခုသည် အထက်ပါ အခြေခံ အချက်များအပြင် ထူးခြားသော အချက်အလက်များလည်း ထပ်ဆောင်းထားသည့် အခြေအနေတွင် ရှိနေရမည်။ ယင်းတို့မှာ ယခင်က တီဗီဖွင့်ရာတွင် တီဗီနားသို့ သွား၍ လက်ဖြင့်နှိပ်ကာ ဖွင့်ရခြင်းအစား၊ ရီမုတ်ကွန်ထရိုးလ်နှင့် အဖွင့်အပိတ်လုပ်နိုင်ခြင်း၊ ကားအတွင်းခန်းတွင် တီဗီနှင့် ဗီဒီယိုများ ပါဝင်လာခြင်းတို့ဖြစ်ပါသည်။

အမှတ်(၃)အချက်မှာ ယုံကြည်အားထားလောက်ခြင်းဖြစ်ပါသည်။ ယုံကြည်အားထားလောက်ခြင်းဟူသည်မှာ မိမိဝယ်ယူသုံးစွဲမည့်ပစ္စည်းသည် ယုံကြည်အားထားလောက်သည့်အခြေအနေတွင် ရှိနေရန် မဖြစ်မနေ လိုအပ်သည်ဟု စားသုံးသူတိုင်းက ခံယူကြမည်ဖြစ်သည်။ ဥပမာ သေနတ်ဟူသည် ပစ်ရန် မောင်းတံကို ဆွဲလိုက်တိုင်း ကျည်ဆံထွက်ရန် လိုပါသည်။ အရေးအကြောင်းတွင် မောင်းတံကို ဆွဲ၍ ကျည်ဆံမထွက်ပါက မိမိအသက် စတေးရမည်ဖြစ်သဖြင့် မိမိသေနတ်အပေါ် ယုံကြည်မှုအပြည့်ရှိနေဖို့ အရည်အသွေး ရှိကို ရှိရမည်ဖြစ်ပါသည်။ အလားတူပင် မော်တော်ကားတွင်လည်း အသက်ဘေးအန္တရာယ်နှင့် နီးစပ်သဖြင့် ယုံကြည်လောက်သည့် လုံခြုံ စိတ်ချရမှုသည် အလွန်အရေးကြီးသည်ကို တွေ့ရမည်ဖြစ်ပါသည်။

အခြားအချက်တစ်ချက်မှာ လိုက်လျောညီထွေရှိရန်လိုအပ်ခြင်းဖြစ်ပါသည်။ ထုတ်လုပ်ရန်ရည်မှန်းထားသော အရည်အသွေးအတိုင်း ကုန်ပစ္စည်းအဆင့်အတန်းသည် လိုက်လျောညီထွေရှိရပါသည်။ ပြောစဉ်က တစ်မျိုး၊ တကယ်ထုတ်လုပ်ချိန်တွင် အရည်အသွေးလျော့ပြီး ထုတ်လုပ်ခြင်းမျိုး ပြုလုပ်၍မရနိုင်ပါ။

ထို့နောက် ကြာရှည်ခံခြင်းဆိုသောအချက်တွင် ကုန်ပစ္စည်း၏ သက်တမ်းသည် နောက်တစ်ခု အစားမထိုးခင်အထိ ကြာရှည်ခံနိုင်ရမည်။ အာမခံထားသော အချိန်ကာလများအတိုင်း ကြာရှည်ခံရမည်ဖြစ်ပါသည်။

အခြား အချက်တစ်ခုမှာ ပြင်ဆင်ရလွယ်ကူခြင်းပင်ဖြစ်ပါသည်။ ကုန်ပစ္စည်းများသည် ပြင်ဆင်ရာတွင် လွယ်ကူရမည်၊ ပြင်ဆင်ရန် ခက်ခဲနေခြင်းမျိုး မဖြစ်ရပါ။ ပြင်ဆင်သူတို့တွင်ရှိသောအရည်အချင်း၊ လုပ်ရည်ကိုင်ရည်တို့နှင့် လွယ်ကူစွာ ပြင်ဆင်နိုင်ရမည်ဖြစ်သည်။

လှပတင့်တယ်သောအခြေအနေများသည်လည်း ကုန်ပစ္စည်းများတွင် ရှိရပါမည်။ ကုန်ပစ္စည်းများကို ကြည့်ရှုရာတွင်လည်းကောင်း၊ ခံစားရာတွင်လည်းကောင်း၊ အနံ့၊ အရသာ၊ အသံတို့တွင်လည်းကောင်း ကောင်းမွန်နေရ မည်ဖြစ်ပါသည်။ ထို့အပြင် ဖောက်သည်ဖြစ်သည့် စားသုံးသူများအတွက် ဘေးအန္တရာယ် တစ်စုံတစ်ရာ မကျရောက်စေရန်၊ ထိခိုက်ဒဏ်ရာရခြင်းမျိုးမဖြစ်စေရန်တို့မှာ အလွန်ပင် အရေးကြီးလှပါသည်။ ၎င်းတို့အနက် အစား အသောက်ကဏ္ဍများတွင် ကျန်းမာရေးနှင့် ညီညွတ်ရမည်၊ ဘေးကင်းလုံခြုံစိတ်ချမှုရှိရမည်ဖြစ်ပါသည်။

နောက်ဆုံးတစ်ခုမှာ သိမြင်နားလည်နိုင်ခြင်းဖြစ်ပါသည်။ မိမိ၏ ကုန်စည်တွင် အမည်နာမရှိရမည်။ မှတ်ပုံတင် ထားရမည်။ ကြော်ငြာရမည်။ မိမိကိုယ်တိုင်နှင့် မိမိ၏မိသားစုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်လည်း စားသုံးခြင်း၊ သုံးစွဲခြင်းပြုနိုင်ရမည့်အပြင် အများ၏ကြိုက်နှစ်သက်မှုလည်း ရှိရမည်ဖြစ်ပါသည်။

ထုတ်ကုန်များတွင် အဆိုပါအချက်များရှိသကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း အလားတူပင် ရှုထောင့် ခုနစ်မျိုးဖြင့် ကြည့်ရှုတတ်ကြပါသည်။ ယင်းတို့မှာ အချိန်ပေးရမှု၊ အချိန်ကုန်မှု၊ ပြီးပြည့်စုံမှု၊ ယဉ်ကျေးမှု လောကဝတ်၊ စားသုံးသူလိုအပ်ချက်နှင့်ကိုက်ညီအဆင်ပြေမှု၊ နားလည်ရန်လွယ်ကူခြင်း၊ သင့်မြတ်လွယ်ကူ မြန်ဆန်ခြင်း၊ တိကျမှန်ကန်ခြင်းနှင့် တုံ့ပြန်မှုအားကောင်းခြင်းတို့ဖြစ်ကြပါသည်။ မိမိလိုချင်သည့် ဝန်ဆောင်မှုရရန် မည်မျှစောင့်ဆိုင်းရသည်၊ အချိန်မည်မျှကြာမှ ဝန်ဆောင်မှုကိုစတင်ရရှိသည်၊ အလွန်အကျွံတန်းစီရခြင်း၊ စောင့်ဆိုင်း ရခြင်းမျိုးသည် ဝန်ဆောင်မှု အရည်အသွေးကို ထိခိုက်စေပါသည်။ ထို့ပြင် call center မှ operator တစ်ဦးသည် ဆက်သွယ်လာသော အချက်အလက်၊ တောင်းခံလာသော ဖောက်သည်ကို ယဉ်ကျေးပျူငှာစွာ ဖြေကြားရန် အလွန်အရေးကြီးပါသည်။ ထို့အပြင်ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း ယဉ်ကျေးပျူငှာခြင်း၊ လောကဝတ် ကျေပွန်ခြင်းတို့သည် အလွန်အရေးပါသော ဝန်ဆောင်မှုအရည်အသွေးများပင်ဖြစ်ပါသည်။

စားသုံးသူအပေါ် ဝန်ဆောင်မှုပြီးပြည့်စုံချိန်သည် စားသုံးသူလက်ထဲသို့ အဆိုပါဝန်ဆောင်မှုရောက်ရှိ ချိန်အထိ ဝန်ဆောင်မှုပေးသူအပေါ်တွင် တာဝန်ရှိနေမည်ဖြစ်ပါသည်။ ထို့အပြင် သတင်းစာလုပ်ငန်းများသည် အလွန်ပင် ပုပ်သိုးပျက်စီးလွယ်သော ကုန်စည်အမျိုးအစားလုပ်ငန်းဟု သဘောထားနိုင်ပါသည်။ နေ့စဉ် တစ်နေ့လျှင် နှစ်ကြိမ် သတင်းစာထုတ်ဝေလျက်ရှိသည့်နိုင်ငံများတွင် နံနက်ခင်းသတင်းစာသည် ညနေသတင်းစာ မထွက်မီ နေ့တစ်ဝက်မျှသာ သက်တမ်းရှိပြီး ညနေသတင်းစာထွက်လာသည်နှင့် ယင်းသတင်းစာတွင်ပါသော နံနက်ခင်းသတင်း၏အသက်သည် ကုန်သွားမည်ဖြစ်ပေသည်။ ထို့ကြောင့် နံနက်ပိုင်း ၅ နာရီ တွင် သတင်းစာထွက်မည်ဆိုပါက နေ့စဉ်နံနက် ငါးနာရီ တိုင်းတွင် သတင်းစာထွက်ရှိနေရမည်ဖြစ်သည်။ သတင်းစာထုတ်လုပ်ရာတွင် အချိန်မှန်ရမည်၊ ဖောက်သည်၏ လိုအင်နှင့်လည်း ကိုက်ညီရမည် ဖြစ်ပါသည်။

ဟိုတယ်များတွင် နံနက်စာကို နံနက် ၆ နာရီမှ ၉ နာရီအတွင်း ကျွေးရမည့်အချိန်ကို သတ်မှတ်ထားရာ အဆိုပါသတ်မှတ်ထားသည့် အချိန်အတိုင်း အတိအကျ ဆောင်ရွက်ရန်နှင့် အချိန်လွဲမှားခြင်း မရှိစေရန် အထူးသတိပြုရမည်ဖြစ်ပါသည်။

ထို့ပြင် ဘဏ်များတွင်လည်း ဘဏ်လုပ်ငန်းကို အသုံးပြုသူများ၏ စုငွေစာရင်းများ၊ အပ်ငွေစာရင်းများသည် လုံးဝ မှားယွင်းမှု မရှိဘဲ အတိအကျ အစဉ်အမြဲ မှန်ကန်နေရမည် ဖြစ်ပါသည်။ မှန်ကန်မှု မရှိဘဲ လွဲချော်မှု ပေါ်ပေါက်သည်နှင့် ဘဏ်လုပ်ငန်း၏ဝန်ဆောင်မှုအရည်အသွေးကို ညံ့ဖျင်းသည်ဟု ယူဆမည် ဖြစ်သည်။ အချို့သော အခြေအနေများတွင် မိမိတို့ဝန်ဆောင်မှု ပြုလုပ်နေကြ အခြေအနေမျိုးမဟုတ်ဘဲ ထူးထူးခြားခြား ဝန်ဆောင်မှုပေးရခြင်းမျိုး၊ သင်တန်းများက ပို့ချပေးလိုက်သည့် သင်ခန်းစာများတွင် မပါဝင်သည့်အကြောင်းအရာများကိုလည်း လုပ်ငန်းဆောင်ရွက်သူများ မကြာခဏ တွေ့ကြုံရတတ်ပါသည်။ ထိုအခါမျိုးတွင် ဝန်ဆောင်မှု ကို ဆောင်ရွက်ပေးသူ၏ တုံ့ပြန်နိုင်မှုစွမ်းရည်သည် အရည်အသွေးပင်ဖြစ်လာပါသည်။ အထက်ပါအချက်များသည် ဝန်ဆောင်မှုဆိုင်ရာ စီးပွားရေး လုပ်ငန်းများအတွက် လိုအပ်သည့် အရည်အသွေးများပင်ဖြစ်ပါသည်။

အရည်အသွေးကောင်းများ ဖြစ်လာရေးအတွက် ကုန်ပစ္စည်းများကို ကောင်းမွန်စွာ ထုတ်လုပ်ခြင်း ရှိမရှိ၊ ဝန်ဆောင်မှုများတွင် အရည်အသွေးကောင်းများဖြင့် ဆောင်ရွက်ပေးခြင်းရှိမရှိဆိုသည်ကိုလည်း ကြီးကြပ်နေရမည်သာ ဖြစ်ပါသည်။ ထို့အပြင် အရည်အသွေးကောင်းများဖြင့် ဆောင်ရွက်ခဲ့သော်လည်း လွဲမှားချွတ်ချော်မှုများကို ကုမ္ပဏီတိုင်း၊ လုပ်ငန်းရှင်တိုင်း၊ အစိုးရဌာနတိုင်း၊ ဝန်ဆောင်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းတိုင်းသည် တွေ့ကြုံရ နိုင်ပါသည်။ ထိုကဲ့သို့တွေ့ကြုံလာရပါက မိမိ၏နာမည်၊ အရည်အသွေးကို ထိန်းသိမ်းထားနိုင်ရန် လိုအပ်သဖြင့် အရည်အသွေး ညံ့ဖျင်းမှုကြောင့် ကုန်ကျစရိတ်များ ပိုမိုလာနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

# Myanmar Phar-Med Expo 2015 ကုန်စည်ပြပွဲကျင်းပ

တတိယအကြိမ်မြောက် နိုင်ငံတကာဆေးဝါးနှင့် ဆေးပစ္စည်းဆိုင်ရာ ကုန်စည်ပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ UMFCCI ဒုဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာထင်ပေါ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ပြပွဲ၌ ဂျပန်၊ တရုတ်(တိုင်ပေ)၊ ဂျာမနီ၊ အိန္ဒိယ၊ မလေးရှား၊ ဟောင်ကောင်၊ စင်ကာပူ၊အမေရိကန်၊ ဗီယက်နမ် အစရှိသည့် နိုင်ငံတို့မှ ပြခန်းပေါင်း ၄၅ ခန်းကျော်ဖြင့် ဆေးရုံသုံးပရိဘောဂများနှင့် ဆေးရုံသုံး စက်ကိရိယာများ၊ ဓါတ်ခွဲခန်းသုံးကိရိယာများ၊ ရုတ်တရက်အရေးပေါ်ဖြစ်ရာတွင် ထောက်ပံ့ပေးသော ကိရိယာများ၊ ဆေးဝါးထည့်သွင်းသည့် ဆေးတောင့်ပစ္စည်းများ၊ လက်တွေ့စမ်းသပ်ခန်းနှင့် ဆေးခန်းများတွင် အသုံးပြုသောကိရိယာများ ပါဝင်ပြသခဲ့ကြပါသည်။ အဆိုပါပြပွဲသို့ လာရောက်သော လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သော စက်ကိရိယာများ၊ ဆေးဝါးများကို တစ်နေရာတည်း၌ လေ့လာနိုင်ပြီး အသုံးဝင်မည့်ပစ္စည်းကိရိယာများကို ရွေးချယ် မှာယူနိုင်သည့် အခွင့်အလမ်းကောင်းနှင့် နည်းပညာသစ်များ လေ့လာနိုင်သည့် အခွင့်အလမ်းကောင်းများကို ရရှိနိုင်သည့် ပြပွဲလည်း ဖြစ်ပါသည်။ အဆိုပါ ကုန်စည်ပြပွဲကို ဇွန် ၉ ရက်မှ ၁၁ ရက်အထိ လေးရက် တိုင်တိုင် ကျင်းပခဲ့ပြီး ခေတ်မီဆေးဝါးများ၊ ဆေးရုံသုံးကိရိယာနှင့် ဓာတ်ခွဲခန်း သုံးကိရိယာများ၏ ခေတ်မီဆန်းသစ် လာသော နည်းပညာများ၊ ကုသရေးဆိုင်ရာ နည်းပညာများ စသည့် နည်းပညာ ဖလှယ်ခြင်းဆိုင်ရာ ဆွေးနွေး ဟောပြောပွဲများ ထည့်သွင်းကျင်းပခဲ့သည်။

**KMT**




# How to Promote Tourist Destinations & Tourism Products အလုပ်ရုံဆွေးနွေးပွဲကျင်းပ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင် ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် အာဆီယံကိုရီးယားစင်တာတို့ပူးပေါင်းပြီး How to Promote Tourist Destinations & Tourism Produts အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ Chatrium Hotel တွင် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့က ကျင်းပခဲ့ပါ သည်။

အဆိုပါ အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ၊ အာဆီယံ-ကိုရီးယားစင်တာမှ အထွေထွေ အတွင်းရေးမှူးချုပ် Mr.KIM Young Sun ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E LEE Back-Soon၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တာဝန်ရှိသူများ၊ ကိုရီးယားဒီဇိုင်းပညာရှင်များ၊ မြန်မာလက်မှုလုပ်ငန်းရှင်များနှင့် ဧည့်သည်တော်များ အပါအဝင် စုစုပေါင်း ၁၇၀ ဦးခန့်တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ယခုအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာ-ကိုရီးယား သံတမန်ဆက်သွယ်မှုနှစ် (၄၀) ပြည့်အထိမ်းအမှတ်အဖြစ် ကိုရီးယားစင်တာနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ပူးပေါင်းကျင်းပသည့် ခရီးသွားလုပ်ငန်းလက်မှုထည်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲပင်ဖြစ်ကြောင်း၊ အဆိုပါဆွေးနွေး ပွဲကို မြန်မာ့လက်မှုပစ္စည်းထုတ်လုပ်မှုကဏ္ဍမှာ အမှတ်တရ လက်ဆောင်ပစ္စည်းထုတ်လုပ်မှု အရည်အသွေး တိုးတက်စေရန် အသေးစား၊ အလတ်စားလုပ်ငန်းများ (SMEs) အရည်အသွေး တိုးမြှင့်စေရန်နှင့် ဝယ်သူနှင့် ဈေးကွက်အကြိုက် ဒီဇိုင်းကို သိရှိစေရန်နှင့် မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား စီးပွားရေးအခွင့်အလမ်းများပိုမိုတိုးချဲ့နိုင်စေရန်၊ နိုင်ငံတကာမှ ဝယ်လိုအားရှိသည့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ၊ ယခုဆွေးနွေးပွဲသည် ကုန်သွယ်မှုနှင့် စပ်လျဉ်းသည့် အသိပညာ ဗဟုသုတများ၊ ခေတ်မီဆန်းသစ်သည့် ဒီဇိုင်းပညာများ တိုးပွားလာစေရန်နှင့် ကုန်သွယ်မှုမြှင့်တင်ရန်အတွက် အရေးပါတဲ့ ဆွေးနွေးပွဲတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ယခုအခါတွင် မြန်မာ့ပို့ကုန်များသည် တန်ဖိုးမြှင့်ပို့ကုန်များ ဖြစ်လာသည်နှင့်အမျှ ယင်းပို့ကုန်ထုတ်လုပ်သည့် ဒေသခံပြည်သူများအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး ဝင်ငွေတိုးတက်လာကာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပခရီးသွားလာမှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသဖြင့် မြန်မာ့လက်မှုအမှတ်တရပစ္စည်း ဈေးကွက်မှာလည်း ကျယ်ပြန့်လာမှာဖြစ်ကြောင်း၊ မြန်မာ့ထုတ်ကုန်ပစ္စည်းများအား အရည်အသွေးကောင်းမွန်ရန်၊ ဒီဇိုင်းအဆင့်မီရန်နှင့် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်း ရှိရန်လိုအပ်ပါကြောင်း၊ ထို့အပြင် Brand အမှတ်တံဆိပ်တစ်ခုအဖြစ် အသိအမှတ်ပြုနိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် ဈေးကွက်ရှာဖွေရေးလည်း လိုအပ်နေပါကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ ကိုရီးယားနိုင်ငံ၏ အတွေ့အကြုံနှင့် အသိပညာများကိုလည်း ရရှိနိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ကိုရီးယားနိုင်ငံမှ ဒီဇိုင်းပညာရှင်များက ၎င်းတို့နိုင်ငံမှ လက်မှုအနုပညာလက်ရာမြောက်သည့် အမှတ်တရ လက်ဆောင်ပစ္စည်းများ၏ ဒီဇိုင်းများအား ဖန်တီးပုံဖော်ခြင်းတို့ကို လက်တွေ့ပြသခဲ့ပြီး အသေးစိတ် ဆွေးနွေးပို့ချခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်မြို့တွင် ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် သတ္တမအကြိမ်မြောက်ဖြစ်ပြီး ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ဇူလိုင်လ ၃ ရက်နေ့က ဆဋ္ဌမအကြိမ်မြောက်အဖြစ် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**ဇာနည်(MTC)**

# ဒဂုံစင်တာရှော့ပ်ပင်းမောလ်၏ (၁၁)နှစ်ပြည့် ကံထူးရှင်ရွေးချယ်ပွဲကျင်းပ

ဒဂုံစင်တာရှော့ပ်ပင်းမောလ်(၂)၏ (၁၁)နှစ်ပြည့်ကံထူးရှင်ရွေးချယ်ပွဲကို ဇူလိုင်လ ၈ ရက်နေ့က အဆိုပါဒဂုံစင်တာရှော့ပ်ပင်းမောလ်(၂)၏ ပရိုမိုးရှင်းဧရိယာတွင်ကျင်းပခဲ့ရာ ဒဂုံစင်တာရှော့ပ်ပင်းမောလ်၏ အထွေထွေမန်နေဂျာ ဦးဇော်ဇော်အောင်နှင့် ရှော့ပ်ပင်းမောလ်မှ တာဝန်ရှိသူများ၊ ကံစမ်းမဲတွင်ပါဝင်ကံစမ်းထားသူများ၊ ပရိသတ်များ တက်ရောက်ကြသည်။ လာရောက်ဈေးဝယ်သူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် မတ်လမှမေလအတွင်း ဒဂုံစင်တာရှော့ပ်ပင်းမောလ်များတွင် လာရောက်ဈေးဝယ်သည့်သူများအနက်မှ တစ်ရက်လျှင် စုစုပေါင်း ကျပ်ငါးသောင်းနှင့်အထက် တန်ဖိုးရှိသည့်ပစ္စည်းများကို ဝယ်ယူသည့် ဈေးဝယ်သူများအား ကံစမ်းမဲလက်မှတ်များဖြင့် ကျေးဇူးတုံ့ပြန်ခဲ့ကြောင်းသိရသည်။ အဆိုပါကံစမ်းမဲအား ချီးမြှင့်သည့်ဆုများမှာ တိုယိုတာ ဘယ်လ်တာကားတစ်စီး၊ Sumsang Galaxy Note 4 တစ်လုံး၊ 32" Fuji LED TV တစ်လုံး၊ LG အမှတ်တံဆိပ် ရေခဲသေတ္တာတစ်လုံး၊ Sharp အမှတ်တံဆိပ် အဝတ်လျှော်စက်တစ်လုံးတို့ကို ကံစမ်းမဲများ ဖောက်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါကံစမ်းမဲများကို မီဒီယာများ၏ရှေ့တွင် ဖွင့်ဖောက်ကံစမ်းပေးခဲ့ခြင်းဖြစ်ပြီး ကံထူးရှင်များအား အဆိုပါအခမ်းအနား၌ပင် ဖုန်းဆက်၍အကြောင်းကြားခဲ့ကာ တစ်ဖက်မှကံထူးရှင်များကလည်း ကံစမ်းမဲများလက်ခံရရှိသည့်အတွက် ဝမ်းသာကြောင်းပြန်လည်ပြောကြားခဲ့ကြသည်။


ဒဂုံစင်တာရှော့ပ်ပင်းမောလ်၏ ကိုးနှစ်မြောက်ဖြစ်သည့် ၂၀၁၃ခုနှစ် မှစ၍ ကံစမ်းမဲများကိုချီးမြှင့်ခဲ့ရာ ကိုးနှစ်မြောက်အထိမ်းအမှတ်အဖြစ် သိန်း ၄၀၀ တန် တိုက်ခန်းတစ်ခန်းနှင့် အခြားအဖိုးတန်ကံစမ်းမဲများကို ချီးမြှင့်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် (၁၀) နှစ်မြောက် အထိမ်းအမှတ်အဖြစ်တိုယိုတာ ပက်ဆိုကားတစ်စီးနှင့် အခြားအဖိုးတန်ဆုမဲများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

Commodity Exchange News
Vol: 15, No.26 Monday July 13 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၃–၇–၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီကို အိန္ဒိယဝယ်လက်က ဈေးမြှင့် အဝယ်ရှိ၊ ပဲတီစိမ်း(ခရမ်းရွှေဝါ) ဈေးကွက်စဖွင့်

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်အတွင်း ဈေးစဖွင့်ချိန်မှာ မတ်ပဲ(RC) ကို အိန္ဒိယဝယ်လက်က တစ်တန်ကို ၁၂၈၆၀၀၀ ကျပ် ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပေမယ့် နောက်ပိုင်းရက်များမှာတော့ ဈေးအနည်းငယ်ချပြီး ဝယ်ယူခဲ့တဲ့အတွက် တစ်တန်ကို ၁၂၈၂၀၀၀ ကျပ်သို့ ဈေးအနည်းငယ်ကျလာကာ ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန် ကို ၁၂၉၃၀၀၀ ကျပ်ဈေးဖြင့် ပိတ်ခဲ့ကြောင်း သိရပါတယ်။ ရောင်းသူကုန်သည်တွေထံမှာ မတ်ပဲလက်ကျန် လျော့ကျလာသလို အိန္ဒိယဘက်မှလည်း ဝယ်လိုအားလျော့သွားတာကြောင့် ဈေးအနည်းငယ်လှုပ်ပြီး အရောင်းအဝယ်ဖြစ်မှုလည်း နည်းသွားတယ်လို့ သိရပါတယ်။ ပဲစင်းငုံနီ (RC) ကို တော့ အိန္ဒိယဘက်မှ ဈေးဖွင့်အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေကြောင်း ဈေးကွက်အတွင်း မှသိရပါတယ်။

## ပခုက္ကူမှာဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်တွေ ဝယ်လိုအားများ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်တွေကဝယ်လိုအားများခဲ့သလို ရောင်းသူကုန်သည်တွေကလည်း တက်ဈေးမှာ အရောင်းများခဲ့တယ်လို့ သိရပါတယ်။ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာ ၁၂၀၀ ကျပ် (တစ်တန်ကို ၇၃၄၈၆၈ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၂၀၀ မှ ၃၀၀ ကြား ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ဖြစ်မှုနည်း

မူဆယ်ဈေးကွက်မှာ ပြောင်းသီးနှံအနေဖြင့် နယ်စုံမှပုံမှန်အဝင်ရှိပေမယ့် တရုတ်ဘက်ခြမ်းမှာ ဆန်ကားများကိုဖမ်းဆီးရင်း ပြောင်းသီးနှံကိုပါ ဖမ်းဆီးခဲ့တာကြောင့် အရောင်းအဝယ် ထင်သလောက်မဖြစ်ခဲ့ကြောင်း၊ နယ်စုံမှပြောင်းကားတွေကတော့ မူဆယ်အထိ နေ့စဉ်အတက်ရှိကြောင်း၊ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို ၉၉ ယွမ်မှ ၁၀၂ ယွမ်အကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲမျိုးစုံပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ မတ်ပဲကို မြို့ခံပဲခွဲစက်များက တစ်ပိဿာ ၂၀၈၀ ကျပ်(တစ်တန်ကို ၁၂၇၃၇၇၀ ကျပ်) ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ရောင်းသူဝယ်သူ ဈေးညှိမရလို့ အရောင်းအဝယ်ပါးနေကြောင်း၊ ပဲတီစိမ်းကြီး(ထိပ်စ) ကိုတော့ တရုတ်ဝယ်လက်က ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၁၃၃ ကျပ်(တစ်တန်ကို ၁၃၀၆၂၂၇ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များက ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါသွက်ခဲ့တယ်လို့ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၁၇၀ ကျပ်(တစ်တန်ကို၇၁၆၄၉၆ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာ ၁၁၇၁ ကျပ် (တစ်တန်ကို ၇၁၇၁၀၈ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၁၀၀၀ ခန့်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ သိပ္ပံနှမ်းနက် ဈေးတန့်ပြီး အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်သိပ္ပံနှမ်းနက်ကို မန္တလေးဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၀၄၄ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀ မှ ၁၀၀ ကြားသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၂၀၅၀ ကျပ် (တစ်တန်ကို ၁၂၅၅၃၉၉ ကျပ်)ဈေးနဲ့ ဝယ်လိုအားရှိပေမယ့် ရောင်းသူကုန်သည်များက တက်ဈေးမျှော်နေတာကြောင့် အရောင်းနည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ်နှမ်းမျိုးစုံကို မန္တလေးဝယ်လက်၊ မြို့ခံဆီစက်လုပ်ငန်းရှင်များနှင့် နှမ်းလှော်လုပ်ငန်းရှင်များက နှမ်းရဲ့ အရည်အသွေးပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါ တယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းဖြူ(ထိပ်စ)တစ်ပိဿာ ၂၃၃၃ ကျပ်၊ နှမ်းဖြူ(ပုံမှန်) တစ်ပိဿာ ၂၂၄၄ ကျပ်၊ နှမ်းနီ(ပုံမှန်) တစ် ပိဿာ ၁၉၅၆ ကျပ်၊ သိပ္ပံနှမ်းနက်တစ်ပိဿာ ၄၁၅၆ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံတစ်ရက်ကိုအိတ် ၁၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်း မှသိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်လိုအား ရှိပေမယ့် ကုန်သည်များ အရောင်းနည်း

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ပစ္စည်းလက်ကျန်နည်းတာကြောင့် ရောင်းသူကုန်သည်တွေအနေဖြင့် ဈေးကွက်မျှော်လင့်ချက်နဲ့ အရောင်းနည်းခဲ့ကြောင်း သိရပါ တယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၁၅ ကျပ် (တစ်တန်ကို ၁၂၃၃၉၆၅ ကျပ်)ဈေးနဲ့ တစ်ရက်ကို အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒ့ါအပြင် ဒေသထွက်အစေ့ထုတ်ပြောင်းကိုလည်း ရန်ကုန်-မန္တလေးဝယ်လက်နှင့် သိုလှောင်မည့်သူများက တစ်ပိဿာကို ၄၄၅ ကျပ်ဈေးဖြင့် အိတ် ၁၀၀၀ ခန့်အဝယ်ရှိ ခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပဲပုပ်နှင့် ပြောင်းသီးနှံအရောင်းအဝယ်ဖြစ်

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ဒေသထွက် ပဲပုပ်ကို ရန်ကုန်ဝယ်လက်နှင့် မြို့ခံပဲပြားလုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း ဝယ်ဈေး ကြိုက်နှစ်သက်မှုရှိတာကြောင့် တစ်ပိဿာကို ၉၁၀ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ မှ ၄၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒ့ါအပြင် ပြောင်းသီးနှံကို ရန်ကုန်-မန္တလေး ဝယ်လက် နှင့် ဒေသတွင်းအစာစပ်လုပ်ငန်းရှင်များက တစ်ပိဿာကို ၄၈၀ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် လှောင်လက်ကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်ဝယ်လိုအားပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ဒေသထွက် ပြောင်းသီးနှံအနေဖြင့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် တရုတ်ဘက်ကတော့ ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် တစ် ပိဿာကို ၄၈၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၀ သိန်းခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်တွင် ပဲစင်းငုံနီအရောင်းအဝယ်ပါး၊ မတ်ပဲနှင့် ကုလားပဲပုံမှန် အရောင်းအဝယ်ဖြစ်


ပြည်ဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်အဝယ်ပါးသလို ရောင်းသူကုန်သည်များကလည်း ကြိုက်ဈေးမရလို့ အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်ဝယ်လိုအားပါးပေမယ့် ဈေးပေးအဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၁၅ ကျပ်(တစ်တန်ကို ၁၂၃၃၉၆၅ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များက ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါ ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၆၅ ကျပ်(တစ်တန်ကို ၇၇၄၆၇၃ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်တွေဝယ်လိုအားများ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ(ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအားများခဲ့သလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာအရောင်းများခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၀၇၀ ကျပ် (တစ်တန်ကို ၆၅၅၂၅၇ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲမျိုးစုံအဝင်လျော့၊ အရောင်းအဝယ် သိပ်မသွက်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲမျိုးစုံနယ်အဝင်လျော့ကျလာသလို ပဲအရောင်းအဝယ်လည်း သိပ်မသွက်ခဲ့ဘူးလို့ သိရပါတယ်။ မတ်ပဲ(သစ်)တွေဈေးကွက်သို့ စတင်ဝင်ရောက်လာပေမယ့် အဝင်မလှိုင်သေးကြောင်း၊ လောလောဆယ်တော့ မြို့ခံကုန်သည်များက အရည်အသွေးကိုကြိုက်နှစ်သက်လို့ တစ်ပိဿာ ၂၀၅၀ ကျပ်(တစ်တန်ကို ၁၂၅၅၃၉၀ ကျပ်) နဲ့ ဈေးဖွင့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၀၇၀ ကျပ် (တစ်တန်ကို ၁၂၆၇၆၄၀ ကျပ်) နဲ့ ဈေးဖွင့်အဝယ်ရှိပေမယ့် ရောင်းသူကုန်သည်များက ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းမရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးအနေဖြင့် နယ်စုံမှ တစ်ရက်ကိုအိတ် ၁၀၀၀ ဝန်းကျင်သာဝင်ပြီး မန္တလေးဝယ်လက်က တစ်ပိဿာကို ၂၀၂၆ ကျပ် (တစ်တန်ကို ၁၂၄၀၇၀၂ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေးအစီအစဉ် (EIF) အား မျက်နှာစာသစ်ဖွင့်လှစ်



ကုန်သွယ်မှုဆိုင်ရာအကူအညီပေးရေးအစီအစဉ် (Enhanced Integrated Framework-EIF) ကိုလုပ်ဆောင်ရာတွင် ၂၀၁၅ ခုနှစ်အား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ရမည့်နှစ်အဖြစ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) က ခံယူထားပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) က ၂၀၁၄ ခုနှစ်တွင်ပြုလုပ်ခဲ့သော EIF အစီအစဉ်၏အလုံးစုံအကဲဖြတ်လေ့လာဆန်းစစ်ချက် (Comprehensive EIF Evaluation) အရ EIF အစီအစဉ်၏ ဒုတိယအဆင့်ကို ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဆောင်ရွက်သွားရန် သဘောတူညီမှုများ ခိုင်ခိုင်မာမာ ချမှတ်ထားပြီးဖြစ်ပါသည်။ EIF အစီအစဉ်၏ ဒုတိယအဆင့်ကို ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ၏ ကုန်သွယ်မှုကို အဓိကထား၍ ဆောင်ရွက်သွားရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။ သို့ဖြစ်ရာ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအနေဖြင့် EIF အစီအစဉ်၏ ဒုတိယအဆင့်ကို EIF ၏မျက်နှာစာသစ်အဖြစ် ထပ်မံဖွင့်လှစ်သွားရတော့မည်ဖြစ်ပါသည်။

EIF အစီအစဉ်၏ ဒုတိယအဆင့်၌ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့် နိုင်ငံစုံကုန်သွယ်ရေးစနစ်တွင် ပိုမိုပါဝင်နိုင်စေရန် ကူညီပံ့ပိုးပေးနေသည့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုအကူအညီများ ပါဝင်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံ၏ ကုန် သွယ်မှုများဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏စီးပွားရေးကိုပါ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သည့် ထောက်ပံ့ကူညီမှုများအား စနစ်တကျစီစဉ်ဆောင်ရွက်မည့် ကမ္ဘာလုံးဆိုင်ရာ မူဘောင်တစ်ရပ်လည်းဖြစ်ပါသည်။

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အကူအညီတစ်ရပ်ဖြစ်သော EIF အစီအစဉ်ကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအားလုံးသို့ ပေးအပ်ခြင်းဖြစ်ပြီး အဆိုပါ LDC နိုင်ငံများအနေဖြင့် LDC နိုင်ငံအဆင့်မှ ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်သို့မရောက်မချင်း ရရှိခံစားနိုင်ကြောင်း သိရှိရပါသည်။ LDC နိုင်ငံများအနေဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အကူအညီတစ်ရပ်ဖြစ်သော EIF အစီအစဉ်ပါ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အကူအညီများကိုရယူပြီး မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်စေရန် ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့အတွက် များစွာအထောက်အပံ့ ဖြစ်စေကြောင်း သိရှိရပါသည်။

EIF အစီအစဉ်သည် နိုင်ငံ၏ ကုန်သွယ်မှုအား စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းစေကာ ယင်းမှတစ်ဆင့်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (Development Strategies)၊ နည်းဗျူဟာများနှင့်အတူ လိုက်လျောညီထွေစွာပေါင်းစပ်ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံ၏ ဆင်းရဲမှု (Poverty Reduction) ကိုလျှော့ချရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ဆီသို့ လျှောက်လှမ်းနိုင်ရန်အတွက် မျှော်မှန်းထားကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ လုပ်ငန်းစဉ်တွင်ဖော်ပြထားပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အနေဖြင့် ကုန်သွယ်မှုအကူအညီပေးရေး ရှေ့ပြေးအစီအစဉ် (Aid for Trade Initiatives) အဖြစ် EIF အစီအစဉ်ကို ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ယခုအခါ အနာဂတ်တွင် အတူတကွပုံဖော်ခြင်းဟူသော EIF ၏ရည်မှန်းချက်ကို ကမ္ဘာအနှံ့တွင် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး LDC နိုင်ငံများအပါအဝင် ဆက်စပ်လျက်ရှိသည့် Stakeholders ၂၃၀ ကျော်တို့သည် ၂၀၁၅ ခုနှစ် နှောင်းပိုင်းကာလတွင် EIF ၏ ဆောင်ရွက်မှုများကို မျက်နှာစာသစ်အဖြစ် ဆက်လက်မြှင့်တင်ရန် သဘောတူညီမှုရခဲ့ပြီးဖြစ်သည်။ ထို့အပြင် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်အတွက် အသုံးပြုမည့်ရန်ပုံငွေ (EIF Trust Fund) များအား ထပ်မံဖြည့်စွက်ပေးရန် အလှူရှင်နိုင်ငံများ၏ ကတိကဝတ်များကိုလည်း ရရှိထားပြီး ဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲမှုနှင့် ပဏာမအကောင်အထည်ဖော်မှုများကို LDC နိုင်ငံများတွင် လုပ်ဆောင်ရန် သဘောတူညီခဲ့ပြီးဖြစ်ပါသည်။ EIF ၏ မျက်နှာစာအသစ်အား နိုင်ငံ၏ အခြေအနေ၊ ဦးတည်ချက်များနှင့် ပဏာမအကောင်အထည်ဖော်မှုများကို ပိုမိုထိရောက်စွာ ကိုင်တွယ်ထိန်းချုပ်နိုင်သော ဖွဲ့စည်းမှုနှင့် စီမံခန့်ခွဲမှုပုံစံဖြစ်စေရန် ပြင်ဆင်မွမ်းမံထားပါသည်။ ၎င်းမျက်နှာစာသစ်တွင် EIF ၏ ဖွဲ့စည်းဆောင်ရွက်ပုံ များပြောင်းလဲခြင်းနှင့် စီမံကိန်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်သော နိုင်ငံများ၏ Ownership Right ကို အပြည့်အဝသဘောတူကာ လိုက်ပါဆောင်ရွက်ခြင်းနှင့် ရေရှည်အောင်မြင်မှုရရှိရေးအတွက် ဦးတည်ကာ အပြောင်းအလဲများ ပြုလုပ်လျက်ရှိသကဲ့သို့ LDC နိုင်ငံများ၏ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းများကိုလည်း လိုက်လျောညီထွေမှုရှိစေရန် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခဲ့ပါသည်။ ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများအနေဖြင့် ပြောင်းလဲဆောင်ရွက်မှုကြောင့် ရရှိလာသည့် အကျိုးရလဒ်များအပေါ်တွင် ပိုမိုယုံကြည်လာစေပြီး LDC နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရာတွင် ခိုင်မာလာစေရန်နှင့် ဆင်းရဲမှုကို လျော့ကျစေရန်ရည်ရွယ်၍ သဘောတူညီချက်များချမှတ်ခဲ့သည်။

EIF ၏မျက်နှာစာသစ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည့် ဆွေးနွေးညှိနှိုင်းမှုနှင့် အစည်းအဝေးများကို အကြိမ်ကြိမ်ကျင်းပခဲ့ပြီး ညှိနှိုင်းမှုရလဒ်များကို အခြေခံကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများအတွက် မူဝါဒပြောင်းလဲမှုကိုလည်း EIF အနေဖြင့် LDCs နိုင်ငံများ အတွက် ပိုမိုကောင်းမွန်သောရလဒ်များ ရရှိရန် ရည်ရွယ်၍ အလေးထားလုပ်ဆောင်လျက်ရှိသည်။ ၎င်းရလဒ်များကို မြေပြင်ကွင်းဆင်းလေ့လာဆန်းစစ်ချက် များပြုလုပ်၍ အချိန်မီသတင်းထုတ်ပြန်ကာ မိတ်ဖက်နိုင်ငံများ၏ ကုန်သွယ်မှုအဆင့် ကိုနှစ်နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်မှသည် အပြည်ပြည်ဆိုင်ရာအဆင့်ထိ တိုးတက်ခိုင်မာအောင်ဆောင်ရွက်သွားရန် မျှော်မှန်းထားပါသည်။

ထို့အပြင် EIF ၏ မျက်နှာစာသစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေးဆိုင်ရာ သဘောတူညီချက်ကို လိုက်ပါအကောင်အထည်ဖော်နိုင်ရေး လိုအပ်သည့် ပံ့ပိုးကူညီမှုများကို အဓိကထား၍ ထည့်သွင်းပေါင်းစပ်ဆောင်ရွက်သွားရန် ရည်ရွယ်ထားသဖြင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအတွက် အလွန်အရေးပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။ သို့ဖြစ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှ ဖော်ဆောင်လျက်ရှိသော EIF ၏ မျက်နှာစာသစ်တွင် တက်ကြွစွာလိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**DOT-WTO**

# စားအုန်းဆီပြည်တွင်းလက်လီဈေးနှုန်းတွေဖြစ်သင့်တဲ့ အနေအထားမှာရှိရဲ့လား

နိုင်ငံခြားငွေကြေးတစ်ခုဖြစ်တဲ့ ဒေါ်လာဈေး နှုန်းဟာ အထိုက်အလျောက် တည်ငြိမ်နေရာမှ ပြီးခဲ့တဲ့ ဇွန်လအတွင်းမှာ တစ်ရိပ်ရိပ်တက်လာပြီး၊ ပြည်ပက တင်သွင်းရတဲ့စားကုန်၊ လူသုံးကုန်ပစ္စည်းအချို့လည်း မသိမသာ ဈေးတက်လာခဲ့တာကြောင့် အဓိကသွင်းကုန်တစ်ခုဖြစ်တဲ့ စားအုန်းဆီနဲ့ စက်သုံးဆီဈေးနှုန်းများ တည်ငြိမ်မှုရရှိအောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် သင့်တင့်တဲ့ငွေလဲနှုန်းနဲ့ သွင်းကုန်တင်သွင်းတဲ့ ကုမ္ပဏီများကို တင်သွင်းတဲ့ လိုင်စင်တန်ဖိုးများအတိုင်း နိုင်ငံခြားသုံးငွေများကို ရောင်းချပေးခဲ့ပါတယ်။

ပြင်ပမှာဖြစ်ပေါ်နေတဲ့ ငွေလဲနှုန်းက တစ်ဒေါ်လာကို ၁၂၀၀ ကျပ်နှုန်းနဲ့ ဝယ်ယူတင်သွင်းရရင် လက်ရှိ စားအုန်းဆီတစ်တန် (CIF ဈေး) ၆၈၅ ဒေါ်လာ၊ ဆီကန်မှာ သိုလှောင်ထိန်းခ၊ အလျော့တွက်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဆိပ်ကမ်းအခွန်၊ အမြတ်ခွန်နှင့် အထွေထွေကုန်ကျစရိတ်များ အပါအဝင် တွက်ချက်ရင် ရန်ကုန်ဆိပ်ကမ်းအရောက် စားအုန်းဆီ တစ်ပိဿာ ၁၄၉၀ ကျပ်ခန့်ကျသင့်မှာဖြစ်ပေမယ့် ဗဟိုဘဏ်ရဲ့ လက်ရှိငွေလဲနှုန်း ၁၁၂၅ ကျပ် (တင်သွင်းတဲ့ ကုမ္ပဏီတွေကို ဒီဈေးနဲ့ ရောင်းချပေးနေတာဖြစ်ပါတယ်။) နဲ့ ဝယ်ယူတင်သွင်းခွင့်ရရှိထားတဲ့အတွက် စားအုန်းဆီ တစ်ပိဿာကို ၁၄၀၀ ကျပ်ခန့်ပဲကျသင့်မှာ ဖြစ်ပါတယ်။ ( ဒီ Commerce Journal ရဲ့ စာမျက်နှာ ၁၁ မှာ တွက်ချက်မှု အသေးစိတ်ဖော်ပြထားတာကို လေ့လာရင်သိနိုင်ပါတယ်)။

ဒါပေမယ့် ဒီနေ့ဖြစ်ပေါ်နေတဲ့ စားအုန်းဆီ တစ်ပိဿာဈေးနှုန်းကိုကြည့်ရင် ရန်ကုန်မှာ ၁၆၀၀ ကျပ်ဈေးနှုန်းဖြစ်နေတယ်။ ဆိပ်ကမ်းအရောက် ၁၄၀၀ ကျပ်ခန့်ပဲ ကျသင့်တာကို သယ်ယူခ၊ အလုပ်သမားခ၊ အခြားအထွေထွေကုန်ကျစရိတ်က တစ်ပိဿာ ၂၀၀ ကျပ်ကျသင့်ပါ့မလား။ ဆီကန်ကနေ ဘုရင့်နောင်ကိုသယ်ရင် ဆီတစ်ပေပါ(၁၁၀ ပိဿာ)ကို ပေပါကတ်ဖိုးနဲ့ လုပ်သားခက ၂၀၀ ကျပ်၊ ကားခ ၈၀၀ ကျပ်၊ ဘုရင့်နောင်မှာ လုပ်သားခ ၁၀၀ ကျပ်၊ စုစုပေါင်း ၁၁၀၀ ကျပ်ပဲကျသင့်တာမို့ ဘုရင့်နောင်အရောက် တစ်ပိဿာကို ၁၀ ကျပ်သာ ကုန်ကျကြောင်း သိရပါတယ်။ နိုင်ငံတော်အနေနဲ့ စားအုန်းဆီ၊ စက်သုံးဆီ တင်သွင်းတဲ့ ကုမ္ပဏီတွေကို သင့်တင့်တဲ့ ငွေလဲနှုန်းနဲ့ နိုင်ငံခြားသုံးငွေတွေ ရောင်းချပေးရတဲ့ ရည်ရွယ်ချက်က ပြည်ပကနေ ဈေးနှုန်းသက်သာစွာနဲ့ တင်သွင်းပြီး ပြည်တွင်းက စားသုံးသူ အများပြည်သူတွေဆီကို သင့်လျော်တဲ့ အမြတ်အစွန်းရယူကာ ထိုက်သင့်တဲ့ ဈေးနှုန်းနဲ့ ပြန်လည်ဖြန့်ဖြူးရောင်းချပေးနိုင်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ကုမ္ပဏီတွေ အမြတ်ပိုရအောင် လုပ်ပေးခဲ့တာ မဟုတ်ပါဘူး။

အခုတော့ ခုတ်ရာတခြား ထိရာတခြား ပုံစံမျိုးဖြစ်အောင်၊ ဖြစ်သင့်တဲ့ဈေးထက်ပိုပြီး ရောင်းနေကြတာဟာ မဖြစ်သင့်ပါဘူး။ ဒါ့ကြောင့် စားအုန်းဆီအပါအဝင် အခြေခံစားကုန်များ၊ အခြားကုန်စည်များရဲ့ ဈေးနှုန်းတွေဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းမှာ ရှိနေရဲ့လားဆိုတာ စောင့်ကြည့်လေ့လာ ဝေဖန်ကြဖို့ အားလုံးမှာ တာဝန်ရှိပါတယ်။

**UML**

# ရာသီဥတုဆိုးရွားမှုများကြောင့် ရေလမ်းခရီး အဓိကအသုံးပြုတဲ့ စစ်တွေနယ်စပ်ကုန်သွယ်မှုကျဆင်း

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းဟာ ဇွန်လမှာ ကုန်သွယ်မှုပမာဏ သုည ဒသမ ၂၆၇ သန်းသာဆောင်ရွက်နိုင်ခဲ့ပြီး ပို့ကုန်သာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သွင်းကုန်ဆောင်ရွက်နိုင်ခြင်း မရှိဘဲ ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက သုည ဒသမ ၄၄၆ သန်းလျော့နည်း ဆောင်ရွက်ခဲ့တယ်လို့သိရပါတယ်။ ယခုကဲ့သို့ ကုန်သွယ်မှုပမာဏများ လျော့နည်းကျဆင်းရခြင်းမှာ ရာသီဥတုဆိုးရွားနေ သဖြင့် ရန်ကုန်စစ်တွေကားလမ်းမှာ တောင်ပြို၍ လမ်းပျက်စီးမှုများဖြစ်ပေါ် ကာ ကုန်စည်စီးဆင်းမှုများ နှောင့်နှေး ကြန့်ကြာခဲ့တာကြောင့် ဖြစ်ပါတယ်။ ဇွန်လ ၂၀ ရက်နောက်ပိုင်းကစပြီး ရာသီဥတုဆိုးရွားလာမှုကြောင့် ပြည် တွင်းသွား စက်လှေ၊ သင်္ဘောများ သာမက တစ်ဖက်နိုင်ငံနဲ့ ကုန်သွယ်မှုပြုလုပ်နေတဲ့ စက်လှေများ ၁၀ ရက်ခန့် သွားလာနိုင်ခြင်းမရှိဘဲ ကုန်သွယ်မှုများ ရပ်ဆိုင်းသွားခဲ့ပြီး ယခုကဲ့သို့ ကျဆင်း သွား ရတာဖြစ်ပါတယ်။

ယခုလို ရာသီဥတုဆိုးရွားခဲ့တဲ့ အတွက် ကုန်ပစ္စည်းများအား သိုလှောင်ရုံထဲသို့ ပြန်လည်သိမ်းဆည်း ရတဲ့အတွက် လုပ်သားခကုန်ကျစရိတ်များ ပြားခြင်း၊ ပစ္စည်းများ ပျက်စီးဆုံးရှုံးရခြင်း၊ တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်မှုမရှိခြင်း၊ ရေလမ်းခရီးကို အသုံးပြု၍ မရသဖြင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာမယ့် စက်လှေများ နောက်ကြောင်း ပြန်လှည့်ကာ ဆိုက်ကပ်ထားခဲ့ရခြင်း၊ ပို့ကုန်သွင်းကုန်များ ရပ်နားထားခဲ့ရကြောင်း ကုန်သွယ်မှုကျဆင်းရခြင်းနဲ့ စပ်လျဉ်းပြီး ကုန်သည်လုပ်ငန်းရှင်များထံမှ သိရှိရပါတယ်။

**MIRT**

# ဒေသထွက်ကုန်နည်းပါးသော်လည်း မောင်တောတွင်ကုန်သွယ်မှုပုံမှန်ရှိနေ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဇွန်လအတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းမှ ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၃၉၂ သန်း ၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ဝဝ၅ သန်းနဲ့ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၃၉၇ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းရဲ့အများဆုံးပို့ကုန်များမှာ ရေထွက်ပစ္စည်းဖြစ်တဲ့ ငါးနီတူခြောက်၊ ငါးသလောက်၊ ရေငန်ပုစွန် ၊ လယ်ယာထွက်ပစ္စည်း လဲမှို(အစေ့ပါ)၊ စက်မှုကုန်ချောပစ္စည်းများဖြစ်တဲ့ ဖိနပ်၊ ထွန်းရွှေဝါ၊ သနပ်ခါး ခဲ၊ ဆီးယိုထုပ်များဖြစ်ကြပြီး သွင်းကုန်များမှာ လူသုံးကုန်ပစ္စည်းဖြစ်တဲ့ ဒန်ရေတကောင်း၊ ပလတ်စတစ်ရေပုံး၊ တီရှပ်၊ ဖိနပ်တို့ဖြစ်ကြပါတယ်။

ဇွန်လမှာ အနီးစပ်ဆုံးမေလထက် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ဝ၆၃ သန်း လျော့နည်းခဲ့ပါတယ်။ ထိုသို့ လျော့နည်းရခြင်းမှာ ငါးခြောက်ရာသီကုန်ဆုံးသွားပြီး ဒေသထွက် ရေငန်ပုစွန်များမှာလည်း စစ်တွေမှတစ်ဆင့် ရန်ကုန်သို့ တင်ပို့နေသဖြင့် မျှော်မှန်းသလောက် တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်မှုမရှိသဖြင့် ယခုလတွင် ကုန်သွယ်မှုလျော့နည်းရခြင်းဖြစ်ပါတယ်။

လာမယ့်လများမှာ ကုန်သွယ်မှုတိုးတက်လာစေရေး အတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ မိတ်ဖက် ဌာနများ ၊ ကုန်သည်လုပ်ငန်းရှင်များနှင့်ပေါင်းစပ်ညှိနှိုင်းကြိုးပမ်းဆောင်ရွက်သွားမယ်လို့ မောင်တောနယ်စပ်စခန်းမှ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

# ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများအတွက် အခွန်ငွေပေးသွင်းရာမှာ ကန်ပိုက်တီးကုန်သည်များ တွေ့ကြုံရတဲ့ အခက်အခဲများ ပြေလည်မှုရရှိ

မေလကပြုလုပ်ခဲ့တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကျင်းပစဉ်က ကန်ပိုက်တီးကုန်သည်အသင်းမှ ဆွေးနွေးတင်ပြခဲ့တဲ့ ယန္တရားတင်သွင်းသူများ အနေနဲ့ မြစ်ကြီးနားမြို့မှာ နေထိုင်ကြသူများဖြစ်ရာ ကန်ပိုက်တီးသို့ အခွန်ပေးဆောင်ရန် ငွေသိန်းပေါင်းများစွာသယ်ယူ၍ လုပ်ငန်းများ ဆောင်ရွက်နေရတဲ့အတွက် လုံခြုံရေးအရ သီးခြားဘဏ်စနစ်တစ်ခု ဆောင်ရွက်ပေးပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း တင်ပြခဲ့ခြင်းနှင့်စပ်လျဉ်းပြီး မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)ကို စာပေးပို့ခြင်း ဇွန်လဆန်းက နေပြည်တော်မှာ လစဉ်ကျင်းပပြုလုပ်တဲ့ OSS ညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးမှာ ထည့်သွင်းဆွေးနွေးမှု ပြုလုပ်ခဲ့ပြီးနောက် ယခုအခါ မြစ်ကြီးနား မြန်မာ့စီးပွားရေးဘဏ်မှာ ကုန်သည်လုပ်ငန်းရှင်များ စာရင်းရှင် (Current Account) ဖွင့်လှစ်ထားနိုင်ပြီး ၎င်းငွေစာရင်းမှတစ်ဆင့် ကျသင့်အခွန်အခများကို ချက်လက်မှတ်နဲ့ ပေးချေခွင့်ကို ဆောင်ရွက်ပေးထားပြီး ဖြစ်တယ်လို့ ဇွန်လ ၃၀ ရက်နေ့က ပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ စခန်းတာဝန်ခံက ကုန်သည်များကို အသိပေးပြောကြားခဲ့ပါတယ်။

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနေသလို အခက်အခဲများကြုံတွေ့ ရပါကလည်း လျှော့နည်းနိုင်သမျှ လျှော့နည်းအောင်လည်း လုပ်ဆောင်ပေးနေရာ ကုန်သည်လုပ်ငန်းရှင်များ အနေနဲ့ တွေ့ကြုံရတဲ့အခက်အခဲများကိုတင်ပြကြရန်နဲ့ အထက်ဌာနအကြီးအကဲများကလည်း အမြန်အရေးယူ (Action)အလေးထားဆောင်ရွက်ပေးလျက်ရှိတယ်ဆိုတာကို သက်သေပြလိုက်တာပဲ ဖြစ်ပါတယ်။ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ နိုင်ငံတော်ရဲ့စေတနာကို နားလည်ပြီး မိမိအကျိုး-နိုင်ငံတော်အကျိုးကို အတ္တ ပရမှတစ္စာနဲ့ တရားဝင်လမ်းကြောင်းပေါ်က မှန်မှန်ကန်ကန်ဆောင်ရွက်သွားကြရန်နဲ့ ဌာနဆိုင်ရာများနဲ့ ကုန်သည်လုပ်ငန်းရှင်များ စည်းလုံးညီညွတ်စွာနဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ကုန်သွယ်မှုတိုးတက်လာတာနဲ့အမျှ ဒေသရဲ့ လူနေမှုအဆင့်အတန်းလည်း တိုးတက်လာစေမှာဖြစ်ပါတယ်။

**MIRT**

# မောင်တောစခန်းမှ လဲမှိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော်နယ်စခန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဇွန်လ တစ်လလုံး ၁၈၉၁၀ ဒေါ်လာတန်ဖိုးရှိလဲမှို(အစေ့ပါ) ကီလို ၂၂၄၇ ကျော်တင်ပို့နိုင်ခဲ့ပါတယ်။လဲမှိုများကို မန္တလေးတိုင်းရမည်းသင်း ဒေသများမှ အထွက်များတယ်လို့ သိရပါတယ်။ အချို့တောင်သူများက အပင်များတွင် အပွင့်ပွင့်ချိန်ကပင် ပင်ဖြတ်စနစ်ဖြင့် ရောင်းချကြတယ်လို့သိရပြီး လဲမှိုအပင်သက်တမ်းမှာ ၃ နှစ်မှ ၄ နှစ်အတွင်း အသီးသီးကြပါတယ်။အပင်ကြီးထွားလျှင် အသီးနှုန်းများပြီးလဲမှိုပင်များရဲ့သက်တမ်းမှာ ၁၀ နှစ် မှ ၁၅ နှစ်အထိ ရှင်သန်နိုင်တယ်လို့ သိရပါတယ်။ လဲမှို့(အစေ့ပါ) တစ်ကီလိုရဲ့ လိုင်စင်ကြေးမှာ သုည ဒသမ ၈၅၀ ဒေါ်လာရှိတယ်လို့ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

# အနီးစပ်ဆုံးကာလနဲ့ရော ယမန်နှစ်ကာလတူနဲ့ပါ ကုန်သွယ်မှုပိုမိုတဲ့ ရိဒ်နယ်စပ်

မြန်မာ-အိန္ဒိယနယ်စပ်ဖြစ်တဲ့ ရိဒ်နယ်စပ်ကုန်သွယ်ရေးမှ ဇွန်လအတွင်း ပို့ကုန် ကန်ဒေါ်လာ ၁ ဒသမ ၈၉၂ သန်း၊ သွင်းကုန် ကန်ဒေါ်လာ သုညဒသမ ၃၄၅ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂ ဒသမ ၂၃၇ သန်း ကုန်သွယ်မှုပြုနိုင်ခဲ့ပါတယ်။ ဇွန်လအတွင်း ရိဒ်နယ်စပ်မှ ယခင်ဘဏ္ဍာနှစ်ကာလတူနဲ့ရော အနီးစပ်ဆုံးကာလနဲ့ပါ ကုန်သွယ်မှုပိုမိုခဲ့တာတွေ့ရပါတယ်။အခုလိုပိုမိုရခြင်းမှာ ပို့ကုန်ပစ္စည်းများဖြစ်တဲ့ ကွမ်းသီး၊ မုန့်မျိုးစုံနဲ့ စီးကရက်တင်ပို့မှုပိုမိုသလို သွင်းကုန်ပစ္စည်းများဖြစ်တဲ့ မော်တော်ဆိုင်ကယ်နဲ့ စက်မှုကုန်ကြမ်းသုံး Magnet များတင်သွင်းမှု ပိုမိုခဲ့တာကြောင့်လို့သိရပါတယ်။ ရိဒ်နယ်စပ်မှ ဝင်ရောက်လာတဲ့ ဆိုင်ကယ်များသည် လူကြိုက်များပြီး ကျောင်းဖွင့်ချိန်နဲ့ တောင်သူများသီးနှံပေါ်ချိန်ကို အဓိကထားရောင်းချရသဖြင့် တင်သွင်းမှု ပိုမိုလာတာဖြစ်တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ဇွန်လတွင် ရေထွက်ကုန်အများဆုံးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် ကန်ဒေါ်လာ သုည ဒသမ ၁၆၆ သန်း တန်ဖိုးရှိ ရေထွက်ကုန်ပစ္စည်း ၁၆၈ တန်ကျော်အများဆုံး တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဇွန်လမှာပင် ကန်ဒေါ်လာ သုည ဒသမ ဝ၇၈ သန်း တန်ဖိုးရှိ လယ်ယာထွက်ကုန် တန် ၄၅၀ ကျော်နဲ့ ကန်ဒေါ်လာ သုည ဒသမ ဝ၄၀ သန်း တန်ဖိုးရှိ ဆီးယိုထုပ် ၇၄ တန်ကိုလည်း တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဇွန်လအတွင်း အများဆုံးတင်ပို့ခဲ့တဲ့ ရေထွက်ကုန်ပစ္စည်းတွေကတော့ ရေချိုငါး (ငါးမြစ်ချင်း) ၁၆၈ တန်ဖြစ်ပြီး အများဆုံးတင်ပို့ခဲ့တဲ့ လယ်ယာ ထွက်ကုန်ပစ္စည်းများကတော့ မန်ကျည်းစေ့ ၃၅၂ တန်၊ ချင်းအစို ၃၅ တန်၊ ဆီးသီး ခြောက် ၄၅ တန်၊ ကွမ်းသီး ၄ တန်၊ နနွင်းတက် ၁၂ တန်၊ မန်ကျည်းသီး (အစေ့ပါ) ၁တန်နဲ့ ကြက်သွန်နီ ၃ တန်တို့ ဖြစ်ကြပါတယ်။

**တင်တင်ထွန်း**

# မြဝတီနဲ့ မြိတ်နယ်စပ်မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနယ်စပ်စခန်းနဲ့မြိတ်နယ်စပ်စခန်းများမှ ဇွန်လ ၂၇ ရက်မှ ဇူလိုင်လ ၃ ရက်အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၁၆၁ သန်း တန်ဖိုးရှိရေထွက်ကုန် ၂၇၇၇ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၁၁၈၈ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ-

**မြဝတီကုန်သွယ်ရေးဇုန်မှ** ကန်ဒေါ်လာ သုည ဒသမ ဝ၈၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၉ တန်နဲ့ကဏန်း ၂၄ တန်နီးပါးတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၁၂ တန်ခန့်လျော့နည်းတင်ပို့ခဲ့ပေမယ့် တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၄၀၀၀ ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုသီတင်းပတ်တွင် ငါးမျိုးစုံတင်ပို့မှု လျော့နည်းခဲ့ပေမယ့် ကဏန်းပိုမိုတင်ပို့နိုင်ခြင်းကြောင့် တန်ဖိုး ပိုမိုခဲ့ခြင်းဖြစ်ပါတယ်။

**မြိတ်နယ်စပ်စခန်းမှ** ကန်ဒေါ်လာ ၂ ဒသမ ၉၀၈ သန်း တန်ဖိုးရှိ ရေထွက်ကုန်ငါးမှုန့် ၁၄၆၀ တန်၊ ငါးမျိုးစုံ ၇၉၁ တန်ကျော် ၊ အေးခဲကဏန်းပျော့ ၄၅ တန်ကျော်၊ ပုစွန် ၆၄ တန်ကျော်၊ ကင်းမွန်(အခွံချွတ်) ၂၉ တန်ကျော်၊အေးခဲအသားလွှာ ၂၄ တန် ၊ ကင်းမွန် ၂၁ တန်ကျော် ၊ကဏန်းသေး(အသေ)၂ တန်ကျော်၊ သဲကဏန်းနဲ့ကဏန်းနီ အနည်းငယ် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့နိုင်ခြင်းမရှိတဲ့ ငါးမှုန့်၊ အေးခဲကဏန်းပျော့၊ ကင်းမွန်(အခွံချွတ်)အေးခဲအသားလွှာ၊ ကဏန်းသေး(အသေ)နဲ့ ကဏန်းနီတို့ကို ယခုတစ်ပတ်မှာ တင်ပို့နိုင်ခဲ့တဲ့အတွက် ၁၂၄၉ တန်ခန့် ပိုမိုခဲ့ပါတယ်။

**ကော့သောင်းကုန်သွယ်ရေးစခန်းမှ** ကန်ဒေါ်လာ သုည ဒသမ ၁၆၄ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၂၉၄ တန်ကျော်နဲ့ ပုစွန် ကီလို ၅၀၀ ခန့်တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၄၈ တန်ကျော် လျော့နည်းခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ကင်းမွန်ကို ယခုအပတ်တွင် တင်ပို့နိုင်ခြင်းမရှိတဲ့အပြင် ငါးမျိုးစုံနဲ့ ပုစွန်တင်ပို့မှုမှာလည်း လျော့နည်းခဲ့တဲ့အတွက် ဖြစ်ပါတယ်။

**ခင်မြနွယ်**

## အနီးစပ်ဆုံးကာလ၊ ယမန်နှစ်ကာလတူတို့ထက် လွယ်ဂျယ်နယ်စပ်မှ ကုန်သွယ်မှုပမာဏ ပိုမိုဆောင်ရွက်

မြန်မာ-တရုတ် နယ်စပ်ရှိလွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းဟာ ဇွန်လမှာ ပို့ကုန် ကန်ဒေါ်လာ ၆ ဒသမ ၅၆၉ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၁ ဒသမ ၁၀၃ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံး ကာလထက် သွင်းကုန်ကန်ဒေါ်လာ သုည ဒသမ ၂၄၇ သန်းလျော့နည်းခဲ့သော်လည်း ပို့ကုန်ပိုင်းတွင်ကန်ဒေါ်လာ သုည ဒသမ ၆၁၅ သန်းပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏ သုည ဒသမ ၃၅၈ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ရော သွင်းကုန်ပါ ပိုမိုဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂ ဒသမ ၄၉၃ သန်းပိုမိုခဲ့တယ်လို့ သိရပါတယ်။ ကုန်သွယ်မှုပမာဏ ပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းမှာ လယ်ယာထွက်ကုန် ဆန်၊ ဆန်ကွဲ၊ ရော်ဘာ၊ ကြိမ်၊ သတ္တုများ ပိုမို တင်ပို့နိုင်ခဲ့၍ ဖြစ်ပါတယ်။ လာမယ့်ကာလများမှာလည်း ဗန်းမော်-လွယ်ဂျယ်ကားလမ်း ပိုမိုကောင်းမွန်လာတဲ့အတွက် ကုန်သွယ်မှုများ ပိုမိုဆောင်ရွက်နိုင်မယ်လို့ မျှော်မှန်းထားပါတယ်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ အများဆုံး ပို့ကုန်များမှာ ငစိန်ဆန်၊ ဆန်ကွဲ၊ ပြောင်းဖူးစေ့၊ RSS-၃ ၊ ကြိမ်၊ ခဲ၊ ဇင့်၊ ကြေးနီရိုင်း တို့ဖြစ်ကြပါတယ်။ အများဆုံး သွင်းကုန်များမှာ ပေါ်လီစတာ အစများ၊ ၂/၈၀ ချည်ခင်၊ ဘိလပ်မြေ၊ ၁/၄၀ ချည်ခင်၊ ဓာတ်မြေဩဇာ (ယူရီးယား၊ ကွန်ပေါင်း)၊ နိုင် လွန်/ချည်ဇာ၊ ထမင်းချိုင့်များ၊ သိုးမွှေးစောင်တုများ ဖြစ်ကြပါတယ်။ ဇွန်လအတွင်းမှာ ITC ကတ်နဲ့ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ဘူးလို့ သိရပါတယ်။

**MIRT**

## Express ယာဉ်သုံးစီးပေါ်မှ Portable ၊ ရေဒီယိုများ အပါအဝင် အကောက်ခွန်မဲ့ ပစ္စည်းများ သိမ်းဆည်းရမိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် ဇူလိုင်လ ၁ ရက်နေ့ ၁၇း၃၀ ချိန်တွင် အေးရှားဝေါလ်တိုးဂိတ် အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရတနာစိုး Express ယာဉ်ပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ Portable ၃၅ လုံးကို သိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။ အလားတူ ယင်းနေ့ ၁၇း၃၅ ချိန်တွင် ရတနာထွန်း Express ယာဉ်ပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ Portable ၁၅ လုံး၊ ဓာတ်ပုံ ဆလိုက်မီး ၆လုံး ၊ Car Hand Stand (စလခ) ၂ ခုတို့ကိုလည်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ ယင်းနေ့ ၁၇း၄၀ ချိန်တွင်လည်း အဆိုပါနေရာမှာပင် ရှမ်းမင်းသား Express ယာဉ်ပေါ်မှ တရားမဝင် တင်ဆောင်လာတဲ့ ရေဒီယိုအလုံး ၁၉၀ ကိုလည်း စစ်ဆေးတွေ့ရှိ သိမ်းဆည်းနိုင်ခဲ့ပါတယ်။ အဆိုပါ ယာဉ်သုံးစီးပေါ်မှ အကောက်ခွန်မဲ့ ပစ္စည်းများရဲ့ခန့်မှန်းတန်ဖိုးမှာကျပ်ဆယ်သိန်း ရှစ်သောင်းငါးထောင်ဖိုးခန့်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အရေးယူဆောင်ရွက်ပြီးဖြစ်ပါတယ်။

**MIRT**

## ဂျူတီယာဉ်ပေါ်မှ ID တွင် မပါတဲ့ အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့အနီး ယာယီအခြေပြုတဲ့ Mobile Team လရ(၁) အဖွဲ့သည် ဇူလိုင်လ ၃ ရက်နေ့တွင် မူဆယ်မှ မန္တလေးသို့ ထွက်ခွာလာတဲ့ ကုန်တင်ယာဉ် ခရီးသည်တင်ယာဉ်နဲ့ ကိုယ်ပိုင်ယာဉ်များကို စစ်ဆေးရာ ဂျူတီယာဉ်အမှတ် 9H/xxxx ၁၂ ဘီးယာဉ်ပေါ်မှ အကောက်ခွန်မဲ့ပစ္စည်းများ စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေး တွေ့ရှိချက်များအရ ၁၂ ဘီး ဂျူတီယာဉ်ပေါ်မှ Custom Manifest နဲ့ လိုင်စင် ID တွင် ကြေညာထားခြင်းမရှိတဲ့ ကုန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းခဲ့တယ်လို့ သိရပါတယ်။ အကောက်ခွန်မဲ့ကုန်ပစ္စည်းများကတော့ ပြိုင်စက်ဘီးစီးဦးထုပ်၊ အရုပ်၊ ကလေးစီးစက်ဘီး၊ ဂဟေဆော်စက်တို့ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်ဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်း အပ်နှံပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သွားမယ်လို့သိရပါတယ်။

**MIRT**

## အကောက်ခွန်မဲ့ တင်သွင်းလာသည့် မော်တော်ယာဉ် ကိုးစီးကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်း

ပဲခူးတိုင်း ၊ ဝေါမြို့နယ်ညောင်ခါးရှည်အနီး အခြေပြုတဲ့ Mobile Team လရ-၂ အဖွဲ့သည် မြဝတီမှ ရန်ကုန်ဘက်သို့ မောင်းနှင်လာတဲ့ မော်တော်ယာဉ်များအား စစ်ဆေးရာ ဇွန်လ ၂၆ ရက်မှ ၂၉ ရက်ထိကာလအတွင်း တရားဝင် အထောက်အထား တင်ပြနိုင်ခြင်းမရှိတဲ့ ယာဉ်ကိုးစီးကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အဆိုပါယာဉ်ကိုးစီးမှာ Toyota MarkII , Mitsubishi Pajero,Toyota Caldina, Honda Fit, Toyota Hiace, Isuzu Bighorn နှစ်စီး၊ Honda CRV, Toyota Ipsum အမျိုးအစားများဖြစ်ပြီး ကညနအဖွဲ့နဲ့အတူ အသေးစိတ်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ အကောက်ခွန်မဲ့ တင်သွင်းလာသည့် တရားမဝင်မော်တော် ယာဉ်များဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့်အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့တယ်လို့ သိရပါတယ်။

**MIRT**

## ဖွဲ့အိတ်များအောက်မှာ သိုဝှက်သယ်ဆောင်လာတဲ့ တမလန်းနဲ့ ပိတောက်သစ်များ စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီး အခြေပြုတဲ့ Mobile Team လရ (၁) အဖွဲ့သည် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် ဇူလိုင်လ ၄ ရက်နေ့ ၁၁၃၀ ချိန်တွင် မန္တလေးမှ လားရှိုးသို့ မောင်းနှင်လာသော Canter ယာဉ်အမှတ် 3J/xxxx အား စစ်ဆေးရာယာဉ်ပေါ်ရှိ ခေါက်ဆွဲခြောက်များနဲ့ ဖွဲ့အိတ်များအောက်မှာ တရားမဝင် သိုဝှက်တင်ဆောင်လာသော တမလန်းသစ် ၁၁ တုံး၊ ပိတောက်ခြမ်း ငါးခြမ်းတို့အား စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပါတယ်။

အဆိုပါ တရားမဝင် တင်ဆောင်လာတဲ့ သစ်များကို အရေးယူဆောင်ရွက်နိုင်ရန် ဆက်လက်ဆောင်ရွက်နေတယ်လို့ ရှေ့ပြေးသတင်းအရသိရပါတယ်။

**MIRT**

## ဂျူတီစာရွက်စာတမ်းအတုများနဲ့ တင်ဆောင်လာတဲ့ အကောက်ခွန်မဲ့ပစ္စည်းများကို လရ–၂ အဖွဲ့မှစစ်ဆေးတွေ့ရှိ

ညောင်ခါးရှည်အခြေပြု Mobile Team လရ-၂ ဂျူတီကုန်ပစ္စည်းစစ်ဆေးရေးအဖွဲ့သည် ဇူလိုင်လ ၆ ရက် ၂၀း၃၀ ချိန်တွင် မြဝတီဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ဂျူတီမော်တော်ယာဉ်များ စစ်ဆေးစဉ် Light Truck ဂျူတီယာဉ်အမှတ် 8B/xxxx သည် စစ်ဆေး ရေးဇုန်အတွင်းသို့ ဝင်ရောက် စစ်ဆေးမှုတစ်စုံတစ်ရာ ပြုလုပ်ခြင်းမရှိဘဲ စစ်ဆေးရေးဇုန်အတွင်းမှ ထွက်ခွာသွားတယ်လို့ သိရပါတယ်။အဆိုပါယာဉ်အား အထွက် ဂိတ်လုံခြုံရေးတာဝန်ရှိဝန်ထမ်းများက ထွက်ခွာခွင့် ခွင့်ပြုချက်စာရွက်စာတမ်းနဲ့ ဂျူတီစာရွက်စာတမ်းများအား တောင်းယူစစ်ဆေးရာ ထွက်ခွာခွင့် ခွင့်ပြုချက် စာရွက်စာတမ်းနဲ့ ဂျူတီစာရွက်စာတမ်းများမှာ အတုဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရ၍ ကွပ်ကဲမှုရုံးသို့ သတင်းပို့ပြီး မော်တော်ယာဉ်နဲ့အတူ ယာဉ်ပေါ်ပါကုန်ပစ္စည်းများအား တားဆီးထိန်းသိမ်းခဲ့ပါတယ်။ တားဆီးထိန်းသိမ်းထားသည့် ယာဉ်ပေါ်ပါကုန်ပစ္စည်းများအား ဂျူတီကုန်စစ်ဆေးရေးအဖွဲ့မှ ဖွင့်ဖောက်စစ်ဆေးရာ စိုက်ပျိုးရေးလုပ်ငန်းသုံးအပင်အားတိုးဆေး၊ ရွက်ဖြန်းဆေး၊ ပြောင်းဖူးမျိုးစေ့၊ ကြွက်သတ်ဆေး၊ အဝတ်အထည်မျိုးစုံနဲ့ အားအင်ပြည့်အာဟာရမှုန့်တို့အား လိုင်စင် ခွင့်ပြုချက် IDမပါဘဲ အကောက်ခွန်မဲ့ တင်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် Light Truck ယာဉ်နဲ့ အကောက်ခွန်မဲ့ကုန်ပစ္စည်းတို့အားနိုင်ငံဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး အကောက်ခွန်ဦးစီးဌာနသို့ အမှုတွဲဖွင့်အပ်နှံသွားမယ်လို့ သိရပါတယ်။

**MIRT**

## ဈေးများတွင် လိုင်စင်မဲ့အသားများ ရောင်းချမှုရှိ/မရှိ ရှောင်တခင်စစ်ဆေးတော့မည်

ရန်ကုန်မြို့တော်စည်ပင် သာယာနယ်နိမိတ် အတွင်းရှိ ဈေးများတွင် လိုင်စင်မဲ့အသားများ၊ ကျန်းမာရေးနဲ့ ညီညွတ်မှုမရှိသောအသားများ ရောင်းချမှုများကို ရှောင်တခင် စစ်ဆေးမှုများ ပြုလုပ်သွားတော့မယ်လို့ သတင်းရရှိပါတယ်။

ရှောင်တခင်စစ်ဆေးမှုကို ဘယ်နေ့စစ်မယ်ဆိုတာတော့ ကြိုတင်မပြောနိုင်ဘဲ မြို့စွန်မှာရှိတဲ့ ဈေးများကို ဦးစားပေးစစ်ဆေးသွားမှာဖြစ်ပါတယ်။ မြို့တွင်းမြို့နယ်ကြီးများမှ ဈေးများကိုလည်း ဆက်စစ်ဆေးမှာဖြစ်ပြီး ယခုလတ်တလောမှာလည်း ပုံမှန်စစ်ဆေးမှုများကို လုပ်ဆောင်လျက်ရှိပါတယ်။

ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့အတွက် အိမ်နီးချင်းနယ်စပ် တစ်ဖက်နိုင်ငံများမှ အေးခဲအသားများကို တရားမဝင် တင်သွင်းနေတာကြောင့် Mobile Team များက တားဆီးစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိပါတယ်။ထိုအေးခဲအသားများ ဝင်ရောက်လာတဲ့အတွက် ဇီဝလုံခြုံမှုကို ထိခိုက်လာနိုင်ရာ ထိုကဲ့သို့ အေးခဲအသားများ ဝင်ရောက်မှုကို ထိန်းချုပ်ပေးရန် မန္တလေးမြို့ရှိ မွေးမြူရေးလုပ်ငန်းရှင်များက ပြောကြားခဲ့ပါတယ်။

ယခု ရန်ကုန်တိုင်းဒေသကြီး မြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနဲ့ သားသတ်ရုံများဌာနက ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်းရှိ ဈေးတွေမှာ လိုင်စင်မဲ့အမဲသားရောင်းချမှုများ၊ ကျန်းမာရေးနဲ့ ညီညွတ်မှုမရှိသော အသားရောင်းချမှုကို ရှောင်တခင်စစ်ဆေးသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်အတွင်းရှိ ဈေးများမှ လိုင်စင်မဲ့အသားပိဿာချိန် ၈၀၀၀ကျော်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့တော်အတွင်းရှိ ဈေးများမှ သိမ်းဆည်းရမိခဲ့ပြီး အများစုမှာ အမဲသားများ ဖြစ်တယ်လို့ သိရပါတယ်။

**တိမ်ကင်းစင်**

## မန္တလေး Mobile Team မှ အုန်းသီးမှုန့်နဲ့ ဂျုံမှုန့်အပါအဝင် အကောက်ခွန်မဲ့ပစ္စည်းများအား စစ်ဆေးတွေ့ရှိ

မန္တလေး Mobile Team မှ ညွှန်ကြားရေးမှူးဦးစီးတဲ့အဖွဲ့သည် ဇူလိုင်လ ၃ ရက်နေ့ ၀၁၀၀ ချိန်တွင် မတ္တရာမြို့၌ တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် စဉ့်ကူးဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော Hilux (5u/xxxx) အမျိုးအစား ယာဉ်အားရပ်တန့်စစ်ဆေးခဲ့တယ်လို့သိရပါတယ်။ ယာဉ်အား အသေးစိတ် စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်တင်ဆောင်လာတဲ့ အုန်းသီးမှုန့်နဲ့ ဂျုံမှုန့်အပါအဝင် ခန့်မှန်းပစ္စည်း ၂၀ မျိုးအား စစ်ဆေးတွေ့ရှိရသဖြင့် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး လုပ်ထုံးလုပ်နည်းနဲ့အညီဆက်လက်ဆောင်ရွက်သွားမယ်လို့သိရပါတယ်။

**MIRT**



# ဒုက္ခကို အရောင်ဆိုးတွဲဦးမှာလား

မြင့်ဦး (ပခုက္ကူ)

ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရပါတယ်။ အကြော်ဆိုင်တွေမှာ မုန့်တွေကြော်ရင်၊ လက်ဖက်ရည်ဆိုင်မှာ အီကြာကွေး၊ စမူဆာ၊ အကြော်ဆိုင်မှာ ကုလားပဲဘယာကျော်၊ မတ်ပဲဘယာကျော်၊ ကြက်သွန်ပေါင်း၊ ဘူးသီးပေါင်းစတာတွေ ကြော်ရင် မုန့်တွေတစ်နေကုန် မာမာတောင့်တောင့်ခံအောင် မဟုတ်တဲ့ နည်းတွေသုံးပြီး ကြော်နေကြတဲ့အကြောင်း။ ဥပမာ-လက်ဖက်ရည်ဆိုင်မှာ အီကြာကွေးကြော်တယ်။ ပူတုန်းတစ်ခဏမှာ အီကြာကွေးဟာ မာမာတောင့်တောင့်ကလေးနေတယ်။ ကြာလာရင်ပျော့သွားတယ်။ ဒါကဖြစ်ရိုးဖြစ်စဉ် သဘာဝတရား၊ အခုဟာက တစ်နေကုန်မာနေတယ်။ တောင့်နေတယ်။ အရောင်လှနေတယ်။ ဘယ်လိုကြော်သလဲ။

ဥပမာ-ပဲဆီ တစ်ပိဿာ၊ စားအုန်းဆီ တစ်ပိဿာရောပြီး ဆီကိုပူအောင် မီးထိုး၊ ဆီပူပြီဆိုမှ ရေသန့် ဗူးခွံ(ပလပ်စတစ်ခွံ) ခြောက်ဘူးလောက်ကို ကပ်ကြေးနဲ့ကိုက်၊ ပလပ်စတစ်နဲ့ဆီပူနဲ့ရော၊ အရည်ဖြစ်ပြီဆိုမှ အီကြာကွေးကြော်၊ အကြော်စုံကြော်၊ အဲဒီလိုကြော်ထားတဲ့ အီကြာကွေးအကြော်စုံဟာ တစ်နေကုန်အောင်မာပြီး အရောင် လှပါတယ်တဲ့ဗျာ။ ကောင်းကြရောလား၊ အရပ်ကတို့ရေလို့သာ အော်လိုက်ချင်ပါတယ်ဗျာ။ ငါးဝယ်ရင် ငါးလတ် လတ်ဆတ်ဆတ်လို့ထင်ရအောင် ပါးဟက်ကို ဆေးနီဆိုးတယ်။ ရောင်းတယ်။ ပုဇွန်ဝယ်ရင် လတ်ဆတ်နေတယ်ထင်ရအောင် ဆပ်ပြာမှုန့်ဖျော်ထားတဲ့ ဆပ်ပြာရည်စိမ်ရောင်းတယ်။ ငါးပုဏ္ဏား(အညာဒေသ)မှာတော့ ရှားပါတယ်။ အဲဒီငါးပုဏ္ဏားကို အဝါရောင်ဆိုးဆေး ဆိုးပြီး ရောင်းတယ်။ လက်ဖက်မှာ အစိမ်းရောင်ဆိုးဆေး ဆိုးရောင်းတယ်။ ငါးပိရည်မှာ ဓာတ်မြေဩဇာပါတယ်။ နို့မှုန့်တွေမှာ မယ်လမင်းရောတယ်။ ဆီတွေမှာ ကန်ဆီ၊ မြောင်းဆီ၊ စားအုန်းဆီရောတယ်။ ငရုတ်သီးမှုန့်တွေ၊ အရောင်တင်မှုန့်တွေမှာ ဆေးဆိုးတယ်။ မျှစ်တွေမှာ ဆေးဆိုးတယ်။ ကြက်ဥအတု၊ ဆန်အတုကြားနေရတယ်။ ဒါတွေဟာ ဘယ်ပေါ်မှာအခြေခံဖြစ်ပေါ်လာတာလဲလို့ ဆန်းစစ်ကြည့်ရင် ဓာတုဗေဒပစ္စည်း(Chemical)တွေ အလွယ်တကူ ဖန်တီးရရှိလာကြတယ်။ ဒီတော့လည်း လွယ်လွယ်ကူကူ အသုံးပြုလာကြတယ်။ အမှန်တကယ်ပြောရရင် ယနေ့ လူသားတွေဟာ ဓာတုဗေဒပစ္စည်းတွေနဲ့ မလွတ်နိုင်၊ မကင်းနိုင်ဖြစ်နေကြတယ်။

ပညာရပ်တစ်ခု၊ ဘာသာရပ်တစ်ခုဖြစ်ပေါ်လာဖို့ လူသားတွေဟာ ခေတ်အဆက်ဆက်၊ နှစ်အဆက်ဆက် လေ့လာရှာဖွေစူးစမ်းသင်ယူမှတ်သားကာ သုတေသနပြုလုပ်ပြီး ခိုင်မာမှ ခိုင်လုံမှ ချပြ လက်ခံကြမှ ဘာသာရပ် တစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ကြတယ်။ ဒီဘာသာရပ်တစ်ခုကို ရှာဖွေလေ့လာစူးစမ်းခဲ့တဲ့ ပညာရှင်များရဲ့ ရည်ရွယ်ချက်ကဘာလဲ။ သူတို့ရှာဖွေတွေ့ရှိခဲ့တဲ့ ပညာရပ်ဟာ လူသားတွေကို ကောင်းစေချင်လို့ လူ့လောကပတ်ဝန်းကျင်ကို အထောက်အကူပြုစေဖို့ ရည်ရွယ်ချက်နဲ့ပါ။

လျှပ်စစ်မီးတီထွင်သူ သောမတ်စ်အယ်ဒီဆင်၊ လေယာဉ်ကိုတီထွင်ခဲ့တဲ့ ရိုက်ဖ်ညီနောင် စသည်စသည်တို့ကို တီထွင်ခဲ့ကြတာဟာ လူ့လောက၊ လူ့ပတ်ဝန်းကျင်ကို အထောက်အကူပြုဖို့၊ အကူအညီပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ပါ။ ဒါပေမယ့် လူ့လောကသဘာဝအရ အဖြစ်ရှိရင် အပျက်ရှိတယ်။ အတက်ရှိရင် အကျရှိတယ်။ အကောင်းရှိရင် အဆိုးရှိတယ်ဆိုတာကိုပါ။ အကြောင်းနဲ့ အကျိုး၊ အကောင်းနဲ့ အဆိုးဆိုတာ ဒွန်တွဲနေတတ်လေတော့ ဘာသာရပ်တစ်ခု၊ ပညာရပ်တစ်ခုအပေါ်မှာ ပြုလုပ်ဖန်တီးသူ၊ ဝယ်ယူစားသုံးအသုံးပြုသူတွေအပေါ်မှာ မူတည်တယ်လို့ သုံးသပ်ရတော့မှာဖြစ်ပါတယ်။

လူသားတွေရဲ့ စိတ်ဓာတ်တွေကို အမြဲတမ်းသုံးသပ်နေတဲ့ စိတ်ပညာရှင်တွေရဲ့ အဆိုအမိန့်တစ်ခုမှတ်သား မိပါတယ်။ “လူတွေဟာ အစားအစာတွေကို ပါးစပ်နဲ့တင်စားတာမဟုတ်ဘူး။ မျက်စိနဲ့ပါစားတယ်”လို့ဆိုပါတယ်။ အစားအစာကို ဘယ်လိုမျက်စိနဲ့ စားမှာလည်းလို့ စောဒကတက်လာရင်တော့ ဝါမှ နီမှ ရဲမှ ပန်းရောင်ကလေးမှ စားချင်တယ်။ ဝတ်နေတဲ့ အဝတ်အထည်တောင်မှ ပိတောက်ခြောက်ရောင်၊ မြင်းချေးရောင်၊ သုံးဘီးကားရောင်၊ မန်ကျည်းစေ့ရောင်၊ ပန်းရောင်မှ နီမှ ပြာမှ စသည်ဖြင့် ပါးစပ်နဲ့ရော ခန္ဓာကိုယ်ဝတ်ဆင်ရာမှာတောင် စိတ်ကဦးစီးပြီး မျက်စိက နေရာတကာမှာ ပါပါတယ်။ ဒါက ဝယ်ယူစားသုံးမှုအပိုင်း။ ထုတ်လုပ်ရောင်းချသူက ဝယ်ယူစားသုံးသူ စိတ်တိုင်းကျ ထုတ်လုပ်ရောင်းချကြပါတယ်။ ဒီအပိုင်းမှာ ဘာကွာသွားသလဲ၊ စေတနာပေါ့ဗျာ၊ ထုတ်လုပ်ရောင်းချ သူကိုယ်တိုင် ဝယ်ယူစားသုံးသူတွေ ကြိုက်နှစ်သက်အောင် လုပ်ကြရတဲ့အပိုင်းမှာ စေတနာဆိုတဲ့ ကောင်းတဲ့အပိုင်းကို ကျော်လွန်ပြီး၊ ဝေဒနာဆိုတဲ့ လောဘစိတ်က စိုးမိုးလာလေတော့ လာပါပြီ နောက်ဆက်တွဲအကျိုးဆက်က လူညွန့်တုံးစေသော၊ သေလောက်သော ရောဂါဝေဒနာတွေ ဖြစ်ပေါ်လာကြတာပါပဲ---။

ဥပမာ- မြန်မာလူမျိုးတွေ စားသုံးနေတဲ့ ဆီကိုပဲ ဥပမာ ကြည့်ရအောင်ပါ။ ပခုက္ကူမှာ နောက်ဆုံးဖြစ်ပေါ်နေတဲ့ နှမ်းညိုတစ်တင်း ၂၆၅၀၀ ကျပ်၊ နှမ်းတစ်တင်းကို ဆီကြိတ်ရင် ပုံမှန် ၆ ပိဿာပဲထွက်တယ်။ ၆ ပိဿာထက် ပိုမထွက်ဘူးလားလို့ မေးစရာရှိပါတယ်။ လေ့လာခဲ့တဲ့မှတ်တမ်းများအရ ၆ ပိဿာ၊ ၆ ဒသမ ၅ ပိဿာပဲရတာ၊ ပုံမှန် ၆ ပိဿာပဲ ထွက်တယ်ဆိုပါတော့။ တစ်တင်းကို ၂၆၅၀၀ ကျပ်/၆ ပိဿာ= တစ်ပိသာ ၄၄၁၅ ကျပ်- ဒါပုံမှန်ပဲ ထွက်တာ၊ စက်ကြိတ်ခ၊ လုပ်သားခဆိုတာတွေမပါဘဲ၊ တစ်တင်းကို ၆ ပိဿာတွက်ရင် တစ်ပိဿာကို ဘယ်လောက်ကျသလဲဆိုတာကို တွက်ထားတာပါ။ အပြင်မှာ နှမ်းဆီစစ်စစ်တစ်ပိဿာ ၄၀၀၀ ကျပ်နဲ့ရောင်းတယ်။ ရွှေတိဂုံငုံပြော ၊ ဘယ်လိုမှယုံနိုင်စရာမရှိပါဘူး။ ဒါ့အပြင် ဘာကြောင့် ဒီဈေးနဲ့ ရောင်းနိုင်တာလဲ၊ ရှင်းပါတယ်။ မြေပဲဆီပဲဖြစ်ဖြစ်၊ နှမ်းဆီပဲဖြစ်ဖြစ် ရောလို့ပေါ့ဗျာ။ ဘာရောမှာလဲ--- ဇာတ်လိုက်ကျော် စားအုန်းဆီပေါ့ဗျာ. . . စားအုန်းဆီနဲ့ပတ်သက်လို့ သိသလောက် နားလည်သလောက် ဖတ်ဖူး၊ မှတ်ဖူးသလောက် တင်ပြပါ ဦးမယ်။

စားအုန်းဆီဆိုရင် မလေးရှားနိုင်ငံကို သွားမြင်ပါတယ်။ စားအုန်းဆီထုတ်တဲ့ မလေးရှားနိုင်ငံ၊ သူ့နိုင်ငံမှာ ရော၊ စားအုန်းဆီမစားဘူးလား၊ မသုံးဘူးလား။ သူလည်း စားတယ်။ သုံးတယ်။ ကိုယ့်နိုင်ငံကိုလည်း သူ့နိုင်ငံက တင်သွင်းစားသုံးစေတယ်။ ကိုယ့်နိုင်ငံကျမှ နှလုံးသွေးကြောကျဉ်းတယ်။ ဘာဖြစ်တယ်။ ညာဖြစ်တယ်။ ပြောတယ်။ သုံးတဲ့ လူချင်းအတူတူ ဘာကြောင့် ကိုယ့်နိုင်ငံဘက်မှာဖြစ်နေတာလဲ။ ရှင်းပါတယ်----။ သတ်မှတ်ထားတဲ့ စံချိန် စံညွှန်းမမီလို့ပေါ့ဗျာ။ ကလောက်ပွိုင့် ၈ လား၊ ကလောက်ပွိုင့် ၁၀ လားဆိုတဲ့ သတ်မှတ်ချက်၊ စံချိန်စံညွှန်းမရှိလို့ပေါ့။ ရောင်းမှုဝယ်မှုမှာ စောစောကပြောသလို စေတနာပေါ့ဗျာ။

“နှမ်းတစ်တင်းကို ဒီဈေးရှိတယ်။ ဆီကြိတ်ရင် ဘယ်လောက်ကျတယ်။ ဒီဈေးရမှ ရောင်းနိုင်မယ်။ ဘာ ကြောင့် အခုဈေးနဲ့ ရောင်းနေတာလဲ၊ စားအုန်းဆီရောပြီး ရောင်းပါတယ်။ ဒါပေမယ့် ကျွန်တော်ရောပြီးရောင်းတဲ့ စားအုန်းဆီဟာ သတ်မှတ်စံချိန်စံညွှန်းမီလို့ ကျန်းမာရေးအရ တာဝန်ယူပါတယ်။ ဒါကြောင့် ရောပါတယ်။ ဒီလိုရောလို့ ဒီဈေးနဲ့ရောင်းနိုင်တာပါ။ နှမ်းဆီပဲဆီစစ်စစ်ဆိုရင် ဒီဈေးနဲ့မရောင်းနိုင်ပါဘူးဗျာ”လို့ ဘယ်သူတွေကများ ပြောပြီး ရောင်းကြသလဲ။ အရောင်းသစ္စာရှိနေကြပြီလဲ။ ဒါက ရောင်းသူအပိုင်း။

ဝယ်ယူစားသုံးသူအပိုင်းကလည်း ကြည့်ဦး။ တစ်ရက် ဈေးထဲကိုရောက်တယ်။ မျှစ်ကလေးတွေရောင်းနေ တယ်။ နီနီရဲရဲ ဝါဝါကလေးတွေ၊ ကျွန်တော်ကပြောတယ်၊ မျှစ်ကိုဒီလိုအရောင်ဆိုးရောင်းရင် ကင်ဆာရောဂါရစေတယ်။ သဘာဝအတိုင်း ရောင်းပါလားဆိုတော့ ဈေးသည်က ပြန်ပြောတယ်။ “ဆရာရယ် ဆရာတို့လို ဘာမှုမသိ ဘာမှ မတတ်ပါဘူး။ ကျွန်မက သဘာဝအတိုင်း မျှစ်ကိုရောင်းပါတယ်။ ဖြူဖတ်ဖြူရော်မို့ ဝယ်သူကမကြိုက်ဘူး။ ကျွန်မ ပြမယ်။ လွန်ခဲ့တဲ့တစ်ပတ်က သဘာဝအရောင်အတိုင်း ရောင်းတဲ့မျှစ်၊ ဝယ်သူမရှိလို့ ဒီအတိုင်းပဲဆိုပြီး သူရဲ့မရောင်းရတဲ့သဘာဝအတိုင်း အရောင်ရှိတဲ့ မျှစ်ထည့်ထားတဲ့ဗန်းကို ထုတ်ပြပါလေရော။

ဒီနေရာမှာကြည့် ဝယ်ယူစားသုံးသူက ဒီစာစုရဲ့ အစမှာတင်ပြသလို ပါးစပ်နဲ့စားရုံသာမက၊ မျက်စိကပါ စားချင်တာကိုး။ ဒီအတွက် ရောင်းသူရော ဝယ်သူမှာပါ တာဝန်ရှိနေတယ်လို့ ဆိုပါရစေ။ ရောင်းသူက စီးပွားရေးလောဘတက်ပြီး အမြတ်များများကျန်အောင် ကိုယ့်ပစ္စည်း လူကြိုက်အောင် ရောတယ်။ နှောတယ်။ အရောင်ဆိုးတယ်။ လုပ်တယ်။ အရောင်ဆိုးတဲ့ဆေးတွေက ဓါတ်ဆေးဆိုးတွေဖြစ်တယ်။ ပြောရရင် ချည်တွေမှာ အရောင်လှအောင်အသုံးပြုတဲ့ ချည်ဆိုးဆေးတွေပါ။ အစားတွေမှာဆိုးတဲ့ အစားအစာဆိုးဆေးတွေ (Food Dyes) တွေ မဟုတ်ပါဘူး။ ဒီချည်ဆိုးဆေးတွေဟာ အရောင်လှတဲ့အပြင် တောက်ပလွန်းလို့ပါ။ ဒီဆိုးဆေးတွေဟာ ကာဆီနိုဂျင်ခေါ်တဲ့ ကင်ဆာရောဂါရဲ့ အဓိကဓာတ်ပေါင်းများဖြစ်တယ်လို့ ဆိုပါတယ်။

ပုစွန်ခြောက်၊ ငါးခြောက်တွေမှာလည်း ယင်မနားအောင်၊ တာရှည်ခံအောင် ဖော်မလင် ထည့်တယ်။ ဖောမလင်ဆိုတာ လူတွေသေရင် တာရှည်ခံအောင် ထိုးရတဲ့ဆေးတစ်မျိုးပါ။ နည်းမျိုးစုံနဲ့ မသမာမှုပြုပြီး အရောင်းအဝယ်သစ္စာကို ချိုးဖောက်တယ်။ ဝယ်ယူစားသုံးသူကလည်း ခန္ဓာကိုယ်အတွက်လိုအပ်တဲ့ အစားအစာဓာတ်စာတင်မက မျက်စိအစာ၊ မျက်စိဓာတ်စာအတွက်ပါ ဝယ်ရတယ်။ လှမှ ပမှ၊ အရောင်ပါမှ သူ့ဘက်ကလည်း ဝယ်ယူစားသုံးမှု သစ္စာဖြစ်တယ်။ ကောင်းပြီ။ ရောင်းသူဝယ်သူ နှစ်ဦးစလုံးက တစ်သမတ်တည်း မဟုတ်ပါဘူး။ ရောင်းသူသည် ဝယ်သူဖြစ်တတ်သလို၊ ဝယ်သူသည်လည်း ရောင်းသူဖြစ်နေတတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အရာဝတ္ထုအားလုံးကို လူတိုင်းမထုတ်လုပ်နိုင်ကြလို့ပါပဲ။ ဒီပစ္စည်းမှာ ကိုယ်က ထုတ်လုပ်သူဖြစ်နေပေမယ့် ကိုယ့်မှာ လိုတဲ့ ၊ ကိုယ်မထုတ်လုပ်နိုင်တဲ့ ပစ္စည်းကို ဝယ်ယူစားသုံးကြရလို့ပါပဲ။ ဒီတော့ရောင်းသူရော ဝယ်သူပါ နှစ်ဖက်စလုံးမှာ ထုတ်လုပ်ရောင်းချရတဲ့ဒုက္ခ၊ ဝယ်ယူစားသုံးရတဲ့ ဒုက္ခဆိုတာ ရှိလာကြတော့မှာဖြစ်ပါတယ်။ လူတို့ကြိုးစားအား ထုတ်လေ့လာမှတ်တမ်းတင်ချပြထားတဲ့ ပညာရပ်တစ်ခုကို ကောင်းတဲ့နေရာမှာ အသုံးမပြုဘဲ၊ မကောင်းတဲ့နေရာမှာသာ အသုံးပြုခဲ့မယ်ဆိုရင်တော့ ရင်ဆိုင်တွေ့ကြုံနေရတဲ့ ဒုက္ခကို အရောင်ဆိုးနေကြတာနဲ့ တူမနေကြဘူးလား။

ဒုက္ခဆိုလို့ ဒုက္ခနဲ့ပတ်သက်တဲ့ ဓမ္မဝတ္ထုလေးတစ်ပုဒ်ကို ဖတ်ဖူးမိပါတယ်၊ နာဖူးတဲ့တရားကတော့ မမှတ်မိ တော့ပါဘူး။ တင်ပြခွင့်ပြုပါ။ စာရှုသူခင်ဗျာ၊ တစ်ခါတုန်းက လမ်းလေးခွဆုံတဲ့နေရာမှာ အရိပ်အာဝါသကောင်းတဲ့ ညောင်ပင်အကြီးကြီးရှိသတဲ့။ အဲဒီညောင်ပင်ပေါ်မှာ မျောက်ကြီးတစ်ကောင်နေထိုင်ပါတယ်။ အရှေ့အရပ်၊ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်ကလာတဲ့ ကြီးကြီးငယ်ငယ် ရွယ်ရွယ်အပေါင်းဟာ ညောင်ပင် အောက်မှာ တစ်ခဏတာ နားခိုရင်း ပါးစပ်က ဆိုကြ ပြောကြပါတယ်။ ဒုက္ခ၊ ဒုက္ခလို့ ပြောကြပါသတဲ့။ မျောက်ကြီးက သစ်ပင်ပေါ်ကနေ အဲဒီဒုက္ခဆိုတဲ့စကားကို နေ့စဉ်ကြားနေရတယ်။ ဘယ်လိုပုဂ္ဂိုလ်လာလာ တစ်ဒုက္ခထဲ ဒုက္ခနေကြတာပဲ၊ ဒီဒုက္ခဆိုတာ ဘယ်လိုအရာကြီးလဲလို့ သိချင်လာပါတယ်။ သူ့

**စာမျက်နှာ ၂၁ သို့**

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှ ဦးဆောင်ကျင်းပသော 5th Global Review of Aid for Trade ဆိုင်ရာဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ရုံးတွင် ဇွန်လ ၃၀ ရက်နေ့မှ ဇူလိုင်လ ၂ ရက်နေ့အထိကျင်းပခဲ့သည့် 5th Global Review of Aid for Trade ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သည် ကုန်သွယ်မှုဆိုင်ရာ အကူအညီ (Aid for Trade) များအပေါ် ပူးပေါင်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများနှင့် ပတ်သက်သည့် ကမ္ဘာလုံးဆိုင်ရာ ဆန်းစစ်လေ့လာသုံးသပ်မှုကို ၂၀၀၇ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့ရာ ယခုနှစ်တွင် ပဉ္စမအကြိမ်မြောက်အဖြစ် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါ 5th Global Review of Aid for Trade ဆွေးနွေးပွဲကို အခွန့်ရှည်သော ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားလုံးပါဝင်ဆောင်ရွက်ခွင့်ရှိသော ကုန်သွယ်မှုအခွင့်အလမ်းများ ဖြစ်ထွန်းလာစေရေးတို့အတွက် ကုန်သွယ်ရေးဆိုင်ရာ ကုန်ကျစရိတ်များလျှော့ချသွားရန် ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး သဘောတူစာချုပ် (WTO's Trade Facilitation Agreement) အရ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဒေသတွင်းအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့အစည်းများ၏ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပေး ခဲ့သည့် ကိစ္စရပ်များအား အဓိကထား၍ ဆွေးနွေးရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပါသည်။

အဆိုပါဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် Mr.Roberto Azevedo၊ OECD အဖွဲ့၏ အထွေထွေအတွင်းရေးမှူးချုပ် Mr.Angel Gurria ၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Mr.Jim Kim ၊ အာရှ ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Takehiko Nakao ၊ UNCTAD ၏ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ Mr.Joakim Reiter တို့နှင့်အတူ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင် စုစုပေါင်း အင်အား ၁၂၀၀ ခန့် တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံကိုယ်စား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့်အတူ ကုန်သွယ်မှုဆိုင်ရာအကူအညီပေးရေး အစီအစဉ် (Enhanced Integrated Framework-EIF) ကို လက်တွေ့ဦးဆောင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ Aid for Trade Coordination Unit အဖွဲ့မှကိုယ်စားလှယ်များ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ တာဝန်ရှိသူများလည်း ပါဝင် တက်ရောက်ခဲ့ပါသည်။

ဇူလိုင်လ ၁ ရက်နေ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေးအစီအစဉ် (Enhanced Integrated Framwork-EIF) ဒုတိယအဆင့်ကို ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံးချုပ်၌ ကျင်းပသော Launch of New EIF အစီအစဉ်သို့လည်း တက်ရောက်ခဲ့ပါသည်။ EIF အစီအစဉ်၏ ဒုတိယအဆင့်ကို ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဆောင်ရွက်သွားရန် သဘောတူညီမှုရရှိထားပြီး Trade for LDC Development အတွက် အဓိကဦးတည်ဆောင်ရွက်သွားရန် ရည်မှန်းချက်ထားရှိ ထားကြောင်း သိရှိရပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အဆိုပါ ဆွေးနွေးပွဲသို့တက်ရောက်နေစဉ် ကာလအတွင်း ကမ္ဘာ့ဘဏ် (World Bank) အကြီးတန်းညွှန်ကြားရေးမှူးဖြစ်သူ Ms.Anable Gonzales နှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို လည်းကောင်း၊ UK အဖွဲ့ရုံးမှ အမြဲတမ်းကိုယ်စားလှယ် H.E Mr.Julian Braithwaite နှင့် UK ၏ Minister of State at the Department for International Development ဖြစ်သူ H.E Mr. Rt Hon Desmond Swayne TD တို့က ဖိတ်ကြားသည့် အလုပ်သဘောနေ့လယ်စာစားပွဲသို့တက်ရောက်၍ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး သဘောတူစာချုပ်အား လိုက်ပါအကောင်အထည် ဖော်နေမှုအခြေအနေများကို လည်းကောင်း၊ ဂျာမန်ကိုယ်စားလှယ်အဖွဲ့မှ Head of Division Trade Related Development Cooperation ဖြစ်သူ Ms. Daniela Zehentner-Capell နှင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ အကူအညီများရရှိရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း သီးသန့်အစည်းအဝေးများ (Bilateral Meeting) ကျင်းပပြုလုပ်ပြီး နှစ်ဖက်ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြပါသည်။

ထို့အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှနည်းပညာ အကူအညီများပိုမိုရရှိရေးနှင့် EIF လုပ်ငန်းစဉ်နှင့် National Export Strategy အားဆက်လက်အကောင်အထည်ဖော်ရန် ကိစ္စရပ်များနှင့် ပတ်သက်၍ EIF အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် လည်းကောင်း National Export Strategy ရေးဆွဲခဲ့သော ITC မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ Safeguard Law ရေးဆွဲမှုအပါအဝင် ဆက်လက်ဆောင်ရွက်သွားရမည့် ကုန်သွယ်ရေးဆိုင်ရာ ကုစားမှုအစီအမံ (Trade Remedies) ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ရုံးချုပ်မှ တာဝန်ရှိသူများနှင့်လည်းကောင်း Technical Level ဆိုင်ရာ အကြောင်းအရာများအား အသေးစိတ် ဆွေးနွေးခဲ့ကြပါသည်။

ကျင်းပပြီးစီးခဲ့သည့် 5th Global Review of Aid for Trade ဆိုင်ရာ ဆွေးနွေးပွဲသည် ကုန်သွယ်မှုအခွင့်အလမ်းများ ဖြစ်ထွန်းလာစေရေးတို့အတွက် ကုန်သွယ်ရေးဆိုင်ရာ ကုန်ကျစရိတ်များလျှော့ချသွားရေးနှင့်ပတ်သက်၍ ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ကဏ္ဍအလိုက် ဖော်ထုတ်ဆွေးနွေးခဲ့ကြပြီး ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကို အဓိကဦးတည် ဆောင်ရွက်သွားမည်ဟု သိရှိရပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO ၏ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ သဘောတူညီချက် (Trade Facilitation Agreement) ပါ အချက်များကို လိုက်ပါအကောင်အထည်ဖော်နိုင်ရေး၊ လိုအပ်သည့်ကူညီပံ့ပိုးမှုများကို EIF အစီအစဉ်၏ ဒုတိယအဆင့်တွင် အဓိကအခန်းကဏ္ဍ တစ်ရပ်အဖြစ်ထည့်သွင်းဆောင်ရွက်သွားရန် ရည်ရွယ်ထားပါသည်။ ထို့အပြင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့၌ ကျင်းပသွားမည့် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏ (၁၀)ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံတွင် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဆိုင်ရာ သဘောတူညီချက် (Trade Facilitation Agreement) စတင်အသက်ဝင်ကြောင်း ကြေညာချက်ကိုထုတ်ပြန်နိုင်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ဝင်နိုင်ငံများအား တိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**စာမျက်နှာ ၂၀ မှအဆက်**

မှာလည်း နေ့တိုင်းကြားနေရတဲ့စကားရဲ့ အတိမ်အနက်ကို သိရှိလိုတော့ မလှမ်း မကမ်းမှာ တရားကျင့်နေတဲ့ ရသေ့တစ်ပါးဆီ အရောက်သွားပြီး ဒုက္ခ ဆိုတာ ဘာလဲလို့သိချင်ကြောင်း မေးမြန်းလျှောက်ထားပါတယ်။ ရသေ့ကြီးက မင်းဘာသာပဲနေပါကွာ၊ မသိချင်ပါနဲ့လို့ ပြောပါတယ်။ ဒါပေမယ့် မျောက်ကြီးက သိချင်ကြောင်း ဆက်လျှောက်တော့ နောက် နေ့လာခဲ့ဆိုပြီး မှာလိုက်ပါတယ်။ နောက်နေ့လည်းရောက်ရော ရသေ့ ကြီးက အထုပ်ကြီးတစ်ထုပ်ကို ကြိုးနဲ့ချည်ထားတယ်။ မျောက်ကြီးလည်း ရောက်လာတဲ့အချိန်မှာ မင်း ဒီအထုပ်ကို ထမ်းသွား၊ သစ်ပင် တစ်ပင်သာရှိတဲ့ ကွင်းပြင်ရောက်ရင် ဖွင့်ကြည့်လိုက်။ အဲဒီအထဲမှာ မင်းသိလိုတဲ့ ဒုက္ခဆိုတဲ့ အကောင်ပါတယ်လို့ မှာလိုက်ပါတယ်။

မျောက်ကြီးလည်း အထုပ်ကြီးကို ပင်ပန်းကြီးစွာ ထမ်းသွားပြီး ရသေ့မှာလိုက်တဲ့ သစ်ပင်တစ်ပင်သာရှိတဲ့ ကွင်းပြင်ရောက်တော့ အထုပ်ကို ကြိုး ဖြေကြည့်ပါတယ်။ အထုပ်ထဲမှာ အစာမစား၊ ရေမသောက်ရဘဲ အဖမ်းခံနေရတဲ့ ခွေးကြီးတစ်ကောင်ဟာ အထုပ်ကိုချည်ထားတဲ့ ကြိုးလည်း ပြုတ်ရော ဒေါသတကြီးနဲ့ မျောက်ကြီးကို လိုက်ကိုက်တော့တာပေါ့။ မျောက်ကြီးလည်း အလဲလဲအကွဲကွဲနဲ့ ခွေးကြီးရဲ့ အကိုက်ခံရပြီး တစ်ပင်ထဲသာရှိတဲ့ သစ်ပင်ပေါ် တက်ပြေးရသတဲ့၊ မျောက်ကြီးက သစ်ပင်ပေါ် မှာ၊ ခွေးက သစ်ပင်အောက်ကနေ ဆောင့်ကြောင့်ထိုင်ပြီး ပါးစပ်ပြဲပြဲ လျှာတွဲလဲနဲ့ပေါ့။ သစ်ပင်ပေါ် က မျောက်က စဉ်းစားတယ်၊ အော် လူတွေပြောပြောနေတဲ့ ဒုက္ခဆိုတဲ့အကောင်မင်း တော်တော်ဆိုးတာပဲ။ လူတွေ ငြီးမယ်ဆိုရင်လည်း ငြီးလောက်ပါတယ်။ တကယ်တော့ ဒုက္ခဆိုတာ ပါးစပ်ပြဲပြဲ လျှာတွဲလဲနဲ့ အစွယ်ပြူးပြူးအကောင်တစ်ကောင်ပါလားဆိုပြီး ဒုက္ခကို သတ်မှတ်ပါတယ်တဲ့။ သူက တိရစ္ဆာန်ကိုး။ မိမိခန္ဓာကိုယ်မှာ ထမ်းရပိုးရ ပြေးရလွှားရ အပွန်းအပဲ့တွေနဲ့ ခွေးအကိုက်ခံရတဲ့ ခန္ဓာကိုယ်က နာကျင်နေတာကိုတော့ ဒုက္ခလို့ မသတ်မှတ်ဘဲ ဒုက္ခဆိုတာ ပါးစပ်ပြဲပြဲ လျှာတွဲလွဲနဲ့ အကောင်လို့ပဲ သတ်မှတ်လိုက်တာကိုး။

ကဲ ကျွန်တော်တို့လူသားတွေ ထုတ်လုပ်ရောင်းချသူ ဝယ်ယူသူ၊ စားသုံးသူအားလုံးဟာ လူသားတွေ မဟုတ်ပါလား၊ လူသားတွေဆိုတာ မျောက်သတ္တဝါလို ဒုက္ခဆိုတာ ပါးစပ်ပြဲပြဲ လျှာတွဲလွဲနဲ့အကောင်ဆိုတဲ့ အသိတရားမဟုတ်ဘဲ ဒုက္ခဆိုတာ ဆင်းရဲခြင်းပါလို့ သိနေကြရင် ထုတ်လုပ်ရောင်းချသူက လောဘဦးမစီးဘဲ စေတနာတရား ဦးစီးကာ အရောင်းအဝယ်အပေါ် မှာ သစ္စာရှိဖို့လိုသလို ဝယ်ယူစားသုံးသူတွေကလည်း အစားအစာကို ပါးစပ်နဲ့ မျက်စေ့နဲ့တင် စားသုံးတာမျိုးမဟုတ်ဘဲ စဉ်းစားချင့်ချိန်နှိုင်းယှဉ်တဲ့ အသိတရားနဲ့ယှဉ်ပြီး စားသုံးမှုသစ္စာတွေနဲ့ စားသုံးကြဖို့ တိုက်တွန်းချင်ပါတယ်။ ဒုက္ခကို အရောင်မဆိုးကြပါနဲ့။ ဒုက္ခကို အရောင်ဆိုးကြဦးမှာလားဆိုတာ စဉ်းစားကြစေလိုကြောင်းပါ။

## ပြောင်း

### စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အစေ့ထုတ်ပြောင်း(မိုး) ၇၂ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီး

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးအစေ့ထုတ်ပြောင်း လျာထားစိုက်ဧက ၁ ဒသမ ၈၇ သိန်းရှိရာ၊ ဇူလိုင်လ ပထမပတ်အထိ ဧက ၁ ဒသမ ၅၂ သိန်းစိုက်ပျိုးနိုင်ခဲ့သဖြင့် ၈၂ ရာခိုင်နှုန်း ကျော်စိုက်ပျိုးပြီးစီးကြောင်းသိရပါတယ်။ ယမန်နှစ်ကာလတူထက် စိုက်ဧက ၁၈၉၄ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးအစေ့ထုတ်ပြောင်းကို ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်နှင့် ကလေးခရိုင်အတွင်းရှိ ကလေးမြို့နယ်တို့မှာ အများဆုံး စိုက်ပျိုးခဲ့ပါတယ်။

အစေ့ထုတ်ပြောင်းကို တရုတ်ဝယ်လက်က ပုံမှန်အဝယ်ရှိနေပြီး၊ တစ်တင်း ၉၂၀၀ ကျပ်ထိ ဈေးမြင့်တက်ခဲ့ပါတယ်။ထိုကဲ့သို့ ဈေးမြင့်တက်ခဲ့မှုကြောင့် အစေ့ထုတ်ပြောင်းကို မိုး/ဆောင်း ပုံမှန်စိုက်အပြင် ချင်းတွင်းမြစ်ဝှမ်းဒေသရှိ ကျေးရွာများမှာလည်း ရာသီမရွေးစိုက်ပျိုးလျက်ရှိကြောင်းသိရပါတယ်။


**အောင်မင်း-တန့်ဆည်**

### ပြောင်းပိုမိုတင်ပို့

ဇွန်လ ၂၇ ရက်မှ ဇူလိုင်လ ၃ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄ ဒသမ ၇၅၃ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၆၀၇၅ တန်ခွဲ၊ လွယ်ဂျယ်မှ ကန်ဒေါ်လာ သုည ဒသမ ၂၉၀ သန်းတန်ဖိုးရှိ ပြောင်းတန် ၁၀၀၀ နဲ့ ကန်ပိုက်တီးမှ ကန်ဒေါ်လာ သုည ဒသမ ၀၄၄ သန်းတန်ဖိုးရှိ ပြောင်း ၁၄၇ တန်ခွဲတို့ တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က ထိုစခန်းမှ ပြောင်းတန်ချိန် ၁၂၆၇၀ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ပြောင်းတင်ပို့မှု ၄၅၅၃ တန်ပိုမိုလာပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၃၆၈၂၀၈ ကျပ်ရှိခဲ့ရာ ယခုတစ်ပတ်တွင် ၃၇၀၃၀၄ ကျပ်သို့ ပြောင်းဈေးများ ထပ်မံမြင့်တက်လာတာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ နယ်စုံမှ ပြောင်းဝင်ရောက်မှု ပုံမှန်ရှိသလို တရုတ်ဘက်ကလည်း ဝယ်လိုအား ပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း၊ တစ်ရက်လျှင် ပြောင်းကားစီးရေ(၈၀-၁၂၀) စီးခန့် ဝင်ရောက်မှုရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**



| ၆-၇-၂၀၁၅ မှ ၁၀-၇-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 181 | 9,842,694.677 |
| 2 | Form D | 24 | 2,314,994.170 |
| 3 | Form E | 68 | 1,140,259.050 |
| 4 | Korea GSP | 3 | 44,476.200 |
| 5 | Form AK | 49 | 2,552,019.330 |
| 6 | Form AJ | 13 | 298,386.850 |
| 7 | Form AI | 45 | 2,053,382.200 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **383** | **18,246,212,477** |

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှ ရော်ဘာတင်ပို့မှု လျော့ကျ

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန်လ ၂၈ ရက်မှ ဇူလိုင်လ ၄ ရက်နေ့ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၄၀၂၅၀ တန်ဖိုးရှိ MSR-20 ရော်ဘာ ၁၂၅ တန်ကို တရုတ်နိုင်ငံကို တင်ပို့ခဲ့ပါတယ်။ဇွန်လအတွင်းရော်ဘာတင်ပို့မှုဟာ အနီးစပ်ဆုံးကာလထက်ရော၊ ယမန်နှစ်ကာလတူထက်ပါ လျော့နည်းခဲ့ပါတယ်။ အနီးစပ်ဆုံးဖြစ်တဲ့ မေလက တန် ၃၃၉၀ ခန့်တင်ပို့နိုင်ပြီး ယမန်နှစ်ကာလတူ ဇွန်လ က ၂၄၈၁ တန်တင်ပို့ခဲ့ပါတယ်။ယခုနှစ် ဇွန်လမှာ ကန်ဒေါ်လာ ၁ ဒသမ ၆၈၆ သန်းဖိုးရှိ ရော်ဘာ ၁၄၄၂ တန်ကျော် သာတင်ပို့နိုင်တာမို့ တင်ပို့မှု သိသိသာသာကျဆင်းခဲ့တာတွေ့ရပါတယ်။ပင်လယ်ရေကြောင်းမှ တင်ပို့မှုလျော့ကျခဲ့သော်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုဟာ ဇွန်လအတွင်း ရော်ဘာအဆင့်စုံ ၇၂၃၆ တန်ကျော်တင်ပို့ထားပြီး အနီးစပ်ဆုံးလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပိုမို တင်ပို့နိုင်ကြောင်းသိရှိရပါတယ်။

ယခုတစ်ပတ်တွင် ရော်ဘာပေါက်ဈေးများမှာ နိုင်ငံတကာဈေးတွင်အနည်းငယ်ကျဆင်းကြောင်း သိရပါတယ်။ဒါကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးများလည်း ယခင်တစ်ပတ်ထက်ဈေးကျလာပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက တစ်တန်လျှင် ဒေါ်လာ ၅၀ စီချ၍ ဈေးနှုန်း ထုတ်ပြန်ခဲ့ကြောင်းသိရှိရပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၅၀၀-၁၆၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၅၀-၁၅၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **Concentrate** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |
| **Latex 60% DRC** | | |

ယဉ်ယဉ်အေး

# မိုးကာလရောက်သော်လည်း ရော်ဘာပိုမိုတင်ပို့

ဇွန်လ နောက်ဆုံးပတ်ဖြစ်တဲ့ ဇွန် ၂၇ ရက်နေ့မှ ဇူလိုင် ၃ ရက်နေ့ထိ မိုးကာလအတွင်းမှာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၁ ဒသမ ၆၇၉ သန်းဖိုးရှိတဲ့ ရော်ဘာအဆင့်စုံ ၁၂၁၄ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁ ဒသမ ၃၆၉ သန်းဖိုးရှိ ရော်ဘာ ၉၇၉ တန်တင်ပို့ခဲ့ရာမှာ RSS-3 ၇၅၁ တန်ကျော်၊ MSR-20 ၁၀၅ တန်နဲ့ MSR-50 ၁၂၂ တန်ကျော် တင်ပို့ခဲ့တာဖြစ်ကြောင်း သိရှိရပါတယ်။



မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်စခန်းမှ Latex 60% DRC ၅ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ RSS-3 တန် ၁၆၀ နဲ့ MSR-20 တန် ၇၀ အသီးသီးတင်ပို့ခဲ့ပါတယ်။ ဇွန်လအတွင်း ကန်ဒေါ်လာ ၉ ဒသမ ၉၂၃ သန်းဖိုးရှိ ရော်ဘာ ၇၂၃၆ တန်ကျော်တင်ပို့ခဲ့ရာ အနီးစပ်ဆုံး မေလထက် ၁၆၂ တန်ပိုမိုတင်ပို့ထားကြောင်းသိရပါတယ်။ ယမန်နှစ်ကာလတူထက် ၃၄၂၈ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုကဲ့သို့ ပိုမိုတင်ပို့နိုင်ရခြင်းမှာ ရော်ဘာဈေးကောင်းရနေတဲ့အတွက် လက်ကျန်ရော်ဘာများကို တင်ပို့ခဲ့တာကြောင့်ဖြစ်ပါတယ်။ မူဆယ်ကုန်စည်ဒိုင် ရော်ဘာဈေးကတော့ RSS-3 တစ်တန်ကို ယမန်နှစ် ဇွန်လနောက်ဆုံးပတ်က ၁၅၅၇၃၅၅ ကျပ်ရှိပြီး၊ ယခုနှစ် မေလ နောက်ဆုံးပတ်မှာ ၁၅၂၈၃၀၀ ကျပ်နဲ့ ဇွန်လနောက်ဆုံးပတ်မှာ ၁၆၉၈၅၇၇ ကျပ်ဖြစ်တဲ့အတွက် ကာလတူထက်ရော၊ အနီးစပ်ဆုံးလထက်ပါ ဈေးပိုမိုရရှိခဲ့ပါတယ်။ တစ်ဖက်နိုင်ငံဈေးကလည်း တစ်တန်ကို ယခင်တစ်ပတ်က ၈၅၀၀ ယွမ်ကနေ ယခုတစ်ပတ်မှာ ယွမ် ၉၀၀၀ ထိ ဈေးပေါက်နေတာဖြစ်ပါတယ်။ ဒေသတွင်း ပေါက်ဈေးကတော့ မြိတ်မှာ RSS-3 တစ်ပေါင်ကို ၆၈၁ ကျပ်၊ မော်လမြိုင်မှာ RSS-3 တစ်ပေါင်ကို ၇၉၀ ကျပ်နဲ့ ဈေးငြိမ်နေပါတယ်။

**ယဉ်ယဉ်အေး**

## သကြား

### တရုတ်နယ်စပ်မှ သကြားဖြူ တန်ခြောက်ရာကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ သကြားကားတွေ ဝင်ရောက်နေတယ်လို့ သိရပါတယ်။ ဇွန်လ ၂၇ ရက်မှ ဇူလိုင် ၃ ရက်အထိကာလအတွင်းမှာ တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ သုည ဒသမ ၃၆၃ သန်း တန်ဖိုးရှိ သကြားဖြူ ၆၀၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်ထက် သကြားဖြူ ၁၄၆ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။သကြားတစ်ပိဿာပေါက်ဈေးကတော့ ၁၂၀၀ ကျပ်ရှိတယ်လို့ သိရပါတယ်။ဥပုသ်ရာသီဖြစ်၍ သကြားဈေးအနည်းငယ်တက်သွားတယ်လို့ သတင်း ရရှိပါတယ်။

**မြင့်မြင့်မာ**

# စိုက်ပျိုးရေး ထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် အသုံးပြု၍ ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း

ကျော်မြင့်

ယခုတင်ပြချက်သည် စိုက်ပျိုးရေးထွက်ကုန်များကို အသုံးပြု၍ တန်ဖိုးမြှင့် ထုတ်ကုန် (value added product)အဖြစ် ထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်တွင် ပြန်လည်ရောင်းချသည့်လုပ်ငန်းအတွက် ဖော်ညွှန်းတင်ပြခြင်းဖြစ်ပါသည်။ လုပ်ငန်း ဆောင်ရွက်မှုအနေအထားအရလည်းကောင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုအရ လည်းကောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(SME) အဆင့် တွင်သာရှိသည်ဆိုပါစို့။။

ဥပမာ-လုပ်ငန်းရှင်တစ်ဦးသည် နာနတ်သီးသို့မဟုတ် လိမ္မော်သီးအလျှံပယ် ကုန်ကြမ်းပေါများသော ဒေသတွင် အခြေချနေထိုင်သဖြင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန်စဉ်းစားသည်ဆိုပါစို့။ စိုက်ပျိုးသူထံမှ တိုက်ရိုက်ဝယ်ယူ၍ အခြားဒေသမှ လက်ကားဈေးကွက်များသို့ တင်ပို့ရောင်းချမည်၊ သို့မဟုတ် နာနတ်သီးဖျော်ရည် (Pineapple juice)၊ နာနတ်သီးယို(Pineapple jam)၊ လိမ္မော်သီးဖျော်ရည် (Orangejuice) တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်၍ မိမိဒေသမှဈေးများသို့ ရောင်းချမည် သို့မဟုတ် ပြည်တွင်းဈေးကွက်ကြီး များထိဖြန့်ဖြူးရောင်းချမည်ဆိုသော စိုက်ပျိုးစီးပွားရေးလုပ်ငန်း (Agribusiness) အတွက် စဉ်းစားဖွယ်ရာအချက်များ ဖြစ်ပေါ်လာပါသည်။ ပြည်ပသို့တင်ပို့ရောင်းချသည့် အဆင့်ထိ ဆောင်ရွက်ရန် မစဉ်းစားပါ။။

ဖော်ပြခဲ့သော စဉ်းစားဖွယ်ရာ စိုက်ပျိုးစီးပွားရေးလုပ်ငန်း (Agribusiness) တွင် ဈေးကွက် (MARKET) သည် အရေးပါလာပါတော့သည်။ ဤနေရာတွင် ဈေးကွက်သည် အဓိပ္ပာယ်နှစ်မျိုးဖြစ်စေပါသည်။

(၁) ပထမအချက်မှာ စားသုံးသူများ၏ ဝယ်လိုအား (Consumer demand) နှင့် မည်သည့်အရည်အသွေးရှိသော ထုတ်ကုန်ကိုသာ ဝယ်ယူလိုသည် (What they want)

(၂) ဒုတိယအချက်မှာ မိမိထုတ်ကုန်နှင့် ယှဉ်ပြိုင်ရောင်းချသည့်သူများ၊ ယှဉ် ပြိုင်ရောင်းချသည့် သူများသည် ဈေးနှုန်းမည်သို့ သတ်မှတ်ရောင်းချသနည်း၊ ယှဉ် ပြိုင်ရောင်းချသည့်သူများမှ ထုတ်ကုန်ကို မည်သည့်နေရာမှ လက်လီလက်ကားရောင်းချသူများထံ မည်သို့ ဖြန့်ဖြူးရောင်းချရန်စီစဉ်သနည်း၊ ရောင်းအားတက်ရန် မည်သို့ အစီအစဉ်များဖြင့် ဆောင်ရွက်သနည်း။

**Product, price, place , and promotion ( important-4 P)**

PRODUCT
- The taste, other attributes of the product, consumer preferrence, the appearance of product, label, brand name

PRICE
- Competitors' wholesale price, retail price, price variation according to location

PLACE
- Where and how to sell the product, how can be supplied

PROMOTION
- The advertising required
- Ther promotional tools that are used such as free sample, costs involved with various types of promotion

**အရေးကြီးဆုံးပါဝင်လာသည့်အချက်များမှာ-**

(၁) ထုတ်ကုန် (Product) တွင်စားသုံးသူများ ကြိုက်နှစ်သက်မှုရှိစေခြင်း၊ တံဆိပ်အမည်၊ အညွှန်းများ။

(၂) ဈေးနှုန်းသတ်မှတ်ခြင်း(Price) မည်သို့ဈေးနှုန်းသတ်မှတ်မည်လဲ၊

(၃) ရောင်းချမည့်နေရာ သို့မဟုတ် ဈေးကွက်(Place)နှင့်

(၄) ရောင်းအားမြှင့်တင်ခြင်း (Promotion)တို့ဖြစ်ကြ သည်။

ရောင်းဝယ်မှုလုပ်ငန်းတွင် အခြေခံကျသောအချက်များဖြစ်ပါသည်။ အချို့က (4P)ဟုလည်း ပြောဆိုကြသည်။

ဖတ်ရှုသူအများစုစိတ်ဝင်စားဖွယ်ရာ ဖြစ်နိုင်သည့် ဈေးနှုန်းသတ်မှတ်ခြင်း၊ ရောင်းအားမြှင့်တင်ခြင်း (Promotion) ကို စတင်ဖော်ပြထားပါသည်။

**ဈေးနှုန်းသတ်မှတ်ခြင်း။** စိုက်ပျိုးရေးထွက်ကုန်များကိုအသုံးပြု၍ တန်ဖိုးမြှင့် ထုတ်ကုန်(Value added product)အဖြစ် ထုတ်လုပ်ပြီး ရောင်းချခြင်း လုပ်ငန်းဖြစ် ရာကုန်ကျစရိတ်တွင် ပုံသေစရိတ် (Fixed cost) နှင့် စရိတ်ရှင်(Variable cost) ရှိပါသည်။ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရန် အဆောက်အဦ၊ ကုန်ကြမ်းအတွက် သိုလှောင်ရုံ၊ ကုန်ချောထုတ်လုပ်သည်အလုပ်ရုံ၊ ထုပ်ပိုး ခြင်း၊ တင်ပို့ခြင်းအတွက် ထုတ်ကုန်ကုန်ချောသိုလှောင်ရုံစသည်တို့သည် ပုံသေစရိတ်များဖြစ်သည်။ တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်မှုအရေအတွက်များလေ၊ တစ်ယူနစ်အတွက် ပုံသေစရိတ် (Fixed cost) လျော့နည်းလာလေဖြစ်ပါသည်။ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ် မှုများလေ၊ ကုန်ကြမ်းသုံးစွဲရမှုစရိတ် ထုတ်လုပ်မှုစရိတ်များလေဖြစ်ပါသည်။ ယင်းကို စရိတ်ရှင် (Variable cost) ဟုခေါ်ဝေါ်ပါသည်။

| အကြောင်းအရာ | ဈေးနှုန်း (Price) | % of retail price | Margin (%) | Mark-up (%) |
|---|---|---|---|---|
| တန်ဖိုးမြှင့်ထုတ်ကုန်၊ ထုတ်လုပ်သည့်နေရာမှ ဈေး | ၁၅၀ | ၆၂. ၅ | | |
| လက်ကားရောင်းဈေး (Wholesale selling price ) | ၁၈၀ | ၇၅ | ၁၂. ၅% (180-150=30) (30/240)X100 | ၂၀% (30/150) X 100 |
| လက်လီရောင်းဈေး (Retail price ) | ၂၄၀ | ၁၀၀ | ၂၅% (240-180=60) ( 60/240 X100) | ၃၃. ၃ % ( 60/180 X100) |

Margin ကိုတွက်ချက်ရာတွင် နောက်ဆုံးလက်လီရောင်းဈေးပေါ် အခြေခံပြီး တွက်ချက်ထားပါသည်။ Mark-up သည်ဝယ်ဈေးနှင့် ရောင်းဈေးပေါ်အခြေခံပြီး တွက်ချက်ထားပါသည်။ တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်သည့်နေရာမှ ဈေးသည် ဝယ်ဈေးဖြစ်ပြီး၊ လက်ကားရောင်းဈေးသည် ရောင်းဈေးဖြစ်ပါသည်။ ဝယ်ဈေးနှင့် ရောင်းဈေးခြားနားချက်ကို ဝယ်ဈေးပေါ်အခြေခံပြီး Mark-up (%) တွက်ချက် ပါသည်။ Mark-up သည် မိမိတန်ဖိုးမြှင့်ထုတ်ကုန်ကို ပြန်လည်ရောင်းချသူက မည်မျှဈေးထပ်မံမြှင့်တင်ပြီး ရောင်းချလိုသည့်ဈေးကိုဆွေးနွေးရန်ဖြစ်ပါသည်။ ဈေး နှုန်းမြှင့်မားပါက ယှဉ်ပြိုင်ရောင်းချမှုကို အဟန့်အတားဖြစ်ပေါ်စေပါသည်။ ဖော်ပြပါ ဥပမာတွင် လက်ကားရောင်းချမည့်သူက တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် နေရာ မှ ဈေးထက် ၂၀ ရာခိုင်နှုန်းဈေးမြှင့်ရောင်းချပြီး လက်လီရောင်းချသူက လက်ကား ရောင်းချသူထက် ၃၃ ဒသမ ၃ ရာခိုင်နှုန်းဈေးမြှင့်ရောင်းချသည် ဟုစိစစ်ရရှိပါသည်။ Margin သည် မိမိလုပ်ငန်းအတွက် အကြမ်းအမြတ်ကို သိရှိနိုင်ပါသည်။ ရောင်းဝယ်မှုစရိတ် (Marketing cost) ကိုနုတ်ပယ်ပါက အမြတ် (Profit margin) ကိုရရှိမည်ဖြစ်ပါသည်။

## ရောင်းအားမြှင့်တင်ခြင်း(Promotion)

ရောင်းအားမြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ချက်သည် လူအများသတိပြုမိ စေရန်နှင့် မိမိတန်ဖိုးမြှင့်ထုတ်ကုန်ကို ဝယ်ယူစေရန်အတွက်ဖြစ်သည်။ ရောင်းအား မြှင့်တင်ခြင်းနှင့် ပတ်သက်သည့် နည်းလမ်းအခြေခံအချက်များကို ဖော်ပြထားပါသည်။

(၁) **ကြော်ငြာခြင်း(Advertising)** ။ ရေဒီယို၊ ရုပ်မြင်သံကြား၊ အစိုးရပိုင် သတင်းစာ၊ မဂ္ဂဇင်း၊ နံရံကပ်ကြော်ငြာ၊ လမ်းဘေးကြော်ငြာ ဆိုင်းဘုတ်ကြီး (Billboards) နှင့် လမ်းသွားလမ်းလာလူများအား လက်ကမ်းစာစောင်များကို လက်ဆင့်ကမ်း ဖြန့်ဝေခြင်း၊ အိမ်များသို့ ဖြန့်ဝေခြင်းတို့သည် ကြော်ငြာခြင်း (Advertising) တွင် ပါဝင်ပါသည်။ ယခုဖော်ပြသော လုပ်ငန်း ဆောင်ရွက်မှုအနေအထားနှင့် ငွေကြေးရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) အဆင့်တွင်သာရှိသဖြင့် ရေဒီယို၊ ရုပ်မြင်သံကြား၊ အစိုးရပိုင်သတင်းစာများမှ ကြော်ငြာခြင်းသည် ဆီလျော်မှုမရှိဘဲ၊ အခြားနည်းလမ်းများဖြင့်သာ ကြော်ငြာခြင်း (Advertising) ကို ဆောင်ရွက်သင့်ပါသည်။

(၂) **ရောင်းချသည့်ဆိုင်အတွင်း အထူးခင်းကျင်းပြသခြင်း (Point–of-sale display)** ။ ရောင်းချသည့် ဆိုင်အတွင်း အထူးခင်းကျင်းပြသခြင်း၊ စူပါမားကက် ဆိုပါကဝယ်ယူသည့်တန်ဖိုးငွေချေသည့်နေရာနားတွင် ဆိုင်းဘုတ်ရေးသား ကြော်ငြာခြင်း၊ ဆိုင်ပတ်ဝန်းကျင်တွင်တံခွန်များ၊ အလံများစိုက်ထူပြီး ကြော်ငြာခြင်းများ ပြုလုပ်ရန်ဖြစ်ပါသည်။ အထူးဈေးနှုန်းများ (Special price offer) ပေးခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(၃) **နမူနာအခမဲ့ဖြန့်ဝေခြင်း(Free Samples)။** ယင်းနည်းလမ်းသည် ထုက်ကုန်အသစ်အတွက် အသုံးပြုကြသည်။ ထုက်ကုန်အသစ်ကို ဆိုင်တွင်တွေ့ ရသော်လည်းလူများသည် ထုက်ကုန်အသစ်အရသာကို စမ်းသပ်ရန်စိတ်ဝင်စားမှု နည်းပါးသည့်အခါ ပထမဦးစွာ ထုက်ကုန်အသစ်ကို နမူနာအဖြစ် အခမဲ့ဖြန့်ဝေပေးခြင်းဖြင့် ထုက်ကုန်အသစ်အရသာ (Taste)ကို သိရှိစေခြင်းဖြစ်ပါသည်။

(၄) **တစ်ဆင့်စကားတစ်ဆင့်ကြား (Word-of-mouth)။** ထုက်ကုန်အသစ်ထုတ် လုပ်သူသည်မိတ်ဆွေသူငယ်ချင်းများ၊ မိမိနှင့် လုပ်ဖော်ကိုင်ဘက်များကိုဖိတ်ကြားပြီး ထုက်ကုန်အသစ်အရသာကို စမ်းသပ်စားသုံးစေပါသည်။ ထုတ်ကုန်အသစ်ကို စမ်းသပ်စားသုံးစေရာမှ ကြိုက်နှစ်သက်သောသူများက တစ်ဆင့်စကား တစ်ဆင့် ကြားဖြင့် ထုက်ကုန်အသစ်ကိုသိရှိစေခြင်းဖြစ်ပါသည်။

(၅) **ကူပွန်(Coupons)ပေးခြင်း။** ထုက်ကုန်အသစ်ထုတ်လုပ်သူသည် မိမိထုက်ကုန်အသစ်ကို ထုပ်ပိုးသည့် ပစ္စည်းနှင့်အတူ ကူပွန်ပါတွဲထည့်ပေးထားပါသည်။ ကူပွန်ရရှိသည့် စားသုံးသူများသည် နောက်တစ်ကြိမ်ဝယ်ယူပါက လျှော့ဈေး ဖြင့် ရောင်းချပေးခြင်း၊ ကူပွန်ရရှိသည့် စားသုံးသူများအား လက်ဆောင် ရရှိစေခြင်းတို့ဖြစ်ပါသည်။ ထုက်ကုန်အသစ်ထုတ်လုပ်သူနှင့် အရောင်းဆိုင်များ ပေါင်းစပ်လုပ် ဆောင်ရန်လိုအပ်ပါသည်။ ကူပွန်များကို ထုတ်ကုန်အသစ်ထုတ်လုပ်သူထံ ပြန်လည် စုစည်းပေးပို့ရခြင်း၊ ငွေ၊ လက်ဆောင်ကို အရောင်းဆိုင်များသို့ ပေးပို့ရခြင်း အလုပ်များထပ်မံလုပ်ဆောင်ရပါသည်။

(၆) **တိုကင်(Tokens)ပေးခြင်း။** ထုက်ကုန်အသစ်ထုတ်လုပ်သူသည် မိမိထုက်ကုန်အသစ်ကို ထုပ်ပိုးသည့်ပစ္စည်းနှင့်အတူ တိုကင်ထည့်ပေးသဖြင့် ဝယ်ယူသည့်စားသုံးသူသည်တိုကင်ရရှိပါက ငွေသားလက်ဆောင်ပေးခြင်း၊ လူသုံး ကုန်လက်ဆောင်ပေးခြင်းကိုထုတ်လုပ်သူနှင့် အရောင်းဆိုင်များ ပေါင်းစပ်လုပ်ဆောင်ရန်လိုအပ်ပါသည်။

(၇) **လူအများစုသိရှိစေရန်ဆောင်ရွက်ခြင်း (Free publicity)** ။ သတင်းစာတိုက်မှ သတင်းဆောင်းပါးရေးသူများ၊ ရေဒီယိုမှ သတင်းအသစ်များ စုစည်းတင်ပြ သူများအား ထုက်ကုန်အသစ်ထုတ်လုပ်သူကဖိတ်ကြားပြီး ရှင်းလင်းပြသခြင်းဖြင့် လူအများသိစေသည့်နည်းလမ်းဖြစ်ပါသည်။ သတိပြုရမည့်အချက်မှာ ထုက်ကုန် အသစ်ကိုလာမည့်ခြောက်လကြာမှ ထုတ်လုပ်ရောင်းချမည်ဆိုပါက သတင်းစာ တိုက်မှ သတင်းဆောင်းပါးရေးသူများ၊ ရေဒီယိုမှ သတင်းအသစ်များ စုစည်းတင်ပြသူများ အားယခုဖိတ်ကြားပြီး ရှင်းလင်းပြသရန်မလိုအပ်ပါ။ လာမည့် ခြောက်လကြာမှ နာနတ်ယိုထုက်ကုန်အသစ်ထွက်ရှိမည်ကို ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချသည့်သူများ သိသွားပါက မိမိထွက်ကုန်အသစ်ထက် အချိန်စောပြီး ထုတ်လုပ်ယှဉ်ပြိုင်မှု မဖြစ်ပေါ်စေရန်ဖြစ်ပါသည်။

မိမိနှင့် ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချမည့်သူရှိပါက မည်သည့်နည်းလမ်းကို အသုံးချပြီး ရောင်းအား မြှင့်တင်ခြင်း (Promotion) ဆောင်ရွက်သနည်းကို လေ့လာရန်လိုအပ်ပါသည်။ ရောင်းအားမြှင့်တင်ခြင်း (Promotion)လုပ်ငန်း အတွက် ကုန်ကျစရိတ်၊ ရောင်းအားတိုးလာမှုနှင့် ဝင်ငွေအခြေအနေကိုပါထည့် သွင်းစဉ်းစားချိန်ဆရန် လိုအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုတင်ပြချက်သည် စိုက်ပျိုးရေး ထွက်ကုန်များကိုအသုံးပြု၍ တန်ဖိုးမြှင့် ထုတ်ကုန် (value added product) အဖြစ် ထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်တွင် ပြန်လည်ရောင်းချသည့် လုပ်ငန်းဖြစ်ပြီး အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း (SME) အဆင့်တွင်သာ ရှိပါသည်။ သို့သော် ဈေးကွက်သုတေသန (Market research)၊ ရောင်းဝယ်မှုအစီအစဉ် (Marketing Plan)၊ ထုတ်လုပ်မှု အစီအစဉ် (Production plan)နှင့် ငွေကြေးသုံးစွဲမှုအစီအစဉ် (Financial plan) များကိုပါ ဆောင်ရွက်ရန်လိုအပ်ပါသည်။ ယင်းကို business-planning sequence ဟုခေါ်ဝေါ်ကြသည်။

# စားသုံးသူရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ တိုင်ကြားနိုင်ပါကြောင်း ပြည်သူများသို့ အသိပေးတင်ပြချက်

ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အောက်ဖော်ပြပါ ရည်ရွယ်ချက်များနှင့်အညီ စားသုံးသူပြည်သူများ ဘေး ဥပဒ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးနှင့် ဥပဒေနှင့်အညီ အကာအကွယ်များရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်-

(က) စားသုံးသူတို့သည် မိမိတို့၏ အခွင့်အရေးများကိုသိရှိနားလည်၍ တောင်းဆိုရယူနိုင်ရန်နှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုသုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုကို မခံရစေရန်။

(ခ) စားသုံးသူတို့၏ အခွင့်အရေးများကို ထိရောက်စွာကာကွယ်နိုင်သော စနစ်တစ်ရပ်ပေါ်ပေါက်လာစေရန်။

(ဂ) စားသုံးသူအားဥပဒေအရ အကာအကွယ်ပေးခြင်း၊ မှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းတို့ပါဝင်သော စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းအစီအမံပေါ်ပေါက်လာစေရန်။

(ဃ) စီးပွားရေးလုပ်ငန်းရှင်တို့က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအပေါ် အလေးထားလိုက်နာခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှုရှိသော အပြုအမူများဖြစ်ပေါ်စေရန်။

(င) စားသုံးသူတို့၏ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မား သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဖော်ဆောင်ဖြည့်ဆည်းပေးရန်။

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် စားသုံးသူရေးရာကိစ္စရပ်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ (၂)ရပ်ကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ပြင်ပကျွမ်းကျင် ပညာရှင်များ၊ စားသုံးသူကိုယ်စားလှယ်များပါဝင်ဖွဲ့စည်း၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ဘေးဥပဒ်အန္တရာယ်ဖြစ်စေသော ကျန်းမာ ရေးကိုထိခိုက်စေသော၊ လုံခြုံစိတ်ချရမှုမရှိသော၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင် မှုများနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါနေရာဌာနများသို့ လူကိုယ်တိုင်သော်လည်း ကောင်း၊ စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့**

ဥက္ကဋ္ဌ
ဝန်ကြီး
စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊
ဖုန်း-၀၁-၂၃၀၂၁၀

အတွင်းရေးမှူး
တိုင်းဒေသကြီးဦးစီးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ အမှတ်-၂၂၈/၂၄၀-ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၂၅၀၂၇၀

**စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ**

အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီး။ အမှတ်-၂၂၈/၂၄၀-ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၃၇၅၀၅၈

**ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီ**

အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ အမှတ်-၂၂၈/၂၄၀-ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၂၄၅၀၈၆

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်



စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ပညာပေးဆွေးနွေးခြင်းကို သုံးနှစ်အတွင်း ဆောင်ရွက်ပြီး ဖြစ်ရမည်ဟု ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါသည်။ ရည်မှန်းချက်များ အောင်မြင်နိုင်ရန် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များအပြင် ကျေးလက်ဒေသများရှိ စားသုံးသူပြည်သူများ၊ ထုတ်လုပ်သူ လုပ်ငန်းရှင်များ သိရှိအောင် ဆောင်ရွက်နိုင်ရန် အရေးကြီးပါသည်။ တိုင်းအတွင်း နေရာဒေသအနှံ့အပြားတွင် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ပညာပေးဟောပြောခြင်းကို တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ခရိုင်၊ မြို့နယ်များရှိ ဝန်ထမ်းများက ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ ပညာပေးခြင်းများကို စားသုံးသူ ပြည်သူတစ်ရပ်လုံး သိရှိနိုင်ရန်အတွက် ဗဟုသုတနှင့် အသိပညာနည်းပါးသော ကလေးငယ်များအပြင် လူကြီးမိဘများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဈေးသူဈေးသားများ သိရှိနိုင်ရန် အခြေခံပညာကျောင်းများ၊ ဈေးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများတွင် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံးမှ ဦးသောင်းကြိုင်၊ စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိသူများသည် ဇူလိုင်လ ၇ ရက်နေ့တွင် မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် ခင်မွန် အထက်တန်းကျောင်း (ခွဲ) တို့တွင် လည်းကောင်း၊ တိုင်းဦးစီးမှူးရုံးမှ ဦးသောင်းကြိုင်၊ ယင်းမာပင်ခရိုင်ဦးစီးမှူး ဦးသန်းပိုနှင့် တာဝန်ရှိသူများသည် ဇူလိုင်လ ၈ ရက်နေ့တွင် ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်ရှိ (ညောင်ပင်ကြီး၊ ဆားလင်းကြီး၊ ကြေးနီ) အထက်တန်းကျောင်းများတွင်လည်းကောင်း၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးသန်းထွန်းနှင့် တာဝန်ရှိသူများသည် ကသာခရိုင်၊ ကောလင်းမြို့နယ် (လာကာ၊ အိုင်ကြီး၊ တောင်ကြီး၊ ဥမင်ကုန်း) အလယ်တန်းကျောင်း(ခွဲ)များတွင် လည်းကောင်း၊ (ကျောက်ပြင်သာ၊ ကျောက်ပုထိုး) အထက်တန်း ကျောင်း(ခွဲ)များတွင် လည်းကောင်း၊ ဗန်းမောက်မြို့နယ် (ဗန်းမောက်၊ မြို့မ-၁) အထက်တန်းကျောင်းများတွင် လည်းကောင်း၊ (လွှစင်ကုန်း၊ အောင်သာကုန်း) မူလတန်းကျောင်းများတွင်လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ပညာပေးဟောပြောပွဲများ ကျင်းပခဲ့ပြီး ကျောင်းမုန့်ဈေးဆိုင်များကို စားသုံးသူရေးရာ အကာအကွယ်ပေးရေးရှုထောင့်အရ စစ်ဆေးခဲ့ကြပါသည်။

ဟောပြောပွဲများသို့ ဆရာ၊ ဆရာမ ၃၃၈ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၈၃၉၃ ဦး၊ ကျောင်းသားမိဘ ၅၇ ဦး၊ ကျောင်းဈေးသည် ၃၃ ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်း ၆၅ ဦး၊ စုစုပေါင်း ၈၈၈၆ ဦး တက်ရောက်ခဲ့ကြပါသည်။ ဟောပြောပွဲများတွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုအကြောင်း၊ တားမြစ်စားသောက်ကုန်များအကြောင်း၊ အန္တရာယ်ရှိ မုန့်မျိုးစုံ၊ အချိုရည်၊ စားသုံးဆီနှင့် အချိုမှုန့်များအကြောင်း၊ ဆေးလိပ်၊ အရက်နှင့် ကွမ်းတို့၏ ဆိုးကျိုးများအကြောင်း၊ ယင်နားစာနှင့် ယင်မနားဆေး အန္တရာယ်များအကြောင်း ပညာပေးဟောပြောခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဇွန်လ ၃ ရက်နေ့မှ စတင်ကာ စားသုံးသူအကာအကွယ်ပေးရေး ပညာပေး ဟောပြောပွဲများ ဆောင်ရွက်ခဲ့ပါသည်။ ဇူလိုင်လ ၈ ရက်နေ့အထိ ဆောင်ရွက်ပြီးစီးမှုမှာ ခရိုင် ၅ ခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ၁၂ မြို့နယ်မှ နေရာပေါင်း ၆၁ နေရာတွင် ဆောင်ရွက်ပြီးဖြစ်ရာ တက်ရောက်သူ စုစုပေါင်း ၃၆၂၂၁ ဦး ရှိခဲ့ပါသည်။

**နှင်းနှင်းခိုင် (မုံရွာ)**

# ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် လင်းလဲကျေးရွာ အလယ်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ် စာသင်ကျောင်းများရှိ မုန့်ဈေးတန်းများတွင် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဓာတုဆိုးဆေးများကင်းစင်သော သန့်ရှင်းသည့်အစားအစာများ ဝယ်ယူစားသောက်နိုင်စေရန် ရည်ရွယ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး သဲကုန်းမြို့နယ် လင်းလဲကျေးရွာ အ. လ. က ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင်လ ၉ ရက် နေ့လယ် ၁၃း၃၀ အချိန်တွင် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

ဆွေးနွေးဟောပြောပွဲတွင် သဲကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ သဲကုန်းမြို့နယ်ဦးစီးမှူး ဦးနိုင်လင်းက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောခြင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ သဲကုန်းမြို့နယ် တာဝန်ခံ ဒုတိယဦးစီးမှူး ဦးအောင်သိန်းက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါ ဆွေးနွေးပွဲကို ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး အပါအဝင် စုစုပေါင်း အင်အား ၁၂၀ ဦး တက်ရောက်ကြောင်း သိရှိရပါသည်။

**နိုင်လင်းထွန်း၊ စားသုံးသူရေးရာ (ပြည်)**

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီများ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ကြီးမှူး၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီများ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့ နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃) မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။



အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများကို ပြည်သူများ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းစွာဖြင့်သုံးစွဲနိုင်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကိုအတည်ပြုပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးမှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးကွက်အတွင်း မမှန်ကန်သည့် ပစ္စည်းများရောင်းချခြင်း မရှိရအောင် အတတ်ပညာရှင်၊ အသိပညာရှင်၊ ကျွမ်းကျင်သူများဖြင့်ဖွဲ့စည်းထားသည့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ ရှေ့ဆက်၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းကို လျင်မြန်စွာဆောင်ရွက်နိုင်ရန် ဝိုင်းဝန်း၍ အကြံဉာဏ်များပေးပြီး ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမြင့်ချိုက နိုင်ငံတော်မှ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀) ဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို အခန်း(၁၂)ခန်း၊ ပုဒ်မ (၃၁) ခု ဖြင့် ပြဋ္ဌာန်းခဲ့သည့် အခြေအနေများ၊ ဥပဒေတွင် စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်၊ တားမြစ်ချက်၊ ပြစ်မှု၊ ပြစ်ဒဏ်များရဲ့အခြေအနေ၊ မိမိတို့ဌာနအနေဖြင့်လည်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ယနေ့အချိန်ထိ အသိပညာပေးဟောပြောဆွေးနွေးပွဲများအား ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။


ထို့နောက် အစည်းအဝေးသို့တက်ရောက်လာသူများက အတည်ပြုပြဋ္ဌာန်းထားတဲ့ စားသုံးသူအကာ အကွယ်ပေးရေးဥပဒေ၊ လက်ရှိဖွဲ့စည်းထားသည့်ကော်မတီများရဲ့ စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်၍ တာဝန်ယူ ဆောင်ရွက်ရမည့် အခြေအနေ၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များကို စားသုံးသူများက ထင်ယောင်ထင်မှားဖြစ်အောင် မမှန်မကန်စွပ်စွဲကြေငြာခြင်းတို့ကိုလည်း စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါပြဋ္ဌာန်းချက်များဖြင့် နာမည်ကောင်းပြန်လည်ရရှိစေရန် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ စားသုံးသူများမှ တိုင်ကြားလာသည့်စာများရဲ့ ရည်ရွယ်ချက်အပေါ် မူတည်ပြီး အမြန်ဆုံးဖြေရှင်းနိုင်မည့်အခြေအနေ၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ရဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို လတစ်လရဲ့ ပထမပတ်တွင် လည်းကောင်း၊ စားသုံးသူတိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံ စိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို လတစ် လ၏ ဒုတိယပတ်နဲ့ စတုတ္ထပတ် (ဗုဒ္ဓဟူးနေ့) တွင် ကျင်းပဆောင်ရွက်မည့် အခြေအနေ၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို မြေပြင်တွင် လက်တွေ့ဆောင်ရွက်သွားမည့် အခြေအနေများကို အသေးစိတ် ဆွေးနွေးခဲ့ကြပါတယ်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့်အဖွဲ့ဝင်များ၊ စားသုံးသူတိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြင့်ချိုနှင့်အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၃၀ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်

**ခင်သီ (စားသုံးသူ) ရန်ကုန်**

# မင်းဘူးမြို့နယ် အမှတ်(၁) အထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

မကွေးတိုင်းဒေသကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါး အသိပညာ ပေးဟောပြောပွဲနှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာ ပေးဟောပြောပွဲကို ဇူလိုင် လ ၁၀ ရက်နေ့တွင် မင်းဘူးမြို့ နယ်၊ အမှတ်(၃) ရပ်ကွက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။



အဆိုပါဟောပြောပွဲသို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး အပါအဝင် ဌာနဆိုင်ရာ ဝန်ထမ်း ၁၂ ဦး၊ လက်ထောက် ကျောင်းအုပ်ကြီးအပါဝင် ဆရာ/ဆရာမ ၁၂ ဦး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေး ရာဦးစီးဌာနမှ ဝန်ထမ်း ၇ ဦး၊ ကျောင်းသူ/ကျောင်းသား ၃၅၀ ဦး စုစုပေါင်း ၃၈၁ ဦး တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးဟောပြောပွဲမစတင်မီ ဆရာ၊ ဆရာမများ၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနက ဝန်ထမ်းများသည် ကျောင်းမုန့် ဈေးတန်းအတွင်း လှည့်လည်စစ်ဆေးပြီး ဆိုင်ခန်း ၁၀ ခန်းရှိ ဈေးသည် ၁၅ ဦးတို့အား မိုးဦးကျရာသီဖြစ်၍ ဝမ်းပျက်ဝမ်းလျှောမှုများ မဖြစ်စေရန်အတွက် အမှည့်လွန်သစ်သီးများ ရောင်းချခြင်းမပြုရန်၊ အဖုံးများဖုံးအုပ်၍ ရောင်းချကြရန်၊ ရက်လွန်နေသော စားသောက်ကုန်ပစ္စည်းများအား ရောင်းချခြင်းမပြုကြရန်တို့ကို အသိပညာပေး ပြောကြားခဲ့ပါသည်။

ယင်းဆွေးနွေးဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထက်အောင်က အဖွင့်အမှာ စကားပြောကြားပြီး ပြန်ကြားရေးနှင့် ဆက်ဆံရေးခရိုင်ဦးစီးမှူး ဦးသန်းဌေးနှင့် မကွေးတိုင်းဒေသကြီး မူးယစ် တပ်ဖွဲ့စု (၁၅)မှ ရဲအုပ်ဦးအောင်ဆန်းမိုးတို့က မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဟောပြောခဲ့သည်။ မကွေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးဝမ်းမောင်က စားသုံးသူ အကာအကွယ်ပေးရေး ကိစ္စရပ်များကိုဆွေးနွေးဟောပြောခဲ့ပါသည်။ ထို့နောက် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဝမ်းမောင်က စားသုံးသူအကာအကွယ်ပေးရေး ပေါ်ပေါက်လာပုံ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက် နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်းနှင့် ယင်းဥပဒေ၏ အဓိပ္ပါယ်၊ ရည်ရွယ်ချက်၊ လုပ်ငန်းများ တာဝန်များ၊ အခွင့်အရေးများအကြောင်းတို့ကို ရှင်းလင်းပြီး ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချလျက်ရှိသော မုန့်ပဲသွားရည်စာများကို အသိ၊ သတိနှင့်ယှဉ်၍ စားသောက်ကြရန်၊ တချို့မုန့်များမှာ တရုတ်စာတန်းများသာ ပါဝင်ပြီး ထုတ်လုပ်သူ၏ လိပ်စာလည်း မသိနိုင်၊ မည်သည့် ပစ္စည်းများပါဝင်သည်ကိုလည်း မသိနိုင်၊ အသုံးပြုရမည့် နောက်ဆုံးရက်စွဲလည်း မသိရှိနိုင်ကြောင်း၊ ဤကဲ့သို့သော မုန့်များကို သတိရှိရှိစားသုံးကြဖို့ လိုအပ်ကြောင်း၊ ကျောင်းဈေးတန်းမှာ ရောင်းချလျက်ရှိတဲ့ သရက်ကင်၊ ရေခဲထုပ်များမှာလည်း ဆိုးဆေးများ အလွန်အကျွံသုံးစွဲထားတာကို တွေ့ရှိရပါ ကြောင်း၊ ၎င်းပစ္စည်းများသည် စားသုံးသူများကို အန္တရာယ်ပေးမည်ဖြစ်ပါကြောင်း၊ သစ်သီး၊ ဟင်းသီးဟင်းရွက်များမှာလည်း အပင်များ မြန်မြန်ဆန်ဆန်ကြီးထွားစေရန်နဲ့ ပိုးမကျစေရန်အတွက် ဓါတုဆေးဝါးများကို သုံးရပါကြောင်း၊ ဒါကြောင့် ဟင်းသီးဟင်းရွက်များကို ရေအထပ်ထပ်ဖြင့် အသေအချာဆေးကြောပြီးမှ စားသုံးရန် လိုအပ်ပါကြောင်း၊ ဆေးကြွင်းဆေးကျန်များကျန်ရှိပါက ဝမ်း ပျက်ဝမ်းလျှောကဲ့သို့ ရောဂါများ ချက်ချင်း ဖြစ်ပေါ်တတ်ပါကြောင်း၊ ရေရှည်တွင်လည်း ကင်ဆာကဲ့သို့သော ရောဂါဆိုးများဖြစ်ပေါ်လာနိုင်ပါကြောင်း၊ အချိုမှုန့်၊ ကြက်သားမှုန့်များမှာလည်း အချိုဓာတ်လွန်ကဲသော ဓာတုဆေးများ ပါဝင်တဲ့အတွက် စားသုံးရန်မသင့်သော ပစ္စည်းများဖြစ်ပါကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ ရုံးချုပ်၏ လမ်းညွှန်မှုတို့ကို ခံယူ၍ ၂၀၁၅-၂၀၁၆ စာသင်နှစ်အတွင်း မြို့နယ် ၂၅ မြို့နယ်ရှိအခြေခံပညာကျောင်းများ၊ စည်ပင်သာယာဈေးများတွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးဟောပြောပွဲများ ကျင်းပခြင်း၊ ပိုစတာများ၊ လက်ကမ်းစာစောင်များ ဝေငှခြင်းများအား စီမံချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**(WM) စားသုံး၊ မကွေး**

Vol: 15, No.26 Monday July 13 2015

# HAGL မြန်မာစင်တာတွင် အိမ်ခန်းများကို နှစ် ၇၀ အငှားစာချုပ်ဖြင့် ရောင်းချပေးလျက်ရှိ

ရန်ကုန်မြို့တွင် နှစ်ရှည်စာချုပ်ချုပ်ဆို၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် ဗီယက်နမ်အခြေစိုက် MNC အိမ်ခြံမြေဈေးကွက်ဆိုင်ရာ လုပ်ငန်းစုတစ်ခုဖြစ်သည့် Hoang Anh Gia Lai(HAGL) မြန်မာစင်တာမှ Lake Suites အိမ်ခန်းများကို နှစ် ၇၀ အငှားစာချုပ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ HAGL မြန်မာ၏ တစ်ပေပတ်လည်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂၃၀ခန့်ရှိကြောင်း သိရသည်။ ယင်းစင်တာမှ Lake Suites အိမ်ခန်းများကို B.O.T စနစ်ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

နှစ် ၇၀သက်တမ်းဖြင့် အိမ်များကို ရောင်းချပေးမည်ဖြစ်သော်လည်း အိမ်ငှားရမ်းသည့်ကာလ ပြီးဆုံးသွားချိန်တွင် စာချုပ်အား ထပ်မံသက်တမ်းတိုးချုပ်ဆိုနိုင်ကြောင်း သိရသည်။

ယင်း Lake Suites တွင် အမျိုးအစားလေးမျိုးခွဲခြားထားပြီး အကျယ်အဝန်း ၆၈ စတုရန်းမီတာရှိသည့် အိပ်ခန်း တစ်ခန်းပါ အိမ်ခန်း၊ အကျယ် ၈၇ စတုရန်းမီတာရှိသည့် အိပ်ခန်းနှစ်ခန်း ပါဝင်သည့် အိမ်ခန်း၊ အကျယ် ၈၈ စတုရန်း မီတာရှိသည့် အိပ်ခန်းနှစ်ခန်း ပါသည့် အိမ်ခန်း၊ အကျယ် ၁၁၉ စတုရန်းမီတာရှိသည့် အိပ်ခန်း သုံးခန်းပါသည့် အိမ်ခန်းတို့အား ရောင်းချပေးလျက်ရှိရာ စုစုပေါင်း အိမ်ခန်းပေါင်း ၆၆၀ ကိုရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းစင်တာသည် ရန်ကုန်မြို့တွင် အထပ်ပေါင်း ၃၁ ထပ်ပါဝင်သည့် အမြင့်ဆုံးသော စင်တာတစ်ခုဖြစ်ပြီး လူနေရုံးခန်းများ၊ ရှော့ပ်ပင်းမောလ်များ၊ အားကစားစင်တာများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ ပါဝင်သည့် စင်တာတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါစင်တာသည် ငလျင်ဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့်စနစ်ကို ထည့်သွင်းတည်ဆောက်ထားပြီး ရေစစ်ထုတ်မှုနှင့် အိမ်ခန်းတိုင်းအတွက် လေဝင်လေထွက်စနစ်နှင့် အဆောက်အအုံတစ်ခုချင်းစီအတွက် ဓာတ်လှေကား လေးစီး၊ ပင်မ အညစ်အကြေးစွန့်ပစ်စနစ်နှင့် ၂၄ နာရီ မီး၊ လုံခြုံရေးတို့ကိုပါ ထည့်သွင်းထားသည့် အဆင့်မြင့်စင်တာတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်း HAGL မြန်မာစင်တာရှိ Lake Suites အိမ်ခန်းများကို ယခုလမှစတင်၍ ရောင်းချပေးလျက်ရှိရာ မည်သူမဆို လာရောက်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **မယ်သီတာ**



# စလစ်ဈေးတန်းတည်ငြိမ်နေပြီး ကားငယ်ဈေးကွက် အနည်းငယ်လှုပ်ခတ်လာ

ဇူလိုင်လ၏ ဒုတိယရက်သတ္တပတ် ရန်ကုန်မြို့ ကားဈေးကွက်၏ အခြေအနေမှာ အေးနေဆဲဖြစ်ပြီး ဝက်ဂွန်ကားအနည်းငယ်နှင့် တစ်နှစ် နှစ်နှစ်ခန့်ပြည်တွင်းသုံးပြီး ကားငယ်များ၊ ဖရီးပါမစ်ကားလေးများ အနည်းငယ်အရောင်းအဝယ်ရှိကြောင်း သိရသည်။

ရန်ကုန် ကားဈေးကွက်အတွင်း ယာဉ်ဟောင်းအပ်နှံစလစ်ဈေးနှုန်းများ အတက်အကျမရှိသော်လည်း စလစ်ဈေးကွက်အရောင်းအဝယ် အေးနေကြောင်းသိရသည်။ ယခုအချိန်သည် ဒေါ်လာဈေးနှုန်းများပြန်လည်ကျဆင်းနေသော်လည်း အတက်အကျမငြိမ်သေးသဖြင့် ကားလောကအတွင်း ရင်းနှီးမြှုပ်နှံသူများ၊ အထူးသဖြင့် တစ်ပိုင်တစ်နိုင်သမားများအား ဈေးကွက်စောင့်ကြည့်လျက် ရှိနေကြသည်။ ထို့အပြင် ပြည်ပကား လေလံဈေးကွက်တွင်လည်း လေလံဈေးများ မြင့်တက်လာကာ အခြားအထွေထွေကုန်ကျစရိတ်များလည်း မြင့်တက်နေသဖြင့် ချင့်ချိန်နေသည့်သဘော ဖြစ်နေသည့်အတွက် ဈေးကွက်ငြိမ်နေခြင်းဖြစ်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းကိုမြင့်ကျော်က ပြောသည်။

မနှစ်ကမိုးရာသီတွင် အရောင်းအဝယ်ဖြစ်ခဲ့သည့် ဖိုးဗိုးလ်ဝက်ဂွန်များ ယခုနှစ်တွင် ဈေးကွက်အေးနေပြီး အဓိကအားဖြင့်နယ်ဝယ်လက်အဆင်းနည်းသွားကြောင်း၊လတ်တလောအသုံးလိုသဖြင့်ဝယ်ယူသူများသာရှိပြီး သိန်း ၃၀၀ အထက်ပါရာဒို စသည့်ကားများ အဝယ်အေးကာ သိန်း ၂၀၀ ဝန်းကျင်ရှိ စီအာဗီ၊ အာအေဗို (၄) စသည့်ကားများ သိန်း ၂၀၀နှင့် သိန်း ၃၀၀သိန်းကြားရှိသည့် ကလူဂျာ အမျိုးအစားအချို့သာ အရောင်းအဝယ် အနည်းငယ်ရှိကြောင်း သိရသည်။

ကားလေးဈေးကွက်တွင် အင်္ဂါရာ ၂ တန်း၊ ၃ တန်းနိမ့်၊ ၁ နှစ်၊ ၂ နှစ်ခန့် ပြည်တွင်းသုံးပြီး ကားလေးအချို့၊ အထူးသဖြင့်ရုပ်ထွက်ကောင်းသာကားများမှာမူ တစ်ပတ်ရစ်ဈေးကွက်အဖြစ် အရောင်းအဝယ်ရှိနေကြောင်း (ပါကင်ဈေးကျလာသဖြင့်) ဟွန်ဒါဖစ် ၆၆၀ စီစီကားများနှင့် ဖရီးပါမစ် ကားများထဲတွင် လတ်တလော အဝယ်ရှိသည်မှာ ပရိုဘောက်ကားများဖြစ်ပြီး ကုန်ချိန်များများ တွဲဖက်တင်နိုင်သဖြင့် နယ်ဈေးကွက်တွင်ပါ ဈေးကွက် ကျယ်ပြန့်လာကြောင်း၊ နယ်မှအဝယ်များသဖြင့် ပြည်ပမှပိုမိုတင်သွင်းလာပြီး ပြည်တွင်းမှာလည်း အနည်းငယ်ဈေးမြင့်လာကြောင်း သိရသည်။

ကားဈေးကွက် တစ်ခုလုံး အရောင်းအဝယ်အေးနေသော်လည်း ဈေးတန်းမှာ တဖြည်းဖြည်းခြင်း မြင့်တက်လာသည်ကိုတွေ့ရကြောင်း တက္ကစီအငှားယာဉ်ဈေးကွက်ထဲတွင်ဈေးတန်း အနည်းငယ် မြင့်တက်မှုရှိသော်လည်း အင်္ဂါရာနိမ့် ကားဟောင်းများသာ အရောင်းအဝယ်ရှိကြောင်း၊ ရန်ကုန်တွင် ယာဉ်ကြောကျပ်တည်းမှုပြဿနာကိုဖြေလျှော့နိုင်မည့် တက္ကစီအငှားယာဉ်လုပ်ငန်းစုကြီးများ ပေါ်ပေါက်လာပြီး ဂျီပီအက်(စ်) စနစ်ကို အသုံးပြုဆောင်ရွက်ထားသဖြင့် လူအများစိတ်ဝင်စားနေကြကာ အချို့ကိုယ်ပိုင်တက္ကစီယာဉ်မောင်းများအတွက်အခွင့်အလမ်းတစ်ရပ် ပေါ်ပေါက်လာနိုင်ကြောင်း ဝါရင့် ကိုယ်ပိုင်တက္ကစီယာဉ်မောင်း ဦးစိန်မှပြောသည်။

**SN**

# ရန်ကုန်စတော့အိတ်ချိန်းတွင်ပါဝင်မည့် ကုမ္ပဏီများကို ယခုလအတွင်း ထုတ်ပြန်ကြေညာမည်

ရန်ကုန်စတော့အိတ်ချိန်းတွင်ပါဝင် ဆောင်ရွက်ကြမည့်ကုမ္ပဏီများအား ယခုလအတွင်း ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

"စတော့အိတ်ချိန်းမှာ ပါဝင်ဆောင်ရွက်ကြမယ့်ကုမ္ပဏီတွေရဲ့ အမည်စာရင်းကို ဒီလထဲမှာ ကြေညာသွားမှာပါ။ အရင်တုန်းက ဇွန်လထဲမှာ ကြေညာမယ်လို့ ပြောခဲ့ပေမယ့် စတော့အိတ်ချိန်းမှာ ပါဝင်ကြမယ့်ကုမ္ပဏီတွေရဲ့ အရည်အချင်းက အရေးကြီးပါတယ်။ စတော့အိတ်ချိန်းကို စတင်နိုင်ဖို့အတွက် လုပ်ဆောင်နေတာမှာ ခုချိန်မှာ အဆင်သင့်ဖြစ်နေပါပြီ"ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောကြားခဲ့သည်။

ယင်းစတော့ဈေးကွက်လုပ်ငန်းကို စတင်ရန် ၂၀၁၅ခုနှစ်ဇန်နဝါရီလကတည်းက စတင်ကြေညာခဲ့ပြီး အောက်တိုဘာလအတွင်း လုပ်ငန်းများ စတင်ဆောင်ရွက်သွားရန် စီစဉ်ထားသည်။ သို့သော် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူအဆင်ပြေစေရန်အတွက် ဒီဇင်ဘာလရောက်မှသာ စတင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်တွင် ပါဝင်လှုပ်ရှား နိုင်ရန်အတွက် ကုမ္ပဏီပေါင်း ၅၇ခုမှ လျှောက်လွှာများတင်ထားပြီး စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီတွင် အစုရှယ်ယာထုတ်ရောင်းမည့် ကုမ္ပဏီသို့ လိုအပ်သည့်ငွေများကို စိုက်ထုတ်ပေးမည့်အာမခံခြင်း၊ အစုရှယ်ယာရောင်းသူနှင့် ဝယ်သူကြားတွင် ဆက်သွယ်ပေးမည့်(ကြားပွဲစား)သူများ ထားရှိခြင်း၊ အစုရှယ်ယာထုတ်ရောင်းရန် သင့်၊ မသင့်ကို အကြံဉာဏ်များပေးခြင်း၊ ကုမ္ပဏီများ၏အရှုံးအမြတ်ကိုလေ့လာ၍ အကြံပေးခြင်းဟူ၍ လုပ်ငန်းလေးမျိုး ခွဲခြားထားကြောင်း သိရသည်။

ဒီဇင်ဘာလ ပထမပတ်အတွင်း စတင်ဖွင့်လှစ်မည့် ရန်ကုန်စတော့အိတ်ချိန်းရုံးကို ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ အဆောက်အအုံ (ယခင် မြဝတီဘဏ်အဆောက်အအုံဟောင်း) အား ပြင်ဆင်မွမ်းမံမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါရန်ကုန်စတော့အိတ်ချိန်းတွင် မြန်မာ့စီးပွားရေးဘဏ်မှ ၅၁ရာခိုင်နှုန်းနှင့် ဂျပန်နိုင်ငံမှ ဒိုင်ဝါကုမ္ပဏီနှင့် ဂျပန်စတော့အိတ်ချိန်းတို့မှ ၄၉ ရာခိုင်နှုန်းပါဝင်ကာ စတော့ဈေးကွက်တစ်ရပ်ကိုထူထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အင်္ဂါရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၂၀ သိန်း | ၁.၃ ဓာတ်ဆီ |
| ၂။ | စူဇူကီး/ဆွစ်ဖ် (၂၀၁၁) | ယာယီ | ၁၂၀ သိန်း | ၁.၃ ဓာတ်ဆီ |
| ၃။ | နီဆန်း (လာတီယို) (၂၀၀၂) | ယာယီ | ၁၃၅ သိန်း | ၁.၂ ဓာတ်ဆီ |
| ၄။ | ဖီလ်ဒါ (၂၀၁၀) | ယာယီ | ၁၆၇ သိန်း | ၁.၅ ဓာတ်ဆီ |
| ၅။ | ဝစ်ရှ် (၂၀၀၄) | ယာယီ | ၁၈၀ သိန်း | ၁.၈ ဓာတ်ဆီ |
| ၆။ | မတ်(စ်)အိပ်စ် (၂၀၀၅) | ယာယီ | ၂၅၃ သိန်း | ၂.၅ ဓာတ်ဆီ |
| ၇။ | အယ်လ်ဖတ် (၂၀၀၃) | ယာယီ | ၂၃၀ သိန်း | ၂.၄ ဓာတ်ဆီ |
| ၈။ | ပရိုဘောက် | 9D | ၇၃ သိန်း | ၁.၃ ဓာတ်ဆီ |
| ၉။ | အပ်ကား | | ၅၈ သိန်း | |

SN

## သင့်ကျန်းမာရေး

# t o;D &GESh ESNdYpö;p;jcif

**ဒေါက်တာလွင်သန့်**

***မေး။ ။အစားအစာဟာ ဆာလောင်မှုဖြေပျောက်ပစ်နိုင်ရင်ပဲ လုပ်ငန်းတာဝန်ပြီးသွားပြီလို့ထင်တယ်ဆရာ။ ဘဝမှာ ပျော်ရွှင်မှုတွေရအောင် ဘယ်လိုအစားအစာစားပြီး၊ ဘယ်လိုစိတ်ထားထားသင့်ပါသလဲ။***

***ဦးမြင့်ဦး(ဝေါ)***

ဖြေ။ အစားအစာက၊ ဆာလောင်မှုပြေပျောက်အောင် အပြင် လူရဲ့စိတ်အခြေအနေကိုလည်း လွှမ်းမိုးနိုင်ပါတယ်။ ဥပမာ ဟင်းသီးဟင်းရွက်များများစားရင် လူဦးနှောက်ရဲ့ ဓာတုဖွဲ့စည်းပါဝင်မှုလွှမ်းမိုးကာ၊ ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှုနဲ့ စိတ်ချမ်းသာသုခခံစားမှုတို့ ဆောင်ကြဉ်းပေးနိုင်ပါတယ်။

အိုမီဂါ(၃) ဟာကျန်းမာကြံ့ခိုင်တဲ့ စိတ်ဓာတ်ကို သိသိသာသာမြှင့်တင်နိုင်ပါတယ်လို့ သုတေသနဖြင့် ထင်ထင်ရှားရှားပြသထားပါတယ်။

အိုမီဂါ(၃)ကို ဟင်းနုနွယ်၊ မုန်ညင်း၊ ကိုက်လန်၊ ငါးအမျိုးမျိုး၊ နှမ်းစတဲ့အစားအစာများမှာ တွေ့နိုင်ပါတယ်။ ဗီတာမင်ဘီမျိုးစုံ အုပ်စုက လူတို့ရဲ့စိတ်ဓာတ်ကို ကောင်းတဲ့ဘက်ညွတ်ပြောင်းစေနိုင်ပါတယ်။ လုံးတီးဆန်၊ ဂျုံကြမ်း၊ အခွံမာသီးနဲ့အစိမ်းရောင်အရွက်များ စားသုံးခြင်းနဲ့ရယူနိုင်ပါတယ်။

သတ္တုအာမေနီယမ် ကြွယ်ဝစွာပါဝင်တဲ့ ငှက်ပျောသီးနဲ့ ဟင်းရွက်များက လူရဲ့စိုးရိမ်ပူပန်စိတ်လျှော့ချပေးနိုင်ပါတယ်။

အဆီများတဲ့ငါး၊ အုန်းနို့နဲ့ မှိုမျိုးစုံတို့မှာ တွေ့ရှိရတဲ့ ဗီတာမင်ဒီက စိတ်ဓာတ်နဲ့မှတ်ဉာဏ်ကို ကောင်းမွန်အောင်ပြုပြင်ပြောင်းလဲစေခြင်းမှာ အထောက်အပံ့ဖြစ်တယ်လို့ သုတေသနမှာ သက်သေပြခဲ့တယ်။

အားအင်ဖြစ်စေတဲ့ ကာဗိုဟိုက်ဒြိတ်၊ ဒြပ်ပေါင်းများ အများဆုံးပါဝင်တဲ့ ကွေကာ၊ လုံးတီးဆန်၊ ဂျုံကြမ်း၊ ကန်စွန်းဥစသည်တို့ကိုစားခြင်းဟာ ခန္ဓာကိုယ်မှ ဆီရိုနီယမ်ဓာတ်ထွက်ပေါ်စေနိုင်တယ်။ ခန္ဓာကိုယ်မှ ဆီရိုနီယမ်ဓာတ်ပါဝင်မှု အဆင့်နိမ့်ကျရင်၊ လူရဲ့စိတ်ဓာတ်ပျက်ပြားကာ ပူပင်သောကဖြစ်စေနိုင်တယ်။ ရင်ပူစေနိုင်တယ်။ အသီးအရွက်နဲ့ မလိုင်ထုတ်ထားတဲ့ နို့နှင့်နို့ထွက်ပစ္စည်းများကို စားလေပျော်ရွှင်တဲ့ဘဝ ရရှိလေပဲဖြစ်ပါတယ်။

ပရိုတိန်းအနေနဲ့ပြောရင် ပထမတန်းစား ပရိုတိန်းကို တိရစ္ဆာန်ရဲ့အသားများ၊ ဥများကနေ ရရှိစေပါတယ်။ ပရိုတိန်း၊ ဒုတိယတန်းစားကို ပဲအမျိုးမျိုးက ရရှိပါတယ်။ ဒုတိယတန်းစား ပရိုတိန်းကို အသင့်စားသုံးနိုင်ဖို့ပြင်ဆင်ထားကြတယ်။ အချို့ဓာတ်များ၊ ဗီတာမင်ဘီတွဲ အားနည်းသူများက ဝမ်းတွင်းကလီစာများ ရိုးတွင်းခြင်ဆီများ စားပေးတဲ့တိုင်ခန္ဓာကိုယ်က အင်ထရင်းစစ်ဖက်တာ ချို့ယွင်းလို့ပြင်ပက ဘယ်လိုပဲစားစား သွေးသားထဲ မရောက်ဘဲဖြစ်ရတယ်။ သွေးကြောထဲထိုးထည့်ပေးမှသာ ရရှိနိုင်တတ်ကြတယ်။

လိုအပ်တဲ့အာဟာရကို သဘာဝအစားအစာထဲက ရရှိတာများပါတယ်။ ကျန်းမာရေးနဲ့ညီတဲ့ ကစီဓာတ်ကြွယ်ဝတဲ့အစာများဟာ အဆီပါဝင်မှုလျော့နည်းပြီး အမျှင်ပါဝင်မှုများလို့ တစ်နေ့ကုန်ခွန်အားဖြည့်တင်းပေးတယ်။ ကောက်ပဲသီးနှံ၊ ဂျုံ၊ ပြောင်း၊ ဆန်၊ ဂျုံကြမ်းနဲ့လုပ်ထားတဲ့ပေါင်မုန့်၊ ကွေကာအုပ်၊ ပဲပြားနဲ့ပဲအမျိုးမျိုး ဖြစ်တယ်။ အကျိုးပြုအဆီဓာတ်ကို မပြည့်ဝဆီဖြစ်တဲ့ မြေပဲ၊ နှမ်း၊ သံလွင်ဆီကရပြီး၊ အခွံမာသီးကရတဲ့အစေ့အဆန်များ၊ ထောပတ်ဆီ၊ ငါးအမျိုးမျိုး၊ ပင်လယ်စာများက ဦးနှောက်၊ နှလုံး၊ ခန္ဓာကိုယ်ဆဲလ်များ၊ ဆံပင်၊ အသားအရေလုပ်ငန်းဆောင်တာများကို တိုးတက်ကောင်းမွန်စေတယ်။ အိုမီဂါ(၃)(၆)နဲ့ ဖက်တီးအက်ဆစ်တွေပါဝင်လို့ အဆီဓာတ်ပြောင်းလဲမှု ထိန်းညှိပေးကာ သွေးခဲမှုမှ ကာကွယ်ပေးပါတယ်။

# လူတို့၏ ကျန်းမာရေးအတွက် ပြီးပြည့်စုံတဲ့အုန်းရည်

အုန်းရည်ဟာ လူတို့ရဲ့ကျန်းမာရေးအတွက် ဆန်းကျယ်စွာ အထောက်အကူပြုတယ်လို့ပြောနေကြပါတယ်။

အုန်းရည်နဲ့ လူ့ခန္ဓာကိုယ်ထဲရှိ သွေးရည်ကြည်ဟာ အတော်လေးဆင်တူပါတယ်။ ရှေးယခင်တုန်းက အုန်းရည်ကို သွေးအစားထိုးအဖြစ် အသုံးပြုခဲ့ကြပြီး လူတွေရဲ့ အသက်ပေါင်းများစွာ ရှင်သန်စေရေး ကယ်ဆယ်ပေးနိုင်ခဲ့ပါတယ်။ အုန်းရည်ရဲ့ အရသာဟာ သိပ်ကောင်းမွန်ခြင်းမရှိသော်လည်း အဆိပ်အတောက်များကို ဖယ်ရှားခြင်း/လျှော့ချခြင်းစတဲ့ detoxification အာနိသင်ရှိတဲ့အပြင် မေးခွန်းထုတ်စရာမလိုတဲ့ အခြား ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများလည်း ပေးစွမ်းနိုင်ပါတယ်။

အုန်းရည်ဟာ ဆီးလမ်းကြောင်းမှာရှိတဲ့ ဘက်တီးရီးယားတွေ၊ ဆီးလမ်းကြောင်းကို ဝင်ရောက်လာမယ့် ရောဂါပိုးတွေကို ဖယ်ရှားပေးနိုင်စွမ်းရှိသလို ဆီးပိုးဝင်ခြင်းကြောင့် ရောဂါဖြစ်ပွားမှုကို ခံနိုင်ရည်ရှိစေပါတယ်။ ဒါ့အပြင် ဂနိုရောဂါ (gonorrhea)၊ သွေးဖုံးရောဂါများ၊ အအေးမိနှာစေးချောင်းဆိုးခြင်းနဲ့ အူရောင်ငန်းဖျား ရောဂါများကိုလည်း ဟန့်တားနိုင်စွမ်းရှိပါတယ်။

အုန်းရည်ကို သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်ရဲ့ ခုခံနိုင်အားကို တိုးမြှင့်ပေးပြီး သိုင်းရွိုက်ဂလင်းများမှလည်း ဟော်မုန်းများ အများအပြား ထုတ်လုပ်ပေးနိုင်ပါတယ်။ အုန်းရည်ဟာ ကျောက်ကပ်ဝေဒနာခံစားရသူများအတွက် အလွယ်တကူ ဆီးသွားနိုင်တဲ့ သဘာဝဓာတ်စာ တစ်မျိုးဖြစ်ပါတယ်။ ဒါ့ပြင် ဆီးလမ်းကြောင်းနဲ့ ဆီးအိမ်အတွင်းမှာရှိတဲ့ အကြောလေးများ သန့်ရှင်းရေးအတွက်လည်း များစွာအထောက်အကူပြုပါတယ်။ ကျောက်ကပ်၊ ဆီးအိမ်နဲ့ ဆီးလမ်းကြောင်းများရှိ အဆိပ်အတောက်များကို ဖယ်ထုတ်ပေးနိုင်ပြီး ကျောက်များကိုလည်း ကြေစေနိုင်စွမ်းရှိပါတယ်။ အုန်းရည်မှာ အစာချေလုပ်ငန်းစဉ်အတွက် ကောင်းမွန်စေတဲ့ အမျှင်ဓာတ်များစွာ ပါဝင်တဲ့အတွက် မှန်မှန်သောက်သုံးပေးခြင်းဖြင့် အစာအိမ်မှထွက်ရှိလာတဲ့ အက်စစ်ဓာတ်များကို ဖယ်ရှားနိုင်ပါတယ်။ အုန်းရည်ဟာ အစာစားချင်စိတ်ကို လျှော့ချပေးပြီး ခန္ဓာကိုယ်အလေးချိန်ကို လျှော့ချပေးစွမ်းလည်းရှိပါတယ်။

အုန်းရည်ဟာ သွေးထဲမှ electro-lytes များကို ဟန်ချက်ညီအောင် ထိန်းပေးပြီး သွေးတိုးခြင်း/ သွေးကျခြင်းများ မဖြစ်စေရန် ထိန်းညှိပေးပါတယ်။ အရက်အလွန်အကျွံ သောက်သုံးသူများလည်း နောက်နေ့ နံနက်မှာ အုန်းရည်သောက်သုံးပေးခြင်းဖြင့် အရက်နာကျမှုကို သက်သာစေနိုင်ပါတယ်။

အသားအရည် စိုပြေဝင်းပလိုသူတွေ၊ ကိုယ်ကာယပိုင်းလှုပ်ရှားမှုများပြားလို့ မောပန်းနွမ်းနယ်နေသူတွေဟာ အုန်းရည်ကို နေ့စဉ်သောက်သုံးပေးသင့်ပါတယ်။ အုန်းရည်ဟာ လူတို့ရဲ့ ကျန်းမာရေးကို အထောက်အကူပြုရာမှာများပြားလွန်းတဲ့အတွက် သဘာဝကပေးတဲ့ လူတို့အတွက်ထာဝရကျန်းမာရေးလက်ဆောင်ဖြစ်တယ်လို့ ပြောရမှာပါ။ **ရှင်ပါဂူ**



# အရိုးကျွတ်ဆတ်မှုမှ ကာကွယ်ရန် ဗီတာမင်ဒီ ကြွယ်ဝစွာပါဝင်သည့်မှိုကို စားသုံးပေးသင့်သည်ဟုဆို

ဆောင်းတွင်းရာသီကဲ့သို့သော အေးလွန်းသည့်ရာသီဥတုမျိုးတွင် ဗီတာမင်ဒီဓာတ်ချို့တဲ့ခြင်းမှကာကွယ်ရန်အတွက် မှိုကို အမြဲလိုလိုထည့်သွင်းစားသုံးသင့်ကြောင်း ဩစတြေးလျ မှိုစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အကြံပြုပြောကြား ခဲ့သည်။

ဩစတြေးလျနှင့်နယူးဇီလန်နှစ်နိုင်ငံတို့ ပူးပေါင်းဖွဲ့စည်းထားသည့် အစားအစာ စံသတ်မှတ်ရေးအဖွဲ့မှသုတေသနပညာရှင်များက မှိုစိုက်ပျိုးထုတ်လုပ်သူများ အသင်း၏ကြေညာချက်ကို လေ့လာစုံစမ်းခဲ့ကြရာ မှိုတွင် ဗီတာမင်ဒီဓာတ်များအပြည့်အဝပါဝင်နေသည်ကိုတွေ့ရှိခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ကြောင့် အစားအစာ စံသတ်မှတ်ရေးအဖွဲ့ကလည်း လူငယ်များအနေဖြင့် မှိုကို နေ့စဉ်စားသုံးပေးပါက ခရမ်းလွန်ရောင်ခြည်ကျရောက်မှုဒဏ်ကို ကာကွယ်ပေးနိုင်သည့်အပြင် ဗီတာမင်ဒီ လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်စွမ်းရှိကြောင်း ထောက်ခံပြောကြားခဲ့ကြသည်။

အရွယ်ရောက်လာသည့်လူငယ်များသည် နေ့စဉ် ဗီတာမင်ဒီ ၂၀ရာခိုင်နှုန်းခန့် လိုအပ်လျက်ရှိပြီး ယင်းလိုအပ်ချက်ကို မှိုစားသုံးပေးခြင်းဖြင့် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ၎င်းတို့၏ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ဩစတြေးလျအာဟာရ သိပ္ပံပညာရှင်များကလည်း မှိုတွင် ဗီတာမင်ဒီဓာတ်များ အလျှံပယ်ကြွယ်ဝစွာ ပါဝင်လျက်ရှိသဖြင့် နေရောင်ခြည်ဓာတ်များ လုံလောက်စွာမရရှိသည့်အရပ်ဒေသများတွင် နေထိုင်ကြသည့်ပြည်သူများအနေဖြင့် မှိုကို နေ့စဉ်စားသုံးပေးသင့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"ကျွန်တော်တို့အားလုံး ခုချိန်မှာ သိရှိခဲ့ကြတာကတော့ မှိုဟာ လူတွေအတွက် ဗီတာမင်ဒီကို ရာနှုန်းပြည့် ဖြည့်ဆည်းပေးတယ်ဆိုတာကိုပါပဲ၊ ဒါ့ပြင် မှိုဟာ ခရမ်းလွန်ရောင်ခြည် ကျရောက်မှုဒဏ်ကိုလည်း ကာကွယ်ပေးနိုင်တဲ့ အစွမ်းထက်လှတဲ့ သတ္တိတွေပါဝင်နေတာကိုလည်း တွေ့ရတဲ့အတွက်မှိုဟာ လူတွေအတွက် တကယ့်ကို အသုံးဝင်တဲ့ အစားအစာတစ်မျိုးလို့ သတ်မှတ်ရတာပါ"ဟု အစာအာဟာရဗေဒပညာရှင် ဂလင်းကတ်ဒ်ဝဲလ်က ထောက်ခံပြောကြားခဲ့သည်။

ဗီတာမင်ဒီသည် အရိုးများ သန်မာလာစေရန်အတွက် အရေးကြီးသည့် အရာတစ်ခုဖြစ်သကဲ့သို့ ခန္ဓာကိုယ်မှ လိုအပ်သည့် ကယ်လ်ဆီယမ်ဓာတ်များ စုပ်ယူနိုင်စေရန် အကူအညီပေးသည့် ဓာတ်တစ်မျိုးဖြစ်သည်ဟုဆိုသည်။

ထို့ပြင် ဗီတာမင်ဒီသည် အရိုးပျော့ခြင်း၊ အရိုးပါးခြင်း၊ အရိုးကျွတ်ဆတ်ခြင်းနှင့် အရိုးပွခြင်းတို့ကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သိရသည်။


ဩစတြေးလျနိုင်ငံ၏ ဆောင်းရာသီကာလတွင် အမျိုးသမီး ၁၀ ဦးတွင် ၆ ဦးသည်လည်းကောင်း၊ အမျိုးသား ၁၀ ဦးတွင် လေးဦးသည်လည်းကောင်း၊ ဗီတာမင်ဒီချို့တဲ့သည့်ရောဂါများကို ခံစားရနိုင်ကြောင်းဖြင့် ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။ **မယ်သီတာ**

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း


### ၁၃-၇-၂၀၁၅ မှ ၁၉-၇-၂၀၁၅ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**




**တနင်္ဂနွေသားသမီးများအတွက်** အရာရာတွင်ဆန္ဒလွန်ကဲစွာဖြင့် လုပ်ကိုင်ပြောဆိုတတ်သည်။ လုပ်ငန်းခွင်တွင်စိတ်သောကဖြစ်စရာလေးများ ကြုံလာတတ်သည်။ ဘာသာရေးနှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းအောင်မြင်မှုရှိလာနိုင်ပါသည်။ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများအောင်မြင်မှုရှိလာရန်အခွင့်အလမ်းတွေ့လာတတ်ပါသည်။ ကျန်းမာရေးတွင်သွေးသားမမှန်ကန်ခြင်းကြောင့် ယားယံခြင်းတို့ဖြစ်တတ်သည်။ အချစ်ရေးတွင် ချစ်သောသူအတွက်ခံစားချက်ပြင်းထန်တတ်ပါသည်။

**ယတြာ။ ကံကော်ညွန့်လှူပါ။ လာဘ်ရွှင်ဂဏန်း ၂၊ ၃၊ ၅**




**တနင်္လာသားသမီးများအတွက်** စီးပွားရေး၊ ပညာရေးအားတက်လိမ့်မည်။ အဆင်ပြေသောလူမှုရေးအခြေအနေနှင့်ကြုံကြိုက်လိမ့်မည်။ စားသောက်ကုန်ပစ္စည်းရောင်းအားတက်လာမည်။ ငွေပစ္စည်းများလာရောက်အပ်နှံသူရှိလာလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ချူချာမှုရှိနေတတ်သည်။ အသက်ရှူပြွန်ရောင်သောရောဂါဖြစ်တတ်သည်။ အချစ်ရေးအဆင်ပြေစေရန် သတိထားဆက်ဆံရလိမ့်မည်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်တွင်း ရေးပြဿနာ ရှိတတ်သည်။

**ယတြာ။ ဇီးညွန့်လှူပါ။ လာဘ်ရွှင်ဂဏန်း ၃၊ ၄၊ ၆**



**အင်္ဂါသားသမီးများအတွက်** အကြံအစည်သစ်များ ပေါ်လာတတ်သည်။ လုပ်ငန်းခွင် အခက်အခဲကို ကျော်ဖြတ်ရန် ကြိုးစားရလိမ့်မည်။ ငွေကြေးအတွက် ပြောဆိုအောင်မြင်လိမ့်မည်။ ရှုပ်ထွေးသော အလုပ်အကိုင် ရှင်းအောင်လုပ်ရတတ်သည်။ မိတ်ရင်းဆွေမျိုးတို့နှင့် ဆွေးနွေးတိုင်ပင်ရတတ်သည်။ ကျန်းမာရေးအနေဖြင့် သင့်တင့်လိမ့်မည်။ ဝမ်းပျက်ခြင်း၊ မူးဝေခြင်းရှိတတ်ပါသည်။ အချစ်ရေးတွင် ချစ်သူနှင့်အဆင်ပြေမည်။

**ယတြာ။ ရွက်လှပန်းလှူပါ။ လာဘ်ရွှင်ဂဏန်းမှာ ၃၊ ၄၊ ၆**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးတွင် ကုလားပဲ၊ ဂျုံ၊ ဆန်၊ စပါး၊ ဝါး၊ ဆီများဈေးကောင်းတတ်ပါသည်။ ကျောက်စိမ်း၊ ပန်းချီကားများဈေးတက်လာတတ်ပါသည်။ လုပ်ငန်းတာဝန်များပြားစွာ ဆောင်ရွက်ရတတ်သည်။ ပညာရေးတွင် အားတက်စရာတွေ့ရတတ်သော်လည်း မိမိ၏ ကြိုးစားအားထုတ်မှုလျော့နည်းနေတတ်သည်။ လူမှုရေးတွင် စိတ်ထားမတူသူနှင့် တွေ့ဆုံရတတ်သည်။ အချစ်ရေး နှလုံးသားစိတ်တွင် သံသယအတွေးစိတ် ဝင်နေတတ်သည်။ ကျန်းမာရေးကောင်းမွန်နေမည်။

**ယတြာ။ စိန်ပန်းညွန့်လှူပါ။ လာဘ်ရွှင်ဂဏန်း ၄၊ ၅၊ ၇**



**ကြာသပတေးသားသမီးများအတွက်** လေးနက်သောစကားတည်ကြည်သောစိတ်ဖြင့် ဆက်ဆံပြောဆိုနေရတတ်သည်။ လုပ်ငန်းဆောင်တာများကို ဦးဆောင်မှုဖြင့် ပြီးမြောက်အောင်ဆောင်ရွက်နိုင်လိမ့်မည်။ စာပေပညာနှင့်ပတ်သက်သောလုပ်ငန်းများထူးချွန်မှုရှိလာတတ်ပါသည်။ ကျန်းမာရေးတွင် အဆစ်အမြစ်နာကျင်ကိုက်ခဲသောဝေဒနာခံစားရတတ်သည်။ တိုက်ဖွိုက်ဖြစ်တတ်သည်။ အချစ်ရေးတွင် အဆင်ပြေမှုများရှိနေမည်။

**ယတြာ။ သီဟိုဠ်ညွန့်လှူပါ။ လာဘ်ရွှင်ဂဏန်း ၅၊ ၆၊ ၁**



**သောကြာသားသမီးများအတွက်** မျှတသောစိတ်သဘောကြောင့် စီးပွားရေးတွင် လက်လွှတ်ဆုံးရှုံးမှုရှိတတ်သည်။ လူမှုရေးတွင် အဆင်ပြေအောင်နေနိုင်လိမ့်မည်။ ရရန်ရှိပစ္စည်းငွေကြေးတို့ ပြန်လည်ရရှိတတ်သည်။ မိတ်ဆွေများ၏အကူအညီဖြင့်အဆင်ပြေလာစရာများရှိနေတတ်ပါသည်။ ကျန်းမာရေး အနည်းငယ်ညှိုနေမည်။ အချစ်ရေးတွင် အဆင်ပြေသောစကားများပြောရလိမ့်မည်။ မျှော်လင့်ချက်အတိုင်းဖြစ်လာလိမ့် မည်။

**ယတြာ။ အုန်းညွန့်လှူပါ။ လာဘ်ရွှင်ဂဏန်း ၅၊ ၆၊ ၁**



**စနေသားသမီးများအတွက်** တစ်ပါးသူ၏စကားကိုယုံလွယ်နေ မည်။ လူလိမ်၊ လူကောက်နှင့် တွေ့ရတတ်သည်။ စီးပွားရေး၊ လူမှုရေးတို့တွင် လုပ်ဆောင်ချက်များအပေါ် အားပေးသူ အသိအမှတ်ပြုသူများ ရှိလာတတ်ပါသည်။ ဘဝအတွေ့အကြုံများအပေါ် ပြန်လည် စဉ်းစားမိတတ်သည်။ လုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းနေတတ်သည်။ အချစ်ရေးတွင် ပတ်ဝန်းကျင်စွက်ဖက်မှုရှိလာတတ်သည်။

**ယတြာ။ အောင်သပြေညွန့်လှူပါ။ လာဘ်ရွှင်ဂဏန်း ၄၊ ၂၊ ၁**

# ၅၂ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ ကျင်းပပြီးစီး

(၅၂)ကြိမ်မြောက် ကျောက်မျက်ရတနာ ပြပွဲကို ဇွန်လ ၂၄ ရက်မှ ဇူလိုင်လ ၆ ရက်နေ့ထိ နေပြည်တော်မှာ ၁၃ ရက်ကြာ ကျင်းပခဲ့ပါတယ်။ ယခုနှစ်မှာ ကျောက်စိမ်းအတွဲပေါင်း ၁၀၀၅ တွဲကို အိတ်ဖွင့်တင်ဒါစနစ်နဲ့ ရောင်းချခဲ့ပြီး ၃၅ တွဲကို ဈေးပြိုင်စနစ်နဲ့ ရောင်းချနိုင်ခဲ့ပါတယ်။ ယခုနှစ်မှာ ကျောက်စိမ်းအတွဲပေါင်း ၈၉၄၃ တွဲနဲ့ အခြား ကျောက်မျက်ရတနာ ၃၂၃ တွဲ ရောင်းချနိုင်ခဲ့ရာ ယူရို ၉၄၉ သန်းကျော်ရရှိခဲ့တယ်လို့ သိရပါတယ်။

ယခုနှစ်ပြပွဲမှာ ပုလဲအတွဲများ လေလံမအောင်ခြင်း၊ ကျောက်စိမ်းဈေးများ ကျဆင်းနေခြင်း စတဲ့အချက်တွေကြောင့်ယခင်နှစ်ပြပွဲမှ ရောင်းချရငွေနှင့် နှိုင်းယှဉ်ပါက သုံးပုံတစ်ပုံခန့်သာရရှိခဲ့ကြောင်း သိရပါတယ်။ **ပြည့်စုံမောင်**

# ကြက်သွန်စိုက်တောင်သူတွေ ယခုနှစ်မှာ စိုက်ရကျိုးနပ်

ဇူလိုင်လ(ဒုတိယပတ်)ရဲ့ ပြည်ကြက်သွန်နီဈေးကွက်ပွဲရုံများမှာ ကြက်သွန်နီအရောင်းအဝယ် ပြန်ဖြစ်နေပါတယ်။ ကြက်သွန်နီဈေးတွေကလည်း တစ်ပတ်ထက် တစ်ပတ် တဖြည်းဖြည်းချင်း တက်လာပါတယ်။

ယခုတစ်ပတ် ပြည်ပွဲရုံဈေးမှာ ကြက်သွန်နီ တစ်ပိဿာ (ကြီး) ၈၅၀ ကျပ်၊ (လတ်) ၇၈၀ ကျပ်၊ (သေး) ၇၀၀ ကျပ်ဖြစ်ပါတယ်။ ဒေသတွင်း (လက်လီ) တစ်ပိဿာရောင်းဈေး (ကြီး) ၉၅၀ ကျပ်၊(လတ်) ၉၀၀ကျပ်၊ (သေး) ၈၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိနေပါတယ်။

ကြက်သွန်နီဈေးကွက် အရောင်းအဝယ်ပျက်နေတာ နှစ်နှစ်ကျော်ကြာမြင့်ပြီဖြစ်လို့ ကြက်သွန်တောင်သူတွေ အရှုံးနဲ့ရင်ဆိုင်နေခဲ့ရပါတယ်။ ယခု ၂၀၁၅ မှာတော့ ကြက်သွန်နီစိုက်တဲ့တောင်သူတွေ စိုက်ရကျိုးနပ်တယ်လို့ ဆိုရမယ့်နှစ်ဖြစ်ပါတယ်။ ရာသီဥတုကလည်း မိုးများလာပြီး လမ်းပန်းသွားလာရေး ခက်ခဲမှုကြောင့် သယ်ယူပို့ဆောင်ရာမှာ အခက်အခဲ အနည်းငယ်ရှိနေပါတယ်။ အဝင်လည်းနည်းလာကာ ဈေးတက်လာကြောင်း သိရပါတယ်။ နယ်စုံမှ ကြက်သွန်ဝင်ရာက်မှု မရှိတော့ဘဲ ဆိပ်ဖြူ ပခုက္ကူ ရေနံချောင်း စတဲ့မြို့များမှသာ အဝင်ရှိပါတော့တယ်။

ပွဲရုံများသို့ တစ်ရက်ခြားတစ်ကြိမ် ကြက်သွန်နီအိတ်ရေ ၆၀၀ မှ ၇၀၀ ကြား ဝင်ရောက်နေပြီး ပွဲရုံများမှာ လည်း တစ်ရက်လျှင် အိတ် ၄၀၀၊ ၅၀၀ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း တွေ့ရပါတယ်။ **နီနီဝင်း-ပြည်**

# မြန်မာ့သနပ်ခါးနဲ့ဈေးကွက်ထဲက အတားအဆီးများ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၊ အရာတော်မြို့နယ်ဟာ မြန်မာ့သနပ်ခါးကို ဧက သုံးသောင်းကျော်အထိ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရာဒေသတစ်ခုဖြစ်သလို မြန်မာနိုင်ငံအရပ်ရပ်သို့ ဈေးကွက်ဖြန့် ရောင်းဝယ်ရေးလုပ်ငန်းကို ယနေ့အထိ မိရိုးဖလာအရ ဆောင်ရွက်လျက်ရှိတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။

မြန်မာနိုင်ငံသားတွေ မြန်မာ့သနပ်ခါး မူပိုင်ခွင့်မဆုံးရှုံးစေဖို့ တောင်သူတွေကို စနစ်တကျစိုက်ပျိုးစေပြီး ထွက်ရှိလာတဲ့ သနပ်ခါးကို နိုင်ငံအတွင်း လွတ်လပ်စွာ သယ်ယူရောင်းချနိုင်ဖို့နဲ့ မြန်မာ့သနပ်ခါးရဲ့ အနာဂတ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့က အရာတော်မြို့မှာ အလုပ်ရုံဆွေးနွေးပွဲတစ်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ပေမယ့် မြန်မာ့သနပ်ခါး လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ရေးမှာ ယနေ့အထိ အခက်အခဲ အတားအဆီးများဖြစ်နေဆဲပါလို့ အရာတော်သနပ်ခါးအသင်းဝင် တောင်သူတွေက ဆိုပါတယ်။

ယခုလ ၇ ရက်နေ့က အရာတော်သနပ်ခါးအသင်းဝင် တောင်သူတစ်ဦးရဲ့ ခြံထွက်သနပ်ခါးအပင် ၂၀၀ ခန့်ကို မန္တလေးဈေးကွက်မှာ ရောင်းချဖို့ သယ်ယူလာစဉ် အဖွဲ့အစည်းတစ်ခုက ဖမ်းဆီးထားမှုအတွက် အရာတော်သနပ်ခါးအသင်း ဥက္ကဋ္ဌရဲ့ အကူအညီတောင်းခံမှုကြောင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသူက သက်ဆိုင်ရာအဖွဲ့အစည်းနဲ့ ချိတ်ဆက်ညှိနှိုင်းပေးခဲ့တယ်လို့ ကြားသိရပါတယ်။

မြန်မာ့သနပ်ခါးကို အဓိကစိုက်ပျိုးကြတဲ့ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနဲ့ မကွေးတိုင်းဒေသတွေမှာ မြန်မာ့သနပ်ခါးဖွံ့ဖြိုးတိုးတက်ဖို့ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခဲ့ကြသလို ဒေသအလိုက်အသင်းအဖွဲ့များကို တက်ကြွစွာ ဖွဲ့စည်းထားပြီးဖြစ်တာကြောင့် အလုပ်ရုံဆွေးနွေးပွဲများရဲ့ အကြံပြုတင်ပြချက်များကို အမြန်ဆုံး အကောင်အထည်ဖော်ပေးခြင်းဖြင့် မြန်မာ့သနပ်ခါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းမြှင့်တင်စောင့်ရှောက်ဖို့ လိုအပ်နေပါကြောင်း-------။

**စိုးအောင်၊ ထွန်းလှိုင်-မုံရွာ**

# ယင်းမာပင်ခရိုင်မှာ နွေစပါးများ ရိတ်သိမ်းနေပြီ

ယင်းမာပင်ခရိုင်မှာ စိုက်ပျိုးနိုင်တဲ့ ယာမြေလယ်မြေဧကပေါင်း ၆ ဒသမ ၅၂ သိန်းခန့်ရှိပါတယ်။ နိုင်ငံတော်အစိုးရမှ တူးဖော်ပေးတဲ့ ရေလှောင်ကန် ၉၉ ကန်အနက် ၄၁ ကန်၊ တောင်သူများ ကိုယ်ထူကိုယ်ထ တူးဖော်သော ရေလှောင်ကန်များ၊ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပေးသော ဆည်များမှ ရေတို့ဖြင့် ၂၀၁၄-၂၀၁၅ အတွင်း နွေစပါးလျာထားစိုက်ဧက ၅၅၀၀ ကျော်ရှိသော်လည်း အမှန်တကယ်တွင်မူ စိုက်ဧက ၄၈၀၀ ခန့် သာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။

နွေစပါးများကို မြို့နယ်အလိုက် စိုက်ပျိုးကြရာမှာ ယင်းမာပင်၌ ဧက ၂၄၄၀ ၊ ဆားလင်းကြီး၌ ဧက ၁၃၀၀ ၊ ပုလဲ၌ ၃၆၀ ဧကနဲ့ ကနီ၌ ၇၀၀ ဧကတို့ ဖြစ်ကြပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးသည့်အပြင် ပုလဲသွယ်စပ်မျိုးစပါးများကိုလည်း စိုက်ကွက်အဖြစ် ၁၈၃ဧကကို မြို့နယ်တိုင်းမှာ စိုက်ပျိုးခဲ့ပါတယ်။ အများဆုံးစိုက်ပျိုးကြတဲ့ နွေစပါးမျိုးများကတော့ မနောသုခ ၁၈၅၅ ဧက၊ ရွှေဘို(၁) ၇၆၃ ဧက၊ ဆင်းနွယ်ရင် ၆၈၁ ဧက၊ ရွှေသွယ်ရင် ၆၅၅ ဧက၊ ဗီယက်နမ် ၃၂၁ ဧကဖြစ်ပြီး မနောသုခ (၂)၊ ရက် (၉၀) စပါးတို့ကိုလည်း စိုက်ပျိုးကြကြောင်း သိရှိရပါတယ်။ လည်ဝေါက်ကျေးရွာတောင်သူ ဦးခင်မောင်လင်း၏ ပြောပြချက်အရ ယခုနှစ် နွေစပါး ဖုံးတုံးလုံးတုံးအချိန်မှာ မိုးရွာသွန်းမှုမရှိတာကြောင့် တစ်ဧကကို ၇၅ တင်းခန့်သာ ထွက်ရှိကြောင်း၊ ယခင်နှစ်များက တစ်ဧကကို တင်း ၁၀၀ ထွက်ရှိကြောင်း၊ ရက် ၉၀ စပါးကိုလည်းစိုက်ပျိုးကြောင်း သိရပါတယ်။ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၏ပြောပြချက်အရ တစ်ခရိုင်လုံးတွင် စိုက်ပျိုးထားသည့် ဧကများအနက် ၇၇၆ ဧကကိုရိတ်သိမ်းပြီးဖြစ်ကြောင်း၊ တစ်ဧကကို ပျမ်းမျှအထွက်နှုန်း ၈၁ ဒသမ ၅၉ တင်းထွက်ရှိကြောင်းနှင့် စပါး အမျိုးအစားများကိုလိုက်၍ တစ်တင်းကို ၄၃၀၀၀ ကျပ်မှ ၄၅၀၀၀ ကျပ်ထိရရှိကြောင်း၊ ယင်းမာပင်ခရိုင်အတွင်း နိုင်ငံ တော်အစိုးရမှ ဆည်မြောင်းများတိုးချဲ့ခြင်း၊ ရေလှောင်ကန် ၉၉ ကန်ကို ပြုပြင်ထိန်းသိမ်းခြင်း၊ ချောင်းပိတ်၊ မြောင်းပိတ်များ လုပ်ဆောင်ပေးမည်ဆိုပါက မကြာမီအချိန်တွင် ဆန်ပိုဒေသဖြစ်လာနိုင်ပါကြောင်း။ **သန်းပို-ယင်းမာပင်**

# မြို့ကြီးများ၏ ၁၃-၇-၂၀၁၅ မှ ၁၇-၇-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၃-၇-၂၀၁၅) | အင်္ဂါ(၁၄-၇-၂၀၁၅) | ဗုဒ္ဓဟူး(၁၅-၇-၂၀၁၅) | ကြာသပတေး(၁၆-၇-၂၀၁၅) | သောကြာ(၁၇-၇-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၆၀% ၃၂°C/၉၀°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F |
| ရန်ကုန်မြို့ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| မန္တလေးမြို့ | ၆၀% ၃၄°C/၉၄°F | ၅၀% ၃၄°C/၉၄°F | ၅၀% ၃၄°C/၉၄°F | ၈၀% ၃၃°C/၉၂°F | ၆၀% ၃၃°C/၉၁°F |
| မြစ်ကြီးနား | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၈°C/၈၂°F | ၆၀% ၂၉°C/၈၅°F |
| လားရှိုး | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀ °F |
| ကျိုင်းတုံ | ၈၀% °၃၀C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| လွိုင်ကော် | ၃၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၅၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၆၀% ၂၇°C/၈၀°F |
| တောင်ကြီး | ၈၀% ၂၄°C/၇၄°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၁°C/၇၀°F | ၈၀% ၂၁°C/၇၀°F |
| မော်လမြိုင် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၈°C/၈၃°F |
| ဘားအံ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၃°F | ၈၀% ၂၉°C/၈၃°F | ၆၀% ၂၈°C/၈၂°F |
| တောင်ငူ | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F |
| မုံရွာ | တိမ်အသင့်အတင့် ၃၃°C/၉၃°F | ၃၀% ၃၃°C/၉၃°F | ၄၀% ၃၃°C/၉၃°F | ၈၀% ၃၃°C/၉၂°F | ၅၀% ၃၂°C/၉၁°F |
| ပုသိမ် | ၅၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F |
| မြိတ် | ၉၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F |
| စစ်တွေ | ၃၀% ၂၉°C/၈၄°F | ၆၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| မကွေး | ၉၀% ၃၄°C/၉၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F |
| ဖလမ်း | ၄၀% ၂၄°C/၇၅°F | ၆၀% ၂၃°C/၇၃°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၂°C/၇၁°F |

## ၁၀နှစ်အတွင်း အဆိုးရွားဆုံး မိုးခေါင်ခြောက်သွေ့မှုကြောင့် မြစ်ရေများ ခန်းခြောက်လာကာ လယ်များပြိုကျပျက်စီး

ထိုင်းနိုင်ငံတွင် ၁၀ နှစ်အတွင်း အဆိုးရွားဆုံး မိုးခေါင်ခြောက်သွေ့မှုကြောင့် မြစ်များခန်းခြောက်ကာ လယ်များပြိုကျပျက်စီးခဲ့ရကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် အယ်နီညိုသက်ရောက်မှုသည် ပြင်းထန်လှသဖြင့် ထိုင်းနိုင်ငံ၏စီးပွားရေးကျဆင်းနေမှုကို ပိုမိုထိခိုက်စေနိုင်ကြောင်း ဘလွန်းဘတ်သတင်းတွင် ဖော်ပြထားသည်။

ယခင်အစိုးရလက်ထက်က ဆောင်ရွက်ခဲ့သည့်ဆန်စပါးအပေါင်ခံအစီအစဉ်ကြောင့် စီးပွားရေးတွင် ရုန်းကန်နေရသည့်ထိုင်းနိုင်ငံသည် ယခုနှစ်တွင် အယ်နီညိုရိုက်ခတ်မှုဒဏ်ကြောင့် အဆိုးရွားဆုံး မိုးခေါင်ခြောက်သွေ့မှုကို ခံစားနေရသည်။

ဆူဖန်ဘူရီပြည်နယ်ရှိ ဆန်စပါးစိုက်ပျိုးကြသည့်လယ်သမားများသည် မိုးခေါင်ခြောက်သွေ့မှုကြောင့်ပက်ကြားအက်နေသည့် လယ်မြေများတွင် ရေသွင်းစိုက်ပျိုးနိုင်ရန် စိစဉ်လျက်ရှိကြောင်း၊ သို့သော် လယ်သမားများ၏ ရေလိုအပ်ချက်မှာ တစ်နေ့တခြားတိုးလာသဖြင့် စားနပ်ရိက္ခာ တည်ငြိမ်ရေးအတွက် လုပ်ဆောင်ရန် များစွာခက်ခဲလာမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတွင် မိုးရာသီကာလသို့ ရောက်ရှိနေသော်လည်း မိုးအနည်းငယ်သာ ရွာသွန်းခဲ့သဖြင့် ပြည်နယ် ၆၇ ခုမှ လယ်သမားများမှာ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် အခက်အခဲများဖြစ်ပေါ်နေကြောင်း သိရသည်။

ထိုကဲ့သို့ မိုးခေါင်ခြောက်သွေ့လာမှုကြောင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပရာယွတ်ယောင်ချိုင်ယုက လယ်သမားများအနေဖြင့် မိုးကိုစောင့်မျှော်နေမည့်အစား ရေအနည်းငယ်သာလိုအပ်သည့်အပင်ကို စိုက်ပျိုးရန် စဉ်းစားကြစေလိုကြောင်း၊ ဆန်စပါးကို စိုက်ပျိုးရန်အတွက် ရေလိုအပ်ချက်မှာ ပမာဏများပြားလှသဖြင့် အပူပိုင်းဒေသသီးနှံ တစ်မျိုးဖြစ်သည့်အပြင် ဆေးဘက်ဝင်တိုင်းရင်းဆေးပင် တစ်မျိုးဖြစ်သည့် mucuna pruriens ဟူသည့်အပင်ကို စိုက်ပျိုးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါအပင်မှရသည့် အစေ့သည် တစ်ကီလိုဂရမ်လျှင် ဘတ် ၈၀၀ ရှိနေပြီး နောင်အချိန်တွင် တစ်ကီလိုလျှင် ဘတ် ၈၀၀၀၀ အထိ ဈေးမြင့်လာနိုင်ကြောင်းဖြင့် အိမ်တော်တွင် လူငယ်များအား အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

**မယ်သီတာ**



## အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ချန်းဟုန် တရုတ်နိုင်ငံအရှေ့ပိုင်းသို့ ဝင်ရောက်တိုက်ခတ်

တရုတ်နိုင်ငံအရှေ့ပိုင်း ကမ်းခြေဒေသသို့ ဇူလိုင်လ ၁၀ရက်နေ့ညက အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ချန်းဟုန် ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

အဆိုပါ အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ချန်းဟုန်သည် တစ်နာရီလျှင် ၁၇၃ ကီလိုမီတာအထိ တိုက်ခတ်ခဲ့ကြောင်း အမျိုးသားမိုးလေဝသဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါမုန်တိုင်းသည် တရုတ်ကွန်မြူနစ်ပါတီအာဏာရယူပြီးကတည်းက တိုက်ခတ်ခဲ့သည့် အင်အားပြင်းမုန်တိုင်းများအနက် အင်အားအပြင်းထန်ဆုံးဖြစ်သည်ဟု အဆိုပါဌာနကထုတ်ဖော်ပြော ကြားခဲ့သည်။

ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံ၏ အဓိက စီးပွားရေးမြို့တော်ဖြစ်သည့် ရှန်ဟိုင်းစီးပွားရေးဇုန်အပါအဝင် အန်းဟူ၊ ဖူကျင့်၊ ယန်ဇူနှင့် စီကျင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လေပြင်းများလည်း တိုက်ခတ်ခဲ့သည်ဟု ဆိုသည်။

မုန်တိုင်းတိုက်ခတ်မည်ဟု မိုးလေဝသဌာန၏ သတိပေးချက်များထွက်ပေါ်လာပြီးနောက် မုန်တိုင်းတိုက်ခတ်မည့် လမ်းကြောင်းတစ်လျှောက်ရှိ စာသင်ကျောင်းများ ပိတ်ထားခဲ့ပြီး လေကြောင်းခရီးစဉ်များ၊ ရထားခရီးစဉ်များကို ရပ်ဆိုင်းခဲ့ပြီး ပင်လယ်ပြင်သို့ ငါးဖမ်းထွက်မည့်သင်္ဘောများကို တားဆီးခဲ့ကာ ပင်လယ်ပြင်သို့ရောက်ရှိနေသည့် ငါးဖမ်းသင်္ဘောများကိုလည်း ပြန်လည်ခေါ်ယူခဲ့သည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်းချန်းဟုန်သည် တရုတ်နိုင်ငံသို့ တစ်ပတ်အတွင်း ဒုတိယမြောက်ဝင်ရောက်တိုက်ခတ်သည့် အင်အားပြင်းမုန်တိုင်းဖြစ်သည်ဟုဆိုသည်။ ပြီးခဲ့သည့်ဇူလိုင်လ ၄ရက်နေ့ကလည်း တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်ပြည်နယ်သို့ အပူပိုင်းမုန်တိုင်း လင်ဖာ သည် တစ်နာရီလျှင် ၂၃၅ ကီလိုမီတာနှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့သည်။

ထို့ပြင် ပစိဖိတ်သမုဒ္ဒရာ၌ ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် အပူပိုင်းမုန်တိုင်း နန်ကာအဖြစ် ပြောင်းလဲသွားကာတရုတ်နိုင်ငံ၊ တရုတ်(တိုင်ပေ)နှင့် ဂျပန်နိုင်ငံသို့ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသဌာနက ထုတ်ပြန်ကြေညာထားသည်။ **မယ်သီတာ**





# ရတနာပုံ-ရန်ကုန်ပွဲမှ ဖြစ်စဉ်များအား စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ပြစ်ဒဏ်အသီးသီးချမှတ်

၂၀၁၅ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် တစ်ပွဲဖြစ်သည့် ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်တို့၏ ပွဲစဉ်တွင် ခိုက်ရန်ဖြစ်ပွားမှုများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့ကြောင်းသိရသည်။

အဆိုပါပွဲတွင် လာရောက်ကြည့်ရှုခဲ့ကြသည့် ပရိသတ်အချို့၏ ပြုမူဆောင်ရွက်မှုများအပေါ် ရတနာပုံအသင်းမှ တာဝန်ရှိသည်ဟု ယူဆသဖြင့် ရတနာပုံအသင်းအား ဒဏ်ကြေး ကျပ် ၁၀ သိန်း ပေးဆောင်စေရန်၊ နောင်ကျင်းပမည့်ပွဲများအား တာဝန်မယူနိုင်ပါက ကွင်းပြောင်း၍ကျင်းပရန်၊ ယင်းပွဲတွင်တာဝန်ယူခဲ့ကြသည့် ဒိုင်လူကြီးလေးဦးမှာ ကြီးကြပ်ကွပ်ကဲမှုအားနည်းသဖြင့် ဒိုင်လူကြီးဌာနမှ လိုအပ်သလို အရေးယူရန်၊ ရတနာပုံအသင်းနည်းပြ Mr. Desaeyere Rene Oscar Anna နှင့် ရန်ကုန်ယူနိုက်တက်အသင်းမှ Mr. Miodrag Jesic တို့သည် ဒိုင်လူကြီးများ အား ဥပဒေပြင်ပမှ ပြောဆိုဆက်ဆံကြသဖြင့် တစ်ဦးလျှင် ဒဏ်ကြေးငွေ ကျပ်ငါးသိန်းစီပေးဆောင်စေရန်၊ ရတနာပုံအသင်းမှ ကြံ့ခိုင်ရေးနည်းပြ မစ္စတာဂျိုးဇက်သည် လူကြီးလူကောင်းဆန်စွာ ပြုမူခြင်းမရှိခဲ့သဖြင့် နောက်နောင်ယခုကဲ့သို့ မပြုလုပ်ရေးအတွက် သတိပေးရန်၊ ရန်ကုန်ယူနိုက်တက်အသင်းမှ ကွင်းလယ်ကစားသမား ကြည်လင်းအား နှစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေကျပ်နှစ်သိန်းပေးဆောင်စေရန် စသည့်ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဇူလိုင်လ ၅ရက်နေ့က မန္တလေးမြို့ ရတနာပုံအသင်း၏ အိမ်ကွင်းဖြစ်သည့် ဗထူးကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်တို့၏ ပွဲစဉ်တွင် နှစ်ဖက်ကစားသမားများနှင့် နည်းပြအချို့ ခိုက်ရန်ဖြစ်ပွားခဲ့သည့်အပြင် ပရိသတ်အချို့မှာလည်း လွန်ကဲစွာအားပေးခဲ့ပြီး ကွင်းအတွင်းသို့ ထီး၊ အုတ်ခဲကျိုး၊ ဖိနပ် စသည့် အရာဝတ္ထုများဖြင့် ပစ်ပေါက်ခဲ့ကြသည်။

အဆိုပါပွဲ၏ ဒုတိယပိုင်းတွင် နှစ်ဖက်ကစားသမားများ တွန်းတွန်းတိုက်တိုက်ကစားကြရာမှတစ်ဆင့် ခိုက်ရန်ဖြစ်ပွားမှုများ စတင်ခဲ့ခြင်းဖြစ်ကာ ပရိသတ်များက ကွင်းအတွင်းသို့ ပစ္စည်းများဖြင့် ပစ်ပေါက်ခဲ့ကြသည်။

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး ရတနာပုံအသင်းကို သတိပေးထားပါတယ်။ တရားဝင်စာထုတ်ပြီး သတိပေးဖို့လည်း ရှိပါတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် မန္တလေးသို့ လိုက်ပါအားပေးခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်း ပရိသတ်များအား ပွဲအပြီးတွင် ရဲတပ်ဖွဲ့ဝင်များက လိုက်ပါပို့ဆောင်ပေးခဲ့ပြီး အလွန်အကြူးအားပေးခဲ့သည့် ရတနာပုံအသင်း ပရိသတ်အချို့ကိုလည်း ဖမ်းဆီးထိန်းသိမ်းထားခဲ့ကြောင်း သိရသည်။

# မြန်မာနေရှင်နယ်လိဂ်ချန်ပီယံဆုအတွက် လက်လျှော့လိုက်ပြီဟု ရတနာပုံအသင်းနည်းပြ ပြောကြား



ရတနာပုံအသင်းနည်းပြဖြစ်သူ ရီနီက ရတနာပုံအသင်းအနေဖြင့် ထိပ်ဆုံးမှ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ၁၃မှတ်ကွာဟနေသဖြင့် ယခုနှစ်မြန်မာနေရှင်နယ်လိဂ်ချန်ပီယံဆုအတွက် လက်လျှော့လိုက်ပြီဖြစ်ကြောင်း ရန်ကုန်ယူနိုက်တက်နှင့်ပွဲအပြီးတွင် ပြောကြားခဲ့သည်။

ရတနာပုံအသင်းသည် ရန်ကုန်ယူနိုက်တက်နှင့်ယှဉ်ပြိုင်ကစားခဲ့သည့် အိမ်ကွင်းပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရပြီး ပထမအကျော့ရာသီဝက်၌ သုံးပွဲအထိ ရှုံးနိမ့်ခဲ့ကာ အဆင့်(၄)တွင်သာ ရပ်တည်နေခဲ့သည်။

"အသင်းအနေနဲ့ ဒီနှစ်ရာသီမှာ လိဂ်ချန်ပီယံဖြစ်ဖို့အတွက်တော့ လက်လျှော့လိုက်ပါပြီ။ ရန်ကုန်နဲ့ပွဲမှာ ရှုံးလို့မဟုတ်ပါဘူး။ ရှေ့ပွဲတွေမှာ အမှတ်လျော့ခဲ့တာတွေကြောင့်ပါ။ ဒီရာသီမှာ အသင်းက လက်ရွေးစင်ကစားသမားတွေ အများအပြား စေလွှတ်ရတဲ့အတွက် အခက်အခဲတွေရှိပါတယ်။ နိုင်ငံတကာမှာဆို ပွဲကစားခါနီး သုံးရက်အလိုမှလွှတ်ရတာပါ။ ဒီမှာကအဲဒီလိုမဟုတ်ပါဘူး။ လက်ရှိမှာ ကစားသမားအချို့ ခြေမမှန်သေးတဲ့အတွက် အပြောင်းအလဲတွေရှိနေပါတယ်။ အသင်းအနေနဲ့ ဒီရာသီရှုံးထွက်ဖလားကိုပဲ ရအောင်ကြိုးစားသွားရမှာပါ"ဟု ရီနီက ပြောကြားခဲ့သည်။

# နည်းပြချုပ်အချိန်မီ ရောက်မလာ၍ မြန်မာယူ-၁၉ လူရွေးချယ်ပွဲကို ရက်ရွှေ့ဆိုင်း


နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၁၉ အမျိုးသားဘောလုံးအသင်းအတွက် ကစားသမားရွေးချယ်ပွဲကို ယူ-၁၉ အသင်း၏ နည်းပြချုပ်ဖြစ်သူ မစ္စတာဂတ်ဆီဗီ ပြန်လည်ရောက်ရှိမလာသဖြင့် ရက်ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

"အစတုန်းက ၇ရက်နေ့မှာ ရွေးချယ်ဖို့စီစဉ်ထားတာပါ။ နည်းပြကြီးက လေယာဉ်အချိန်အဆင်မပြေလို့ နောက်ကျသွားတာပါ။ ပြီးတော့ ကစားသမားရွေးချယ်တယ်ဆိုတာ တစ်ကြိမ်တည်းနဲ့ မပြီးပါဘူး။ အဆင့်ဆင့်ရွေးချယ်ရမှာပါ။ နည်းပြကြီးရဲ့သဘောအတိုင်း လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲနှင့်အတူ အာရှယူ-၁၉ခြေစစ်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၁၉ အမျိုးသားအသင်းအား ဂျာမနီနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က တာဝန်ယူမည်ဖြစ်ပြီး လက်ထောက်နည်းပြ ဦးညီညီလတ်နှင့် ဂိုးနည်းပြ ဦးအောင်ကျော်ကျော်တို့က တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာယူ-၁၉ ဘောလုံးအသင်းတွင် ပါဝင်နိုင်ရန်အတွက် စာရင်းပေးသွင်းထားသူပေါင်းမှာ ၆၆ ဦးရှိပြီး မြန်မာယူ-၁၈ နှင့် မြန်မာနေရှင်နယ်လိဂ်ဘောလုံးအသင်းများမှ လူငယ်ကစားသမားများ အများအပြားပါဝင်ကြကြောင်း သိရသည်။

# မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အေဗရာမိုဗစ်ချ်အား ၁၇ လသက်တမ်းရှိ သက်တမ်းတိုးစာချုပ် ချုပ်ဆို



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း၏ နည်းပြချုပ် အေဗရာမိုဗစ်အား ၁၇လ သက်တမ်းရှိသည့် သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အဆိုပါစာချုပ်အရ အေဗရာမိုဗစ်သည် မြန်မာ့လက်ရွေးစင်အသင်း၏ နည်းပြချုပ်တာဝန်ကို အဓိကထား၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ယူ-၂၂နှင့် ယူ-၂၃အသင်းတို့အား နည်းစနစ်ပိုင်းဆိုင်ရာ အကြံဉာဏ်များပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။

"မိုဗစ်ကို ၁၇လသက်တမ်းတိုးတဲ့ စာချုပ်ကို ချုပ်ဆိုပြီးသွားပါပြီ။ အစကတည်းက သက်တမ်းတိုးဖို့ ပြောထားပေမယ့် ညှိနှိုင်းစရာလေးတွေရှိနေသေးလို့ ကြန့်ကြာသွားရတာပါ။ ဦးကြည်လွင်ကိုတော့ လက်ထောက်နည်းပြရာထူးနဲ့ ဦးအောင်ကျော်ကျော်ကိုတော့ ဂိုးနည်းပြ ရာထူးနေရာမှာ ခန့်အပ်သွားမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည်(၂၈)ကြိမ်မြောက် စက်ာပူဆီးဂိမ်းပြိုင်ပွဲ၏အမျိုးသားဘောလုံးပြိုင်ပွဲတွင် ငွေတံဆိပ်ဆွတ်ခူးနိုင်ရန် စွမ်းဆောင်ပေးခဲ့သည့် နည်းပြချုပ် ဦးကြည်လွင်အား မြန်မာ့လက်ရွေးစင်အသင်း၏ လက်ထောက်နည်းပြအဖြစ် ခန့်အပ်သွားမည်ဖြစ်ပြီး ၂၀၁၅ နယူးဇီလန်ကမ္ဘာ့ဖလား ယူ-၂၀ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၀ အသင်း၏ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်အား မြန်မာ့လက်ရွေးစင်အသင်း၏ ဂိုးနည်းပြအဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်းသိရသည်။

# ဂျပန်နိုင်ငံမှ တီထွင်ခဲ့သည့် Sixpad Body Revolution အားကစားပစ္စည်းအရောင်းမြှင့်တင်ရေးတွင် ကမ္ဘာ့ကျော်ဘောလုံးသမား စီရော်နယ်ဒို ပါဝင်ဆင်နွှဲ

ရီးရဲလ်မက်ဒရစ်နှင့် ပေါ်တူဂီအသင်းတို့၏ တိုက်စစ်မှူး စီရော်နယ်ဒိုသည် ဂျပန်နိုင်ငံတွင် ကျင်းပသည် အားကစားဆိုင်ရာ စက်ပစ္စည်း အရောင်းမြှင့်တင်ရေးပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။




အဆိုပါ အရောင်းမြှင့်တင်ရေးပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့ခြင်း ဖြစ်ပြီးကိုယ်ခန္ဓာ ကြံ့ခိုင်မှုအတွက် အရေးပါသည့် ကြွက်သားများ သန်မာရေးအတွက် အထောက်အကူပြုစေရန် အထူးတီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်ဟု အဆိုပါ ကုန်ပစ္စည်းထုတ်လုပ်သည့် MTG ကုမ္ပဏီမှ ထုတ်ဖော်ပြောကြားခဲ့သည်။

Sixpad Body Revolution ဟု အမည်ပေးထားသည့် ကြွက်သားများ သန်မာစေသောစက်သည် လျှပ်စစ်သံလိုက်လှိုင်းများကို တုန်ခါစေသောနည်းဖြင့် ခန္ဓာကိုယ်၏ဝမ်းဗိုက်၊ လက်မောင်းနှင့် ပေါင်တို့ရှိ ကြွက်သားများအား သန်မာစေရန် စက်ကိရိယာ၏အကူအညီဖြင့် ပြုလုပ်စေခြင်းဖြစ်သည်။

MTG ကုမ္ပဏီ၏ဥက္ကဋ္ဌဖြစ်သူ တာဆုယိုရှိ မတ်ဆုရှိတသည် စီရော်နယ်ဒိုအား အဆိုပါကုန်ပစ္စည်းအား ကြော်ငြာပေးပါရန် တောင်းဆိုခဲ့ကြောင်းသိရသည်။ ဂျပန်နိုင်ငံ၊ တိုကျိုမြို့သို့ ရောက်ရှိလာသည့် ရော်နယ်ဒိုသည် အဆိုပါကုန်ပစ္စည်းသစ်အားမိတ်ဆက်သည့်ခန်းမသို့ ဝင်ရောက်လာခဲ့ချိန်တွင် ခန်းမအတွင်း၌ ၎င်းနှင့်ပုံစံတူအရုပ်တစ်ရုပ်အားတွေ့မြင်ခဲ့ရသဖြင့် အံ့အားသင့်ခဲ့ရကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြခဲ့သည်။

"ကျွန်တော် တော်တော်လေးကို အံ့အားသင့်ခဲ့တယ်။ အခန်းထဲမှာ ကျွန်တော်နဲ့တူတဲ့ လူတစ်ယောက်ရပ်နေတာကို မြင်လိုက်ရတော့ ထူးဆန်းတယ်လို့ ထင်ခဲ့တယ်။ အနားရောက်မှ ရုပ်တုဖြစ်မှန်းသိတယ်။ မဒမ်တူးဆော့ပြတိုက်ထဲက အရုပ်ထက်တောင် အသက်ဝင်သေးတယ်။ အဲဒီအရုပ်ကို လှုပ်ရှားလို့ရအောင် ဆီလီကွန်နဲ့ လုပ်ထားတာလို့ မတ်ဆုရှိတက ပြောပါတယ်"ဟု ရော်နယ်ဒိုက ပြောကြားခဲ့သည်။

ဆီလီကွန်ဖြင့် ထုလုပ်ထားသည် ရော်နယ်ဒိုရုပ်ထုကို သရီးဒီပုံစံဖြင့် ရေးဆွဲထားပြီး သရီးဒီပရင်တာဖြင့် ထုတ်ထားခြင်းဖြစ်သည်။

သို့သော်ရော်နယ်ဒို၏ ပုံစံတူသရီးဒီစီလီကွန်ရုပ်ထုသည် ရော်နယ်ဒိုမန်ချက်စတာယူနိုက်တက်တွင်ရှိနေစဉ်အချိန်က ပုံကို နမူနာယူ၍ ထုလုပ်ထားခြင်းဖြစ်ရာ ယခုရော်နယ်ဒို၏ပုံစံနှင့် အနည်းငယ်ကွဲလွဲမှုများ ရှိနေသည်ဟု ရော်နယ်ဒိုက ဆိုသည်။

ရော်နယ်ဒိုသည် ၂၀၁၄ ခုနှစ်ဇူလိုင်လအတွင်းကလည်း ပါးစပ်ကိုအသုံးပြု၍ မျက်နှာပြင်အရေးအကြောင်းများအား ဖယ်ရှားပေးသည့် ပါအိုဟုခေါ်သည့် ကိရိယာကို သရုပ်ဖော်ပြသခဲ့မှုကြောင့် ဝေဖန်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။



# ပရိသတ်ခြောက်သောင်းကျော်ဆံ့သည့် စပါးကွင်းသစ်တည်ဆောက်ပြီးစီးပါက NFL ပွဲများအား အဆိုပါကွင်းတွင် ကစားခွင့်ပြုမည်

တော့တင်ဟမ်ဟော့စပါးအသင်းသည် ၎င်းအသင်း၏ အိမ်ကွင်းအသစ်တည်ဆောက်ပြီးသွားပါက အမေရိကန်ဘောလုံးလိဂ်(NFL) မှ ပြိုင်ပွဲများအား လာရောက်ကစားခွင့်ပြုမည်ဖြစ်ကြောင်း စပါးအသင်းနှင့်NFL တို့၏သဘောတူညီချက်များတွင် ဖော်ပြထားသည်။

တော့တင်ဟမ်ဟော့စပါးအသင်းနှင့် NFL တို့၏သဘောတူညီချက်များ အရ ၂၀၁၈-၁၉ ဘောလုံးရာသီမှစတင်ကာ တစ်ရာသီလျှင် နှစ်ပွဲနှုန်းဖြင့်အဆိုပါ NFL ပွဲစဉ်များကို လာရောက်ကစားစေမည်ဖြစ်သည်။ NFL သည် စပါးအသင်း၏ မိတ်ဖက်အဖြစ် ၁၀ နှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

စပါးအသင်း၏ ကွင်းသစ်ကြီးသည် ပရိသတ် ၆၁၀၀၀ ဝင်ဆံ့မည်ဖြစ်ပြီး မြက်ခင်းတုကွင်းအဖြစ် ဆောက်လုပ်သွားမည်ဖြစ်ကာ ကွင်း၏အောက်ခြေပိုင်းကိုလည်း NFL ပြိုင်ပွဲများကျင်းပသည့်ကွင်းများကဲ့သို့ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးအသင်း၏ဥက္ကဋ္ဌ ဒန်နီရယ်လ်လီဗီးလ်က ယခုကဲ့သို့ NFL နှင့်မိတ်ဖက်ပြုလုပ်ခဲ့ခြင်းကြောင့် ပရိသတ်များ အများဆုံးဝင်ဆံ့သည့် ကွင်းတစ်ကွင်းအဖြစ် ပေါ်ပေါက်လာနိုင်ကြောင်းဖြင့် ပြောကြားခဲ့သည်။ ထို့ပြင်လန်ဒန်မြို့တွင် ကျင်းပသည့် NFL ပြိုင်ပွဲများ၏ ဖရန်ချိုက်ကိုယ်စားလှယ်အဖြစ် စပါးအသင်းကရရှိမည်ဖြစ်သည်။ NFLပြိုင်ပွဲများအနက် နွေဦးရာသီအစပြိုင်ပွဲနှစ်ပွဲကို အဆိုပါကွင်းတွင် လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

စပါးကွင်းတွင် NFL ပွဲများလာ ရောက်ယှဉ်ပြိုင်သော်လည်းဝင်ဘလေကွင်းတွင် နှစ်စဉ်ကျင်းပနေသည့် NFL ပွဲများကိုလည်း ဝင်ဘလေတွင်ပင် ကျင်းပသွားမည်ဖြစ်သည်။

# ဝလာဒီမာကလစ်ချ်ကိုနှင့် တိုင်ဆန်ဖူရီတို့ အောက်တိုဘာ ၂၄ရက်တွင် ထိုးသတ်ကြမည်

ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ သရဖူအတွက် စိန်ခေါ်နေသူ တိုင်ဆန်ဖူရီနှင့် WBA, IBF, WBO ချန်ပီယံဝလာဒီမာ ကလစ်ချ်ကိုတို့သည် လာမည့်အောက်တိုဘာလ ၂၄ရက်နေ့တွင် ဂျာမနီနိုင်ငံရှိ ဒပ်ဆယ်ဒေါ့ဖ်လက်ဝှေ့အားကစားရုံတွင် ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါ လက်ဝှေ့ပွဲနှင့်ပတ်သက်သည့် စာချုပ်လက်မှတ်ရေးထိုးပွဲကို ဇူလိုင် ၆ ရက်က ဂျာမနီနိုင်ငံ၊ ဒပ်ဆယ်ဒေါ့ဖ်တွင် ကျင်းပခဲ့သည်။

ယင်းလက်ဝှေ့ပွဲထိုးသတ်မည့် နေရာကို ရွေးချယ်နေကြသဖြင့် ထိုးသတ်မည့်ရက်ကို သတ်မှတ်ရန် ခက်ခဲနေကြပြီး (၁၁)ကြိမ်မြောက်ကျမှသာ အောင်မြင်ခဲ့သည်။

နေရာရွေးချယ်မှုနှင့်ပတ်သက်၍ ဖူရီက "ဘယ်နေရာမှာပဲ ထိုးရပါစေ၊ ကိစ္စမရှိပါဘူး။ ယူကရိန်းပဲဖြစ်ဖြစ်၊ ဟော်လန်ပဲဖြစ်ဖြစ်၊ ဂျပန်ပဲဖြစ်ဖြစ် ငါ့အတွက်ကတော့ လက်ဝှေ့ကြိုးဝိုင်းခြင်းအတူတူပါပဲ"ဟု ၎င်း၏ Instagram တွင် ဖော်ပြထားခဲ့သည်။

ဖူရီသည် အဆိုပါလက်ဝှေ့ပွဲမှ ပေါင်တစ်သန်းရရှိရန် မျှော်လင့်လျက်ရှိသည်ဟု အားကစားသတင်းများတွင် ဖော်ပြထားသည်။

ထို့ပြင်ကလစ်ချ်ကိုသည်လည်း ဖူရီနှင့်ထိုးသတ်မည့်ပွဲတွင် မဖြစ်မနေ အနိုင်ရရှိရန်လိုအပ်လျက်ရှိသည်။ ကလစ်ချ်ကိုသည် ဂျာမနီတွင် ထိုးသတ်ခဲ့သည့် ကြေးစားလက်ဝှေ့ပွဲပေါင်း ၆၇ ပွဲတွင် အနိုင်ရရှိခဲ့သည်။

ဖူရီ၏ အေးဂျင့်ကမူ ဖူရီအနေဖြင့် အဆိုပါယူကရိန်းလက်ဝှေ့ကျော်ကို အနိုင်ရရှိရန်အတွက် အင်အားသုံးပြီး ယှဉ်ပြိုင်ရန်လိုအပ်သည်ဟု ဆိုသည်။

# အပျော်တမ်းဘောလုံးကစားစဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဗြိတိသျှအိုးပင်းပြိုင်ပွဲနှင့် မက်အီရွိုင်း လွဲချော်



ကမ္ဘာ့အဆင့်တစ်ဂေါက်သီးချန်ပီယံဖြစ်သည့် မြောက်အိုင်ယာလန်နိုင်ငံသား မက်အီရွိုင်းသည်ခြေထောက်တွင် ဒဏ်ရာရရှိခဲ့မှုကြောင့်လာမည့် ဗြိတိသျှအိုးပင်းဂေါက်သီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းပြုတော့မည် မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မက်အီရွိုင်းသည် ပြီးခဲ့သည့်ရက်အတွင်းက သူငယ်ချင်းများနှင့် ဘောလုံးကစားစဉ် ခြေကျင်းဝတ်တွင်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ စစ်ဆေးမှုများအရ ခြေကျင်းဝတ်အရွတ်စုတ်ပြဲသွားခဲ့ပြီး ရက်အနည်းငယ်မျှ အနားယူရမည်ဖြစ်သည်။ ယခုကဲ့သို့ ဒဏ်ရာကြောင့် အနားယူရမည့်အကြောင်းကို မက်အီရွိုင်းက ၎င်း၏လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားခဲ့သည်။

"ကျွန်တော် ကံမကောင်းပါဘူး။ ဘောလုံးကစားခဲ့တာ ခြေထောက်မှာ ဒဏ်ရာရခဲ့တယ်။ အဲဒီအတွက် ရက်အနည်းငယ်လောက် အနားယူရမှာဖြစ်ပါတယ်။ ရာနှုန်းပြည့်ကောင်းသွားပြီ၊ ရာနှုန်းပြည့် ကျန်းမာသွားပြီဆိုရင် ကျွန်တော်ကစားပွဲတွေဆီကို ပြန်လာမှာပါ။ ကျွန်တော်အခုဒဏ်ရာကို အမြန်ဆုံးပျောက်ကင်းဖို့အတွက် လေ့ကျင့်ခန်းတွေ လုပ်နေပါတယ်"ဟု ၎င်း၏Instagram တွင် ဖော်ပြထားခဲ့သည်။

အသက် ၂၆ နှစ်အရွယ်သာရှိသေးသည့် မက်အီရွိုင်းသည် အဓိကဖလားလေးခုကို ပိုင်ဆိုင်ထားပြီး ကမ္ဘာ့ဂေါက်သီးချန်ပီယံဘွဲ့ကို ထိန်းသိမ်းထားနိုင်ဆဲပင်ဖြစ်သည်။

ဒဏ်ရာရရှိမှုကြောင့် ဇူလိုင်လ ၁၆ ရက်တွင် ကျင်းပမည့်ဗြိတိသျှအိုးပင်းပြိုင်ပွဲနှင့် မက်အီရွိုင်း လွဲချော်ရတော့မည်ဖြစ်ရာ ၎င်းအားမျှော်လင့်စောင့်စားနေသည့် ပရိသတ်များအတွက် မျှော်လင့်ချက်များ ပျက်ပြားခဲ့ရသည်။

ဗြိတိသျှအိုးပင်းပြိုင်ပွဲကျင်းပရေး တာဝန်ခံက "သဘာဝတရားကြီးက တကယ်ကို စိတ်ပျက်စရာကောင်းလှပါတယ်"ဟု မက်အီရွိုင်းဒဏ်ရာရရှိမှုနှင့်ပတ်သက်၍ ညည်းတွားခဲ့သည်။

မက်အီရွိုင်းသည် လာမည့် ဩဂုတ်လအတွင်းကျင်းပမည့် ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ၎င်း၏ချန်ပီယံဘွဲ့ကို ကာကွယ်ရမည်ဖြစ်သည်။

မက်အီရွိုင်းသည် ပြီးခဲ့သည့် ဧပြီလအတွင်းက ကျင်းပခဲ့သည့် မာစတာ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အဆင့်လေးသာချိတ်ခဲ့ပြီး ယူအက်စ်အိုးပင်းပြိုင်ပွဲတွင်လည်း အဆင့်ကိုးသာချိတ်နိုင်ခဲ့သည်။ ယင်းပြိုင်ပွဲနှစ်ရပ်စလုံးတွင် အမေရိကန်မှ ဂျော်ဒန်စပိုက်စ်က ဗိုလ်စွဲခဲ့သည်။

# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနဲ့ ကုန်စည်ရောင်းဝယ်ရေး

|စံပီအောင်|

ဟိုးရှေးခေတ်ပဝေသဏီမှ ယခုခေတ်သစ်ကာလအထိ ကုန်စည်ဈေးကွက်တွေက အမျိုးသားနိုင်ငံတွေနဲ့ ပြည်သူတွေအပေါ်မှာ ကြီးမားတဲ့ ဂယက်တွေ ရိုက်ခတ်ခဲ့ပါတယ်။ သမိုင်းခေတ်တစ်လျှောက်ဖြစ်ထွန်းတည်ရှိခဲ့တဲ့ ကုန်စည်ဈေးကွက်တွေရဲ့ ဂယက်ရိုက်ခတ်မှုဖြစ်ရတဲ့အကြောင်းကို ယခုအချိန်ထိ အပြည့်အဝ သိရှိနိုင်ခြင်းမရှိသေးပါဘူး။ ဒါပေမယ့် တရုတ်နိုင်ငံမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀၀၀ ကျော်ကတည်းက ဆန်ကို ကြိုရောင်းကြိုဝယ်လုပ်ခဲ့ကြပါတယ်။ ကမ္ဘာ့သမိုင်းတစ် လျှောက်မှာ အရေးကြီးတဲ့ကုန်စည်တွေပြတ်လပ်မှုကြောင့် စစ်ပွဲတွေ ဖြစ်ခဲ့ရာ ဒုတိယကမ္ဘာစစ်က ထင်ရှားတဲ့ သာဓကတစ်ခုဖြစ်ပါတယ်။ နောက်တစ်ချက်က ရောင်းလိုအား အလျှံအပယ်ဖြစ်တဲ့အတွက် အဓိကကုန်စည်တွေရဲ့ဈေးနှုန်းတွေကျဆင်းပြီး ဒေသတွင်းမှာ ဆိုး ရွားတဲ့ ဂယက်ရိုက်ခတ်မှုတွေ ဖြစ်ခဲ့ပါတယ်။

ရေနံအပါအဝင် စွမ်းအင်နဲ့ပတ်သက်တဲ့ ကုန်စည်တွေက နိုင်ငံတွေ၊ ကော်ပိုရေးရှင်းတွေနဲ့ စားသုံးသူတွေ မျက်ခြေမပြတ် စောင့်ကြည့်နေရတဲ့ ကုန်ပစ္စည်းတွေဖြစ်ပါတယ်။ ရေနံစိမ်းဈေးနှုန်းမြင့်လာရင် အနောက်နိုင်ငံတွေမှာရှိတဲ့ သာမန်စားသုံးသူတွေက ပထမဦးဆုံး ဂယက်ရိုက်ခံရတဲ့သူတွေ ဖြစ်ပါတယ်။ တစ်ဖက်က ပြန်ကြည့်မယ်ဆိုရင် ရေနံဈေးနှုန်းကျဆင်းရင် အရှေ့အလယ်ပိုင်း ရေနံထုတ်လုပ်တဲ့နိုင်ငံတွေလည်း ဆိုးဆိုးရွားရွား ထိခိုက်လာနိုင်ပါတယ်။ ရာသီဥတု သို့မဟုတ် သဘာဝဘေးဒဏ်တွေကြောင့်ဖြစ်ရတဲ့ ပြဿနာတွေက ဈေးနှုန်းမတည်ငြိမ်မှုကို ဖြစ်စေနိုင်ရုံသာမက ဒေသတွင်းမှာ စားနပ်ရိက္ခာပြတ်လပ်မှုတွေကိုလည်း ဖြစ်စေနိုင်ပါတယ်။ ကမ္ဘာ့စီးပွားရေးမှာ ကုန်စည်အမျိုးမျိုးက အရေးပါတဲ့အခန်းကဏ္ဍမှာပါဝင်နေသလို ရင်းနှီးမြှုပ်နှံသူတွေကလည်း စီးပွားရေးနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ အခြေအနေတွေကို အကြောင်းပြုပြီး အခွင့်အလမ်းတွေ ရှာဖွေလျက်ရှိတာကို တွေ့ရပါတယ်။

## ကုန်စည်အမျိုးအစားလေးမျိုး

ကမ္ဘာ့ကူးသန်းရောင်းဝယ်မှုမှာ အရေးပါတဲ့ ကုန်စည်လေးမျိုးက စွမ်းအင်၊ သတ္တု၊ တိရစ္ဆာန်၊ အသားနဲ့လယ်ယာစိုက်ပျိုးရေး ကုန်စည်တွေဖြစ်ပါတယ်။ စွမ်းအင်ကုန်စည်တွေထဲမှာ ရေနံစိမ်း၊ အပူပေးဆီ၊ သဘာဝဓာတ်ငွေ့နဲ့ ဓာတ်ဆီ၊ သတ္တုကုန်စည်တွေထဲမှာ ရွှေ၊ ငွေ၊ ပလက်တီနမ်နဲ့ ကြေးနီ၊ တိရစ္ဆာန်နဲ့ အသားကုန်စည်တွေထဲမှာ အဆီလွှတ်ဝက်သား၊ ဝက်ဗိုက်သား၊ တိရစ္ဆာန်အရှင် ကျွဲနွားနဲ့ လယ်ယာစိုက်ပျိုးရေးကုန်စည်တွေထဲမှာ ပြောင်း၊ ပဲပုပ်၊ ဂျုံ၊ ဆန်၊ ကော်ဖီ၊ ဝါဂွမ်းနဲ့ သကြားစတဲ့ပစ္စည်းတွေ ပါဝင်ပါတယ်။

ရှေးခေတ်ယဉ်ကျေးမှုလူ့အဖွဲ့အစည်းတွေမှာ တိရစ္ဆာန်ထွက်ပစ္စည်း၊ အမွှေးအကြိုင်နဲ့ ရွှေစတဲ့ ကုန်စည်အမျိုးမျိုးကို ရောင်းဝယ်ဖောက်ကားကြပါတယ်။ ထုတ်ကုန်အရည်အသွေး၊ ဖြန့်ဖြူးတဲ့ရက်နဲ့ သယ်ယူပို့ဆောင်ရေးနည်းစနစ်တွေက အများအားဖြင့် အားကိုးအားထားပြုလောက်အောင် ကောင်းမွန်မှုမရှိပေမယ့် ကုန်သွယ်မှုက အရေးပါတဲ့ စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ခဲ့ပါတယ်။ ရှုပ်ထွေးခက်ခဲတဲ့ ကုန်သွယ်မှုစနစ်တွေကို ဖန်တီးကြီးကြပ်ကွပ်ကဲနိုင်တဲ့ စွမ်းရည်နဲ့ ကုန်သွယ်မှုကို လွယ်ကူချောမွေ့အောင် ဖန်တီးနိုင်တဲ့စွမ်းရည်က ရှေးခေတ်က ပေါ်ထွန်းခဲ့တဲ့ နိုင်ငံတွေနဲ့ ဘဏ္ဍာတိုက်အတွက် အရေးပါတဲ့ ကူးသန်းရောင်းဝယ်မှု၊ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ အခွန်ဘဏ္ဍာအတွက် မောင်းနှင်အား သဖွယ်ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်မှုက အင်ပါယာနိုင်ငံကြီးတွေရဲ့ စွမ်းအားတွေအတွက် ပြယုဂ်သဖွယ်ဖြစ်ခဲ့ပါတယ်။ နာမည်ကောင်းရှိမှုနဲ့ အားကိုးအားထားပြုနိုင်မှုတွေကလည်း ရှေးခေတ်ကရင်းနှီးမြှုပ်နှံသူတွေ၊ ကုန်သည်တွေနဲ့ ကုန်စည် ဖြန့်ဖြူးသူတွေရဲ့ ယုံကြည်မှုကို ရယူနိုင်တဲ့အရာတွေ ဖြစ်ခဲ့ပါတယ်။

## ရင်းနှီးမြှုပ်နှံမှု သွင်ပြင်လက္ခဏာများ

ရောင်းဝယ်ဖောက်ကားမှုကို ဆောင်ရွက်နိုင်ဖို့အတွက် ကုန်စည်ဒိုင်တွေမှာ ကုန်စည်တွေကို ရောင်းဝယ်ဖောက်ကားတဲ့အခါ သဘောတူညီချက်စံနှုန်းတွေရှိနေဖို့ လိုအပ်ပါတယ်။ ကျွဲ ၁၀ ကောင် ဝယ်မယ်ဆိုပါစို့။ ဒီကျွဲတွေနေထိုင်မကောင်းဖြစ်နေတယ် သို့မဟုတ် ရောဂါဘယဝင်နေတယ်ဆိုတဲ့ အကြောင်းတစ်ခုကြောင့် ဝယ်ချင်တဲ့ဆန္ဒရှိတော့မှာ မဟုတ်ပါဘူး။ သကြားကလည်း အရည်အသွေး နိမ့်နေမယ်။ အရည်အသွေးကလည်း လက်ခံနိုင်ဖွယ်မရှိဘူးဆိုရင် ဝယ်ချင်တော့မှာ မဟုတ်ပါဘူး။

ကုန်စည်တွေမှာ ရင်းနှီးမြှုပ်နှံရတာက စတော့တွေ၊ ဘွန်းစာချုပ်တွေမှာ ရင်းနှီးမြှုပ်နှံတာနဲ့ ကွဲပြားခြားနားပြီး နည်းလမ်းအများအပြားရှိနေပါတယ်။ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာတိုးတက်မှုနဲ့ ကုန်စည်တွေအတွက် ဈေးကွက်ဝယ်လိုအားတွေက ရေနံ၊ အလူမီနီယံ၊ ကြေးနီ၊ သကြားနဲ့ပြောင်းစတဲ့ ကုန်စည်တွေရဲ့ ဈေးနှုန်းအပေါ်မှာ ဩဇာသက်ရောက်မှုရှိပါတယ်။ ဥပမာအားဖြင့် တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့ ကမ္ဘာ့စီးပွားရေးနယ်ပယ်မှာ ထူးခြားတဲ့ ပလေယာတွေအဖြစ် ပေါ်ထွန်းလာခြင်းက ကျန်ကမ္ဘာ့ဒေသတွေအတွက် သံမဏိအပါအဝင် စက်မှုသတ္တုတွေရရှိဖို့ အခက်အခဲတွေ့စေခဲ့ပါတယ်။

ကုန်စည်ဈေးကွက်တွေမှာ စီးပွားရေးအခြေခံမူတွေ ပုံမှန်အတိုင်းဖြစ်ပေါ်တတ်ပါတယ်။ ရောင်းလိုအားနည်းရင် ဈေးနှုန်းမြင့်တက်မှာပါ။ ဥပမာအားဖြင့် ရင်းနှီးမြှုပ်နှံသူတွေ၊ အိမ်မွေးတိရစ္ဆာန်တွေနဲ့ ပတ်သက်တဲ့အကြောင်းတရားတွေနဲ့ စာရင်းအင်းတွေကို လေ့လာထားဖို့ လိုပါမယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ထိတ်လန့်စရာတွေနဲ့ ရောဂါဘယဖြစ်ပွားမှုစတဲ့ ရောင်းလိုအားကို အဟန့်အတားဖြစ်စေမဲ့ အကြောင်းတရားတွေက ရင်းနှီးမြှုပ်နှံမှုအတွက် စဉ်းစားစရာဖြစ်ပါတယ်။ သာမန်အားဖြင့် အိမ်မွေးတိရစ္ဆာန်တွေနဲ့ ပတ်သက်တဲ့ဝယ်လိုအားက တည်ငြိမ်ပြီး ခန့်မှန်းရလွယ်ကူပါတယ်။

## ရွှေစံချိန်စနစ်

ထိုက်သင့်တဲ့လုံ့လထုတ်ပြီး စဉ်းစားဆင်ခြင်မှုမရှိဘဲ သီးသန့်ကုန်စည်တစ်ခုကို တိုက်ရိုက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ဆုံးရှုံးနိုင်ခြေရှိမယ့်အန္တရာယ်နဲ့ကြုံရတတ်ပါတယ်။ မတည်ငြိမ်တဲ့ဈေးကွက် သို့မဟုတ် အကျဘက်ရှိနေတဲ့ ဈေးကွက်မှာ ရင်းနှီးမြှုပ်နှံသူတွေက အကြောက်ကြောက်အလန့်လန့်ဖြစ်ကာ ရွှေအပါအဝင်တခြား အဖိုးတန်သတ္တုတွေဘက်လှည့်ပြီး ရင်းနှီးမြှုပ်နှံတတ်ပါတယ်။ ရွှေကတန်ဖိုးမဆုံးနိုင်ဘဲ အားထားမှီခိုလိုရတဲ့အတွက် ဖြစ်ပါတယ်။ စတော့ဈေးကွက်တွေမှာ အရှုံးပေါ်နေလို့ အဖိုးတန်သတ္တုတွေဘက်ကိုလှည့်ပြီး ရင်းနှီးမြှုပ်နှံမယ်ဆိုရင် မြိုးမြိုးမြက်မြက် ရတတ်ပါတယ်။ ငွေကြေးတန်ဖိုးကျနေတဲ့အချိန် သို့မဟုတ် ငွေကြေးဖောင်းပွမှု မြင့်မားနေချိန်မှာ အဖိုးတန်သတ္တုတွေကို အကာအရံ (Hedge)အဖြစ် ဝယ်ယူတတ်ပါတယ်။

## ဈေးကွက်ကို တန်ဖိုးမြှင့်တင်ခြင်း

စွမ်းအင်ကဏ္ဍမှာလည်း အများအပြား ရင်းနှီးမြှုပ်နှံကြပါတယ်။ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနဲ့ ကမ္ဘာတစ်ဝန်း ရေနံထွက်ရှိမှုကျဆင်းလာတာကြောင့် ရေနံဈေးနှုန်းတွေ မြင့်တက်စေနိုင်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေက ရေနံစိမ်းရောင်းလိုအားနဲ့ စွမ်းအင်ဝယ်လိုအားမြင့်တက်မှုကို အမြဲတမ်းချိန်ဆပြီး တွက်ချက်တတ်ကြပါတယ်။ စီးပွားရေးကျဆင်းမှု ရေနံတင်ပို့တဲ့နိုင်ငံများအဖွဲ့ (အိုပက်) ရဲ့ ထုတ်လုပ်မှုအပြောင်းအလဲနဲ့ ရေနံနေရာမှာ စွမ်းအင်ထုတ်လုပ်မှုပစ္စည်းအဖြစ် (လေစွမ်းအင်၊ နေစွမ်းအင်နဲ့ ဇီဝလောင်စာဆီတို့ကဲ့ သို့သော) ပြန်ပြည့်မြဲစွမ်းအင်ဖြစ်ထွန်းတိုးတက်မှုတွေကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

## ဆုံးရှုံးနိုင်ခြေမြင့်မားတဲ့ စီးပွားရေးလုပ်ငန်း

မှန်းဆရခက်ခဲတဲ့ အဖြစ်အပျက်တွေကြောင့် ကုန်စည်တွေ ထိခိုက်မှုရှိနိုင်တဲ့အတွက် ကုန်စည်တွေကို ရင်းနှီးမြှုပ်နှံရတာက ဆုံးရှုံးနိုင်တဲ့အန္တရာယ်နဲ့ လျင်မြန်စွာကြုံတွေ့နိုင်ပါတယ်။ ဒီအခြေအနေတွေထဲမှာ ရာသီဥတုဖောက်ပြန်မှုတွေ၊ သဘာဝဘေးအန္တရာယ်တွေ၊ ရောဂါကပ်ဘေးတွေနဲ့ လူဖန်တီးတဲ့သဘာဝဘေးဒဏ်တွေပါဝင်ပါတယ်။

> သတင်းအချက်အလက်အပြည့်အစုံ ရယူခြင်း
> မရှိဘဲ ကုန်စည်များ ရင်းနှီးမြှုပ်နှံမှုကို
> ကုန်သည်တစ်ဦးက ဆောင်ရွက်မည်ဆိုပါက
> လောင်းကစားဆန်ဆန်ဖြစ်ပေါ်စေနိုင်ပါတယ်။

## အိတ်ချိန်းများ

ကမ္ဘာ့စီးပွားရေးဈေးကွက်မှာ ကုန်စည်များက အဓိကကျပြီး အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်လျက်ရှိပါတယ်။ ဒ့ါအပြင် လူအများစုရဲ့ဘဝကို လွှမ်းမိုးလျက်ရှိတဲ့အတွက် ကမ္ဘာ့နေရာအနှံ့အပြားမှာ ကုန်စည်အိတ်ချိန်းတွေနဲ့ ကြိုရောင်းကြိုဝယ်လုပ်ငန်းအတွက် အိတ်ချိန်းတွေ အမျိုးမျိုးပေါ်ပေါက်လျက်ရှိပါတယ်။ အတ်ချိန်းတစ်ခုချင်းက ကုန်စည်အနည်းငယ်သို့မဟုတ် ကုန်စည်တစ်ခုတည်းကိုရောင်းဝယ်ပါတယ်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုအိတ်ချိန်းဖြစ်တဲ့ U.S Futures Exchange က စွမ်းအင်နဲ့ပတ်သက်တဲ့ ကုန်စည်တွေကိုသာ ရောင်းချပါတယ်။

အများဆုံး အသုံးပြုတဲ့ အိတ်ချိန်းတွေအနက် Chicago Mercantile Exchange နဲ့ Chicago Board of Trade ကို ၂၀၀၆ ခုနှစ်မှာ ပေါင်းစည်းခဲ့တဲ့ CME Group, International Exchange, Kansas City Board of Trade နဲ့ London Metal Exchange တို့ပါဝင်ပါတယ်။

## ကြိုရောင်းကြိုဝယ်စနစ်နဲ့ ဟက်ချ်ဖန်များ

ကြိုရောင်းကြိုဝယ်စနစ်နဲ့ ဈေးနှုန်းကို ထိန်းထားနိုင်ဖို့ အရန်အတားထားခြင်း (Hedging) စတဲ့ အလေ့အကျင့်တွေက အပြည်ပြည်ဆိုင်ရာ ကုန်စည်ရောင်းဝယ်မှုမှာဆောင်ရွက်လေ့ရှိတဲ့ အလေ့အကျင့်တွေဖြစ်ပါတယ်။ ဈေးနှုန်းကို တည်ငြိမ်အောင် ထိန်းထားနိုင်ဖို့အတွက် လောင်စာဆီတွေ စုဆောင်းထားပြီး လောင်စာဆီအရန်ထားတဲ့စနစ်ကို လေကြောင်းကဏ္ဍမှာ တွေ့ရပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် လေကြောင်းလိုင်းကုမ္ပဏီတွေက Hedge လုပ်တဲ့စနစ်ကိုကျင့်သုံးပြီး ရေနံစိမ်းနဲ့ ဓာတ်ဆီဈေးအနိမ့်အမြင့်ကို ထိန်းချုပ်ထားပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့အတွက် ဈေးကွက် မတည်မငြိမ်ဖြစ်တာကို တစ်စုံတစ်ခုသောအတိုင်းအတာအထိ ထိန်းချုပ်နိုင်ပါတယ်။ နယ်က သမဝါယမအသင်းတွေမှာလည်း ဒီယန္တရားကို အသုံးပြုတတ်ပါတယ်။ ကုန်စည်ရောင်းဝယ်ရေးမှာ ကြိုရောင်းကြိုဝယ်နဲ့ ဟက်ချ်ဖန်စနစ်တွေမရှိဘူးဆိုရင် ကုန်စည်ဈေးနှုန်း မတည်ငြိမ်မှုကြောင့် စီးပွားရေးလုပ်ငန်းတွေမှာ ဒေဝါလီခံရတာမျိုးတွေ ဖြစ်ပေါ်နိုင်ပါတယ်။ ဤသို့ဖြင့် ကုမ္ပဏီတွေရဲ့ဘတ်ဂျက်ထိန်းသိမ်းရေးလုပ်ငန်းတစ်ခုအဖြစ် ကုန်ချောထုတ်လုပ်သူတွေနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေက ကုန်စည်အိတ်ချိန်းတွေကို အသုံးပြုကြပါတယ်။ ကြိုရောင်းကြိုဝယ်စနစ်ကို အသုံးပြုပြီး အသုံးစရိတ်ကို ပုံမှန်ဖြစ်အောင် ထိန်းသိမ်းထားနိုင်တဲ့ စွမ်းရည်ကြောင့် ငွေသားစီဆင်းမှုနဲ့ပတ်သက်ပြီး တာဝန်ခံရမှုတွေ လျော့ပါးစေနိုင်ပါတယ်။

သတင်းအချက်အလက်အပြည့်အစုံ ရယူခြင်းမရှိဘဲ ကုန်စည်များ ရင်းနှီးမြှုပ်နှံမှုကို ကုန်သည်တစ်ဦးက ဆောင်ရွက်မည်ဆိုပါက လောင်းကစားဆန်ဆန်ဖြစ်ပေါ်စေနိုင်ပါတယ်။ ဒါပေမယ့် ကြိုရောင်းကြိုဝယ် သို့မဟုတ် ဟက်ချ်ဖန်များနဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ဈေးနှုန်းအတက်အကျဒဏ်ကို ခံနိုင်ရည်ရှိမှာ ဖြစ်ပါတယ်။

**Investopedia.com.**

# ရောပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သောကုမ္ပဏီ နှစ်ပတ်လည် အခမ်းအနားကျင်းပ

ရောပုသိမ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီ၏နှစ်ပတ်လည်အခမ်းအနားတွင် ရှယ်ယာရှင်များအား အမြတ်များ ခွဲဝေပေးခြင်းနှင့် ရှယ်ယာထည့်ဝင်ခြင်းတို့ကို ပုသိမ်မြို့၊ မြို့တော်ခန်းမတွင် ဇူလိုင်လ ၇ ရက်က ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်တာဝန်ခံ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့်အရာထမ်း၊ အမှုထမ်းများ၊ ရောပုသိမ်အများပိုင်ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမြင့်လှိုင် နှင့်ဒါရိုက်တာများ၊ ရှယ်ယာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့တောင်သူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ စုစုပေါင်း ၃၅၀ ဦးခန့် တက်ရောက် ခဲ့ကြောင်းသိရပါတယ်။

ၡင်းအခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က ရောပုသိမ်ဖွံ့ဖြိုးမှု အများပိုင်ကုမ္ပဏီသည် ဒေသပိုင်ကုမ္ပဏီဖြစ်၍ မိမိတို့မြို့နယ်အတွင်းရှိ တောင်သူများအား လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီဖြစ်ကြောင်း၊ ယခင်တိုင်းအတွင်း အထူးပြုကုမ္ပဏီ ၃၀ ခန့် ဖွဲ့စည်းထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရှေ့ဆက်မဆောင်ရွက်နိုင်ဘဲ လက်ရှိမှာ ဓနုဖြူမြို့ရှိ Gold Delta ကုမ္ပဏီနှင့် ရောပုသိမ်အများပိုင်ကုမ္ပဏီ နှစ်ခုမှသာ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း၊ ဒေသခံတောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိနေပြီး ရှေ့ဆက်၍လည်း ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အစိုးရအဖွဲ့မှလည်း ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးများ စေလွှတ်ပေးခြင်း၊ ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်ပေးခြင်းတို့ကို ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ရောပုသိမ် အများပိုင်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမြင့်လှိုင်က ရောပုသိမ်ကုမ္ပဏီကို ၂၀၀၈-၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၎င်းနှစ်မှာပင် တောင်သူများကို သွင်းအားစု၊ စိုက်ပျိုးစရိတ်ပံ့ပိုး ချေးငွေများ ထုတ်ချေးခဲ့ကြောင်း၊ စတင်ဖွဲ့စည်းသောနှစ်တွင် ကျပ်သိန်း ၁၇၀၀ သာ ပံ့ပိုးပေးနိုင်သော်လည်း နောက်ပိုင်းနှစ်များတွင် သိန်းပေါင်းသောင်းဂဏန်းအထိ ပိုမိုပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ နောက်ပိုင်းနှစ်များမှာ မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် အကျိုးတူစိုက်ပျိုးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပြီး ကုမ္ပဏီ စတင်ဖွဲ့စည်းသည့်အချိန်မှယနေ့အချိန်အထိ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်၍ တောင်သူများ လုပ်ငန်းခွင်တွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် အရစ်ကျစနစ်ဖြင့် ရောင်းချနိုင်ရန် လယ်ယာသုံးပစ္စည်းအရောင်းဆိုင်ဖွင့်လှစ်ပေးခြင်း၊ ပြည်ပဝင်ငွေလျှော့ချနိုင်ရေး၊ မြေဆီလွှာထိခိုက်မှုမှ ကာကွယ်ရန် ပြည်ပ ပညာရှင်များနဲ့ပူးပေါင်းပြီး ဈေးနှုန်းသက်သာစွာသုံးစွဲနိုင်ရန် အဏုဇီဝမြေသြဇာများကိုလည်း ထုတ်လုပ်ရောင်းချပေးလျက်ရှိရာ တိုင်းအတွင်းသာမက မန္တလေးတိုင်း၊ နေပြည်တော်တို့တွင် ဈေးကွက်အသစ်များ ရှာဖွေချိတ်ဆက်ရောင်းချနိုင်ခဲ့ကြောင်း၊ ကုမ္ပဏီပိုင်ဆန်စက်၊ ပေါင်းဆန်စက်နှင့်လယ်ယာမြေများကို ဝယ်ယူ၍ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားကြောင်း၊ ကုမ္ပဏီစာရင်းဇယားများကိုလည်း နှစ်စဉ်ရန်ကုန်စာရင်းစစ်အဖွဲ့ဖြင့် စစ်ဆေးလျက်ရှိပြီး၊ နှစ်စဉ်အကျိုးအမြတ်များကိုလည်း ရှယ်ယာရှင်များအား ခွဲဝေပေးနိုင်ခဲ့ပြီး၊ ရှယ်ယာရှင်များတိုးပွား လာမှု၊ ပြည်ပ ပညာရှင်များနှင့်ပေါင်းစပ်နိုင်မှုများအပြင် ရောပုသိမ်ဆန်စပါးအထူးပြုကုမ္ပဏီအား ယခုအခါ အများပိုင်ကုမ္ပဏီသို့ ပြောင်းလဲဆောင်ရွက်နိုင်မှုများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါတယ်။ **မင်းမင်းဦး-ပုသိမ်**

# အလုပ်ရုံဆွေးနွေးပွဲဆုံးဖြတ်ချက်များမှသည် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများဆီသို့

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်အတွင်း ရွှေဘိုပေါ်ဆန်းမွှေးစပါးကို စိုက်ဧက (၃ သိန်းကျော်) စိုက်ပျိုးခဲ့ရာ ရွှေဘိုခရိုင်မှာ စိုက်ဧက ၂ ဒသမ ၉ သိန်းစိုက်ပျိုးခဲ့ပါတယ်။ ရွှေဘိုပေါ်ဆန်းမွှေးဆန်မှာ ပြည်တွင်း ဈေးကွက်သာမက ပြည်ပဈေးကွက်မှာလည်း ကျယ်ပြန့်စွာရောင်းချနေရပြီး၊ ဈေးနှုန်းမှာလည်း အမြင့်ဆုံးဈေးကို ရရှိနေပြီဖြစ်တဲ့အတွက် ဆန်စပါးအရည်အသွေးကို ရေရှည်ထိန်းသိမ်းသွားနိုင်ရန် "ရွှေဘိုပေါ်ဆန်းမွှေး စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွှေဘိုပေါ်ဆန်းမွှေး မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်မှာ ရွှေဘိုမြို့ ဧဒင်ခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ရွှေဘိုပေါ်ဆန်းမွှေးများရဲ့ အရည်အသွေးများနဲ့ မြို့နယ်အလိုက် မြေ၊ ရေများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်ရန်နဲ့ အရည်အသွေးကောင်းဆန်စပါးထွက်ရှိစေရန် အတွက် ပိုးသတ်ဆေးများကို အလွန်အကျွံမသုံးစွဲဘဲ ဘက်စုံပိုးမွှားကာကွယ်နည်းစနစ်ကို အသုံးပြု၍ နည်းပညာပေးရန်ဟူ၍ အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အရည်အသွေးကောင်းမွန်သော ရွှေဘိုပေါ်ဆန်းမျိုးစေ့များ ရရှိနိုင်ရေးအတွက် မျိုးသန့်ခြံများမှ မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့အဆင့်ဆင့် ပြုလုပ်၍ မျိုးစေ့များ ရယူပြီး၊ မြို့နယ်အလိုက် မျိုးသန့်စံပြရွာနှင့် အကျိုးဆောင်တောင်သူများဖြင့် မျိုးစေ့ထုတ်ကွက်များ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စိုက်ပျိုး ထွက်ရှိလာသော မျိုးစေ့များ၏အရည်အသွေးကိုသိရှိရန် အထက်မြန်မာပြည်မျိုးစေ့ဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးမြို့သို့ပေးပို့ပြီး အရည်အသွေးကို စစ်ဆေးကြရပါတယ်။ မျိုးစေ့ အရည်အသွေးပြည့်မီတဲ့ရွှေဘိုပေါ်ဆန်းမျိုးများကို တောင်သူများသို့ ဖြန့်ဖြူးရောင်းချပေးလျက် ရှိပါတယ်။

အရည်အသွေးကောင်းမွန်သော ရွှေဘိုပေါ်ဆန်းစပါးရရှိစေရန် တောင်သူများအား သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးခြင်းနည်းပညာများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို စနစ်တကျလိုက်နာ ဆောင်ရွက်လာစေရန် ကွင်းဆင်းစည်းရုံး ပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြို့နယ်အလိုက် မြေ၊ ရေဓါတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်လိုပါကလည်း မြေနမူနာတစ်ခု လျှင် စမ်းသပ်ခ ၅၀၀၀ ကျပ်ဖြင့် ရန်ကုန်သို့လည်းကောင်း၊ ရေနမူနာတစ်ခုလျှင် စမ်းသပ်ခ ၃၀၀၀ ကျပ်ဖြင့် မန္တလေးဓာတ်ခွဲခန်းသို့ လည်းကောင်း ပေးပို့စစ်ဆေးနိုင်ကြောင်း သိရှိရပါတယ်။

စားနပ်ရိက္ခာဖူလုံရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးဟူသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီး ဌာန၏ မဟာဗျူဟာအရ အရည်အသွေးကောင်း ရွှေဘိုပေါ်ဆန်းစပါးထွက်ရှိစေရန်၊ ပိုးသတ်ဆေး အလွန်အကျွံမသုံးစွဲဘဲ ဘက်စုံပိုးမွှားကာကွယ်နှိမ်နှင်းနည်းများကို အသုံးပြုလာစေရန်၊ ရွှေဘိုခရိုင်အတွင်းရှိ ဝန်ထမ်းများသာမက တိုင်းသီးနှံကာကွယ်ရေးမှဝန်ထမ်းများ၊ ရုံးချုပ်မှ ပညာရှင်များကိုဖိတ်ခေါ်ပြီး ကျေးရွာအရောက် ကွင်းဆင်းပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ထို့ပြင်ပိုးမွှားရောဂါကျရောက်သောစိုက်ခင်းများ၌ ကင်းထောက်မှတ်တမ်းများ ကောက်ယူစေပြီး စီးပွားရေးအရ ထိခိုက်နိုင်သောအခြေအနေရောက်မှသာ ထိရောက်မှုရှိသော ပိုးသတ်ဆေးများကို ဆေးစပ်နှုန်း မှန်ကန်စွာဖြင့် သုံးစွဲတတ်စေရန် တောင်သူများအား ကွင်းဆင်းပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ရွှေဘိုခရိုင်မှာ ဆိုးရွားစွာကျရောက်ခဲ့တဲ့ ဆစ်ပိုးများကို ကာကွယ်နှိမ်နှင်းရာမှာလည်း ကင်းထောက်မှတ်တမ်းကောက်ယူခြင်း၊ ဥမြုံများကို လက်ဖြင့်ကောက် ယူဖယ်ရှားခြင်း၊ မီးထောင်ခြောက်ထွန်းခြင်း၊ စပါးရိတ်သိမ်းပြီးချိန်တွင်လည်း ရိုးပြတ်များ မီးရှို့ခြင်း၊ ထယ်ထိုးမြေလှန်ခြင်းအပြင် ဇီဝနည်းဖြင့် ကာကွယ်နှိမ်နှင်းနည်းဖြစ်သော နဂျီလွှတ်ခြင်းစသည့် ဘက်စုံနှိမ်နှင်းနည်းများဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

**အောင်မင်း-တန့်ဆည်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.26 Monday July 13 2015

# အေအီးစီက ဥရောပသမဂ္ဂလိုအဖြစ်မျိုးဖြစ်လာလိမ့်မည် မဟုတ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးပြော

ယခုနှစ်အကုန်မှာ ဖွဲ့စည်းတော့မယ့် အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community-AEC) က ဥရောပသမဂ္ဂ (အီးယူ)လို အလားတူအဖြစ်မျိုး ရောက်ရှိသွားမှာ မဟုတ်ကြောင်း ဂျာမန်ကုန်သည်များနဲ့ စက်မှုလုပ်ငန်းရှင်များအဖွဲ့က တည်ခင်းဧည့်ခံတဲ့ အလုပ်သဘော နေ့လယ်စာစားပွဲမှာ စင်ကာပူ နိုင်ငံခြားရေးဝန်ကြီး ကေရှန်မူဂမ်က ဇူလိုင်လ ၇ ရက်နေ့မှာ ပြောပါတယ်။

အာဆီယံတစ်ခုလုံးကို စီးပွားရေးအရ ပေါင်းခြုံကြည့်မယ်ဆိုရင် ကမ္ဘာပေါ်မှာ သတ္တမမြောက်အကြီးဆုံးအဖွဲ့အစည်းတစ်ခု ဖြစ်ပြီး ဂျီဒီပီက အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ထရီလီယံရှိပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်နှုန်းက တစ်နှစ်ကို ၅ ရာခိုင်နှုန်း မြင့်တက်ပြီး ၂၀၂၀ ပြည့်နှစ်အရောက်မှာ အမေရိကန်ဒေါ်လာ ၄ ထရီလီယံလောက်ထိရှိမယ်လို့ ခန့်မှန်းထားပါတယ်။

အာဆီယံအတွင်းမှာကြည့်မယ်ဆိုရင် အဖွဲ့ဝင်နိုင်ငံတွေအချင်းချင်း စီးပွားရေးတန်ဖိုး စနစ်၊ လူဦးရေ၊ ယဉ်ကျေးမှုနဲ့ လူနေမှုအဆင့်တွေက အကြီးအကျယ်ကွဲပြားခြားနားမှုတွေရှိနေပါတယ်။ ဒါပေမယ့် အေအီးစီက ထူးခြားတဲ့စီးပွားရေး လှုံ့ဆော်အားပေးမှုဖြစ်လာပြီး အဖွဲ့ဝင်နိုင်ငံအသီးသီးရဲ့ ထက်မြက်တဲ့စွမ်းအားတွေနဲ့ အပြန်အလှန်အားဖြည့်သွားမှာဖြစ်ကြောင်း မစ္စတာရှန်မူဂမ်ကပြောပါတယ်။

စီးပွားရေးအရ အေအီးစီကိုတစ်ခုတည်းသော ထုတ်လုပ်မှုဗဟိုဌာနအဖြစ် ကြည့်မယ်ဆိုရင်အဓိပ္ပာယ် အများအပြားဖွင့်ဆိုနိုင်မှာဖြစ်ကြောင်း၊ စင်ကာပူက ငွေရင်းစိုက်ထုတ်ပြီး ထုတ်လုပ်မှုကို တခြားနေရာမှာ ဆောင်ရွက်နိုင်မယ်။ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေ အလွယ်တကူ ရွှေ့ပြောင်းနိုင်မယ်လို့ သူကပြောပါတယ်။

အီးယူဟာ အာဆီယံဒေသရဲ့ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်ဖြစ်တဲ့အတွက် EU ကဒီဒေသတွင်းမှာ ကူးသန်းရောင်းဝယ်မှုကိုအဓိကဦးတည်ချက်ထားမှာ ဖြစ်ပါတယ်။ ဒေသနှစ်ခုအတွင်းမှာ တည်ရှိနေတဲ့ ခြိမ်းခြောက်မှုအန္တရာယ်တွေကို တိုက်ဖျက်ရာမှာ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုဆောင်ရွက်မယ့် အလားအလာတွေ တည်ရှိနေကြောင်း သူကပြောပါတယ်။

စင်ကာပူနိုင်ငံက မြို့ပြနိုင်ငံငယ်ကလေးဖြစ်တဲ့အတွက် စိန်ခေါ်မှုတွေက ထူးထူးခြားခြား ရှုပ်ထွေးပါတယ်။ ဒါကြောင့် ခိုင်မာတဲ့ဦးဆောင်မှုက အရေးပါတယ်လို့သူကပြောပါတယ်။

## အမေရိကန် ဒေါ်လာ ဘီလီယံ ၁၀၀ ရှိ ရန်ပုံငွေ ထူထောင်ဖို့ BRICS အဖွဲ့ဝင်နိုင်ငံတွေ သဘောတူ

ငွေဖြစ်လွယ်မှုနဲ့ ပတ်သက်ပြီး ပြဿနာတစ်စုံတစ်ရာရှိပါက အချင်းချင်းအကူအညီပေးနိုင်ဖို့အတွက် အဖွဲ့ဝင်ငါးနိုင်ငံပါဝင်တဲ့ BRICS အုပ်စုက အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ အထိရှိတဲ့ နိုင်ငံခြားရန်ပုံငွေကိုတည်ထောင်ဖို့အတွက် ဇူလိုင် ၇ ရက်နေ့က သဘောတူလက်မှတ်ရေးထိုးခဲ့ကြကြောင်း ပီတီအိုင်သတင်းမှာ ဖော်ပြပါတယ်။ ရန်ပုံငွေအတွက် အိန္ဒိယ၊ ဘရာဇီးနဲ့ရုရှားတို့က အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံစီ ထည့်ဝင်ကြမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံက စုစုပေါင်းအမေရိကန် ဒေါ်လာ ၄၁ ဘီလီယံထည့်ဝင်မှာဖြစ်သလို တောင်အာဖရိကနိုင်ငံကတော့ အမေရိကန်ဒေါ်လာ ၅ ဘီလီယံထည့်ဝင်မှာ ဖြစ်ပါတယ်။ ထို့ကြောင့် တရုတ်နိုင်ငံဟာ ရှယ်ယာအများဆုံး ပိုင်ဆိုင်တဲ့ BRICS အဖွဲ့ဝင်နိုင်ငံ ဖြစ်လာပါတယ်။

"ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နဲ့တောင်အာဖရိကဗဟိုဘဏ်တို့က ၂၀၁၅ ခုနှစ်ဇူလိုင် ၇ ရက်က မော်စကိုမြို့မှာ Operational Agreement သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပါတယ်။ Agreement on BRICS Pool of Conventional Currency Reserves သဘောတူစာချုပ်ကချမှတ်ထားတဲ့မူဘောင်အရ သတ်မှတ်ထားတဲ့အဖွဲ့ဝင်အချင်းအချင်း အပြန်အလှန်ထောက်ပံ့ရေးစည်းကမ်းချက်တွေကို ဒီသဘောတူစာချုပ်မှာဖော်ပြထားပါတယ်"လို့ ရုရှားဗဟိုဘဏ်ရဲ့ ကြေညာချက်မှာဖော်ပြထားပါတယ်။

အဖွဲ့ဝင်နိုင်ငံတွေရဲ့ ပြည်ပငွေပေးငွေယူ ရှင်းတမ်းမှာပြဿနာတွေရှိလာပြီဆိုရင် ဒီရန်ပုံငွေက အာမခံစာချုပ်စာတမ်းသဘောမျိုးဖြစ်လာမှာဖြစ်ပါတယ်။

ဒီရန်ပုံငွေအဖွဲ့က ဇူလိုင် ၃၀ ရက်နေ့မှာ စတင် အကျိုးသက်ရောက်မှုရှိမှာဖြစ်ပါတယ်။ ဒီရန်ပုံငွေထဲကို အဖွဲ့ဝင်သစ်ထပ်မံဝင်လာမှာ မဟုတ်ပါဘူး။ လုပ်ငန်းအကောင်အထည်ဖော်မှုသဘောတူစာချုပ်မှာ BRICS ဘဏ်တွေကလိုက်နာရမယ့် ရန်ပုံငွေအဖွဲ့ရဲ့လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအဆင့်နဲ့ ဗဟိုဘဏ်တွေရဲ့ အခွင့်အရေးနဲ့တာဝန်တွေကိုလည်း အသေးစိတ်ဖော်ပြပေးထားပါတယ်။

ဘဏ္ဍာရေး-စုစည်းတင်ပြသည်

## အာဆီယံက ဗီယက်နမ်စီမံကိန်း နှစ်ထောင်ကျော်မှာ ရင်းနှီးမြှုပ်နှံ



စင်ကာပူနိုင်ငံက အာဆီယံရင်းနှီးမြှုပ်နှံသူတွေကို ဦးဆောင်ပြီး ဗီယက်နမ်နိုင်ငံမှာ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၂ ဘီလီယံဖိုးရှိ စီမံကိန်း ၁၄၂၈ ခုကို အကောင်အထည်ဖော်မည်ဖြစ်ရာ စုစုပေါင်း မှတ်ပုံတင်ရင်းနှီးမြှုပ်နှံမှုရဲ့ ၆၀ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်နက်ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

မလေးရှားနိုင်ငံက ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ စီမံကိန်း ၄၉၉ ခုကို အကောင်အထည်ဖော်ကာ ဒုတိယနေရာကို ရယူထားပြီး ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံဖြင့် စီမံကိန်း ၃၉၂ ခုကို အကောင်အထည် ဖော်သွားမှာဖြစ်ပါတယ်။

အာဆီယံ ရင်းနှီးမြှုပ်နှံမှုတွေက အဓိကအားဖြင့် ကုန်ချော ထုတ်လုပ်မှုနဲ့ ဆင့်တက်ပြုပြင်မှုလုပ်ငန်းများ၊ အိမ်ခြံမြေကဏ္ဍနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံမှာ အာဆီယံက ရင်းနှီးမြှုပ်နှံထားတဲ့ ပြည်နယ်နဲ့ မြို့တော်ကြီးပေါင်း ၄ ဒသမ ၅၅ခုရှိတဲ့အနက် ဟိုချီမင်းစီးတီးက ထိပ်ဆုံးက ပါဝင်နေပါတယ်။ စီမံကိန်းအရေအတွက် စုစုပေါင်း ၁၁၁၄ ခုမှာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက ဒေါ်လာ ၁၅ ဒသမ ၀၇ ဘီလီယံ ရှိပါတယ်။

အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံတန်ဖိုးရှိတဲ့ ဟန္ဒိုင်းမြို့မှာပြုလုပ်မယ့် စီမံကိန်း ၄၁၇ ခုက ဒုတိယနေရာမှာရှိနေပြီး အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိတဲ့ ဘာရိုင်းဗန်းတောမှာ ပြုလုပ်မယ့်စီမံကိန်း ၇၆ ခုက တတိယနေရာမှာ ရှိနေပါတယ်။

ယခုနှစ် ပထမနှစ်ဝက်မှာ တရုတ် (တိုင်ပေ) စီးပွားရေးလုပ်ငန်းများက အမေရိကန်ဒေါ်လာ ၂၉၇ ဒသမ ၄ သန်းရှိတဲ့ စီမံကိန်းအသစ် ၄၂ ခုမှာ ရင်းနှီးမြှုပ်နှံထားပြီး စီမံကိန်း ၂၁ ခုကို လုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပါတယ်။

ဇွန်လစာရင်းအရ တရုတ် (တိုင်ပေ) မှာ လုပ်ငန်းဆောင်ရွက်နေတဲ့ စီမံကိန်း ၂၄၂၉ ခုရှိပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၇၄ ဘီလီယံရှိပါတယ်။ တရုတ်(တိုင်ပေ)ဟာ တောင်ကိုရီးယား၊ ဂျပန်နဲ့ စင်ကာပူပြီးရင် ဗီယက်နမ်ရဲ့ စတုတ္ထမြောက် ရင်းနှီးမြှုပ်နှံသူ ဖြစ်ပါတယ်။

တခြား နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေလို တရုတ် (တိုင်ပေ) စီးပွားရေးလုပ်ငန်းတွေက ကုန်ချောထုတ်လုပ်မှုနဲ့ အစားအစာ ထုတ်လုပ်ရေးလုပ်ငန်၊ အိမ်၊ ခြံမြေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အဓိက စိတ်ဝင်စားကြပါတယ်။

## ကိုယ်ပိုင်စံနှုန်းများဖြင့် BRICS ဘဏ်ကို တည်ထောင်မည်

နိုင်ငံစုံမှာဆောင်ရွက်နေတဲ့ ဘဏ်များရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေမှာ BRICS ဘဏ်က တစ်မူထူးခြားစွာ ပြောင်းလဲလာမှာဖြစ်ပေမယ့် အချင်းချင်းဆန့်ကျင်ယှဉ်ပြိုင်မှုမျိုးတော့ရှိမှာ မဟုတ်ကြောင်း ဒေါ်လာဘီလီယံ ၁၀၀ ရင်းနှီးမြှုပ်နှံဆောင်ရွက်မယ့် ဖွံ့ဖြိုးရေးဘဏ်သစ် (New Development Bank) ရဲ့ ပထမဆုံးအကြီးအကဲဖြစ်သူ ကေဗွီကာမတ်က ဇူလိုင် ၈ ရက်နေ့ကပြောကြားခဲ့တာကို ကိုးကားပြီး ပီတီအိုင်သတင်းမှာ ဖော်ပြပါတယ်။

အိန္ဒိယနဲ့ တခြား BRICS နိုင်ငံ လေးနိုင်ငံတို့ပူးပေါင်းတည်ထောင်ထားတဲ့ ဒီဘဏ်သစ်ရဲ့ ပထမအသုတ်ချေးငွေတွေကို ယခုဘဏ္ဍာနှစ်မကုန်မီ ထုတ်ချေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ကာမတ်က ပြောပါတယ်။

အိန္ဒိယနိုင်ငံ အပါအဝင် BRICS အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းအတွက် ဒေါ်လာ တစ်ထရီလီယံနဲ့ နှစ်ထရီလီယံကြားရှိမှာဖြစ်တဲ့အတွက် ရန်ပုံငွေလိုအပ်ချက်က မြင့်မားနေကြောင်း၊ ဒါကြောင့် ဖွံ့ဖြိုးဆဲကမ္ဘာကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာမှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၊ ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) တို့ကို မိတ်ဖက်အဖြစ် သဘောထားရမှာဖြစ်ကြောင်း ကာမတ်ကပြောပါတယ်။

ယခင်နှစ်က BRICS အဖွဲ့ဝင်နိုင်ငံတွေချမှတ်ခဲ့တဲ့ သဘောတူညီချက်အရ NDB ဥက္ကဋ္ဌရဲ့သက်တမ်းက ငါးနှစ်ဖြစ်ပါတယ်။ ဘဏ်ရဲ့ ဌာနချုပ်ရုံးကို ရှန်ဟဲမှာ ဖွင့်လှစ်ထားရှိမှာဖြစ်ပြီး ဘဏ်ရဲ့အုပ်ချုပ်ရေးမှူးများအဖွဲ့ အစည်းအဝေး (Board of Governers Meeting) ကို ဇူလိုင် ၇ ရက်နေ့က မော်စကိုမှာကျင်းပပြီး အတည်ပြုရမယ့်လုပ်ငန်းများကို အပြီးသတ် ဆောင်ရွက်ခဲ့ပါတယ်။

အုပ်ချုပ်ရေးမှူးများ ဘုတ်အဖွဲ့အစည်းအဝေးကို BRICS ထိပ်သီးအစည်းအဝေးမတိုင်မီကျင်းပခဲ့ပါတယ်။ ထိပ်သီးအစည်းအဝေး မှာ BRICS အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်တွေ တက်ရောက်မှာဖြစ်ပြီး ဘဏ်အသစ်ရဲ့ ရှေ့လုပ်ငန်းစဉ်တွေကိုလည်း ချမှတ်ပေးမှာဖြစ်ပါတယ်။

NDB ဘဏ်ကို တခြားနိုင်ငံတကာငွေကြေးအဖွဲ့အစည်းများအတွက် အစားထိုးအဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းခဲ့တာဖြစ်ပြီး အရေးပေါ်ရန်ပုံငွေဒေါ်လာ ဘီလီယံ ၁၀၀ က ရေတိုငွေဖြစ်လွယ်မှုအတွက် သုံးစွဲဖို့ ရည်ရွယ်ထားပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ကွာလာလမ်ပူ**

ဂရိကြွေးမြီ အကျပ်အတည်းနဲ့ တရုတ်စီးပွားရေးနှေးကွေးကျဆင်းမှုကြောင့် ကမ္ဘာ့စီးပွားရေးနှေးကွေးကျဆင်းနေပေမယ့် အာဆီယံဒေသတစ်ခုလုံး ဖွံ့ဖြိုးမှုခိုင်မာနေတဲ့အတွက် အာဆီယံကဒေသတွင်းကုန်သွယ်မှုကို အလေးပေးဆောင်ရွက်ပြီး စီးပွားရေးပေါင်းစည်းမှုကို ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ မလေးရှား အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးဌာနအတွင်းဝန်ချုပ်တန်ဆရီဒေါက်တာရီဘက်ကာဗာတီမာစတာ မာရီယာက သတင်းထောက်များအားဇူလိုင်လ ၁၀ ရက်က ပြောကြားချက်ကို ကိုးကားပြီး ဘာနားမားသတင်းမှာ ဖော်ပြပါတယ်။

**အာရပ်ဆဲလ်**

ပြိုကွဲနေတဲ့ နိုင်ငံရဲ့စီးပွားရေးကို အဖတ်ဆယ်နိုင်ဖို့နဲ့ ယူရိုဇုန်မှာ နေရာဆက်လက်တည်မြဲနိုင်ရေးအတွက် နောက်ဆုံး ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် ဂရိနိုင်ငံက ကယ်တင်မှုချေးငွေ ပြုပြင်ပြောင်းလဲရေး အစီအစဉ်သစ်ကို ဇူလိုင်၁၉ရက်က နောက်ဆုံးသတ်မှတ်ချိန် မတိုင်မီ ၂ နာရီအလိုတွင်တင်ပြခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။

**တိုကျို**

ဂျပန်စက်ယန္တရား အမှာစာများက မေလအတွင်းမှာမမျှော်လင့်ဘဲမြင့်တက်ခဲ့ရာ စုစုပေါင်းတန်ဖိုးအရ ခုနစ်နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း၊ အဲဒီအချက်ဟာ စီးပွားရေးလုပ်ငန်းများရဲ့ မတည်ရင်းနှီးငွေများ တိုးတက်လာတာကို ပြသနေတဲ့ ညွှန်ကိန်းတစ်ခုဖြစ်ကြောင်း ဇူလိုင်လ ၉ ရက်က ဝန်ကြီးအဖွဲ့ရုံးမှ ထုတ်ပြန်တဲ့ ကိန်းဂဏန်းများကို ကိုးကားပြီး ဂျပန်တုဒေးသတင်းမှာ ဖော်ပြပါတယ်။

**မနီလာ**

ဖိလစ်ပိုင် နိုင်ငံသားတို့က ငွေသား ကိုင်တွယ်သုံးစွဲရတာကို ပိုမိုသဘောကျတဲ့အတွက် အေတီအမ်ကတ်ကိုင်ဆောင်သူ ၁၀ ဦးအနက်လေးဦးသာ အေတီအမ်ကတ်များကို အမှန်တကယ် အသုံးပြုကြကြောင်း Bank of Philippine Island မှ Debit and Prepaid Business Product ဌာနခွဲမှ ဒုတိယဥက္ကဋ္ဌရန်းဂျီဘဆိုင်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြပါတယ်။

## South Asia

# အိန္ဒိယစီးပွားရေးက ၂၀၁၆ ခုနှစ်တွင် တရုတ်နိုင်ငံကို ကျော်တက်မည်

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ယခုနှစ်တွင်ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုကို ၃ ဒသမ ၃ ရာခိုင်နှုန်းရှိမယ်လို့ လျှော့ချခန့်မှန်းထားပေမယ့် အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက ကမ္ဘာမှာအမြန်ဆုံးနှုန်းနဲ့တိုးတက်ပြီး ၂၀၁၆ ခုနှစ်မှာ ဒုတိယမြောက်နှစ်အဖြစ် ၇ ဒသမ ၅ ရာခိုင်နှုန်းထိရောက်ရှိလိမ့်မယ်လို့ ခန့်မှန်းထားကြောင်း ပီတီအိုင်သတင်းမှာ ဖော်ပြပါတယ်။

အိုင်အမ်အက်ဖ်ရဲ့ ကမ္ဘာ့စီးပွားရေးအလားအလာ အစီရင်ခံစာမှာ ၂၀၁၆ ခုနှစ်အတွက် အိန္ဒိယနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းဟာ ၆ ဒသမ ၈ ရာခိုင်နှုန်းရှိတဲ့ တရုတ်နိုင်ငံထက်သာလွန်လိမ့်မယ်လို့ ပြောပါတယ်။ ၂၀၁၆ ခုနှစ်မှာ အိန္ဒိယရဲ့ ဖွံ့ဖြိုးမှုနှုန်းကို ၇ ဒသမ ၅ ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းပြီး တရုတ်နိုင်ငံက ၆ ဒသမ ၃ ရာခိုင်နှုန်းသာရှိမယ်လို့ ခန့်မှန်းပါတယ်။

၂၀၁၄ ခုနှစ်က အခြေအနေကို ပြန်ကြည့်မယ်ဆိုပါက အိန္ဒိယနိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှုန်းက ၇ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး တရုတ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုနှုန်းကပိုမိုလျင်မြန်ကာ ၇ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့တာကို အိုင်အမ်အက်ဖ်စာရင်းဇယားများအရ သိရပါတယ်။

အိန္ဒိယနိုင်ငံအတွက် အိုင်အမ်အက်ဖ်အဖွဲ့ရဲ့ခန့်မှန်းချက်က အိန္ဒိယနိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ အိန္ဒိယဗဟိုဘဏ်တို့ရဲ့ ခန့်မှန်းချက်အောက်ကျသွားတာကို တွေ့ရပါတယ်။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖွံ့ဖြိုးမှုနှုန်း ခန့်မှန်းချက်မှာ ၈ ရာခိုင်နှုန်းမှ ၈ ဒသမ ၅ ရာခိုင်နှုန်းအတွင်းဖြစ်ပြီး အိန္ဒိယဗဟိုဘဏ်ရဲ့ ခန့်မှန်းချက်မှာ ၇ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပါတယ်။

IMF က အိန္ဒိယအတွက် ကိန်းဂဏန်းအချက်အလက်တွေ ပြုစုရာမှာ ဘဏ္ဍာနှစ်အကုန်ကို မတ်လအကုန်မှာထားပြီး အိုင်အမ်အက်ဖ်က တွက်ချက်ခဲ့ကာ တခြားနိုင်ငံတွေကိုတော့ ဒီဇင်ဘာလ အကုန်နဲ့ တွက်ချက်ပါတယ်။

အိန္ဒိယနဲ့ တရုတ်နိုင်ငံ နှစ်နိုင်ငံစလုံးကိုတွက်ချက်နှိုင်းယှဉ်ရာမှာတော့ ဧပြီလစောစောပိုင်းက ပြုလုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် တိုးတက်မှုနှုန်းကို ၃ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ၃ ဒသမ ၃ ရာခိုင်နှုန်း အသီးသီးရှိမယ်လို့ ခန့်မှန်းပါတယ်။

## East Asia

# ဂရိပြဿနာဖြစ်ပွားပြီးနောက် ဈေးကွက်မတည်မငြိမ်ဖြစ်မှုကို ဂျပန်နိုင်ငံ ထိန်းချုပ်

ယူရိုဇုန်ခြိုးခြံချွေတာရေးအစီအမံများကို ဂရိမဲဆန္ဒရှင်တို့ ကန့်ကွက်မဲပေးကြပြီးနောက် ဖြစ်ပေါ်နေတဲ့ ဘဏ္ဍာရေးဈေးကွက်မတည်မငြိမ်ဖြစ်မှုများမှ အတူတကွပူးပေါင်းကာကွယ်ကြဖို့ ဂျပန်မူဝါဒရေးဆွဲသူတို့က ဇူလိုင် ၆ ရက်နေ့မှာ ကတိပြုခဲ့ပါတယ်။

ဂျပန်နိုင်ငံနဲ့ ဂရိနိုင်ငံတို့ရဲ့ စီးပွားရေးနဲ့ဘဏ္ဍာရေးတိုက်ရိုက်ဆက်ဆံမှုက အကန့်အသတ် ရှိနေပါတယ်။ ဒါပေမယ့် ဂျပန်နိုင်ငံက ဈေးကွက်တုံ့ပြန်မှုတွေမှာ ချောချောမွေ့မွေ့ရှိစေဖို့အတွက် ဂျပန်အစိုးရနဲ့ ဂျပန်ဗဟိုဘဏ်အရာရှိတွေက ဇူလိုင်လ ၆ရက်နေ့မှာ ဆွေးနွေးပွဲကျင်းပခဲ့ကြောင်း ဂျပန်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးဟာရူဟိကို ကူရိုဒါက ပြောပါတယ်။

ဂရိဆန္ဒခံယူပွဲနဲ့ ပတ်သက်ပြီး ပင်လယ်ရပ်ခြား မူဝါဒရေးဆွဲသူများနဲ့ အနီးကပ်ဆက်သွယ်မှုများကို ဂျပန်နိုင်ငံကဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ဈေးကွက်ပြိုကွဲမှုများကိုပြုလုပ်ထားပြီဟု ဂျပန်နိုင်ငံကယုံကြည်ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုက ပြောပါတယ်။

"ဂရိနိုင်ငံက တာဝန်သိသိတုံ့ပြန်ဆောင်ရွက်ဖို့ဥရောပတွေက ဂရိနိုင်ငံကို နှိုးဆော်တိုက်တွန်းထားပြီးဖြစ်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"လို့ ဆန္ဒခံယူပွဲရလဒ် ထွက်ပေါ်ပြီးနောက် သူကပြောပါတယ်။

ဂရိမဲဆန္ဒရှင်တွေက ဥရောပကယ်ဆယ်မှုချေးငွေမှာပါရှိတဲ့ စည်းကမ်းချက်တွေကိုကန့်ကွက်မဲပေးပြီးနောက် ယန်းငွေကြေးကယူရို၊ ဒေါ်လာတို့နဲ့ ဖလှယ်ရာမှာမနက်ပိုင်းဈေးကွက်မှာ ခန့်မှန်းထားတာထက် ပိုမိုမြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

ဂျပန်နဲ့ ဂရိနိုင်ငံတို့ရဲ့ တိုက်ရိုက်ကုန်သွယ်မှုကနည်းပါးတဲ့အတွက် ဂျပန်ဘဏ္ဍာရေးအဖွဲ့အစည်းတွေနဲ့ ဂရိနိုင်ငံကြွေးမြီတို့ရဲ့ ဆက်စပ်မှုကလည်းနည်းပါးခဲ့ပါတယ်။

ဂရိနိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ ပြဿနာတွေကြောင့် ဈေးကွက်တွေကိုထိခိုက်မှုရှိမယ်ဆိုပါက ဂျပန်အစိုးရအနေနဲ့ မည်ကဲ့သို့ တုံ့ပြန်မည်ကို ကူရိုဒါနှင့် အာဆိုတို့ နှစ်ဦးစလုံးက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပါဘူး။ ဒါပေမယ့် ဈေးကွက် တည်ငြိမ်မှုရရှိအောင် ဂျပန်နိုင်ငံကဈေးကွက်အတွင်းသို့ ပထမဆုံးအကြိမ် ငွေကြေးအမြောက်အမြားထည့်ဝင်ပြီး ငွေကြေးဖြစ်လွယ်မှုရှိအောင် ဆောင်ရွက်ပေးမယ်လို့ ယူဆရကြောင်း သက်ဆိုင်ရာသတင်းရပ်ကွက်များမှ ရိုက်တာသတင်းဌာနကို ပြောပါတယ်။

# ယူရိုဇုန်မှ ဂရိနိုင်ငံ နုတ်ထွက်ပါက ဖြစ်ပေါ်လာနိုင်တဲ့ ဂယက်ရိုက်ခတ်မှုအတွက် တောင်ကိုရီးယားနိုင်ငံ ပြင်ဆင်

ဂရိနိုင်ငံမှာ ကျင်းပတဲ့ဆန္ဒခံယူပွဲမှာ ဂရိနိုင်ငံသားတွေက အပြည်ပြည်ဆိုင်ရာမြီရှင်တွေရဲ့ ခြိုးခြံချွေတာရေးအစီအမံတွေကို ဆန့်ကျင်ပယ်ချခဲ့ပါတယ်။ ဒီလိုပယ်ချလိုက်တဲ့အတွက် ဘဏ္ဍာရေးဈေးကွက်တွေမှာ မငြိမ်မသက်မှုတွေကြီးထွားလာမယ့်လက္ခဏာတွေ့ရတဲ့အတွက် တောင်ကိုရီးယားနိုင်ငံက အရေးပေါ် အစီအမံတွေကို ချမှတ်ဆောင်ရွက်နေကြောင်း ဇူလိုင်လ ၆ ရက်နေ့က အဆင့်မြင့်အရာရှိတစ်ဦးရဲ့ပြောကြားချက်ကို ကိုးကားပြီးယွန်ဟပ်သတင်းမှာဖော်ပြပါတယ်။ တင်းကျပ်လှတဲ့ ကယ်တင်မှုချေးငွေ စည်းကမ်းချက်တွေကို ဂရိမဲဆန္ဒရှင် ၆၀ ကျော်က ဇူလိုင် ၅ ရက်နေ့မှာ မဲပေးဆန့်ကျင်ခဲ့တဲ့အတွက် ယူရိုဇုန်မှ ဂရိနိုင်ငံနုတ်ထွက်ခဲ့မှုနဲ့ပတ်သက်ပြီး စိုးရိမ်ခဲ့ကြပါတယ်။

"ယူရိုဇုန်ကနေ ဂရိနိုင်ငံ နုတ်ထွက်တော့မယ့်အလားအလာတွေ မြင့်မားလာတဲ့အတွက် စတော့ဈေးကွက်နဲ့ နိုင်ငံခြား ဈေးကွက်တွေကိုဂယက်ရိုက်ခတ်မှုတွေ ရှိလာတော့မှာပါ။ ဒါကြောင့် ကျွန်တော်တို့ အရေးပေါ်စီမံချက်ကို ရေးဆွဲနေပါတယ်"လို့ဘဏ္ဍာရေးဝန်ကြီးဌာနမှ နိုင်ငံတကာရေးရာ ဒုတိယဝန်ကြီး ချွိုင်ဟီးနမ်က ပြောပါတယ်။

ဂရိနိုင်ငံရဲ့ ဆန္ဒခံယူပွဲအပြီးမှာ ဖြစ်ပေါ်လာတဲ့ ဂယက်ကခေတ္တသာဖြစ်ပေါ်နိုင်တဲ့ရိုက်ခတ်မှုဖြစ်ပြီး ဥရောပတောင်ပိုင်းမှာ ယခင်ဖြစ်ခဲ့တဲ့ ဘဏ္ဍာရေးအကျပ်အတည်းနဲ့ နှိုင်းယှဉ်ရင် အများကြီးဖြစ်လာနိုင်စရာအကြောင်း မရှိဘူးလို့ ဈေးကွက်ကျွမ်းကျင်သူတွေကပြောပါတယ်။

တောင်ကိုရီးယားနိုင်ငံနဲ့ ဂရိနိုင်ငံတို့ရဲ့ တွေ့ထိဆက်ဆံမှုက အကန့်အသတ်ရှိပြီး နိုင်ငံရဲ့ ဘဏ္ဍာရေးခိုင်မာမှုရှိတဲ့အတွက် ဂရိအကျပ်အတည်းကြောင့် ထိခိုက်မှုက မရှိသလောက်ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ မတ်လကုန်စာရင်းများအရ ဂရိ နိုင်ငံနဲ့ ဆက်စပ်နေတဲ့ ပြည်တွင်းဘဏ်နဲ့ ဘဏ်မဟုတ်တဲ့အဖွဲ့အစည်းတွေရဲ့ ထိတွေ့ဆက်ဆံမှုက အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈ ဘီလီယံရှိပြီး တောင်ကိုရီးယားနိုင်ငံမှ နိုင်ငံခြားချေးငွေစုစုပေါင်းရဲ့ ၁ ဒသမ ၃ ရာခိုင်နှုန်းသာရှိကြောင်း ဘဏ္ဍာရေးကြီးကြပ်မှုလုပ်ငန်းမှ တာဝန်ရှိသူက ပြောပါတယ်။

## EU

# ဂရိနိုင်ငံက ဆန့်ကျင်မဲပေးမှုကြောင့် ဥရောပပြိုကွဲလုနီးပြီဟု ဥရောပသမဂ္ဂ အတိုက်အခံတို့ ပြောကြား

ဂရိနိုင်ငံက ကယ်တင်မှုချေးငွေမှာပါဝင်တဲ့စည်းကမ်းချက်များကို ဆန့်ကျင်မဲ ပေးခဲ့တဲ့အတွက် ယူရိုခေါင်းဆောင်များကို အထိတ်တလန့်ဖြစ်စေခဲ့ကြောင်းနဲ့ ဒီလိုအခြေအနေကြောင့် ယူရိုအပါအဝင် ဥရောပစီမံကိန်းတစ်ခုလုံးဆုံးရှုံးတော့မယ်လို့ ပြောနေကြတဲ့ ဥရောပသမဂ္ဂအတိုက်အခံတို့အတွက် အားရစရာဖြစ်စေခဲ့ကြောင်း ရိုက်တာသတင်းမှာဖော်ပြထားပါတယ်။

ဥရောပ မြီရှင်နိုင်ငံတွေရဲ့ တောင်းဆိုမှုများကိုဆန့်ကျင်ကန့်ကွက်ပြီးကယ်တင်မှုချေးငွေစည်းကမ်းချက်တွေကို ဂရိနိုင်ငံက ဇူလိုင်လ ၅ ရက်နေ့မှာဆန့်ကျင်မဲပေးခဲ့ကြပါတယ်။ ဒီလိုဆန္ဒမဲပေးခဲ့တဲ့အတွက် ယူရိုကိုစတင်သုံးစွဲခဲ့တဲ့ ၁၉၉၉ ခုနှစ်ကစပြီး ဆောင်ရွက်ခဲ့တဲ့ ငွေကြေးသမဂ္ဂ ထူထောင်ရေးကြိုးပမ်းမှုတွေအပေါ်မှာ အကြီးမားဆုံးထိုးနှက်ခဲ့ပါတယ်။

"အီးယူစီမံကိန်းပြိုကွဲတော့မယ်"လို့ အင်္ဂလန်နိုင်ငံမှ အီးယူဆန့်ကျင်ရေးပါတီတစ်ခုဖြစ်တဲ့ UK Independence Party ခေါင်းဆောင် နစ်ဂယ်ဖာရပ်က ပြောပါတယ်။

"ဥရောပသမဂ္ဂရုံးစိုက်ရာ ဘရပ်ဆဲလ်မြို့ကနေ နိုင်ငံရေးနဲ့ စီးပွားရေးအရအနိုင်ကျင့်နေတာကို ရင်ဆိုင်ရတဲ့ ဂရိပြည်သူတွေရဲ့သတ္တိကိုတွေ့ရတော့ ထူးဆန်းပါတယ်"လို့ ဖာရပ်ကပြောပါတယ်။ အီးယူမှာဗြိတိန်နိုင်ငံ ဆက်လက်ပါဝင်ဖို့သင့်မသင့်ကို၂၀၁၇ ခုနှစ်အကုန်မှာဆုံးဖြတ်ဖို့ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ကတိပြုထားပြီးဖြစ်ရာ ဆန္ဒခံယူပွဲမှာ ဂရိတို့က ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့တဲ့အတွက် ဗြိတိန်နိုင်ငံသားတို့အနေနဲ့ အားတက်စရာဖြစ်စေလိမ့်မယ်လို့ ဖာရပ်ကခန့်မှန်းထားပါတယ်။

ပြင်သစ်မှ ဖင်လန်အထိဥရောပအနှံ့မှာ နေထိုင်ကြပြီး ယူရိုငွေကြေးအပေါ် အယုံအကြည်နည်းသူတို့က ကမ္ဘာပေါ်မှာ အကြီးမားဆုံးသော စီးပွားရေးအဖွဲ့အစည်းကြီးဖြစ်ပြီး အဖွဲ့ဝင် ၂၈ နိုင်ငံပါဝင်တဲ့ ဥရောပသမဂ္ဂကို ကြိုးကိုင်လျက်ရှိတဲ့ လက်တစ်ဆုပ်စာ လူနည်းစုလွှမ်းမိုးမှုကို ဆန့်ကျင်ခဲ့တဲ့ ဂရိလူမျိုးတွေကို အားပေးထောက်ခံခဲ့ကြပါတယ်။ ဥရောပပေါင်းစည်းရေးကို ဆန့်ကျင်သူတို့အတွက်ကတော့ ဂရိဘဏ္ဍာရေးအကျပ်အတည်းဟာ သင်ခန်းစာအမြောက်အမြား ရရှိစေတဲ့ ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ကျဆင်းနေတဲ့ တရုတ်စတော့ဈေးများ ဒုတိယနေ့အဖြစ် ဆက်လက်မြင့်တက်လာခြင်း၊ ရက်သတ္တပတ်အကုန်တွင်ဂရိနိုင်ငံကမြီရှင်များနဲ့ ဆွေးနွေးရာမှာတိုးတက်မယ့် မျှော်လင့်ချက်များရှိလာခြင်း စတဲ့အခြေအနေတို့ကြောင့် ရင်းနှီးမြှုပ်နှံသူတို့က အာရှငွေကြေးစာချုပ်စာတမ်းများကို ပိုမိုသဘောကျလာတဲ့ အတွက် ဇူလိုင်လ ၁၀ ရက်မှာ ထွန်းသစ်စ အာရှဒေသမှာရှိတဲ့ ငွေကြေး အများစုရဲ့ တန်ဖိုးတွေမြင့်တက်လာခဲ့ပါတယ်။

ဂရိနိုင်ငံက ကြွေးမြီအကျပ်အတည်းအတွင်းမှ ရုန်းထွက်ပါမည်လားဟူသော အချက်နဲ့ ပတ်သက်ပြီး မသေချာမရေရာမှုများ ရှိနေပါတယ်။ ဇူလိုင် လ ၉ရက်နေ့မှာ ဂရိအစိုးရက ဒေဝါလီခံရမယ့်အခြေအနေကို ကျော်လွှားနိုင်ရေးအတွက် ဈေးသစ်ရရှိနိုင်ဖို့ ယူရိုဇုန် မြီရှင်တွေထံမှာ ပြုပြင်ပြောင်းလဲရေး စီမံကိန်းသစ်တွေကို တင်ပြခဲ့ပါတယ်။

တရုတ်နိုင်ငံဘက်က အခြေအနေကိုကြည့်ရင် ဈေးကွက်တွေတည်ငြိမ်ဖို့အတွက် တရုတ်အစိုးရအဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်း ရှယ်ယာဈေးတွေ တစ်ဟုန်ထိုးပြန်လည် ဦးမော့လာခဲ့ပါတယ်။ ဒါပေမယ့် မကြာသေးမီက တရုတ်ရှယ်ယာဈေးတွေ ထိုးဆင်းရာမှဖြစ်ပေါ်ခဲ့တဲ့ ဂယက်ရိုက်ခတ်မှုက တရုတ်စီးပွားရေးကို ရေရှည်မှာ ဘယ်လောက်ထိ ဂယက်ရိုက်ခတ်မလဲဆိုတာကို ရင်းနှီးမြှုပ်နှံသူတွေက သတိထားစောင့်ကြည့်နေပါတယ်။

အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်ကလည်း ယခုနှစ်နှစ်ကုန်မှာ အတိုးနှုန်းတွေမြှင့်တင်လိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။ အာရှငွေကြေးတွေက ရက် အလိုက်မြင့်တက်ခဲ့တယ်ဆိုပေမယ့် ပြင်ပအခြေအနေ အကြောင်းတရားတွေကြောင့် ရက်သတ္တပတ်အလိုက်ကြည့်ရင် အကျဘက်ကို ဦးတည်နေပါတယ်။

**တရုတ်ယွမ်**

တရုတ်အစိုးရရဲ့ အစီအမံတွေကြောင့် တရုတ်စတော့ရှယ်ယာတွေ တန်ဖိုးပြန်လည်မြင့်တက်လာတယ်ဆိုပေမယ့် တရုတ်ယွမ်ငွေကြေးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဇူလိုင်လ ၁၀ ရက်က တရုတ်နိုင်ငံခြားငွေရောင်းဝယ်ရေးဌာန (China Foreign Exchange Trading System) မှာ သုည ဒသမ ၀၂ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆ ဒသမ ၁၁၅၃ ယွမ်နှုန်းရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ဂရိနိုင်ငံက ကယ်တင်မှုချေးငွေအဆိုပြုချက်အသစ်ကို တင်သွင်းပြီး အိန္ဒိယနိုင်ငံပြင်ပမှာ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပြီး နောက် အိန္ဒိယနိုင်ငံဘဏ်အချင်းချင်း ငွေကြေးဖလှယ်ရေး ဈေးကွက်မှာ အိန္ဒိယရူပီးတန်ဖိုးက သုည ဒသမ ၀၆ ရူပီးနှုန်းမြင့်တက်ကာ တစ်ဒေါ်လာကို ၆၃ ဒသမ ၃၃ ရူပီးနှုန်းကို ရောက်ရှိခဲ့ပါတယ်။ အိန္ဒိယ ပို့ကုန်လုပ်ငန်းရှင်တို့က ဒေါ်လာများကို ထုတ်ရောင်းလာခြင်းနဲ့ ပြည်တွင်းအီကွီတီရှယ်ယာဈေးကွက်မှာ ရှယ်ယာတန်ဖိုး မြင့်တက်ခြင်းကလည်း ရူပီးတန်ဖိုး မြင့်တက်အောင် အထောက်အကူပေးခဲ့ကြောင်း နိုင်ငံခြားငွေ ဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

ဂရိနိုင်ငံကြွေးမြီပြဿနာအတွက် စိုးရိမ်မှုတွေကြောင့် ဇူလိုင် ၁၀ ရက်က တိုကျိုဈေးကွက်မှာ ရှယ်ယာဈေးနှုန်းတွေ အတက်အကျရှိခဲ့ပါတယ်။ ဒါပေမယ့် နံနက်စောစောပိုင်းမှာ ဒေါ်လာနဲ့ ယန်းငွေ ဖလှယ်နှုန်းက ၁၂၁ ဒသမ ၅ ယန်းအထက်မှာ ရှိနေခဲ့ ပါတယ်။

ဒေါ်လာ/ယူရို ဖလှယ်နှုန်းက ဇူလိုင် ၉ ရက် ညနေ ၅ နာရီကနယူးယောက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၀၃၁ ဒေါ်လာနဲ့ တိုကျိုမှာ ၁ ဒသမ ၁၀၃၅ ဒေါ်လာနှုန်းရှိခဲ့ရာမှ ဇူလိုင်လ ၁၀ ရက်နေ့ နံနက် ၉ နာရီမှာ တစ်ယူရိုကို ၁ ဒသမ ၁၀၅၇ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။

ယန်းငွေကြေးရဲ့ ဖလှယ်နှုန်းက ဒေါ်လာနဲ့ဖလှယ်ရာမှာ ဇူလိုင် ၉ ရက်က နယူးယောက်မှာ တစ်ဒေါ်လာကို ၁၂၁ ဒသမ ၇၀ ယန်းသို့လည်းကောင်း၊ ယူရိုနဲ့ ဖလှယ်ရာမှာ နယူးယောက်မှာ တစ်ယူရိုကို ၁၃၃ ဒသမ ၈၂ ယန်းနဲ့ တိုကျိုမှာ တစ်ယူရိုကို ၁၃၃ ဒသမ ၈၆ ယန်းရှိရာမှ ဇူလိုင် ၁၀ ရက်နေ့မှာ တစ်ယူရိုကို ၁၃၄ ဒသမ ၅၇ ယန်းသို့ရောက်ရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

မလေးရှားပြည်တွင်းသုံး ငွေကြေးရင်းဂစ်ကို ဝယ်ယူဖို့ စိတ်ဝင်စားမှုဆက်လက်မြင့်မားလာတဲ့အတွက် ဇူလိုင် ၉ ရက်နေ့က အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးဆက်လက်မြင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ငွေကြေးဖလှယ်နှုန်းက ဇူလိုင်လ ၉ ရက်နေ့မှာတစ်ဒေါ်လာကို ၃ ဒသမ ၇၉၄၅ ရင်းဂစ်ရှိရာမှဇူလိုင် ၁၀ ရက် နံနက်ပိုင်းဈေးကွက်မှာတစ်ဒေါ်လာကို ၃ ဒသမ ၇၈၄၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးက ယူရိုမှအပ အခြားအဓိကငွေကြေးတွေနဲ့ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး မြင့်တက်ပါတယ်။

**တောင်ကိုရီးယားဝမ်**

ယခု ရက်သတ္တပတ်အတွင်း တောင်ကိုရီးယားမှာရှိတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ခြောက်ရက်ဆက်တိုက် အဝယ်ထက်အရောင်းကပိုမိုခဲ့ပြီး ၎င်းကာလအတွင်း အသားတင်ရောင်းချမှုက ဝမ် ၁ ဒသမ ၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ) ရှိခဲ့ကြောင်း တောင်ကိုရီးယားအိတ်ချိန်းရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ ဒီလို နိုင်ငံခြားသားတွေက ကိုရီးယားရှယ်ယာတွေကို ဆက်လက်ရောင်းချနေမှုကြောင့် ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဝမ်ငွေတန်ဖိုးက ယခုနှစ်အတွင်း ၂ ဒသမ ၇၂ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၃၀ ဝမ်နှုန်းရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

ဥရောပ စတော့ဈေးကွက်ထဲမှာ အတက်အကျ ပြင်းထန်နေတာကြောင့် ဘတ်ငွေကြေးကို ထိခိုက်မှုမရှိအောင် ကာကွယ်ဖို့ ထိုင်းစီးပွားရေးဝန်ကြီး ပရီဒီယာသွန်ဒီဗာကူလာက ထိုင်းဗဟိုဘဏ်ကိုတိုက်တွန်းထားပါတယ်။

စတော့ရှယ်ယာတွေ အပြင်ကိုစီးထွက်နေတဲ့အတွက် ယခုရက်သတ္တပတ်အတွင်း ထိုင်းဘတ်ငွေ တန်ဖိုးက သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တစ် ဒေါ်လာကို ၃၂ ဒသမ ၉၀ ဘတ်နှုန်းရှိ ခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

# မလေးရှားဘဏ်လုပ်ငန်းကဏ္ဍ အလားအလာ မှေးမှိန်

မလေးရှားအစိုးရက ကုန်စည်နဲ့ဝန်ဆောင်မှုခွန် (Goods and Services Tax-GST) ကိုဧပြီ ၁ ရက် နေ့မှစပြီး ကျင့်သုံးခဲ့ပေမယ့် မေလအတွင်းမှာ ဘဏ်လုပ်ငန်းကဏ္ဍရှိချေးငွေလုပ်ငန်းက ဖွံ့ဖြိုးတိုးတက်မှုရှိခဲ့ပါတယ်။ ဒီလို တိုးတက်မှုတွေရှိခဲ့ပေမယ့် ဘဏ်လုပ်ငန်းကဏ္ဍရဲ့ ဆွဲဆောင်မှုက အားလုံးခြုံကြည့်ရင် အလားအလာကျဆင်းနေကြောင်း လေ့လာဆန်းစစ်သူတို့ရဲ့ သုံးသပ်ချက်ကိုကိုးကားပြီး သည်စတားအွန်လိုင်းသတင်းမှာဖော်ပြပါတယ်။ စောစောပိုင်းက တိုးတက်မှုနှုန်း ကျဆင်းမယ်လို့ ခန့်မှန်းကြပေမယ့် ယခုနှစ်မှာ ချေးငွေလုပ်ငန်းအနေနဲ့ ၇ ဒသမ ၅ ရာခိုင်နှုန်းကနေ ၈ ရာ ခိုင်နှုန်းကြား တိုးတက်မယ်လို့ တချို့က ခန့်မှန်းပါ တယ်။ ဒါပေမယ့် စိန်ခေါ်မှုအချို့က ဆက်လက်ခေါင်းထောင်နေဦးမှာဖြစ်တဲ့အတွက် ယခုနှစ်မှာတော့ တိုးတက်မယ့်အခြေအနေက အရိပ်အယောင်တွေကို မြင်ရဦးမှာ မဟုတ်ကြောင်း တချို့က ခန့်မှန်းကြပါတယ်။

အမြတ်အစွန်းနည်းပါးခြင်း၊ ချေးငွေ ဖွံ့ဖြိုးမှုကျဆင်းခြင်း၊ ချေးငွေကုန်ကျစရိတ် မြင့်မားခြင်းနဲ့ မတည်ရင်းနှီးငွေဈေးကွက်အခြေအနေ မှေးမှိန်ခြင်း စတဲ့အချက်တွေကြောင့် ယခုနှစ်ဘဏ်လုပ်ငန်းကဏ္ဍရဲ့ စွမ်းဆောင်ရည်တွေ ကျဆင်းလာခဲ့ကြောင်း ဘဏ်လုပ်ငန်း ကဏ္ဍလေ့လာဆန်းစစ်သူအများစုက သုံးသပ်ပါတယ်။ ဘဏ်လုပ်ငန်းကဏ္ဍရဲ့ အားနည်းချက်တွေအနက် မိသားစုချေးငွေကျဆင်းခြင်းနဲ့ ချေးငွေညွှန်းကိန်းတွေကျဆင်းမှုတို့လည်း ပါဝင်ပါတယ်။

လွန်ခဲ့တဲ့နှစ်နှစ်ကျော်သုံးနှစ် အတွင်း ဘဏ်လုပ်ငန်းချေးငွေဖွံ့ဖြိုးမှု မှာအဓိကကျတဲ့ အိမ်ထောင်စုချေးငွေများက အိမ်ခြံမြေဈေးကွက်ကျဆင်းမှုကြောင့် ဧပြီမှာ နှစ်အလိုက်တိုးတက်မှုနှုန်း ၁၃ ရာခိုင်နှုန်းနဲ့ မေမှာ ၁၂ ဒသမ ၈ ရာခိုင်နှုန်းသာအသီးသီး တိုးတက်မှုရှိခဲ့ကြောင်း CIMB ရင်းနှီးမြှုပ်နှံမှုဘဏ်ရဲ့ လေ့လာဆန်းစစ်ရေးမှူး ဝမ်ဆင်အင်းကပြောပါတယ်။

စားသုံးသူတွေရဲ့စီးပွားရေးလုပ်ငန်းတွေက GST စနစ်နဲ့အသားကျ သွားမှာဖြစ်တဲ့အတွက် ချေးငွေဖွံ့ဖြိုးမှုကယခုနှစ်စတုတ္ထသုံးလပတ်မှာ ပြန်လည်နာလန်ထူလာနိုင်ပါတယ်။ ဒါပေမယ့် အဓိကချေးငွေညွှန်ကိန်းတွေ အားနည်းနေတဲ့အတွက် လာမယ့်လအနည်းငယ်အတွင်း ချေးငွေလုပ်ငန်းများ ကျဆင်းနိုင်ကြောင်း ဝမ်က ပြောပါတယ်။

# ဂရိနိုင်ငံဆန္ဒခံယူပွဲမှာ ဆန့်ကျင်မဲပေးခဲ့တဲ့အတွက် ယူရိုငွေကြေးတန်ဖိုးကို ထိန်းသိမ်းဖို့ခက်ခဲ

ကယ်တင်မှုချေးငွေစည်းကမ်းချက်များနဲ့ ပတ်သက်ပြီး ဇူလိုင်လ ၅ ရက်နေ့က ဆန့်ကျင်မဲများရရှိခဲ့တာဟာ ဂရိအစိုးရအတွက် အောင်ပွဲတစ်ခုဖြစ်လာနိုင်ပေမယ့် ရရှိလာတဲ့ရလဒ်က ယူရိုဇုန်ပြိုကွဲမှာကို စိုးရိမ်ခဲ့ကြတဲ့အတွက် ယူရိုငွေကြေးတန်ဖိုးကတစ်ဟုန်ထိုးကျဆင်းခဲ့ပါတယ်။

မဲဆန္ဒခံယူပွဲမှာ အစိုးရကဆောင် ရွက်နေတဲ့ ကယ်တင်မှုချေးငွေစည်းကမ်းချက်ဆန့်ကျင်မှုကို ထက်ဝက်ကျော်က ထောက်ခံတာကိုတွေ့ရပါတယ်။ ရရှိလာတဲ့ ဆန္ဒခံယူမှုရလဒ်ကိစ္စကို ဆွေးနွေးဖို့အတွက် ယူရိုဇုန် အဆင့်မြင့်အရာရှိကြီးတွေက ဇူလိုင်လ ၆ ရက်နေ့မှာ ဆွေးနွေးခဲ့ကြောင်း ဥရောပသတင်းရပ်ကွက်တစ်ခုက အေအက်ဖ်ပီကို ပြောပါတယ်။

ပြင်သစ်သမ္မတ ဖရန်စစ်ဟော်လန်းနဲ့ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့လည်း ဆန္ဒခံယူပွဲရလဒ်ကို ဆွေးနွေးဖို့ ပဲရစ်မြို့မှာတွေ့ဆုံကြမှာဖြစ်ကြောင်း ပြင်သစ်သမ္မတရုံးကပြောပါတယ်။ ဇူလိုင်လ ၅ ရက်နေ့ညနေပိုင်းက ပြင်သစ်သမ္မတဟော်လန်းက ဂရိဝန်ကြီးချုပ် အလက်ဇီဆီပရပ်ထံကို တယ်လီဖုန်းနဲ့ ဆက်သွယ်ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။ ဆန္ဒခံယူပွဲပြီးနောက်ပိုင်း အီလက်ထရွန်းနစ်ဈေးကွက်မှာ ယူရို ငွေကြေးတန်ဖိုးက ၁ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး တစ်ယူရိုကို ၁ ဒသမ ၀၉၆၃ ဒေါ်လာထိ ကျဆင်းခဲ့ပါတယ်။

ဆန္ဒခံယူပွဲမှာ ဆန့်ကျင်မဲပေးခဲ့တဲ့ ရလဒ်ကြောင့် ကယ်တင်မှုချေးငွေအတွက် ထပ်မံစေ့စပ်ညှိနှိုင်းလို့ မရနိုင်တော့ကြောင်း၊ ဂရိနိုင်ငံအနေနဲ့ ၁၉ နိုင်ငံပါဝင်တဲ့ ယူရိုဇုန်က နုတ်ထွက်ရမှာဖြစ်သလို ဥရောပသမဂ္ဂအဖွဲ့ဝင်အနေနဲ့ပါ နုတ်ထွက်ရတော့မယ့်အခြေအနေကိုရောက်ရှိနိုင်ကြောင်း ဥရောပခေါင်းဆောင်တွေက ပြောကြားပါတယ်။ ဒါပေမယ့် ဒီရလဒ်ကြောင့် ပြင်းထန်တဲ့ခြိုးခြံ ချွေတာရေး တောင်းဆိုမှုတွေကို အပြည်ပြည်ဆိုင်ရာမြီရှင်တွေက လျှော့ချပေးမယ့်သဘောကို ဆောင်ခဲ့သလို ဂရိအစိုးရရဲ့ကြွေးမြီပြန်လည်သတ်မှတ်ရေးအစီအစဉ်ကို လက်ခံလာအောင်ဆောင်ရွက်ရာမှာလည်း အကောင်းဆုံးအနေအထားကိုရောက်ရှိတဲ့သဘောကို ဆောင်လာကြောင်း ဂရိနိုင်ငံက ပြောပါတယ်။

## Sea World မှာ အကျဉ်းကျနေတဲ့ ဝေလငါးတွေအတွက် ဆန္ဒပြဖို့ ဆော်ဩခဲ့တဲ့ ဟယ်ရီစတိုင်

One Direction အဖွဲ့ရဲ့ပင်တိုင်အဆိုရှင်တစ်ဦးဖြစ်တဲ့ ဟယ်ရီစတိုင်ဟာ ဇူလိုင် ၉ရက်က ကာလီဖိုးနီးယားမြို့ ဆန်ဒီယေဂိုမှာရှိတဲ့ ရေအောက်ကမ္ဘာကို ရောက်ရှိသွားခဲ့ပြီး သူ့ရဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။

အဲဒီလိုတွေ့ဆုံရာမှာ ဟယ်ရီစတိုင်က တိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ဖို့နဲ့ တိရစ္ဆာန်တွေရဲ့အခွင့်အရေးတွေကို ကာကွယ်ပေးနိုင်ဖို့အတွက် တိရစ္ဆာန်တွေကို ညှင်းပန်းနှိပ်စက်သတ်ဖြတ်နေကြတဲ့သူတွေကို ဆန္ဒပြကြဖို့ ဆော်ဩခဲ့တယ်လို့ဆိုပါတယ်။

အဲဒီလို ဆန္ဒပြဖို့ နှိုးဆော်ရာမှာ ဟယ်ရီက ဒီရေအောက်ကမ္ဘာမှာရှိတဲ့သူတွေဟာ လူတွေကို အကျိုးပြုနေတဲ့ ပင်လယ်ထဲက သက်ရှိသတ္တဝါ တစ်ကောင်ဖြစ်တဲ့ ဝေလငါးတွေကို သတ်ဖြတ်နေကြတဲ့သူတွေကို ဆန့်ကျင်ကြဖို့ နှိုးဆော်ခဲ့ပါတယ်။ ဒါ့အပြင် သူဟာ အဲဒီရေအောက်ကမ္ဘာကို သွားပြီးလည်ပတ်ကြတဲ့သူတွေကိုလည်း ဆန့်ကျင်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။

ဟယ်ရီနဲ့အတူတူ ပါဝင်ဆင်နွှဲခဲ့တဲ့ Dancer တစ်ဦးဖြစ်တဲ့ဝီလျံကလည်း ပရိသတ်တွေကို “ခင်ဗျားတို့လည်း ဝေလငါးတွေကို မြတ်နိုးကြတယ်မဟုတ်လား။ မြတ်နိုးတယ်ဆိုရင် အဲဒီရေအောက်ကမ္ဘာကို မသွားကြပါနဲ့”လို့ ဆော်ဩခဲ့ပါတယ်။

ဟယ်ရီဟာ အဲဒီအစီအစဉ်ကို ပရဟိတ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ PETA နဲ့ ပူးပေါင်းပြီး ဆင်နွှဲခဲ့တာ ဖြစ်ပါတယ်။ PETA ဟာ ကာလီဖိုးနီးယားမြို့အတွင်း တိရစ္ဆာန်တွေကို ကာကွယ်စောင့်ရှောက်မှုတွေ ပေးနေတဲ့အဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။

ကာလီဖိုးနီးယားမြို့မှာ ရှိတဲ့ Sea World လို့ အမည်တွင်နေတဲ့ ရေအောက်ကမ္ဘာဟာ ပင်လယ်ထဲက ဝေလငါးတွေကို ဖမ်းဆီးပြီး အများပြည်သူကို ပြသနေတဲ့ငါးပြတိုက်တစ်ခု ဖြစ်ပါတယ်။ တိရစ္ဆာန်ချစ်သူတွေက တော့ အဲဒီရေအောက်ကမ္ဘာဟာ ဝေလငါးတွေအတွက် အကျဉ်းထောင်တစ်ခုသာ ဖြစ်တယ်လို့ ဝေဖန်ခဲ့ကြပါတယ်။

ရေအောက်ကမ္ဘာကို ဆန္ဒပြခဲ့တဲ့ ဟယ်ရီတို့ရဲ့လှုပ်ရှားမှုဟာ တစ်ကမ္ဘာလုံးအထိ ရောက်ရှိသွားမယ်ဆိုရင် ဒီရေအောက်ကမ္ဘာကြီး ပိတ်သွားမှာဖြစ်တယ်လို့ PETA ရဲ့ဥက္ကဋ္ဌဖြစ်သူက ပြောကြားခဲ့ပါတယ်။






## Minions ကာတွန်းဇာတ်ကောင်ကို အသုံးပြုပြီး ဆွဲဆောင်ဖို့ကြိုးစားပေမယ့် ဝေဖန်ခံနေရတဲ့ မက်ခ်ဒေါ်နယ်လ်

ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ကလေးငယ်တွေနဲ့ ဆယ်ကျော်သက်ရွယ်တွေ ကြိုက်နှစ်သက်ကြတဲ့ Minions ဆိုတဲ့ ကာတွန်းဇာတ်ကောင်လေးတွေကို အသုံးပြုပြီး စားသုံးသူတွေကို ဆွဲဆောင်ဖို့ကြိုးစားခဲ့တဲ့ မက်ခ်ဒေါ်နယ် ဖရန်ချိုက်လုပ်ငန်းကြီးဟာ အခုအခါမှာတော့ အပြင်းအထန်ဝေဖန်ခံနေရပြီဖြစ်ပါတယ်။

မက်ခ်ဒေါ်နယ်ဟာ အဲဒီဇာတ်ကောင်လေးတွေရဲ့ ပုံစံအတိုင်း အရုပ်ကလေးတွေပြုလုပ်ပြီး သူ့ဆီကို ရောက်လာမယ့်စားသုံးသူတွေ အထူးသဖြင့် ကလေးငယ်တွေကို အဲဒီအရုပ်ကလေးတွေပေးပြီး ဆွဲဆောင်နိုင်ဖို့ ကြိုးစားခဲ့တာပါ။

ဒါပေမယ့်လည်း မက်ခ်ဒေါ်နယ် သတိမထားမိတဲ့အချက်တစ်ချက်ကြောင့် ခုလို ဝေဖန်မှုတွေနဲ့ရင်ဆိုင်ကြုံတွေ့ခဲ့ရတာပဲဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းက ကလေးငယ်တွေဟာ အဲဒီMinions ဆိုတဲ့ ကာတွန်းဇာတ်ကောင်လေးရဲ့ ပုံသဏ္ဌာန်ကိုသာမက သူ့ရဲ့ချစ်စဖွယ်ကောင်းလှတဲ့ အသံအမူအရာလေးတွေကြောင့် ကလေးငယ်တွေ မထတမ်းကြည့်ကြတဲ့ ကာတွန်းကားကောင်းတစ်ကားလည်း ဖြစ်ပါတယ်။

မက်ခ်ဒေါ်နယ်လ်ဟာ အဲဒီအချက်ကို သတိမပြုမိတဲ့အတွက် သူဖန်တီးထားတဲ့ Minions Happy Meal လို့ သူအမည်ပေးထားတဲ့ ဇာတ်ကောင်တွေဆီက ထွက်ပေါ်လာတဲ့အသံဟာ ကလေးငယ်တွေကို ဆွဲဆောင်မှုမရှိခဲ့တဲ့အပြင် ကလေးတွေရဲ့ မိဘတွေကပါ သူ့ကိုပြစ်တင်ဝေဖန်ခဲ့ကြပါတယ်။

ဒါ့အပြင် သူ့ Minions တွေကို သံပတ်ပေးလိုက်တဲ့အခါမှာ ထွက်ပေါ်လာတဲ့အသံနဲ့ လှုပ်ရှားမှုတွေကို Youtube ပေါ်ကို တင်လိုက်တဲ့အတွက် မက်ခ်ဒေါ်နယ်ကိုဝေဖန်တဲ့အသံတွေ ပိုပြီးထွက်ပေါ်လာခဲ့ပါတယ်။

“အသံကဘာသံမှန်းကိုမသိဘူး။ Minions လေးတွေရဲ့အသံက တကယ်ကိုချစ်ဖို့ကောင်းတယ်။ အဲဒီဆိုင်က Minions တွေရဲ့အသံက တော်တော်လေးကို ဆိုးပါတယ်”လို့ ဝေဖန်ခဲ့ကြပါတယ်။

ယူနီဗာဆယ် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ သရီးဒီအန်နီမေးရှင်း ကာတွန်းဇာတ်ကားဟာ အမေရိကန်တစ်နိုင်ငံတည်းမှာပင် စတင်ပြသတဲ့ တစ်ပတ်အတွင်းမှာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁၈ သန်းနဲ့ ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။

## Minions ကာတွန်းကားကြောင့် အသံတွေနာ အသံတွေပျက်ခဲ့ရတဲ့ ဂျွန်ဟမ်း



တစ်ကမ္ဘာလုံးက ကလေးငယ်တွေရဲ့အသည်းစွဲ Minions ကာတွန်းကားကြောင့် သရုပ်ဆောင်ဂျွန်ဟမ်းဟာ အသံတွေပျက်ခဲ့ရတယ်လို့ ဆိုပါတယ်။ ဟောလိဝုဒ်ရဲ့ကမ္ဘာကျော် သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ Mad Men သရုပ်ဆောင်ဂျွန်ဟမ်းဟာ ဒီကာတွန်းကားလေးမှာ ပါဝင်သရုပ်ဆောင်ခဲ့ရတာဖြစ်ပါတယ်။

ဂျွန်ဟမ်းဟာ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးကရိုက်ကူးနေတဲ့ Minions သရီးဒီကာတွန်းကားရဲ့ဇာတ်လမ်း အသစ်ကို ရိုက်ကူးနေစဉ်မှာပဲ အသံနဲ့ သရုပ်ဆောင်ရင်းအသံအိုးထိခိုက်ခဲ့တာပါ။ Minions ကားတိုင်းရဲ့အသံတွေနဲ့ တစ်ထပ်တည်းကျဖို့ ကြိုးစားသရုပ်ဆောင်ရင်း ခုလိုအသံအိုး ဒဏ်ရာရခဲ့တာဖြစ်ပါတယ်။

“ကျွန်တော် ဒီကာတွန်းကားရဲ့ အစဦးဆုံးဇာတ်လမ်းဖြစ်တဲ့ Discapable Me မှာကတည်းကအသံနဲ့ ပါဝင်သရုပ်ဆောင်ခဲ့တာပါ။ ခုလည်း အသံနဲ့သရုပ်ဆောင်ရင်း အသံအိုးဗာဖြစ်သွားပြီး ခုလိုအသံအိုးမှာ ဒဏ်ရာရခဲ့တာပါ။ ဒီဒဏ်ရာကို ခွဲစိတ်ကုသရမယ်လို့ ဆရာဝန်ကပြောပါတယ်”လို့ ဂျွန်ဟမ်းက ထုတ်ဖော်ပြောကြားပါတယ်။ ဂျွန်ဟမ်းဟာ Discapable Me မှာ စကားလက်(ဆန်ဒရာဘူးလော့)ရဲ့ခင်ပွန်း တီထွင်သူ အိုဗာကေးလ်အဖြစ် သရုပ်ဆောင်ရတာဖြစ်ပါတယ်။

အဲဒီဇာတ်ကားထွက်ရှိလာတဲ့အခါမှာ သူရဲ့ အသံကိုတောင်သူမမှတ်တော့ဘူးလို့ ဆိုပါတယ်။

ဂျွန်ဟမ်းဟာ အယ်နီမေးရှင်းဇာတ်ကားတွေကို အသံနဲ့သရုပ်ဆောင်ရာမှာ စံချိန်တင်လောက်အောင် ထူးချွန်တဲ့သူတစ်ဦး ဖြစ်ပါတယ်။

## (၁၀)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် Devil အယ်လ်ဘမ်ကို ထုတ်ဝေလိုက်တဲ့ စူပါဂျူနီယာ

ကိုရီးယားရဲ့ ကေပေါ့ပ်လောကမှာ အောင်မြင်ကျော်ကြားနေတဲ့ လူငယ်အမျိုးသားအဆိုတော်တွေနဲ့ပဲ ဖွဲ့စည်းထားတဲ့ စူပါဂျူနီယာအဖွဲ့ဟာ သူတို့ရဲ့ဂီတသက်တမ်း (၁၀)နှစ်ပြည့်တဲ့ အထိမ်းအမှတ်အဖြစ် အထူးသီချင်းအယ်လ်ဘမ်ကို စတင်ဖြန့်ချိလိုက်ပြီဖြစ်ပါတယ်။

အဲဒီသီချင်းအယ်လ်ဘမ် မထွက်ရှိခင်ကတည်းက စူပါဂျူနီယာအဖွဲ့ရဲ့ အယ်လ်ဘမ်သစ်ထွက်ရှိမယ်ဆိုတဲ့သတင်းဟာ ကိုရီးယားနိုင်ငံ တစ်ဝန်းလုံးမှာသာမက အာရှမှာရော အရှေ့တောင်အာရှတစ်ခွင်မှာပါ ပျံ့နှံ့လို့နေခဲ့ပါတယ်။

စူပါဂျူနီယာအဖွဲ့ဟာ သူတို့ရဲ့ (၁၀)နှစ်မြောက်နှစ်ပတ်လည်နေ့အဖြစ် ထွက်ရှိလာမယ့် ဒီ Devil ဆိုတဲ့အယ်လ်ဘမ်ကို နမူနာအနေနဲ့Youtube မှာလည်း တင်ပေးခဲ့သလို ကိုရီးယားနိုင်ငံရဲ့ သတင်းမီဒီယာဝက်ဘ်ဆိုက်တွေမှာပါ တင်ပေးထားခဲ့ပါတယ်။ စူပါဂျူနီယာအဖွဲ့ရဲ့Devil သီချင်းအယ်လ်ဘမ်ရဲ့ နမူနာပြကွက်တွေဟာ ပရိသတ်တွေ အထူးသဖြင့် ဆယ်ကျော်သက်ရွယ် နှုတ်ခမ်းနီမလေးတွေအတွက် အသည်းယားစရာ ပြကွက်လေးတွေ ဖြစ်ခဲ့ပါတယ်။

စူပါဂျူနီယာအဖွဲ့ဟာ သူတို့ရဲ့ အယ်လ်ဘမ်ကို ဇူလိုင်လ ၁၆ ရက်မှာ စတင်ဖြန့်ချိတော့မှာဖြစ်ပါတယ်။ ဒါ့အပြင် သူတို့အဖွဲ့ရဲ့ဇူလိုင်လ ၁၁ရက်နဲ့ ၁၂ရက်နေ့တို့မှာကျင်းပမယ့် ဖျော်ဖြေပွဲမှာလည်း သူတို့အဖွဲ့ရဲ့ သီချင်းသစ်ကို ထည့်သွင်းဖျော်ဖြေမှာဖြစ်တယ်လို့ ဆိုပါတယ်။



## မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်

BGK 6012421

# မော်တော်ယာဉ်တင်သွင်းသူတို့အတွက် သတင်းကောင်း

မြန်မာကုန်ပစ္စည်း စစ်ဆေးရေး နှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) သည် မြန်မာနိုင်ငံသို့ တင်သွင်းလာသည့်မည်သည့် မော်တော်ယာဉ်အမျိုးအစားကိုမဆို စနစ်တကျ စစ်ဆေးပေးလျက်ရှိပါကြောင်း သတင်းကောင်းပေးလိုက်ပါတယ်။

ပြည်ပနိုင်ငံများမှတင်ပို့သော မော်တော်ယာဉ်များကိုသင်္ဘောမတင်မီ စစ်ဆေးခြင်း (Pre shipment Inspection - PSI) နှင့် မြန်မာနိုင်ငံဆိပ်ကမ်းသို့ဆိုက်ရောက်ချိန်တွင်ဆိပ်ကမ်းရောက်စစ်ဆေးခြင်း(Destination Survey) လုပ်ငန်းများကို MITS စစ်ဆေးရေးမှူးများမှ တိကျစွာ စစ်ဆေးပေးလျက်ရှိပါတယ်။

**MITS** ရုံးခွဲများကို စိတ်ချယုံကြည်ရသည့် စစ်ဆေးရေးအဖွဲ့များဖြင့် ကိုရီးယားနိုင်ငံ နှင့် ဂျပန်နိုင်ငံတွင် တည်ထောင်ဖွင့်လှစ်ထားပြီး သင်္ဘောမတင်မီစစ်ဆေးခြင်း **(PSI)** လုပ်ငန်းကို စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် Pre shipment Inspection – PSI နှင့် Destination Survey များကိုစနစ်တကျ စစ်ဆေးခြင်းဖြင့် -

- ▶ နိုင်ငံတော်မှ သတ်မှတ်ထားသည့် မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ မူဝါဒနှင့် ကိုက်ညီသည့် မော်တော်ယာဉ်များကို တင်သွင်းနိုင်ခြင်း။
- ▶ တိုက်ကြေကားများ၊ တင်ပို့နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဒဏ်ခံထားရသော ကားများ၊ ရေ (ပင်လယ်ရေ)နစ်မြုပ်ထားသောကားများ၊ ခိုးရာပါကားများ တင်သွင်းလာခြင်းများ တွေ့ရှိပါက တင်ပို့သူအား အသိပေးခြင်းဖြင့် ကြိုတင်ဖြေရှင်းနိုင်ခြင်း။
- ▶ မှန်ကန်သော စာရွက်စာတမ်း စစ်ဆေးချက်များဖြင့် ဆိပ်ကမ်းရှင်းလင်းရေး (**Custom Clearance**) လုပ်ငန်းစဉ်များကို အချိန်နှင့် တစ်ပြေးညီ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်း။
- ▶ စစ်ဆေးရရှိထားတဲ့ မော်တော်ယာဉ်ဆိုင်ရာအချက်အလက်အပြည့်အစုံကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ **Data Processing** အမှားအယွင်းမရှိ ထည့်သွင်းနိုင်ခြင်း။
- ▶ မိမိပေးချေရတဲ့ တန်ဖိုးငွေကြေးနဲ့ ထိုက်တန်သည့် အရည်အသွေးမှန်ကန်သော၊ လုံခြုံစိတ်ချရသော၊ ပတ်ဝန်းကျင်ထိခိုက်မှုကင်းရှင်းသော ကိုက်ညီမှန်ကန်ခြင်းများအား သင်္ဘောမတင်မီ စစ်ဆေးသိရှိနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်။





ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံမှ မော်တော်ယာဉ်တင်သွင်းလိုတဲ့လူကြီး မင်းများအားလုံး **MITS** မှာ လုပ်ငန်း အပ်နှံပါက သင့်တင့်မျှတတဲ့ ဝန်ဆောင်ခနှုန်းထားဖြင့် လူကြီးမင်းတို့ စိတ်ကျေနပ်မှုအပြည့်အဝရရှိစေမှာဖြစ်ကြောင်း သတင်းပေးအပ်ပါတယ်။

မော်တော်ကားအရောင်းပြခန်းများ၊ မော်တော်ယာဉ်တင်သွင်းသူများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများအား လေးစားစွာကြိုဆိုလျက်

**MYANMAR INSPECTION & TESTING SERVICES LTD. (MITS)**
No. 124/128 Bo Aung Kyaw Street,Bohtataung Township, Yangon, Union of Myanmar
**Tel** - 95 1 380201, 95 1 380202, 95 1 380203, **Fax** - 95 1 380206



- ရောင်းမှား/ဝယ်မှားဖြစ်လို့ ဈေးနှုန်းတန်ဖိုးနှင့် ထိုက်တန်တဲ့ မော်တော်ယာဉ်ကိုမရရှိခြင်း။
- စာရွက်စာတမ်းများ အလွဲအမှားကြောင့် အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းများ ကြန့်ကြာခြင်း။
- Mileage မှန်ကန်မှုမရှိသည့် မော်တော်ကားများကို တင်သွင်းမိ၍ ကား Accident ဖြစ်ခြင်း။
- မလိုအပ်ပဲကုန်ကျစရိတ်ပိုမိုကုန် ကျခြင်း။
- ဒဏ်တပ်ခံရခြင်း၊ အသိမ်းခံရခြင်း။

စသည့်ဆိုးကျိုးများ ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချမှုရရှိစေဖို့ **MITS** မှာ လုပ်ငန်းအပ်နှံကြပါစို့။

COMMERCE
INTERNATIONAL

# တရုတ်စတော့ဈေးကွက်များ ဆက်လက်မြင့်တက်နေပေမယ့် စိုးရိမ်ရဆဲဖြစ်

တရုတ်စတော့ဈေးကွက်တွေက ဇူလိုင် ၁၀ ရက်နေ့မှာ ဒုတိယနေ့အဖြစ် ဆက်လက်မြင့်တက်နေဆဲဖြစ်ပေမယ့် ဈေးကွက်မတည်ငြိမ်မှုကြောင့် ကမ္ဘာမှာ စီးပွားရေးအရ ဒုတိယအကြီးမားဆုံးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးကိုရိုက်ခတ်လာမှာကို စိုးရိမ်လျက်ရှိနေသေးကြောင်း ဗွီအိုအေသတင်းမှာ ဖော်ပြပါတယ်။

ဇူလိုင် ၁၀ ရက်မှာ Shanghai Composite Index ညွှန်းကိန်းက ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါတယ်။ ဇွန်လအလယ်လောက်မှာ စတော့ဈေးကွက်အတွင်း ကမောက်ကမဖြစ်လာခဲ့တာဟာ ဈေးကွက်ရဲ့ ၃၀ ရာခိုင်နှုန်းလောက် ရှိလာခဲ့တာကြောင့် ဒီအခြေအနေကို ရပ်တန့်နိုင်ဖို့အတွက် အစိုးရက အစီအမံသစ်တွေကို ကြေညာခဲ့ပါတယ်။ အဲဒီလိုကြေညာခဲ့ပြီးနောက် ဇူလိုင်လ ၉ ရက်နေ့မှာ စတော့ဈေးနှုန်းတွေ ပြန်လည်မြင့်တက်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ ရက်သတ္တနှစ်ပတ်အတွင်းမှာ တရုတ်အစိုးရက အတိုးနှုန်းတွေကို လျှော့ချပေးခဲ့ပါတယ်။ စတော့ရှယ်ယာဝယ်ယူမှု ကန့်သတ်ချက်များကိုလည်း လျှော့ချပေးခဲ့ပြီး လာမယ့်ခြောက်လအတွင်း ရှယ်ယာအများအပြား ပိုင်ဆိုင်ထားသူများအနေနဲ့ မိမိပိုင်ဆိုင်တဲ့ရှယ်ယာများကို ပြန်လည်ရောင်းချခြင်းမပြုဖို့ အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီလို အမိန့်ထုတ်ပြန်ခဲ့တဲ့အတွက်ပြည်မကြီးမှာရှိတဲ့ စတော့ဒိုင်စာရင်းဝင်ကုမ္ပဏီ ၁၄၀၀၀ သို့မဟုတ် ဈေးကွက်ရဲ့ ၄၀ ရာခိုင်နှုန်း အရောင်းအဝယ် ရပ်ဆိုင်းခဲ့ပါတယ်။

ရှယ်ယာဈေးကျဆင်းတာကို ရပ်တန့်အောင် ဆောင်ရွက်ခဲ့တဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေက ကြိုဆိုခဲ့ပါတယ်။ ဒါပေမယ့် ရောင်းချခြင်းမပြုဖို့ တားမြစ်ထားတဲ့ ရှယ်ယာတွေပြန်လည်ရောင်းချခွင့်ရပြီး အစိုးရရဲ့ ထောက်ပံ့မှုအစီအမံတွေ လျှော့ချလာတာနဲ့ တစ်ပြိုင်နက်စုပြုံပြီး ရောင်းချလာမှာကိုလည်း စိုးရိမ်လျက်ရှိပါတယ်။စတော့ဈေးကွက်မှာဖြစ်ပွားနေတဲ့ပြဿနာတွေက တရုတ်နိုင်ငံစီးပွားရေးရဲ့ တခြားကဏ္ဍတွေကို ကူးစက်လာမှာကို တချို့က စိုးရိမ်နေပါတယ်။ စတော့ဈေးကွက်မငြိမ်သက်မှုပြဿနာက နောက်ဆုံးမှာ စီးပွားရေးတစ်ခုလုံးကို ထိခိုက်ပြီး စားသုံးမှုကို ကျဆင်းစေနိုင်တယ်လို့ ဇူလိုင်လ ၁၀ ရက်ကထုတ်ပြန်တဲ့ Bank of America Merrill Lynch ဘဏ်ရဲ့ သုတေသန အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။



ဒါပေမယ့် စတော့ဈေးကွက်ပြိုကွဲမှုက တရုတ်နိုင်ငံရဲ့စီးပွားရေးကို အနည်းငယ်သာထိခိုက်စေနိုင်ပြီး စီးပွားရေးအပေါ် ယုံကြည်မှုပျက်ပြားလောက်တဲ့ ထိဖြစ်လာစရာ မရှိကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ စီးပွားရေးပညာရှင်အကြီးအကဲ အိုလီဗီယာဘလန့်ချတ်က ဇူလိုင် ၉ ရက်မှာ ပြောပါတယ်။

အာရှဒေသတစ်လွှားမှာ အများအားဖြင့် ရှယ်ယာဈေးတွေမြင့်တက်ပေမယ့် တောင်ကိုရီးယား၊ သြစတြေးလျနဲ့ ဟောင်ကောင်တို့မှာ စတော့ရှယ်ယာဈေးတွေ အနည်းငယ်သာ မြင့်တက်ပြီး ဂျပန်မှာတော့ သုည ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပါတယ်။

UNT

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

DATE : 13th July 2015

<< May And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | 8.5.2015 | 11.5.2015 | 10.5.2015 | 9.5.2015 | | | 19.5.2015 | 22.5.2015 | 30.5.2015 |
| | S/O CUT | | | | | | 4.5.2015 | 7.5.2015 | 6.5.2015 | 7.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.5.2015 | 25.5.2015 | 22.5.2015 | 28.5.2015 | 5.6.2015 | 9.6.2015 | |
| | S/O CUT | | | | | | | | 19.5.2015 | 24.5.2015 | 18.5.2015 | | | | |
| MV.CITY OF MUMBAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | 8.6.2015 | 11.6.2015 | 10.6.2015 | 9.6.2015 | | | | 22.6.2015 | 30.6.2015 |
| | S/O CUT | | | | | | 4.6.2015 | 4.6.2015 | 6.6.2015 | 5.6.2015 | | | | | |
| MV.HOEGH CHENNAI V.14 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.6.2015 | 26.6.2015 | 24.6.2015 | | | 9.7.2015 | |
| | S/O CUT | | | | | | | | 21.6.2015 | 22.6.2015 | 20.6.2015 | | | | |
| MV.CITY OF MUMBAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.7.2015 | 9.7.2015 | 10.7.2015 | | | 18.7.2015 | 22.7.2015 | 30.7.2015 |
| | S/O CUT | | | | | | | 4.7.2015 | 5.7.2015 | 6.7.2015 | | | | | |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.7.2015 | 27.7.2015 | 24.7.2015 | | 5.8.2015 | 9.8.2015 | |
| | S/O CUT | | | | | | | | 21.7.2015 | 23.7.2015 | 20.7.2015 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။

GLE

## Andaman Lines Sailing Schedule

Date : 13.7.2015

SAILING SCHEDULE FOR IMPORT

| VOYAGE | ETD/ETA | |
|---|---|---|
| | RANONG | YANGON( AIPT ) |
| RY-1507-018N | 9-Jul-15 | 11-Jul-15 |
| RY-1507-019N | 16-Jul-15 | 18-Jul-15 |
| RY-1507-1VN | 20-Jul-15 | 23-Jul-15 |
| RY-1507-020N | 23-Jul-15 | 25-Jul-15 |
| RY-1507-2VN | 28-Jul-15 | 30-Jul-15 |

SAILING SCHEDULE FOR EXPORT

| VESSEL | VOYAGE | ETD/ETA | |
|---|---|---|---|
| | | YANGON( AIPT ) | RANONG |
| MV. JRS CARINA | RY-1507-018S | 12-Jul-15 | 15-Jul-15 |
| MV. MOONLIGHT | RY-1507-1VS | 17-Jul-15 | 19-Jul-15 |
| MV. JRS CARINA | RY-1507-019S | 19-Jul-15 | 22-Jul-15 |
| MV. MOONLIGHT | RY-1507-2VS | 24-Jul-15 | 27-Jul-15 |
| MV. JRS CARINA | RY-1507-020S | 26-Jul-15 | 29-Jul-15 |

*Please note that above mention schedules will change with or without prior notice. You are kindly request to us for details ( arrival/departure ) time.
*Please note that cargos arrived into CY after closing time, loading of cargos and any cost incurred will not be our responsibilities.
*Cargo closing time is two days before departure.

Golden Land Express Ltd.
Dagon Center II,Pyay Road,No.268,Room 14 C,14th Floor.Sanchoung Township,Yangon,Myanmar.
Tel : +95 1 2305542,2306027,2306028
Fax : +95 1 2305543
Hot Line : +95 9 260996074 ,+95 9 5035797
Email : nephyu@goldenlandexpress.com ( Export / Import )
marketing-imp@goldenlandexpress.com ( Import Marketing )
marketing-exp@goldenlandexpress.com ( Export Marketing )
cs-import@goldenlandexpress.com ( Import Document )
cs-export@goldenlandexpress.com ( Export Document )
operation@goldenlandexpress.com ( Operation Department )

Business Development Manager : Ms.Nway Ei Phyu ( +95 9 253036301 )
Export/Import Dep : Mr.Thiha Thiek ( +95 9 261594515 )
Export/Import Dep : Mr.Soe Min Thu ( +95 9 260996073 )
Documentation and Customer Service Department :
Ms.Khin Swe Lwin ( +95 9 260996074 )
Operation Dep : Mr.Kaung Zaw ( +95 9 5202871 )

Agility Project Logistics
TransOffshore Logistics Pte Ltd
NCL INTERNATIONAL LOGISTICS PUBLIC COMPANY LIMITED
Dee Delight Maritime & Consultants Co Ltd